မြန်မာသုတေသန အသင်း

ပုံနှိပ်ထုတ်ဝေသော စာစု−၂၂

တည်းဖြတ်အုပ်ချုပ်သူ

ဘေမောင်တင်

# ကျည်းကန်ရှင်ကြီးမေတ္တာစာ

နှင့်

## ခက်ဆစ်အဖြေ

ဂုဏ်ထူးဆောင်-ဆရာပွါး

တည်းဖြတ်သည်

---

**BURMA RESEARCH SOCIETY**

PUBLICATION SERIES NC, 22

*General Editor:-*

*PE MAUNG TIN*

# KYIGAN SHINGYI MYITTASA

*Edited By*

SAYA PWA

ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်

၂၅-လမ်း-စာဆိုတန်း

စမှတ်-၅၂-ရန်ကုန်မြို့

July 1957. Price K.3

SAPAY BEIKMAN PUBLIC LIBRARY
မြန်မာသုတေသန အသင်း

ပုံနှိပ်ထုတ်ဝေသော စာစု—၂၂

တည်းဖြတ်အုပ်ချုပ်သူ
ဘေမောင်တင်

# ကျည်းကန်ရှင်ကြီးမေတ္တာစာ

နှင့်

# ခက်ဆစ်အဖြေ

ဂုဏ်ထူးဆောင်-ဆရာဖွါး
တည်းဖြတ်သည်

**BURMA RESEARCH SOCIETY**

PUBLICATION SERIES NO. 22

*General Editor:-*
*PE MAUNG TIN*

# KYIGAN SHINGYI MYITTASA

*Edited By*
SAYA PWA

ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်
၂၅၊ လမ်းတဆိုတန်း
အမှတ် ၅၂၊ ရန်ကုန်မြို့

အဘိုး 1957. ၃ က

သက်သက်ဖြစ်သော ခက်ရာခက်ဆစ်တို့ကိုသိနားလည်နိုင်စေရန် စာမျက်နှာ အောက်ခြေတိုင်း၌ အဖြေများကို ထည့်သွင်း ဖော်ပြထားပါသည်။ စာကိုယ်မှ ခက်ဆစ်များကို စာလုံးမဲများဖြင့် ပြထားပါသည်။ မေတ္တာစာများတွင် ပါဝင်သော သိထိုက် မှတ်ထိုက်သည့် စကားပုံများကိုလည်း ထင်ထင်ရှားရှား မြင်လွယ်အောင် စာလုံးအမဲများဖြင့် ရိုက်နှိပ် ဖြည့်စွက်ထားပါကြောင်းကို ဖော်ပြခြင်း ပြုပါသတည်း။

ပြည်ကြီးမဏ္ဍိုင်
၁၉၅၇ ခု-ဇူလိုင်လ။

# ကျည်းကန်ရှင်ကြီး မေတ္တာစာရ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

၁-ပဌမပဏ္ဏာသ

(1) (မဃီရှာရှိ ဆုတောင်းပြည့်ဘုရား ဆုတောင်းစာ)

မဦတိချာတု ပုဏ္ဏံမေ၊ ရမ္မေ မဏ္ဍေ စတုဂါမေ။
ဝရာယာစာ ပုဏ္ဏေ သောဘောပုဇေ သဗ္ဗမိနာ ရုန္ဓံ။

(ပုဗ္ဗဆုကား ပထျာဝတ္တ၊ အပရဆုကား မကာရဝိပုလာ။)

ရမ္မေ၊ နှလုံးမွေ့လျော်ဘွယ် ရှိထသော။ ဝါ၊ ကျောက်စရစ်-ရှင်မကြီး၊ ရွှေစံသီးတောင်ကျော်၊ ဘီလူးမော်က၊ ငစံကျ-ပရိမ်မော်၊ တောင်အမော်နေ၊ ရွှေဂုံမော်စပ်၊ **မော်ကိုးရင်**နှင့်၊ **ပညာတ်**ထင်ထင်၊ ထက်ဝန်းကျင်ကို၊ စီးဝင်မဆုံး၊ ရေယဉ်ဖုံးသောကြောင့်၊ နှလုံးမွေ့လျော်ဘွယ် ရှိထသော။ (ဝါ) ရတနာသုံး၊ အမြင့်ဆုံးနှင့်၊ ထန်းအုန်းသရက်၊ ပြည့်နှက်ဝေရှိန်း၊ ကြည့်လေတိုင်းကို၊ ဆိုင်းဆိုင်းမြိုင်စည်၊ ရေယဉ်လည်၍၊ နတ်ပြည်အသွင်၊ တန်ဆာဆင်လျက်၊ မင်္ဂလာစုရုံး၊ အံ့မဆုံးသောကြောင့်၊ နှလုံးမွေ့လျော်၊ ပျော်ဘွယ်ရှိထသော။ (ဝါ) ဟေမဝန္တာမြိုင်အတွင်းက၊ ငွေ**အဝှန်**ဝါ မြိုင်မယွင်းအောင်၊ ရေတံခွန်သာ အမြိုင်ဆင်းလို့၊ မြစ်ချင်းတွင်းတည့်စီးဝင်

---

**မော်ကိုးရင်**=ရေမော် ရေစွယ်ရှိသော နေရာ ကိုးနေရာ။ ရေမော်ဆိုသည်မှာ ကမ်းခြေမှ မြစ်ထဲသို့ မြေကြီးစွန်းထွက်နေသောကြောင့် ရေစီးအလွန်သန်သောနေရာကိုဆိုသည်။
**ပညာတ်**=နံမည်မှည့်ခြင်း၊ အမည်တွင်ခြင်း
**အဝှန်**=အရှိန်အဟုန်

လာ၊သာယောင့်သာယာ အုံ့မဆုံးအောင်၊ရွာကမ်းထိပ်ခွင် မြေပြင်လုံးကို၊ မြေဆီဩဇာ ရသာရုံးအောင်၊ **သလ္လာဝတီတွိတွိ** ဖုံးလို့၊ ဉယျာဉ်ပန်းမာလ် လိုရာသုံးဘို့၊သူဌွေးသူကြွယ်၊**ဆိပ်ထယ်တုံး**နှင့်၊ ရေလွှတ်မြေပြင် **အမေဘ်ကုန်း**မှာ၊ ပုထိုးစေတီ ခြိမ့်ခြိမ့်ဒုန်းစ၊ ဘုရားကျောင်းကန်ပတ်ရန်လုံးမှာ၊ **သင်ပုတ်ညောင်ရေ** အဝေဆုံးမို့၊ နှလုံးမွေ့လျော်၊ ပျော်ဘွယ်ရှိသော။ (ဝါ) အလျှိုအလျှိုလိုက် မုတ်နန်းမှာ၊ အပျိုအအို သင်ပုတ်ပန်းနှင့်၊ကမိုကယို ကုသိုလ်ဆန်းအောင်၊ စိတ်ကူးသန်းလို့ ညာဏ်ကြည်လင်၊ **မိတေည်းရှင်ပင်** တောဓာဘုန်းနှင့်၊ ကုံကော်ရွှေပင် ပလ္လင်လုံးမှာ၊ သစ္စာလေးအင် ခွင့်မိုင်ကျုံးလို့၊ပွင့်ပဒုမ္မာ**မုံအာ**ဖုံးလို့၊ပြဟ္မာနတ်လူပူဇော်ရုံး၍၊**သယ်လေသယ်းလေ**အုံ့မဆုံးအောင်၊ ခြောက်သွယ်ရောင်ခြည် ပတ်လည်ဖုံးမှ၊ ကြီးကြီးငယ်ငယ် ပေါင်းအလုံးပင်၊နိဗ္ဗာန်ယူမည်ကြိုစည်တုန်းမို့၊ နှလုံးမွေ့လျော် ပျော်ဘွယ် ရှိထသော။ပုဏ္ဏံ–ပုဏ္ဏော၊ ဆိမ်ရေးတို့ဖြင့်လည်း ပြည့်ထသော၊ (ဝါ) **ကဲလားဖျဉ်ထောင်**၊ အဆောင်ဆောင်နှင့်၊ထိန်ပြောင်တင့်သား၊နိမ့်မြင့်စီလျဉ်၊ဆိမ်ရေးစဉ်တို့ဖြင့်

သလ္လာဝတီ=ချင်းတွင်းမြစ်
တွိတွိ=တစေတွေ=အဆက်မပြတ်၊အစဉ်သဖြင့်
ဆိပ်=ကူးတို့ဆိပ်
ထယ်တုံး=The stock of a plough
အမေဘ်ကုန်း=ကုန်းမြင့်
ခြိမ့်ခြိမ့်ဒုန်း=ဆိုင်းသံဘုံ့ဖြင့်ဆူညံခြင်း
သင်ပုတ်=ဆွမ်း
ညောင်ရေ=ဘုရားကိုလှူသော ရေချမ်း
မိတေည်း=အရိမေတ္တေယျ=နောင်အခါ၌ ပွင့်မည့်ဘုရားအမည်
ရှင်ပင်=ဘုရား
မုံအာ=ပွင့်ခါနီးဖြစ်သော အငုံ
သယ်လေသယ်လေ=အုံ့ဩဇာရကောင်းလောက်အောင်
ကဲလား=ထောက်နှင့်ထောက်၍ ဖွင့်ရသော တံခါးတမျိုး
ဖျဉ်ထောင်=ဖျဉ်ပြားဖြင့်တည်ထောင်ထားသော



လည်းပြည့်ထသော။ (ဝါ) ရတ်အနည်းနည်း၊ ရေနှင့်**ကြည်း**ကို၊ လှည်းလျှော့ဝန်တင်၊ ခြေကျင်ပခုံးထမ်း၊လမ်းအဝို့ဝို့၊ကုန်သည်တို့ ရဝေးရာ၊**ဈေးနှ**ဇုံလင်၊စက်လေးအင်တို့ဖြင့်လည်း ပြည့်ထသော။ မဥ္ဇိတ်ချာတော၊ မဥ္ဇိဟူ၍ ခေါ်ဝေါ်အင်ထသော။ စတုဂါမေ-စတုဂါမေသု၊ လေးရွာတို့တွင်။ မဇ္ဈေဂါမေ၊ အလယ်ရွာ၌။ သောဘော၊ တင့်တယ်စွာထသော။ (ဝါ)တိနုပ်**ပစ္စယာ၊ ကြာဘီးလူဆွဲ** ထူးကွဲရင်စည်း၊ နည်းအစိပ်စိပ်၊ သပိတ်သစ်သစ်၊ ပေါင်းရစ် တန်တန်၊ ကြာလန် ချရာသိ၊ ရွှေထီးလူလူ၊ ရွှေချူညောင်ရွက်၊ **သိုးသိုးသွက်**နှင့်၊လေနှက်တိုင်းမြည်၊ဝတ်နံပြည်ဝယ်၊တည်သည့် **ထူပါ**၊ဆံရုပ္ပာသို့၊ လေးရွာသုံးနတ်၊ ဖြတ်ထက်ဖြတ်မူ၊ မွေခါတ်ကိန်းဘွယ်၊ လွန်**သပ္ပါယ်**သောကြောင့်၊ တင့်တယ်တော် မူထသော။ ဝရာယာစာ ပုဏ္ဏော–ဝရာယာစပုဏ္ဏသသ၊ ဆုတောင်းပြည့် မြတ်စွာဘုရားအား။ ဣမိနာ၊ ဤသင်ပုတ်ရေချမ်း၊ ညောင်ရေပန်းဖြင့် ပူဇေ-ပူဇေမိ ပူဇော်ပါ၏။ ဣမိနာ၊ဤသို့ပူဇော်ရသောကုသိုလ် စေတနာကြောင့်။ (ဝါ) ဤသို့ဒါန၊ပြုခြင်းစသား၊ များလှရစု၊ မြတ်ကောင်းမှုကြောင့်။ မေ၊အကျွန်ုပ်အား။သဗ္ဗံ-သဗ္ဗေန၊အလုံးစုံသော။ ဣဋ္ဌံတံ-ဣဋ္ဌံတေန၊အလိုရှိအပ်သောဆုအပေါင်းနှင့်။(ဝါ)အာယု၊ဝဏ္ဏ၊သုခ၊ဗလ၊ပဋိဘာန၊ယသ၊ကိတ္တိ၊တုမရှိ၍၊ပိဋကတ်ဗေဒင်၊ **သွင်သွင်ရွှရွှ**၊ မှာရသကို၊ ကြားကမြင်ကာ၊ မကြာခဏ၊တဝတိုင်းပင်၊တတ်မြောက်စင်

ကြည်း=ကုန်းမြေ
ဈေးနှ=ဈေးနေရာ
ပစ္စယာ=အဆင့်
ကြာဘီလူးဆွဲ=စေတီတော်၏ ခေါင်းလောင်းပုံတွင် ပတ်ပတ်လည် ထုလုပ်ထားသော ဘီလူးပန်းဆွဲ ပုံသဏ္ဌာန်ကြာပန်း
ရင်စည်း=စေတီတော်၏ ခေါင်းလောင်းပုံတွင်ရှိသော အရစ်တမျိုး
သိုးသိုးသွက်=သွက်သွက်ခါအောင်လှုပ်ရှားခြင်း
ထူပါ=ထူပါဟုခေါ်သောစေတီတမျိုး
သပ္ပါယ်=လျောက်ပတ်တင့်တယ်ခြင်း
သွင်သွင်ရွှရွှ=အဆက်မပြတ် လှုပ်လှုပ်ရှားရှား

လျက်၊ မိုးပြဋ်ပြည့်ဝ၊ စန္ဒာလကို၊ ညွန့်ပြသည့်တူ၊ ခင်သိမ်းသူကို၊ လွယ်ကူကူဗိုင်၊ နည်းပေးနိုင်၍၊ သုံးဆိုင်တုံသား၊ လူ့နတ်များ လည်း၊သားကိုမိခင်၊ချစ်သည့်သွင်းသို့၊ပုံပြင်မခြား ငါ့အားမေတ္တာ၊ ဖြင့်နှာကုန်ကြာ၊ ဤသို့စသား၊ များလှထိုထို၊ ဂုဏ်မောက်မိုသည့်၊ အလိုရှိအပ်သော ဆုအပေါင်းနှင့်။ ပုဏ္ဏ ၊ ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

ဤကား လင်းဇရက်ဇာတိ အပေါင်းတည်ရှာနေ
ဗေဒင်ဆရာ တကာဦးအောင်ကောင်းပန်၍
ဦးနန္ဒာစေစီရင်သည့်ပဏ္ဏာမပဏ္ဏာ

---

## ၂-အမိက တရစ်သို့သွားသော သားထံပေးသည့် ဧကပိုဒ်-မေတ္တာစာ

ရတနာသုံးတန်၊ ဦးထိပ်ပန်၍၊ ရွှေကန်မင်္ဂလာ၊ ရပ်ချမ်းသာက၊ မာတာမိခင်၊ သားရွှေစင်ကို၊ မမြင်ရတာ၊ ကြာကြီးကြာ၍၊ မြင်ပါရကြောင်း၊မေတ္တာဟောင်းတွင်၊ထပ်လောင်းဆင့်ကာ၊ကြားလိုက်ပါအုံ၊မင်းလျာယဥ်နွဲ့၊သားရွှေခဲ့။ ။မိဘမှာထား၊ပန်းစကားကို၊ နားမှာဆင်ကာ၊စိန့်စိန့်နာလေ့၊လွမ်းရာမချို၊မောင့်မွေးမိမှု၊ဟာတွဲ့ ဇာသာ၊ ဂေါပါလတို့၊ နွန်းမှမပျော်၊ ကြွခဲ့သော်လျှင်၊ မယ်တော် ပုဆွေး၊ စိတ်ပူဆွေးသို့၊ ရင်သွေးထက်အောက်၊ သားတယောက် လည်း၊ မြောက်ဘက်မြောက်ရွာ၊တယောက်မှာလည်း၊အောက်ရွာ အောက်ပြည်၊ လှည့်လည်ရှာဆွေ၊ ဝေးရပ်မြေဝယ်၊ ကြာလေ သည့်ကြောင့်၊ ဗိုးနှောင့်ပူဆွေး ဗျာပါထွေး၍၊ မြေရေးမနိုင်၊တွေး

---

ယဥ်နွဲ့=ယဥ်ကျေးရုံမျှမက အရောင်တောက်နေခြင်း
စိန့်စိန့်=တဖြည်းဖြည်း
မချို=သည်းညည်းမခံနိုင်ခြင်း

မူကွဲများ(၁) သားရွှေခဲ့ငယ်-မ



ကာမှိုင်ခဲ့၊ ယိမ်းယိုင်ကိုယ်လုံး၊ ကြိမ်မီးအုံးသို့၊ ခွေခွုံးပျောင်းပျ၊ လွမ်းယူတလျက်၊ သားလှမင်းလျာ၊ ရတနာကို၊ ရောက်လာနိုးနိုး၊ မြော်လင့်ကိုး၍၊ဗိုးရိမ်ပူဝေ၊သေငယ်သေလျက်၊မအေမွေးမိ လွမ်း မပျံ့ခဲ့ မိဘကိုပင်၊ မောင်မကြင်လည်း၊ အိမ်ထွင်ဘူဘွား ပေါက် ဘော်များကို၊ သူ့နားကြင်နာ ချစ်ကောင်းပါ၏။ မင်းလျာမျို့ထွား၊ ချစ်ပျိုလားရှင့်၊ မယားသကာ၊အစားရ၏။ မိဘသေငြားအခါး မရသောကျ၍၊မိဘပျော်ရာ၊ ရပ်ရွှေညာသို့၊ပြန်ပါခဲ့ရှင်၊ မင်းရွှေ စင်ကို၊မမြင်ပါရ၊ ကြာမော လှ၍၊ဗိတ်ကပူပင်၊မောင့်မိခင်မှာ၊သေ ချင်မတတ်၊ သက်ခင်ပြတ်မျှ၊ ဖပ်ဖပ်စိတ်ဇော၊ လွမ်း၍ဒမာပြီ၊မယ် ပြောသည့်ရေး၊ မယုံသေးလျှင်၊ ကိုယ်မွေးဘူးမှ၊ ငါ့မိဘတို့၊ ငါ့ လိုသည့်နှယ်၊ချစ်ရှာတယ်ဟု၊ မယ်မရှိမှ၊ သားရွှေလှတို့၊ နောင်တ နောင်ခါ၊ ရှိရှာရစ်မည်၊ ဗိုးလှသည့်ကြောင့်၊ လှည့်လည်မြန်မြန်၊ မယ်တို့ထံသို့၊ ပြန်လည်ပါကြောင်း၊ မယ်ဆုတောင်းသည်၊ လွမ်း ဟောင်း လွမ်းသစ်၊ ထပ်ကာရစ်၍၊ ချစ်သည့်မေတ္တာ၊ ကိုယ်ချင်း စာလျက်၊ဟုတ်ရာပေခဲ့ ယူပါတဲ့၍၊ အမဲ့လူလှ၊သားရွှေစငယ်၊ခဏ ခြင်းပင်၊ ရွှင်လည်း ရွှင်လျက်၊ မြောက်ခွင်ရွှေညာ၊ မယ်တို့ရွာသို့။ မကြာလျှင်ဆော ရောက်စေသော်။

---

## ၃-အမိက သားမောင်ရွှေအောင်ထံ ပေးသည့် ဩဝါဒမေတ္တာစာ

ချမ်းသာစေသော၊ လမ်းသာစေသော၊ လာစေသောဟု၊ ဩ ဝါဒသပဏ္ဏာ၊ မေတ္တာရေချမ်း၊ ဆွတ်ဖျန်းလေ့ရှိ၊ မိခင်စကား မှာ

---

မီးအုံး=မီးဖုတ်ခြင်း
မင်းလျာ=မင်းလောင်း
သေငယ်သေ=အသေကလေးသေခြင်း=မေ့မြောနေခြင်း
ကြာမော=အလွန်ကြာမြင့်သည်

မူကွဲများ (၁) တလည်မြန်မြန်-ဦး

ကြားလိုက်သည်၊သားမောင်ရွှေအောင်။ ။နေ့ရက်လရှည်၊နှစ်လည်ပေါင်းကူး၊ ဝေးကျူးရပ်မြေ၊ ကြာရှာလေသောကြောင့်၊ မအေသားချင်း၊ဆွေရင်းတို့က၊စိုးရိမ်လှ၍၊ဝိတတ္တိုထံ၊ပြန်လည့်ခဲ့စေချင်ပါသည်။ ။ယောကျ်ားစွမ်းအား၊ဝေးရပ်သွား၍၊နေ့များနှစ်ကြာ၊ရှာဖွေသည့်အရေးမှာ။ ။သေးမှသာ လှသည်မဟုတ်ပါ၊ဝေးမှသာ ရသည်မဟုတ်ပါ၊ မသေးဘဲနှင့်ပင် လှပါ သည်၊ မဝေးဘဲနှင့်ပင် ရပါသည်။ ။ပြာမှသာ လှသည်မဟုတ်ပါ၊ ကြာမှသာရသည်မဟုတ်ပါ၊ မပြာဘဲနှင့်ပင်လှပါသည်၊မကြာဘဲနှင့်ပင်ရပါသည်။ ။ကံသာဥစ္စာနေ့ ဖြစ်ရေသည်၊ ဉာဏ်မှာ ပဒုတ်ရေသမျှဖြစ်ရေသည်။ ။ကံရှိမှ တတ်သည်၊ ဉာဏ်ရှိမှ မြတ်သည်။ ။ကံနိုးဆော်မှထင်ပေါ်သည်၊ ဉာဏ်နိုးဆော်မှမြင်မြော်သည်။ ။ကံပင်ရှိသော်လည်း ဝီရိယ ချွတ်တတ်သည်၊ ဉာဏ်ပင် ရှိသော်လည်း သတိချွတ်တတ်သည်။ ။ကံပင် ရှိသော်လည်း ဝီရိယကူရမည်၊ ဉာဏ်ပင်ရှိသော်လည်း သတိကမူရမည်။ ။ကြောင်ကြွမ်းလျှင်မုန်းတတ်သည်၊သော့သွမ်းလျှင်ဆုံးတတ်သည်။ဖောခ့ရမ်းလျှင် ရှုံးတတ်သည်။ ။မကြော့မကြွမ်း နေရမည်၊ မသော့မသွမ်း ပြုရမည်၊ မဖော့မရမ်း ရှုရမည်။ ။ရုပျက်ကိုလည်း မအောင်းနှင့်၊ လူပျက် ကို လည်း မပေါင်းနှင့်။ ။ရုပျက်ကိုအောင်းလျှင် ပိတတ်သည်၊လူပျက်ပေါင်းလျှင်ငြိတတ်သည်။ ။

ပေါင်းကူး=ဆက်စပ်ခြင်း၊ တခုမှတခုသို့ ပေါင်းမိအောင် ကူးသန်းခြင်း
သားချင်း=တမိတည်းမှ ပေါက်ဖွါးသော သားသမီးများ
ပြာ=ညက်ညောခြင်း
ကြော့ကြွမ်း=ကြမ်းတမ်းခြင်း၊ ရိုင်းစိုင်းခြင်း
သော့သွမ်း=ရမ်းကားခြင်း၊ဆိုးသွမ်းခြင်း
ဖောခ့ရမ်း=စည်းကမ်းမဲ့ပြုခြင်း၊ အစဉ်းစားမရှိ လုပ်ကိုင်ခြင်း
လူပျက်=အကျင့်စာရိတ္တပျက်ပြားသူ၊ လူယုတ်မာ



ထန်းလျက်နှင့်တူသည့်လို့ ကျောက်ဖြူကိုလည်း မနမ်းနှင့်၊ ကျွဲခမ်းလျက်နှင့်မြူသည့်လို့ အောက်သူကိုလည်းမစမ်းနှင့်။ ။ကျောက်ဖြူကိုနမ်းလျှင် ဖုံကပ်သည်၊ အောက်သူကိုစမ်းလျှင် ကုန်ဘတ်သည်။ ။ကျတိုင်းသည်း ကျုံး၍မကောက်နှင့်၊ ရတိုင်းလည်း သုံး၍မဖျောက်နှင့်။ ကျတိုင်းကောက်လျှင် လူရယ်မည်၊ ရတိုင်းဖျောက်လျှင်ဖြုလွယ်သည်။ ။အတည်တည်မှာထား၊သည့်စကားရပ်များကို၊စုံစမ်းကြည့်ရှုစရနည်လျက်၊အထည်နှင့်အနံ၊ ဆင်တန်ရုံကြီစား၍၊ ယောကျ်ားပီသွာ၊ လိမ္မာမြော်မြင်သည့်နှင့်အညီ၊ တသီမြန်မြန်၊မယ်တို့ထံသို့၊ ပြန်လည်ခဲ့မည့်အရေးကို၊ ရွှေးလွမ်းဟောင်းတွင်၊လွမ်းသစ်တွင်၍၊မြင်ချင်လှသည့်စိတ်ထားနှင့်၊ မှာကြားလိုက်ပါသည်၊သားမောင်ရွှေအောင်။ ကျီးသမေတ္တာစာလည်း ရ

## ၄-လက်တော ဆယ်ရွာဂိုဏ်းအုပ်က သာသနာပိုင်ထံလျှောက်စာ

အာရမ္မဏူပနိဿယ၊ ပကတူပနိဿယ၊ စသည့်အနည်းနည်း၊ ပစ္စည်းအစိုစို့ဖြင့်၊ပို့တော်မူအပ်သောမေတ္တာတော်မြတ်ကို၊မပြတ်နိယံ၊ ခံယူပါအပ်လှသော၊ လက်တောဆယ်ရွာဂိုဏ်းအုပ်၊မေတ္တာမပြတ်၊ သွန်းလောင်းအပ်လှသော၊လောကသမုတိနတ်၏ အမြတ်အထွတ်ဆရာ၊သဿတကာတို့၏ထိး၊ကြီးလှသောဘုန်းပညာရှင်၊ အသျှင် ဆရာတော်သူမြတ်၊ **အပ်တော်မူသော**၊ ဂိုဏ်းအုပ်

ဖြုလွယ်သည်=ကုန်စင်သည်၊ ပြောင်ချောသွားသည်။
စရနည်=အကုန်နှံ့ အောင် ရှာဖွေခြင်း
ကြီစား=အလုးကြိုစည်၍
အစိုစို့=အမျိုးမျိုး
အပ်တော်မူသော=လွှဲအပ်ခြင်း၊ အုပ်ချုပ်ခြင်း၊ တာဝန်ပေးထားခြင်း
မှုကွဲများ။ (၁) ဖုံတတ်သည်-ဦး
(၂) စုံးစမ်းကြည့်ရှုစရနည်လျက်ဘာ၊ စ ရနေယ်လျက်ဟူလို။

ဂိုဏ်းထောက်၊ **သဘောရောက်**သင်္ဃာတို့မှာ၊ရတနာသုံးပါး ဂုဏ်တော်**အင်**၊ အရှင်ဆရာတော် ဘုရားကြီး၏ မြတ်ထီးချက် တည်းဟူသော၊ ရွှေဘုန်းတော်ရိပ်ကိုဆောင်း၍၊အပေါင်းဂိုဏ်းသင်္ဃာတို့နှင့် တကွ၊**ဖာသုဝိဟာရ** ရှိကြပေသည်။ ရွှေပြည်တော်ကြီး၏ အလယ်၊ လေးသွယ်သောသီလသမာဓိနှင့်၊ဘုန်းရှိသောအသျှင့်ဆရာတော် အသျှင်သူမြတ်၏၊လျှောက်ပတ်သောလက်ဝဲလက်ျာ၊သင်္ဃာတော် အပေါင်းနှင့် တကွ၊ သုခ ကြီးမြင့်တော်မူကြောင်း၊ ကောင်းမြတ်သောမင်္ဂလာနှင့်ပြည့်စုံတော်မူသည်ကို၊ကြည်ကြည်ညိုညို၊ပြောဆိုအထောက်ထောက်၊ ဝမ်းမြောက်သံ ချီးချီးမြှင့်မြှင့်၊ အဆင့်စကား၊ ကြားရပေ၍လည်း၊သောမနဿဇော၊တက်ပြောဝီထိရှိရပါသည်။ ကြည်လင်တော်မူသော မေတ္တာစိတ်နှင့်၊ **ဘိတ်မန်**တော် မူသည့် အရာဝယ်၊ **ကဏ္ဍာနာ**မနီးလွန်ခြင်း၊ အရင်းမစင်၍၊ အသျှင်သူမြတ် ထံသို့၊ ကိုယ်တိုင်မရောက်၊ အလျှောက်အထား၊ အကြောင်းကြား၊ **လက်နား**သင်္ဃာမျှသာ စေလိုက်ရပါသည်၊ အတည်တည်ကျေးဇူး တော်ရိပ်ကို ထောက်၍၊ နောက်အကြောင်းသင့်ဘင့်မှ၊ အသျှင် သူမြတ်ထံမှောက်၊ လာရောက်ပါမည်ကြံပါသည်။ အနာစာရ၊မထိ မပါး၊တရားနှင့် အလျှောက်အပတ်၊ယပ်သက်နှီး ပတ္တည်းနှစ်ဖြာကို လည်း၊ သံသရာ**ရည်စောင်**၍၊ သုံးဆောင်တော် မူစေသတည်းဟူ၍ ပြုအပ်သော အာသီသစေတနာ၊ မေတ္တာထပ်လောင်းပါကြောင်း

---

သဘော=အခြေအနေ၊ အဆင့်အတန်း (ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် အဖြစ် သက်ရောက်သူများ)=အဖြစ်

အင်=အကြောင်း

ဖာသုဝိဟာရ=ချမ်းသာစွာရှိခြင်း

ဘိတ်မန်=ဘိတ်ကြားခြင်း

ကဏ္ဍာနာ=ကျောက်ရောဂါ (small pox)

လက်နား=အနီးအနား

ရည်စောင်=ရည်ရွယ်ခြင်း



နှင့်အကြောင်းမျိုးကို၊ သိသာခြားနား၊ အကြားအလျှောက်၊ရောက် ပါစေသည့် ဆရာတော်အရှင်သူမြတ်။

---

## ၅· လက်ပံတောဂိုဏ်းအုပ်က သာသနာပိုင်ထံ ပေးသော လျှောက်စာ

ဘုရားတရားသင်္ဃာရတနာသုံးပါး၊ အနိစ္စဒုက္ခအနတ္တား၊အမြတ် အဖျားတို့၏တည်ရာ၊ လူ့ရွာအရပ်၊ လောကဓာတ်မှ၊ အာဘဿရ ဘုံတိုင်အောင် လောင်ကြွ ပျက်စီးစေတတ်သော၊ ကပ္ပုဋ္ဌာနဂ္ဂိ၊ အဝီစိမယွင်း၊ အိုးကင်းပုဒ္ဒကျသော နှမ်းကဲ့သို့၊ **ပရမ်းပတာ**၊ ကိုးရာမသိ၊ **ပဇ္ဇလျှော်**၊ ပျက်စီးခြင်းကို ဖြစ်စေတတ်သော၊ နတ် ဂုမ္ဘာဏ်တကာတို့၏အမှူး၊ နတ်ဘီလူးတကာတို့၏ အဓိပတိအစစ်၊ မဟာရာဇ်ဖြစ်သော၊ ဝေဿဝဏ္ဏ နတ်မင်းကြီး၏ အာနုဘော်၊ အမိန့်တော် **စက်ရိပ်**ကို၊ ဦးထိပ်ထက် ဆင်ရွက်ရသည့် အနေနှင့် ကုဋေ တထောင်သော နတ်ဘီလူး ဂုမ္ဘာဏ်တို့သည်၊ အဋ္ဌာနဋိယ သရက်ပင်မင်းကို၊ပင်ရင်းမှစ၍အကာန့်တန့်၊**သံကွန်ယက်**ခုနစ်ထပ်၊ ရစ်ပတ်အုပ်ဖုံးလျက်၊ တလုံးသောသစ်သီးကိုမျှ **မယွင်း**ရအောင်၊ စောင့်ဆောင်ထိန်းသိမ်းရကုန်သကဲ့သို့၊ဝေဿဝဏ္ဏနတ်မင်းကြီး အမိန့်တော်နှင့် တူသော၊ အသိန်းမကသော၊ အကုသိုလ်တရား အနေကို၊ လောင်ကြွ ပျက်စီးစေတတ်သော၊ သာသနာတော် ပိုင် ကျေးဇူးသခင်၊ အသျှင် ဆရာတော် ဘုရား၏ အာနုဘော် အမိန့်တော်စက်ရိပ်ကို၊ ဦးထိပ်ထက် ဆင်ရွက်နာခံ၍၊ အဋ္ဌာနဋိယ

---

ပရမ်းပတာ=ဖရိုဖရဲ၊ကစဉ့်ကလျား

ပဇ္ဇလို့=နှိပ်စက်ညှဉ်းပန်းခြင်း၊ ဖင်ပန်းဆင်းရဲခြင်း၊ ကြမ်းတမ်းစွာ

စက်ရိပ်=အမိန့်တော်နယ်ပယ်။

သံကွန်ယက်=သံကွန်ချာ=ပိုက်ကွန်

မယွင်း=မမှား

သရက်ပင်မင်းနှင့် တူသော၊ ဘုရားသခင် သာသနာတော်မြတ်အမွန်ကို၊ သံကွန်ယက် ချနှစ်ထပ်နှင့်တူသော၊ သဒ္ဓါသီလစသော သူတော်ကောင်းတရား ချနှစ်ပါးဖြင့် အုပ်ဖုံး၍၊ သီးလုံးချိုမြိန်စွာ၊ အရသာနှင့် တူသော၊ ဝိမုတ္တိ ရသာကို သုံးဆောင် ရအောင်၊ ကျင့်ဆောင် ထိန်းသိမ်းလျက်၊ သက်တော် ရာကျော် ပတ်လုံး၊ မဆုံးမခြင်း၊ပွင့်လင်းတိုးပွါး၊ ကြီးမား မြင့်မြတ်ဟောင်းတွင်၊ထပ် လောင်းခါခါ၊ ဘုန်းပညာလုံ့ရို၍၊ ဝေပုလ္လ တောင်ယံဝယ်၊ ပြည် တန်သော ပတ္တမြားကဲ့သို့၊ စိတ်သွားတိုင်း ပြီးပြည့်စုံတော်မူတိ၍၊ တိပိတ်ဥက္ကဋ္ဌ၊ ဆက်တိုင်းရလျက်၊ **သီသကိုမှန်စေခြင်း၊ သမာဓိကို ကျောက်ဆောင်း၊ ပညာကို တန်ဆောင်း၊ ဒါနကို အခေါင်း၊** ပြည့်စုံအောင်လျှင်၊ စောင့်ဆောင်တော်မူသဖြင့်၊ ဖြိုင်သူမမြင်၊ လူတွင်ထင်ရှား၊ဘုရားဖြစ်တော်မူရွှေ့လျှင်၊ ဖူးမြင်ပူဇော်ကြရသည် သာဖြစ်ပါစေသောဟု၊ ဩဝါဒသပဏ္ဏနာ၊ မေတ္တာရည်ညွှန်း၊ သွန်းလောင်းဆက်ကပ်လျက်။ ။ရည်မှတ်၍ပို့တော်မူသော၊ မေတ္တာတော်မြတ်ကိုလည်း၊ မပြတ်နိယံ၊ ခံယူပါအပ်လှသော၊ အနောက်တိုက်အတွင်း၊ လက်ဝဲတောင်ကျောင်းအုပ်ဆရာ၊ မေတ္တာရေအေးငြိမ်းဆေးဆက်ကပ်၊ရာဇာဓိရာဇလောကသမုတိနတ်၏အမြတ်အထွတ်ဆရာ၊သဏ္ဍာတကာတို့၏ထိး၊ ကြီးလှသောဘုန်းပညာရှင် အသျှင်ဆရာတော်သူမြတ်။ ။ဆက်ကပ်သည့်သဏ္ဍာ**စာရင်းအင်းချုပ်**၊ မစုံမလင်သည်လည်း တရေး၊ နှေးဖြည်း သည်လည်း တသွယ်၊ အနှံ့ရာယ်ထိုကျောက်၊ရောက်သည့်နောက်အခါ၊ ဝေဒနာမရှင်း၍၊ ထံရင်းသို့ ကပ်ရမည်လည်းခက်၊ လျှောက်ဆက်ရစ် ဝံ့မည့် သူလည်းရှား၊ **လင်များခွင့်**ကျန်သည်အမှန်နှင့်၊ ပြန်လည်ခဲ့ရသည်လည်းတကြောင်း၊အကြောင်းကြောင်းကို၊ ရုံးပေါင်းပြု၍၊ ကျေးဇူးတော်မြတ်ကိုထောက်လျှင်၊ အသျှင်သူမြတ်၏ရွှေမျက်နှာတော်ကို၊ ဖူးမျှော်ရက်ဝံ့စရာမရှိအောင် နှလုံးနှင့်၊ ယူကျုံးမရပင် ရှိပါသည်။

---

စာရင်းအင်းချုပ်–အကွက်အတန်းတို့ဖြင့် သွင်းထားသော စာရင်းပိတ်

လပ်ချား=ကြာရှည်စွာဆိုင်းလပ်ခြင်း။ ပေါ့ဆခြင်း



**ကြေးစည်ပင် ကောင်းမျိုးကောင်းသေဘ်လည်း၊ တိုက်မောင်းကို ပုန်ကန်၍၊ ဆန်တလမယ် ပေးရျကာ၊** ရူဟူပူမြည်ဝံ့မည် မဟုတ်ပါ။ ။ဒေသနာနည်းယူ၊ထုံးဟောင်းကိုကူလျှင်၊ ယူဇနာတရာကွာ၊ အာကာသထက်ဖျားက၊သားတစ်ကို မြင်နိုင်သော လင်းတသည်၊ ပျက်ရမည့် ခေတ်**ကြိမ်**၍ရှိလျှင်၊ မျက်စိရင်းတွင် ကျော့ကွင်းကို၊ **အရှင်း**မမြင်နိုင်ကြောင်း၊ ဘုရားလောင်း လင်းတ ရာဇာသည် "ယဒါပရာဘဝေါ ဟောတိ" စသည်ဖြင့်၊ မြွက်တော်မူတိ သကဲ့သို့ လည်းကောင်း။ ။မျောက်အပေါင်းတို့မှိခိုရာ၊ လောင်းလျာ ဖြစ်သော မျောက်မင်းသည်၊ ဆင်းရန်သစ်ပင်၌အကွာ၊လမ်းတာကို သာစဉ်းစား၍၊ ခါးတွင်ခွယ်ပတ်ရန်ကို၊ တဆံခြည်မျှမမှိ၊ သတိဝိပ္ပဝါသ ဖြစ်တိသကဲ့သို့လည်းကောင်း။ ။အကြောင်းဖြိုင်ဆိုင်၍ ရှိပါသည်။ ။ပြန်လည်၍-ရွာသို့ ရောက်လျှင်လည်း၊ တလခန့် လောက်မသာယာ၊ ဝေဒနာ မကင်းသည့် အကြောင်းနှင့်၊ချောင်း ကောက်ရွာကြီးကို ဒိုးသင့်သည့်အရာကြောင့်၊ ဝါကပ်ရမည့်အရာ၊ အာဝါသ ဆောက်လုပ်ရမည့် အရေးကို၊ အတွေးအတောနှင့်၊ သဘောမပြီးနိုင်ကြ၍ပင်၊ ဝါဝင်သည့်နေ့မှ၊**စေ့ငု**ကြသောကြောင့်၊ ဆက်ရသည့် စာရင်းရေး နှေးဖြည်း၍ရှိပါသည်။ ဇရာမရဏ၊ စသည်တို့၏ နှိပ်စက်ရာ၊ ဝါဟူ၍ မမှတ်စလောက်သော ခန္ဓာအစုမျှသာဖြစ်၍၊ယခုလည်းကိုယ်မကွာ၊ဝေဒနာမကင်းပင် ရှိပါသည်။ ထိုပင်ကိုယ်မကွာ ဝေဒနာ**ညှဉ်းကျူး** သော်လည်း၊ ကျေးဇူးတော်မြတ်ကို၊အောက်မေ့စကားနှင့်၊အာသာဝတီ၊ခွယ်ဆီ ဩဇာ၊ အရသာ အစစ်ကို၊ အနှစ်ဘထောင်က တသသော နှတ်အပေါင်း

---

တိုက်မောင်း=စစ်တိုက်ရာ၌ အသုံးပြုသောမောင်း

ဆန်တလမယ်=ယခုခေတ် နို့ဆီဘူးတလုံးမျှတွင် ထည့်ထားသောဆန်

ရူဟူပူ=ကြေးစည်၏မြည်သံ

ကြိမ်=ကြုံကြိုက်ခြင်း

အရှင်း=လုံးလုံးလျားလျား၊လုံးဝ၊ရှင်းရှင်းလင်းလင်း

စေ့ငု=စေ့စပ်ခြင်း၊စေ့ပြည့်စုံခြင်း

ညှဉ်းကျူး=ရောဂါညှဉ်းဆဲကျူးကျော်ခြင်း

ကဲ့သို့ရင်း။ ကမ္ဘာဦးသူ၊ မှောင်မိုက်လူတို့သည်၊ နှစ်ဆုသော နေ့,လ,ကို၊ တသသကဲ့သို့ ရွှေမျက်နှာတော်ကို၊ ဖူးမျှော်လိုသော ဆန္ဒများစွာနှင့်၊ အခွင့်မသာ၍ မရောက်ရသော်လည်း၊ "ဟာဒယေ ဝိယံ နုရံဗ်ဒနုရံနာမ"စသည့်ထုံးကဲ့သို့၊ရွှေနှလုံးတော် မြတ်ကို၊ယုံမှတ်စိတ်ထည်း၊ အပြီးကြည်လင်စွာနှင့်၊ ဆရာတော်ဘုရားကြီး၏၊ မြဝတီရွက်တည်းဟူသောရွှေဘုန်းတော်ရှိန်ကိုဆောင်း၍၊အပေါင်း ဂိုဏ်းသင်္ဂါတို့နှင့် တကွ၊ တသလျက်သာ၊ မေတ္တာမပြတ်၊ ဆက်ကပ်ခံယူကာ၊နေ့ရပါသည့်အကြောင်းများကို၊အသနားတော်မြတ် ခံလျှောက်ဆက်ပါသည်၊ကျေးဇူးသခင် ဆရာတော်ဘုရား။

---

### ၆–ဆရာတော်က မြို့မင်းထံပေးသည့် မေတ္တာစာ

ချမ်းသာစေသောဟု၊ ဩဝါဒသပဏ္ဏနာ၊ မေတ္တာရေချမ်း၊ ဆွတ်ဖျန်း သွန်းလောင်းလေ့ရှိသော ဆရာ၊ မိန့်မှာတော် မူလိုက်သည် မြို့မင်း။ ။ချစ်ခင်နှက်လေး မေတ္တာ ကျေးသား၊ ရင်သွေးနှုန်းနှယ်၊ သားသူငယ်ကို၊ ဆယ်ရက်တကြိမ် အိမ်သို့ထွက်တော်မူပါ၊ ဆရာ အထံ၊ခွင့်ပန်သည့်အလျှောက်၊ အဝေးအနီး၊အစီးအနင်း၊ မြို့မင်းတို့ ဆင်ရန်၊ ဟန်ပန်**မစို့မပို့**၊ ဂရို့ မဝင်သေးသော မြီးပေါက်မြင်း **လုလင်**ကို၊ မြင်းရှင် ပညာရှိကြီးသည် အစီးအနင်းလိမ္မာသည့်သူထံ၊ အပ်နှံသိမ်းသွင်း၍၊နင်းကွက်ကျစီးနင်းပါမည့်အရေးကို**ကြေးခပေး** ၍စီးနင်းစေတီသည်တွင်၊ ဒိဒိမြင်းကိုအစီးအနင်းမကျခင်၊မြင်းရှင် ဆက်လက်၍၊ဆယ်ရက်တကြိမ်၊ စည်းစိမ်ပြေပြေ စီးလေသည့်အ ချက်ကြောင့်၊ဖက်လည်းမသေ၊ အနေလည်းမယဉ်၊ ပွေအင်လည်း

---

မစို့မပို့=အနည်းငယ်မျှ၊ထိထိရောက်ရောက်မရှိခြင်း
ဂရို့=အရေးအတွက်၊ အတိုင်းအထွာ၊ (အရည်အချင်း)
လုသင်=အငယ်၊ပျိုငယ်သောအရွယ်
ကြေးပေး၍=အခကြေးငွေပေး၍



သောင်းပြောင်း၊ ဟန်ကောင်းလည်းမဖြစ်၊ ဟန်သစ်လည်း မရ၊ **ဟန်ကော့က**မြင်းပေါက်၊ ကိုယ့်လက်သို့ ရောက်သည့်အခါဝယ်၊ ပွဲလယ်သို့ချဉ်း၍၊စီးနင်းပါသော်လည်း၊အချော်ချော်အယွင်းယွင်း၊ မြင်းရှင်နှင့်မြင်းကို၊ ပွဲတွင်းပွဲပြင်၊ သိမြင်သူတဝေ့၊ ပွဲနေအများ၊ ပွဲသားအပေါင်းစု၊ ရှု၍မကင့်တယ်၊ အံ့ဩယ်ရမည့်အရာ၊ အလွန် တရာခဲဘိသကဲ့သို့ ရှိပါမည့် **အဆစ်**ကို၊ **သနစ်**မြွက်ပေါ်၊မှာတော် မူလိုက်သည်မြို့မင်း။

---

### ၇-မိဘက သားမောင်ကြာတုတ်ထံပေးသည့် မေတ္တာစာ

အနန္တရာယ်ခပ်သိမ်း၊ ကင်းငြိမ်းချမ်းသာ မင်္ဂလာမျက်မှောက် ရောက်ပါစေသောဟု၊ ဩဝါဒသပဏ္ဏနာ၊ မေတ္တာရေမောင်း၊ သွန်း လောင်းလေ့ရှိသော မိဘစကား မှာကြားလိုက်သည်၊သားမောင် ကြာတုတ်။ ။အပတ်အဟတ် ဥစ္စာရှာဖွေ၍ ကြိုးစားသည့်တွင် **ကုန်သွား၍လှေဆုံးသည်၊ ယုံမှား၍ ငွေပြုန်းသည်။** ။ဆိုသည် မှာ၊ရကာလတွင်သာမဟုတ်ကြ။ ဇနကမင်းသားလည်း ကုန်သွား ၍လှေဆုံးဘူးသည်၊ ယုံမှား၍ ငွေပြုန်းဘူးသည်ပင်၊ ။ဆင်ခြင်ရန် **ပုံခင်းလျှင်၊ပွဲမင်းလည်းငွေမှား၊ *ဆေးသမားလည်း သားသေ၊**

---

ဟန်ကော့က=ဘန်ဇကောဇက၊ ဟန်ပန်အားဖြင့် မတင့်မကျဖြစ်ခြင်း
အဆင်=အဆစ်အပိုင်း
သနစ်=အဖြစ်အပျက်
ကုန်သွား=ကုန်ကူးရန်သွား ရောက်ခြင်း
ပုံခင်းလျှင်=ပုံဝတ္ထုများကို ခင်းကျင်းရလျှင်

(*) ပွဲမင်းလည်းငွေမှားဆိုသည်မှာ၊ရှေးအခါက ငွေကိုမည်သည့်အကဲ ဟု ဆုံးဖြတ်သောသူကို ပွဲမင်း (ပွဲစား) ခေါ်သည်၊ ထိုသို့သောသူပင်သော်လည်း ငွေကဲခပ်မှားသေးသည်ဟူလို၊

**မေဒင်သမားသည်း နွှေးဖျောက်၊ ဆောက်သမားလည်း အတွင်းမကောင်း၊ စောင်းသမားလည်း စေးမပီ၊ ပန်းချီသမားလည်း ဟန်မရ။** ။ဆိုကြသည့်စကားရပ်မှာ၊တွေ့တတ်ကြသည့်မှတ်ပင်ဖြစ်တော့သည်။ ။စားတတ်မှ **ချဉ်ရဲ**ပြေလေသည်၊အာစပ်က ထမင်းပင်**စဉ်**သေးသည်။ ။ချစ်နေကျရည်းစားမှ မုန်းသေးသည်၊ ဖြစ်နေကျပွဲစားမှ ရှုံးသေးသည်။ **ပုံခင်း**က စကားမှား၍ ငြိသည်၊ **ခုံမင်း**မှ တရားမှား၍ရှိသည်။တဘက် စောင်ကိုပင်ယက်တူးသော်လည်း၊ လက်ကျင့်လို့ နေရသေးသည်၊ လက်ဘက်တောင်ကိုပင်တက်တူးသော်လည်း၊ ငှက်သင့်လို့ သေရသေးသည်။ မတွေ့ကကြီးမောသည်၊ရသေ့မှုရှာန်ချော့သည်၊သဘောကိုစစ်တွက်လျှင်၊ အပျက်ထင်သည့်ကိုသာ၊ ဆင်ခြင်ရပါမည်၊ အသက်ရှင်သည်ကိုသာ၊မြင်ချင်လှပါသည်။မိုးများပင် ထန်သော်လည်း ကန်တိုင်းက မပေါက်ပေ၊ကြိုးစားပင်ကြီးသော်လည်း၊ကြီးတိုင်းမှမမြောက်ချေ၊ **ကံရှိမှ ဉစ္စာတင်သည်၊ ဉာဏ်ရှိမှ ဟုတ်ရာမြင်သည်။** ။အနေမှာ ကောန်၊အမှန်မှာတရား၊ယင်းစကားတွင်၊ဘုရားလောင်းလျှာ မဟာဇနက်မှာ၊ လှေပျက်သည်လည်းတခန်း၊ နန်းတက်ရသည်လည်းတဝ၊သည်ပုံနှင့်**ချလိုက်လျှင်၊က**,လို၍ကိုယ်**ယားသည်၊ခ**,လို၍ခိုသွားသည်။ ။ဆိုတိသကဲ့သို့၊**မချိ့**တကယ်၊ကြွယ်လို၍ထွေမှောက်သည်ဟု၊ အထောက်သင့် ယူရန်လည်း ရှိပါသည်။ ထို့အရာတွင် **ကံပင်ရှိသော်လည်းဝီရိယမယှဉ်းစေရာ၊ ဉာဏ်ပင်ရှိသော်လည်း သတိကာမကင်းစေရာ။** ။သည်တခါမူ၊ အတာအရှည်၊ နှစ်လလည်းအလီလီ၊ကြာမြင့်ပြီဖြစ်၍၊နှမ်းစေ့ခန့်မျှ ဉစ္စာပါသည်ဖြစ်စေ၊

---

ချဉ်ရဲ=ချဉ်သောအရသာ၊ ချိုရဲရဲအရသာ
စဉ်=လွှင့်စဉ်သွားခြင်း
ပုံခင်း=ပုံဝတ္ထု၊အပြောကောင်းသူ (ကွက်စိပ်ဆရာ)
ခုံမင်း=တရားသူကြီး
ချလိုက်လျှင်=နှိုင်းရှည်ကြည့်လျှင်
မချိ့=မချိ့တဲ့=မလို=ပြည့်စုံခြင်း



မဖြစ်စေပင် မိခင်မွေးဘ၊ မြင်ချင်လှသောကြောင့်၊ ခဏမကြာ၊ ပြန်လာမည့် သနစ်ကို၊ ချစ်လှ၍ ကြားလိုက်သည်၊ သားမောင်ကြာတုတ်။

---

## ဂ–အဘက သားနှစ်ဦးထံပေးသည့် မေတ္တာစာ

အောင်မြင် ရှင်လန်း၊ ငြိမ်းချမ်းကုန်ကြ၍၊ အဘ ထံမှောက်လာရောက်ကြသည့်သာ ဖြစ်ပါစေသောဟု၊ သဘော အနေတွင်၊ မသေခင်ကို၊ မြင်ချင်လှပါသေးသောကြောင့်၊ မွေးသည့်ဘခင်၊ ကြည်လင်ချိုသာ မေတ္တာစကားမှာကြားအပ်သည်၊ သားမောင်နှစ်ဦးတို့။ ။ဘခင်တို့ထံ၊ မပြန်မလည်၊ နေ့ရှည်လများ၊လေးငါးခြောက်နှစ်ကြာထင်၍၊ ဘခင်က**တဖျောက်ဖျောက်**၊ အောက်မေ့ဟန်အသွယ်သွယ်ကို၊ဘယ့်နှယ်ပင်ပုံဆောင်သော်လည်း၊မောင်တို့မယုံသေး၊ ကိုယ်မွေးဘူး၍၊ ကြုံဘူးခါမှ၊ငါ့ဘစင်စစ်၊ ဘကယ်ပင်ချစ်သည်ဟု၊သိရစ်ရှာကြလေတော့မည်။ အတည်တည်တစေ့စေ့၊ အောက်မေ့သည့် နှလုံးထားမှာ၊ ဘုရားလောင်းလျာနှင့်၊ အာနန္ဒာအလောင်း၊ ပေါင်းညီနောင်နှစ်ဦး၊ တောကျူးမြိုင်ခြေ နေသည့်ကာလ၊ မိဘကိုကြည်ဖြူ၍၊ သူမွေးရကောင်း၊ ငါမွေးရကောင်း နှလုံးထားနှင့်၊ သုံးစားရာ သစ်သီးကိုပင်၊ သူ့ထက်ငါ **အလျှင်ဦး**အောင်ပေး၍၊ မွေးဘူးကြသည့်ထုံးစံကိုမှီလျှင်၊ညီနောင်နှစ်ယောက်အကြိုကောင်းပေါက်၍၊ အောက်ရွာကျေးရပ်မြေက၊ရှာဖွေခဲ့သည့် ဉစ္စာနက်ကို သူ့ထက်ငါ အလျင်ဦးအောင်ပင်၊ ဘခင်တို့ထံ၊ ကြိုဆောင်ရုံးရ၍ ယခုလာတော့မည်နှယ်ပင်၊ ထင်စား၍ ရှိပါသည်။ ။**ဖြူယောင်နှင့် မဲတတ်သည်၊ ဟုတ်ယောင်နှင့် လွဲတတ်သည်။ ဖြူယောင်နှင့် မမဲပါစေနှင့်၊ ဟုတ်ယောင်နှင့် မလွဲပါစေ**

---

တဖျောက်ဖျောက်=တစိမ့်စိမ့်၊ တဖြည်းဖြည်း၊ အမြဲ
အလျှင်=အရစ်=ဦးဦးဖျားဖျား

နှင့်။ ။**အထင်နှင့် မဆီမဆိုင် ရှိတတ်သည်၊ အမြင်နှင့် မညီနိုင် ရှိဘတ်သည်။** ။**အထင်နှင့် ဆီစေချင်ပါသည်၊ အမြင်နှင့်ညီစေ ချင်ပါသည်။** ။သို့ရာတွင်၊ ခုကာလမိုးခေါင်သကဲ့သို့၊ ရွာယောင် နှင့်မရွာဘဲပြေတတ်သည်။ လာယောင်နှင့်မလာဘဲနေတတ်သည်။ ရွာယောင်နှင့် မရွာဘဲမပြေစေချင်ပါ၊လာယောင်နှင့် မလာဘဲမနေ စေချင်ပါ။ ။မိုးကိုလည်းရွာစေချင်ပါသည်၊သားကိုလည်းလာစေ ချင်ပါသည်။ မိုးမရွာ၍ တတိမ်လုံး **သင်းကွဲ**သည်၊ သားမလာ၍ တအိမ်လုံးဆင်းရဲသည်။ ။မိုးရွာမှ ဝမ်းသာသည်၊ သားလာမှ ချမ်းသာမည်။ ။မိုးတပေါက်မျှလည်း မရွာပါ၊ သားတယောက် မျှလည်းမလာပါ။ ။ဇရာကလည်းနှိပ်စက် နေ့ရက်ကိုပြောင်းရွေ့ ၍၊ အောက်မေ့ရအဘန်ဘန်၊အဘန်ဘန်စိတ်မချမ်း ပင်းပန်းသည့် သဘောနှင့်၊ ပေါမှာနေလည်း မကောင်း၊ကျောင်းမှာနေလည်း မငြိမ်၊ အိမ်မှာနေလည်းမှုမပြီး၊ အထီးသီး ဗျာပါများ၍၊ တရေးကို ဆင်ခြင်ရ သည့်လည်း တချက်၊ သားကို မြင်ချင်လှသည့်လည်း တဘက်၊ **အချက်ပင်မကျ**၊ကာလနှင့်လည်းကြုံ အလုံးစုံကြောင့်၊ အားကုန်စိတ်ဆွေး၊ရှေးအခါကဲ့သို့မဟုတ်၊ ညှိုးရှိမရွှင်၊ မသေခင် ကို၊မြင်ချင်လှသည့်စိတ်ထားနှင့်၊မှာကြားလိုက်ပါသည် စာရောက် လျှင် ရောက်ခြင်း၊ လျှင်မြင်းမကြာ၊ လာရောက်ပါမှ၊ ဘဝပင်စွန့် သော်လည်း၊ **မရွံ့မစောင်း** ၊ပြောင်းနိုင်တော့မည်ဖြစ်၍၊ လွမ်းသစ် ဆင်ကာ၊မှာလိုက်ပါသည်၊သားမောင်နှစ်ဦးတို့။

---

သင်းကွဲ=စုနေရာမှ ကွဲကွာသွားခြင်း
အချက်ပင်မကျ=မသေချာ
မရွံ့မစောင်း=မကြောက်ရွံ့၊မတိမ်းစောင်း (အယူမမှား)



## ၉-ဘခင်က သားထံပေးသည့် ဧကပိုဒ် မေတ္တာစာ

သို့ပင်သို့ပင်၊လွမ်းရ**အခင်**လည်း၊ဘယ်တွင်မယွင်း၊ **ပမာ**ခင်းမှု၊ မင်းတေမိအား၊ ဘမင်းဖျားက၊ စကားမှုကို မဆိုလို၍၊ ဆိုစေချင် လစ်၊ ဆယ့်ခြောက်နှစ်က၊ စွန့်ပစ်ခွါရှောင်၊ သားရွှေတောင်တို့၊ **ခုတောင်**မလာ၊ ကြာကြီးကြာ၍၊ ရောက်လာနိုးနိုး၊ မျှော်လင့်ကိုး လျက်၊စိုးရိမ်သဖြင့်၊တထင့်ထင့်လျှင်၊ငံ့လင့်၍သာ၊နေရပါဟု၊မှာစာ ဆစ်ဆစ်၊ **ပါးတုံလစ်**လည်း၊ **ကညစ်**သာတုံး၊ ထန်းရွက်ဖြုန်း၍၊ **တုံးမသင့်**ငြား၊ မောင်ထံပါးသို့၊ **လားလား**မရောက်၊ လမ်းတွင် ပျောက်သည် အထောက်သင့်စွာ၊ကြားရပါ၏။(ဘတို့တမူ၊) ခုမှာ မူကား၊ဟိုရှေးများနှင့်၊လားလားပင်သာ၊မတူပါခဲ့၊ဇရာကြွေမည့် မောင်တို့မိလည်း၊မရှိသွားရှာ၊**ဘကြီး**မှာလည်း၊ခန္ဓာအိုပြီး၊ပြောင်း လုနီးပေါ့၊ဘကြီးခန္ဓာ၊ပြောင်းသောခါမှ၊သားလူလှတို့၊ အဘမရှိ၊ အမိမဲ့သား၊ **ချွန်းဖျားမစိုက်၊ဆင်ယုတ်အလား**၊ ဖြစ်သည်ကားဟု၊

---

ပမာ=ဥပမာ=ပုံစံ
ခုတောင်=ယခုတိုင်ရောက်အောင်
ပါးတုံလစ်=ပေးပါသော်လည်း
ကညစ်=ပေပေါ်တွင် စာရေးနိုင်အောင် ပြုလုပ်ထားသော သံချွန်ကိရိယာ
တုံးမသင့်=ထုံးစံနှင့်မညီညွတ်
လားလား=လုံးလုံးလျားလျား
ဘကြီး=ကုန်းဘောင် ခေတ်တွင် အထက် မြန်မာပြည်၌ ဘခင်ကို ဘကြီးဟု ခေါ်သည်။မိခင်ကိုအမယ်ကြီးဟုခေါ်ကြသည်

ချွန်း=ဆင်ကို လိုရာသို့သွားအောင် ထိန်းကျောင်းသော သံချွန်

မူကွဲများ (၁) သားရွှေမောင်တို့၊ခုတောင်မလာ၊ ဦး
(၂) ရှေးက ပေစာကို ထန်းရွက်တွင်၊ကညစ်ခေါ် သံချွန်နှင့် ရေးရသည်ကိုဆိုသည်။

အများဆိုမည့်၊ဖိုးလှသည့်ကြောင့်၊ ချစ်ကြည်အရေး၊ သားရွှေသွေးတို့မနွှေးမြန်မြန်၊ဘကြီးထံသို့၊မြန်လည်ပါကြောင်း၊ဆုယူတောင်းသည့်၊အလောင်းညီနောင်၊သစ်သီးဆောင်၍၊ဦးအောင်ကျေးမွေး၊ဘကိုပေးသို့၊ ရင်သွေးစုံရုံး၊ သားရွှေတုံးကို၊ နှလုံးသာယာ၊ **လျှင်ဆော**လာ၍၊ဇရာအိုပြီး၊သေလုနီးပေါ့၊ ဘကြီးထင်ထင်၊ မသေခင်ကို မြင်ပါရအောင်၊ သားရွှေတောင်တို့၊ ကြိဆောင်မတိမ်၊ ညထက်ရေးချိန်လျက် ရွှေသိန်း မည့်သီး၊ မြို့များထီးက၊ ဘကြီး ပျော်ရာ၊ ရပ်ရွှေညာသို့။ ။မကြာလျင်ဆော၊ ရောက်စေသော။

---

## ၁၄–အမိက ရှမ်းပြည်သွား သားထံပေးသည့် ဧကပိုဒ်မေတ္တာစာ

ဘုံသုံးပါးတွင်၊ဘက်မမြင်သည့်၊ဘုန်းအင်ကြီးမား၊မြတ်ဘုရားနှင့်၊ တရားသင်္ဃာ၊ ရတနာကို၊ သိသာထိပ်ပြင်၊ ပန်းသို့ဆင်၍၊ မိခင်ကြည်ယုံ၊ **မေတ္တာထုံ့**သည့်၊**သက်လုံ**မပြေ သားသက်ဝေကို၊ စေ့ရေကြောင်းလျား၊ မှာလိုက်ကြားအံ့၊ ရွှေသားမင်းလျာ၊ စိပ်စိပ်နာလေ့။ ။ရွှေညာဌာနှ၊ဝေးနိုင်မျှက၊ သားလှသက်ဝေ၊ မလာနေ၍၊ မအေမာတာ၊ ရပ်ရွာတူနေ၊ ဆွေညာစုပေါင်း၊ အောက်မေ့လို့သာ၊ သား**သည်းချာ**ကို၊ အညာတကြော၊ **မော်ခွင်တော**မှာ၊ သိပေါ်သုံးဆယ်၊မိုင်းကိုးသွယ်နှင့်၊မော်ကယ်မော်တုံ၊ ရှမ်းပြည်တုံက၊မဝန်မလာ၊ဘယ့်ကြောင့်သာလျှင်၊နေ့ရှာလေဘိ၊ တွေးမှားရှိခဲ့၊

---

လျှင်ဆော=အဆောတလျှင်=အလျင်အမြန်
မေတ္တာထုံ့သည်=မေတ္တာခွဲသည်
သက်လုံ=နှလုံး၊သွေး၊အကြိုက်
သည်းချာ=သား
မော်ခွင်တော=မောရှမ်းများနေရာဒေသ

မူကွဲများ (၁) မူဟောင်းတွင် ရွှေထိန်ဟုရှိသည်၊

SAPAY BEIKMAN PUBLIC LIBRARY



မွေးမိဘမင်း၊မိတ်ဆွေရင်းတို့၊သတင်းနားထောင်၊သားရွှေတောင်ကို၊ မေးယောင်မေးမှား၊ မေးဘန်များသော်၊ ရွှေသားမင်းလျာ၊ ရတနာမှာ၊အညာရပ်က၊ ငှက်ဖျားရ၍၊ သားလှနူနယ်၊ခန္ဓာကွယ်လို့၊ အမယ်တို့မှာ၊ ကြားသည့်တာကြောင့်၊ စိတ်မှာ**ဗလုံ**၊ **ရတက်**ကြုံ၍၊ မယုံတချက်၊ ယုံတချက်နှင့်၊ ဝိတက်ဗျာပါ၊ ရှိသည့်ငါကို၊ မှန်ရာလိမ့်လော့၊ မမှန်လောဟု၊ တွေးတော**ဆင်ခြင်**၊ နေမရွှင်၍၊ ဇေဒင်**ဟူးရား**၊ မေးမြန်ငြားလည်း ဘုရားသခင်၊ ရွှေပလ္လင်ကို၊ အောင်မြင်ခါသင့်၊ သစ္စာပွင့်သည့်၊ ကျိန်းနှင့်လည်းငြား၊ ကျန်ရစ်သားကို၊သိကြားမကာ၊မသေရာဟူး လာလဦးမည်၊ဟောပေသည်ကြောင့်၊ **ဆောက်တည်**လည်းရ၊ စိတ်ချတဝက်၊ ရေချမ်းပက်သို့၊ တချက်စိတ်မှာ၊ ဗျာပါကြီးဘိ၊ အဒီစိတွင်၊မီးထိသည့်တူ၊ တပိုင်းပူနှင့်၊ လိုက်ဆုခေါက်ချိုး၊ ဗလုံထိုး၍၊ လွမ်းမိုးလည်းမျှ၊ သားရွှေကြာကို၊လူလါတိုင်းမေး၊ဖိုးရိပ်တွေး၍၊လွမ်းရေးမပြေ၊**ဗလောင်ဝေ**တွင်၊မောင်နေ့မြို့ရောက်၊သတင်းပေါက်၍၊**မြဲညှောက်ပျို့ရွှင်**၊ သားရွှေစင်ကို၊မြက်မြင်တွေ့ကြောင်း၊လုံးစုံပေါင်းနှင့်၊ **သံညောင်း**မင်္ဂလာ၊ကြားရောက်ပါ၏။**သီဒါ**ရေချမ်း၊ထိပ်ထက်ဆမ်းသို့၊ လွမ်းတပိုင်းပြေ၊ နေရပေ၏၊ သက်ဝေရတနာ၊ သို့အရာတွင်၊ မျက်နှာဖြူဝင်း၊ရွှေလမင်းသို့၊ကြော့ရှင်းရပ်သွင်၊မင်းရွှေစင်ကိုမမြင်ရသေး

---

ဗလုံ=ဆူပွက်ခြင်း၊ ပွက်ပွက်ထခြင်း
ရတက်=တက်ခြင်း၊ စိတ်ပူခြင်း၊ ရင်ထိအောင်ဆောင့်တက်ခြင်း
ဆင်ခြင်=စဉ်းစားသည်
ဟူးရား=နက္ခတ်ကိုကြည့်တတ်သူ
ဆောက်တည်=စောင့်ထိန်းခြင်း
ဗလောင်ဝေ=ဆူဝေခြင်း
မြဲညှောက်ပျို့ရွှင်=နှစ်သက်စရာဖြစ်သော လူပျိုလူရွယ်သားငယ်
သံညောင်း=သာယာသောအသံ
သီဒါ=ကြည်လင်အေးမြသောရေ

မူကွဲများ (၁) ရတက်ခုန်၍၊ ဦး

၈၉၇.၈
က
B.2776

သည့်အရေးကြောင့်၊ပူဆွေးဗျာပေ၊လွမ်းမပြေခဲ့၊ကျွန်းဇွဲ**ပတ်**ကုံး ရေမြေလုံးနှင့်၊ မဆုံးမြင့်ဖြူး၊ မြင့်မိုဦးသို့၊ကျေးဇူးများပေ၊ မေတ္တာ ခွေသည့်၊ မှိုနေမင်းကို၊ မောင်ကြည်ညိုအောင်၊ လျှောက်ဆို**ရှိဝန်**၊ ခွင့်တောင်းပန်၍၊ ရွှေကန့်မဂ်လာ၊ ရစ်ချမ်းသာသို့၊ လျင်စွာပြန် ကြောင်း၊မေတ္တာလောင်းသည့်၊ထုန်းပေါင်းကျက်သရေ၊တကဲသစ် နေ့သို့၊မအောပန်းကုံး၊သားရွှေထုံးငယ်၊ နှလုံးကြည်လင်၊ ရွှင်လည်း ရွှင်လျက်၊ နောက်ခွင်ရစ်သာ၊ မယ်တို့ရွာသို့။ ။မကြာလျင်ဆော၊ ရောက်စေသော။

---

၁၁-သားမြေးတို့က ဘွားမထံပေးသည့် ကေပိုဒ်မေတ္တာစာ

ရာဇရာဇိန့်၊ ဒေဝဒေဝိန့်၊ မဟာမုနိန့်၊ သိရိန္ဒာဓိပတိ၊ မုနိပုင်္ဂဝ၊ နရ**သနင်း**၊ အမင်းမင်းတို့၊ **မှန်ကင်း**ဦးပိုက်၊ ပန်းကြဲထိုက်သား၊ **ရောင်မြိုက်**မင်္ဂလာ၊ ရတနာကို၊သီသာထိပ်ပြင်၊ပန်းသို့ဆင်၍၊မိခင် ဘရင်း၊**ကံဆောက်နှင်း**သည့်၊နေခင်းပျော်ရာ၊ ရွှေရင်းမာသို့၊ပုတ္တာ ယဉ်ရွှ၊ သားမောင်ရနှင့်၊ မြေးလှတရ၊ ဝယ်ရွယ်နုသား၊ မျက်ရှု **ကြေးမုံ**၊ လှမကုန်သည့်၊ ရှင်ပုံရှင်နှင်း၊ မိရှင်ဖင်းတို့၊ ဘွားမင်း ပစ်ချက်၊ လေသည့်ချက်ကို၊ တွက်စစ်လိုက်က၊ အရှမအသဲ၊ အခ်စွဲ

---

ပတ်ကုံး=ထက်ရစ်ဝန်းကျင်၊ ပတ်ပတ်လည်တဝန်းလုံး
ရှိဝန်=ရှိခိုးဝန္ဒနာပြုခြင်း—ရှိခိုးခြင်း
သနင်း (ပေါရာဏ)=မင်း
မှန်ကင်း=အထွတ်အထိပ်၊ တန်ဆောင်း ပြာသာဒ်ထိပ်ဖျား၌ ရှိသော အဆင်း တန်ဆာ
ရောင်မြိုက်=အေးချမ်းသောအရောင်
ဆောက်နှင်း=ပေးအပ်ခြင်း
ကြေးမုံ=မှန်၊ ကြေးပြားဖြင့် ပြုလုပ်ထားသော မှန်ကဲ့သို့ အသုံးပြုရသည့်အရာ



သည့်တူ၊ တပိုင်းပူနှင့်၊ ထိုက်ဆုပြိုကွဲ၊ ဝမ်းပန်းနဲ့၍၊ ဝိုခွဲမျက်ရည်၊ စီးလာသည်ကို၊ ဆီးဆည်မနိုင်၊ ဗျာပါဏ်ိုင်လျက်၊ နှင်းခိုင်အတူ၊ မြေးဖြူဖြူတို့၊ တယုပျောင်းအိ၊ မြော်၍၊ မျက်စိပူဝေ၊ လွမ်းရ ထွေကို၊ ရွှေကျေးဇူးရှင်၊ ဘွားမိခင်အား၊ သံလွင်မှုံ့မှုန်း၊ **သဘင်** ကျူးပိဉ့်၊ ကျေးဇူးရှင်ရင်း၊ ဘွားမယ်မင်းငယ်၊ မြေးချင်းစာပါ၊ ထောင်နားနာလော့။ ။လိမ္မာမည်ဝေး၊ မကြီးသေးသည့်၊ရင်သွေး နုနယ်၊ သုံးယောက်မယ်ကို၊ မယ်ငြိမ်းမာတာ၊ မချမ်းသာ၍၊ ပစ်ခွါ စွန့်ထားအလွမ်းသားနှင့်၊ တရေးမွေတာ၊ သေမင်းရွာသို့၊လိုက်ရှာ ရသော်၊ထို့ပြင်းသော်လည်း၊မယ်တော်မာယာ၊ **သားသည်းချာ**ကို၊ ပစ်ခွါစွန့်ထား၊**နတ်ရွာလားသော်၊** သားရင်းတူညီ၊ဂေါတမီလျှင်၊ ဝိုက်ချီယူကျူး၊မွေးသည့်ထုံးကို၊ နှလုံးစာနှာ၊ ထောက်ကောင်းပါ ၏။ မေတ္တာဖျင်းသုဉ်း၊ မုန်းသည့်နှင့်ညီ၊ **ဋီဋီ**မလာ၊ ရွှေရင်းမာ၍၊ ရှုရှာမငြိုး၊ သမီးရှင်အို၊ ကြည်ညိုမြတ်နိုး၊ ချစ်ကြီးရစ်ထွေး၊ မောင် သားလေးတို့၊ တဝေးတူကွ၊ ရွှင်ပျော်ရ၏။ ရှေးကသနစ်၊ပုံကိုစစ် သော်၊ "**သားချစ်မည်။ သားချီမမှု၊**" ဆိုတုံကြနှင့်၊ တူလှ မချွတ်၊ မေတ္တာ လွတ်သည့်၊ ကောဝိ ပုဏ္ဏား၊ မဟော် အားလျှင်၊ မုန်းထားမတော်၊ ပျားရည်ပျော်သို့၊ အပေါ် **မှူဌါ**၊ ပြုကောင်းပါ လျက်၊ မလာမလျဉ်း၊ မေတ္တာကင်း၍၊ ကံရင်းမမ၊ လူမောင်ရမှာ၊ သားလှသမီး၊ ဇနီးအိမ်သူ၊ သေမင်းယူ၍၊ သက်ရှု မရှင်၊ ရှိတုန်း တွင်ကို၊ မိခင်နှင့်ဝေး၊ လွမ်းရန်ထွေးခဲ့၊ ရင်သွေးနုစိမ်း၊ **ဖင်ဖင် ရှိမ်းတို့၊** မယ်ငြိမ်းမွေတာ၊ သေမင်းရွာသို့၊လိုက်ရှာသည့်မှာ၊ နေ့က စ၍၊ ဘကြီးသက်ထား၊တို့ထင်စားတို့၊ ဘွားကြီးကိုသာ၊ ကိုးကွယ်

---

မှုံ့မှုန်း=သာသာယာယာ
သဘင်=ပွဲ
နတ်ရွာလားသော်=သေသွားသောအခါ
ဋီဋီ=သေသေချာချာ
မှူဌါ=လောကဝတ်—ဖေါ်ဖေါ်ရွေရွေ
ဖင်ဖင်ရှိမ်း=စိုစိုပြေပြေ (ရှိမ်း=စိမ်းသည်၊ စိုသည်။)

ရာသည်၊ ဖြစ်တော့မည်ဟု၊ ယုံကြည်၍သာ၊ နေ့တုန်းပါကို၊ မေတ္တာ **ဂဟော**၊ မစပ်နေ၍၊ သွားလေသည့်မှ၊ နေ့ကစလို့၊ ကာလရှည်ကြာ၊ ခုအောင်သာ့လျှင်၊ မလာသည့်ကြောင့်၊ ဗျာပါခြောင့်လျက်၊ ဂိုးနှောင့်ပူဆွေး သုံးယောက်မြေးလည်း၊ ရေဝေးကြာတူ၊ **လှိုက်ဆူခေါက်ချိုး**၊ ဗလုံထိုးခဲ့၊ လွမ်းမိုးရွှာငြား၊ ရဟတ်ပွါး၍၊ ဘွားကြီးပျော်ရာ၊ ရွှေခရင်းမာသို့၊ သွားပါဝို့ တော့၊ ငိုပျောင်းမြော့လျက်၊ ချော့မော့မနိုင်၊ ယိမ်းကာယိုင်၍၊ မိန်းမှိုင်ပူဆွေး၊ ရတဝေးတို့၊ မြေးကုံစွန့်ထား၊ သားကိုပစ်ပယ်၊ ဘွားမိမယ်ကြောင့်၊ **ညှိုးငယ်မ** ရွှင်၊ ဗျာပါဝင်၍၊ သံလွင်သာယာ၊ ကြားလိုက်ပါသည်။ ။ရောဂါဘေးဒဏ်၊ ရန်မာန်မသန်း၊ လသစ်ဆန်းသို့၊ စိတ်ဝမ်းကြည်လင်၊ ဘွားမိခင်ဝယ်၊ ရှေ့ရှုရှင်ရပ်သာ၊ သားမှိုရာသို့၊ မကြာလျှင်ဆော၊ ရောက်စေသော။

---

## ၁၂-လင်းဆွဲရွာနေ ငွေရှာမောင်ကြော့က အိမ်နေဇနီးထံသို့ ပေးသောမေတ္တာစာ

ရွှေလင်းဆွဲနေငွေရှာမောင်ကြော့၊ အေးလှသောမေတ္တာစကား၊ မှာကြားလိုက်ပါသည်၊ မေတ္တာရစ်ခွေ၊ အိမ်နေ တစု တို့။ ။ ကျွန်ုပ်တို့မှာ၊ ရတနာသုံးပါးဂုဏ်၊ မိဂုဏ်၊ ဘဂုဏ်၊ ဆရာဂုဏ်၊ အခြေတွင်၊ အိမ်နေသူတို့က၊ မှီသသောမေတ္တာ၊ ပဏ္ဏာကြောင့်၊ မနှောင့်**ဘေးဘျမ်း**၊ ချမ်းသာကြပေသည်။ အောက်ပြည်ရပ်ခွင်ဝယ်၊ ကြာတင်သည့်အရာမှာ၊ ပမာစကား၊ အလားတူသိုရလျှင်၊ ကဆုန်ကိုမိုးဖြုန်း၊ နယုန်ကိုမိုးမရွာ၊ ဝါဆိုကိုမိုးချောင်၊ ဝါခေါင်ကိုမိုးရှင်း၊

---

ဂဟော=ဆက်စပ်သောအရာ
လှိုက်ဆူ=ပြင်းထန်စွာလှုပ်ရှားဆူပွက်ခြင်း
ခေါက်ချိုး=ထက်ဝက်မှ ကျိုးကျခြင်း
ဘေးဘျမ်း=ဘေးဘယာ=ဘေးဥပဒ်
မိုးဖြုန်း=ရိုးရေကိုအကျိုးမဲ့သုံးပစ်လိုက်သည်၊ မိုးရွာသည်။



တော်သလင်းကို မိုးလွှတ်၊ သီတင်းကျွတ် မိုးသည်း၊ တန်ဆောင်မုန်းကိုမိုးနေ၊ ပျိုးပင်သေ၍၊ ရေစာမပေါ်၊ နတ်တော်အလှ၊ ရာသီနှုတ္တွင်၊ ကျွေးဥလည်းတုံး၊ သခုန်းလည်းကုန်၊ ခံချုံလည်းဖြူ၊ ခတူလည်းရှင်း၊ **ဗန်ချီ**တွင်းမှာ၊ ပြောင်းခင်းလည်း မအောင်၊ ဝမ်းစာချောင်ကြ၍၊ **ယောင်တောင်ဘောင်၊ ကြောဘက်တက်၊ မောင်းကျောက်မှန်သည့်ကြက်ကဲ့သို့**၊ အမျှံမျှံအရှာရှာ၊ ကြုံကြသည်သာဟု၊ လူတကာအများ၊ ပြောစကားကိုကြားလည်းကြား၊ တွေ့လည်းတွေ့၊ သို့ဖြစ်၍ပင်၊ နေရပ်ခွင်သို့ပြန်ချင်ပါလျက်၊ အသွားခက်၍ပန်းအကွက်ခပ်ဝါဝါ၊ ပြာတာတာ**ဖြုပ်ရှပ်ရှပ်**၊ **နှပ်တိုင်**မဖွယ့်တဖွယ်၊ နံငယ်ပုဆိုးကို၊ **ခေါင်းသိုး**ကြီးပင့်၍၊ မြင့်လှသည့်သစ်ပင်မှာ၊ နေဝင်နေထွက်၊ ရွေးပနှောင့်သက်အောင်၊ အထက်ကင်-အောက်ကဆွဲ၊ ဖြတ်ဖြတ်ကွဲအလွှာလွှာ၊ နှီးသို့ဖြာသောအခါ၊ လျှင်မကြာ**သွေ့ဖမယ်**၊ ပျဉ်တရာငွေနှစ်ဆယ်၊ **ခပုံမှာ**လွယ်ထည့်၍၊ ရယ်ချင်သလိုလိုသာ၊ ဝမ်းသာ၍ဆိတ်ဆိတ်၊ စိတ်အတွင်းပုန်း၊ တပြုံးပြုံးနှင့်၊ တော်ရော့မည်ထင့်ဟု၊ ပြန်တော့မည် ပြုသော်လည်း၊ မင်းမှုမင်း ရေးကို၊ တကြေး**မျှမချိန်** လောက်၊ အစာ ထောက် ကလည်း၊ ကာ လမို မမီ၊ ရန် ကုန် ဆိပ် မှာ၊ လျော်နီ ကြီး တ စင်း ၏၊ အရင်း ကို ဆယ် ဖိတ်ဖိတ်၍၊ တစိတ်မျှ မရ၊ နည်း သေး လှ သော ကြောင့်၊ ပြန်ရ မည်လည်း ခက်၊ ရှက် တက် တက် မို့၊ လွမ်း လျက် ပင်

---

ဗန်ချီ=ဗန်ချီတိုက်နယ်
မောင်းကျောက်=ကြက်ကိုလှန့်သော မောင်းတံတမျိုး
ဖြုပ်ရှပ်ရှပ်=ပွတတ ကြမ်းတမ်းတမ်း အဖုအထစ်များရှိခြင်း
နှပ်တိုင်=ယက်ကန်းစင်တွင် တိုင်ချည်များအတွက် စီမံထားသော ကိရိယာတခု
ခေါင်းသိုး=ခါးတောင်းကျိုက်တမျိုး
သွေ့ဖမယ်=မရှောင်မလွဲ=သေချာစွာ
ခပုံ=ခါး ပုံစ=ရှေးက ပုဆိုးများကို ဝတ်သောအခါ၊ ခါးတွင် အိတ်သဖွယ်ဖြစ်နေသောအစ
မချိန်=အခွန်ငွေကိုမပေးနိုင်ခြင်း
မှုကွဲများ (၁) မောင်းချောက်မှန်သည့်ကြက်ကဲ့သို့၊ဦး
(၂) အထက်ကင်-အောက်ကဆွဲ၊ဦး

သား၊မလာတည့်ဖြစ်၊ခြောက်ချနှစ်ကျ၊ရကာလမှ၊သွားရေးလည်းတိုးကြီးတိုးလည်းတက်၊ ဘုန်းတော်**မြက်**၍၊ မိုးထက်အောက်ရွာ၊တိုင်းကားသာသောကြောင့်၊ ငွေရှာမောင်ကြေ့၊**အသော့**မြန်မြန်၊မယ်တို့ထံသို့မပြန်ဖြစ်သေး၊မင်းတိုင်းကြေးကိုလည်း၊ပေးလောက်အောင်စိတ်ထား၊ သားမယားကိုလည်း၊ စားလောက်အောင်စိတ်စွဲ၊အများနဲ့တူ၊လူ့ရအောင်လည်း၊စိတ်သန်၊သည့်အကြံနှင့်၊မဟန်နိုင်သေး၊ အောက်ရပ်ဝေးမှာ၊ ရွှေ**တ**နှဲ့နှဲ့၊ ကျွန်း**တုံး**ခွဲ၍၊ တဲယောက်ျားသား၊ ငါတကားဟု၊ ကြိုးစား၍သာ၊ ငွေရှာ၍ **တစေ**၊ နေပါသည်အကြောင်းနှင့်၊ အကြောင်းခံအမျိုးမျိုးကို၊ ရိုးတလမ်း၊ ဆန်းတချက်၊ ကာလကြိုက်ဘက်၍၊နှစ်သက်ချိုသာ၊မှာလိုက်ပါသည်၊ မေတ္တာရစ်ခွေ၊ အိမ်နေ့တစုတို့။

---

၁၃-ရန်ကုန်မြို့နေ-မောင်မင်း ပုက၊ မအေနှင့် ယောက္ခမ ဇနီးတို့ထံပေးသောမေတ္တာစာ

ကျိုက်ထီးရိုး၊ ရွှေမော်ဓော၊ ကျိုက်ပေါလော၊ ကျိုက်ခမွန်၊ ကျိုက်သလွန်၊ ကျိုက္ခမီ၊ **ထုပတီ**ဓမ္မစေတီပုံ၊ ရွှေတိဂုံစေတီတော်ရင်းက၊ မောင်မင်းပုကျွန်ုပ်၊ သမုဒ္ဒရာ၊ သိဒ္ဓါနဝတတ်၊ ရေမစပ်အောင်၊ ထောင်ရာကုဋေ၊သင်္ချေမက၊လေ့သောမေတ္တာ၊ကရုဏာစေတနာ၊ထပ်တရာသွန်းလောင်း၍၊ အကြောင်းကြားမှာလိုက်သည်၊ လူနေဂုဏ်နေ့၊ မအေယောက္ခမ၊ တကွကြည်ဖြူ၊ အိမ်သူဇနီး၊သားသမီး

မြက်=အရောင်တောက်သည်၊ထင်ရှားသည်၊
အသော့=အလျင်အမြန်
နဲ့တူ=နည်းတူ=အများနည်းတူ
တနှဲ့နှဲ့=တစေးစေး=စေးကပ်ခြင်း
တစေ(ပေါရာဏ)=အမြဲ
ထုပတီ=(ကုန်းဘောင်ခေတ်ဗန်းစကား)=ဒုနဲ့ဒေး=အများအပြား



ခြွေရံ၊မိတ်ဆွေအပေါင်းတို့။ ။ကျွန်ုပ်တို့မှာ၊ရတနာသုံးပါးဂုဏ်၊မိဂုဏ်၊ ဘဂုဏ် ဆရာ့ဂုဏ်တွင်၊ ကြည်လင်ညွတ်နူး၍၊အထူးထူးအဆန်းဆန်း၊အကူးကူးအသန်းသန်း မြို့ပုခန်းက၊ ဖျန်းလောင်းပေသောမေတ္တာ၊ပဏ္ဏာကြောင့်၊မနှောင့်ဘေးဘျမ်း၊ ချမ်းသာကြပေသည်။ မပြန်မလည်၊ ကြာသည့်သနစ်မှာ၊ **မချစ်မကြင်နား၊ အပြစ်တင်စရာ၊ အသစ်မြင်တမြာ**၊ တွေးစရာ အဆစ်မှာ၊ မချစ်ကြင်လို့လည်းမဟုတ်၊ အပြစ်တင်လို့လည်းမဟုတ်၊ အသစ်မြင်လို့လည်းမဟုတ်၊ကျွန်ုပ်ကြံရည်မှာ၊ စည်ပင်ဖွံ့ဖြိုးလျှင်၊ ပုထိုးကျောင်းကန်ကြီးရအောင်၊ သည်တွင် ညွန့်တိုးလျှင်၊ အကျိုးကောင်း ခံစံရအောင် ကြံဆောင်နှလုံးသွင်း၍၊**အငြင်းသည်းလျှင် ညအမိုက်**၊ **အရင်းနည်းလျှင် လှူကိုတိုက်**။ ။အလိုက်သင့်ထုံးကိုယူပြီးလျှင်၊လူရသူရကြီးကြီးမှာ၊ ကုန်သည်ကြီး**ယောင်** ဆောင်လိုက်၍၊ လူဗုသူရ မနိုးလျှင်၊ လှေကြီးကို**ဒေါင်တိုက်**၍၊ ရွှေးဖြိုက်ဖြိုက် **ဓီးဓီး**ဘျ၊နဖူးကပနောင့်တိုင်၊ ကိုင်လိုက်လား၊ ဆွဲလိုက်လား၊ ယိုင်လိုက်လား၊ ငြို့လိုက်လား၊ အမြောသားအမြောသား၊ နေ့မအားရက်မလပ်၊**ဒရစပ်**အားထုတ်၍၊ လုပ်ဆောင်လျက်ဇကြံလိုင်းသော်လည်း၊ စိတ်တိုင်းကျ မပြည့်စုံ၊မြို့ရန်ကုန်ဌာနမှာ၊အဘရှိလို့လည်း တကြောင်း၊ မရှိလို့လည်းကောင်း*၊ တကြောင်းတဝမှာ၊ အခင်းနှင့်မဝေး၍၊ **ဆေးသေ**ကျအောင်လည်း ဉာဏ်မထွက် ကြေးငွေရအောင်လည်း

အငြင်းသည်းလျှင် ညအမိုက်=အပြင်းအထန် ငြင်းခုံလျှင် ည၏ အမှောင်ကဲ့သို့ မိုက်မဲစွာ ဖြစ်တတ်သည်=ငြင်းအားကြီးလျှင် မှားသည် မှန်သည်ကို မမြင်နိုင်ခြင်း
ယောင်=အယောင်=ပုံပန်း၊ ဟန်ပန်
ဒေါင်တိုက်=ဒေါင့်တန်းတိုက်ခြင်း
ဓီးဓီး=အသွယ်သွယ်၊ တတွေတွေ
ဒရစပ်=အနံ့အစပ်
ဆေးသေ=သေသေချာချာ

*မူကွဲများ။ မူဟောင်းတွင်''မယားရှိလို့လည်းအကောင်း'' ဟုရှိသည်။

အကြံနက်၊ဆိုသကဲ့သို့ဖြစ်၍၊ ချစ်ရက်သားစေတနာ၊ လာချင်ရက်စိတ်ကူးနှင့်၊ အထူးမဆည်နိုင်၊ တမှိုင်မှိုင်တသဲသဲ၊ တလွမ်းတဘ၊စိတ်ကရိုလျက်သာ၊အညာသို့မပြန်ဖြစ်၊တနှစ်ကျော်-နှစ်နှစ်ကြာ၊ ငွေရှာရသည့်အရေးမှာ။ ။**မတတ်သေးလျှင် စေ့ စပ်သည်၊ အရင်ဝေးလျှင် မေ့တတ်သည်။** ။ဆိုသည့်ထုံးကို၊ နှလုံးကပယ်ဖျက်၍၊ **မတတ်သေးလျှင် ဆင်ရာသည်၊ အရင်ဝေးလျှင် ကြင်နာသည်။** ။ဆိုသည့်ထုံးကို၊ နှလုံးသည်းပွတ် အလယ်မှာ၊ **သံမယ်န** သပ်သပ်ကို၊ **ပံတွယ်**အထပ်ထပ်မှာ၊ ကျပ်လှအောင်နှက်သကဲ့သို့၊ မကွက်လုံရှိ၊ သဘော၌ ကြည်ယုံ၍၊ ရန်ကုန်နေငွေထုပ်ထမ်းကို၊ ချမ်းသာအောင် ညောင်ရေပန်းနှင့်၊ မဏ္ဍုရှင်လိုဏ်မုတ်နန်းမှာ၊အဆန်းဆန်း ဆုပန်လျက်၊ပြန်သောခါ သောက်ရေဆီး၍၊ တတိုင်နှစ်တိုင် လမ်းခရီးက၊ လွှစင်ပါငွေထုပ်ကြီးကို၊ ဝမ်းသာပန်းသာ၊လက်ဖြုတ်တီးလို့၊ ကြိုဆီးနှင့်ကြမည့် အဖြစ်ကို၊ သနစ်ခြွက်ကာ မှာလိုက်ပါသည်။ ။မအေယောက္ခမ၊ တကွကြည်ဖြူ၊အိမ်သူဇနီး၊ သားသမီးခြွေရွေ၊ မိတ်ဆွေအပေါင်းတို့။

## ၁၄-လင်းဆွဲရွာ ဘုန်းကြီးပျံ ပင့်စာ

ရွှေလင်းဆွဲရွာ၊ ဒါယကာ သူကြီး၊ လူကြီးမှစ၍၊ ဒါယကာ၊ ဒါယိကာမအပေါင်း၊ ညွတ်ပျောင်း ဝပ်တုပ်လျက်၊ ကုမုဒ္ဒမာလာ၊ ရွှေကြာပန်းသတွယ်၊နှစ်သွယ်သော ခြေစက်တော်စုံကို၊ ကြည်ယုံညွတ်နူးလျက်၊ ရှိခိုးညွတ်ကာ ညွတ်ကာနှိမ်၍၊ အကြိမ်ကြိမ်ရှိခိုးလျက်၊မြွတ်နိုးရှိသေစွာ၊လျှောက်ထုံ့ပါသည်၊ ကျေးဇူးရှင်ဘုရား။ ။တပည့်တော်တို့၏ နှစ်လိုကိုးကွယ်ရာ၊နတ်ရွာနိဗ္ဗာန်၊လမ်းမှန်ညွှန်တော်မူ၍လေ့ရှိသော၊ဝိသေသပုဂ္ဂိုလ်၊ကိုယ်တော်မြတ်တို့၏ သမဂ္ဂ

---

မယ်န=သံညွှန်၊ သံကြီး၊ သံကုတ်

ပံတွယ်=အချပ်ချပ်ပြုလုပ်ထားသော သံရိုက်ရန် အောက်ခံကိရိယာ



သင်္ဘောတော်၊ သက်တော် ရှစ်ဆယ့်သုံး အသာ၊ ဝါတော်ခြောက်ဆယ်သုံးအပေါ်၊ သိမ်တော်အရှင် ဘုရားမြတ်သည်၊ခါတ်လေပါးအိမ်၊မငြိမ်မသက်၊ တက်ခြင်း ဆုတ်ခြင်း၊ ဘောက်ပြန်ခြင်း မညီ၊ **မဒီမကျုန်း၊ ခြေယမ်း** လက်ရောင်နှင့်၊ တရှောင်ရှောင် ခွမ်းယိ၊ ခါတ်မလုံသည့်ဝေဒနာ၊စွဲကပ်လာ၍၊ယထာနုရူပ၊သြသဓတို့ဖြင့်၊ ကုသစောင့်ကြပ် ပါသော်လည်း၊ နာနာသြသဓေဟိ တိကိစ္ဆာပိ တောပိ ဘေဒနုဓမ္မော ဝိနသနုဓမ္မော အဝသတံယေဝ ဘိဇ္ဇိသတိ၊ ပိနိုရှိဒေသနာ၊ လာသည့်**နှုတ်နက်**၊ ဓမ္မစက်အမွန်ကို၊ မလွန်နိုင်လတ်၍၊ပညတ်မျှအနေ၊ဗေဒင်ကျမ်းအစွမ်းဖြင့်လည်း စန်းလွန်းလက်ထပ်၊နက္ခတ်ကြွင်း၊နဝင်းရာသီ မညီမခိုင်၊ယိမ်းယိုင်ပြိုပျက်၍၊ "အင်္ဂါ ဗုဒ္ဓါသိလောရေဇာ"၊လာသည့်ကျိုန်းကြီးငယ်၊ ရှားမီးတွင်ကျသည်လည်းအထင်၊ ရာဇဝင်တိတ်အလာ၊ လက္ခဏာကျမ်းများနှင့်ဆိုင်ပြိုင်ကြသည်နှင့်၊ထောင့်တရာ့ ငါးဆယ်သုံးခုအတွင်းတော်သလင်းလဆန်းအဘက်၊ ဆယ့်နှစ်ရက်အရှိ၊ ပိဋကတ်တော်အလာ၊ ကြာသပတေးအဝင်၊ ဗေဒင်ကျမ်းအလာ၊ နေ့သောကြာဝယ်*၊ အာကာသေ ပက္ခုသမယကာလေ ပဗ္ဗဘူတာသ လက္ခ

---

မဒီမကျုန်း=မဒီသာ၊ မကျုန်းမာ

ခြေယမ်း=ခြေထောက်အနည်းငယ် ရောင်ဖေါခြင်း

နှုတ်နက်=နှုတ်ထွက်

မှတ်ချက်။ (၁) ယထာနုရူပ သြသဓတို့ဖြင့်ကား၊ သင့်လျော်လျောက်ပတ်သော ဆေးဖြင့်ဟူလို။

(*) ပိဋကတ်တော်အလာ၊ ၅-တေးအဝင်၊ ဗေဒင်ကြမ်း အလာ နေ့သောကြာဝယ်။ ။ဟူသော စကားမှာ၊ အကြောင်းရင်းကို သတိမရှိက၊ အသိခက်၏။ သိရန်အကြောင်းရင်းကား၊ပိဋကတ်တော်၌-ကမ္ဘာဦးတပေါင်း၊လပြည့်နေ့ကို၊တနင်္ဂနွေနေ့ဆိုသည်။ ဗေဒင်ကျမ်းက ၎င်းတပေါင်း၊လပြည့်ကျော်တရက်ကို တနင်္ဂနွေနေ့ဆိုသည်။သို့ဖြစ်၍ တရက်ကွာ၍နေရာ၊ ယခုကျွန်ုပ်တို့ ခေါ်သော ဝေါဟာရနေ့ရက်မှာ၊ ဗေဒင်နည်းဖြစ်၍၊ တရက်၊ သို့မဟုတ် တနေ့ပိုသည်။ ထို့ကြောင့် လူတို့ဝေါဟာရနေ့ကို၊ တနေ့လျော့၍ ယူလျှင်၊ ပိဋကတ်နေ့ကို ရ၏။ သို့ဖြစ်၍ ဤသို့ဆိုသတည်း။

ထမ်း၊ ဆေးကျမ်း လာသည်နှင့် ဖျော်စွာ၊ အာကာသဓာတ် ပျက်သည့်လက္ခဏာသဏ္ဍာန်ဖြင့် မိုးသောက်ယံအကျ၊ မိဿတွင် ကြွက်၊ ပြိဿကွက်တွင်၊ ဌက်တကာနတ်၊ ကရကဋ်တွင်ဘရဂု၊ ရာဟုနဂါး၊ မပြားသိဟ်ခွင်၊ ကန်တွင်ဗုဿ၊ သိဟနှင့် ဆင်မှာ၊ ပြိဿာနှင့်ငြား၊ လက်ကားမိန်ခွင်၊ မြင်သည့်ကာလ၊ ကမ္မဇစိတ္တဇ၊ အာဟာရဇကလာပ်ဥပဒ်ချင်းမဆက်ဆံ၊ ဒန်သိလောဟာ၊ သုတ နှင့်ဘော်နာတို့ကို၊ ဖျော်စွာသော ဆေးတို့ဖြင့်၊ အရေးကုန်တန် တတ်သော ဝိဇ္ဇာဓိုရ်၊ ချက်ကျိုဒိမ်လျှင်၊ နိဗ္ဗာန်ဝင်ဓာတ်ပြောင်း၍၊ အကြောင်းကွဲသည့် ပမာဏ၊ သဓိဘာသဘောတွင် မတည်ပြီ၊ နိဗ္ဗိဘသဘောသို့ ရွေ့လျော ပြောင်းကြွတော် မူချေသည်။ တည် ရစ်သည့် ရုပ်သား၊ ကလာပ်ခြားတို့ကို၊ ငါးဆယ်နှင့် သုံးချအကြူး၊ တန်ကူးလဆန်း အတက်၊ ဆယ့်တရက်တွင်၊ ရွှေလင်းဆွဲ ရွာသို့ အကျ၊ အသုဘကမ္မဋ္ဌာန်း၊ စီးဖြန်းရန် ကြွ တော်မူပါမည့် အ ကြောင်းကို၊ လယ်ချောင်းလက် ညွှတ်ကာ ညွှတ်ကာ နှိမ်လျက်၊ အကြိမ်ကြိမ်ဝပ်တွား၍၊အသနားတော်မြတ်ခံပါသည်ကျေးဇူးရှင် အရှင်ဘုရား။

---

## ၁၅-ရန်ကုန်မြို့နေ မောင်သာရက ဦးမွှေးအစရှိသော အိမ်နေသူများထံ ပေးသောမေတ္တာစာ

**ရွှေငွေမြဖန်၊လေးတန်အရောင်**၊ မြင်းမိုရ်တောင် အများဝယ်၊ သိကြားမင်းကြီးစည်းစိမ်၊အလွန်ငြိမ်သကဲ့သို့၊ **ဂုဏ်သိမ်**ပွင့်လန်း လျက်၊ချမ်းချမ်းသာသာ၊သီသချာပစ္စုပ္ပန် နှစ်တန်အရေးကို၊ မြော်

ရွှေငွေမြဖန်=မြင်းမိုရ်တောင်၏ အရှေ့တွင် ငွေရောင်ရှိသည်
တောင်တွင် မြရောင်ရှိသည်
အနောက်တွင် ဖန်ရောင်ရှိသည်
မြောက်တွင် ရွှေရောင်ရှိသည်
ဂုဏ်သိမ်=ဂုဏ်ကျက်သရေ



တွေးနိုင်ကြပေဟောင်းတွင်၊ ထပ်လောင်း၍မြော်မြင်နိုင်သည်သာဖြစ် ပါစေသောဟု၊ဩမိသကရုဏာစေတနာ၊ထပ်အရာနေ့မပြောင်း၊ သွန်းလောင်းချက်အစုံစုံနှင့်၊ မြို့ရွှေကုန်ဌာနက၊ မောင်သာရကြည် လင်စွာ၊ မေတ္တာစကား ကြားရောက်လိုက်ပါသည်၊ ဦးမွှေးမကွာ၊ မေတ္တာစုံပေါင်း၊ မယ်နှောင်းညှိုမကွေ၊ အိမ်နေ တစုတို့ပါ။ ။ ရတနာသုံးပါးဂုဏ်အခြေတွင်၊အိမ်နေအပေါင်းတို့မေတ္တာပဏ္ဏာ စုံလင်၍၊ **အင်တန်အင်မျှ** ချမ်းသာကြပေသည်။ အောက်ပြည် ရန်ကုန်၊စုန်ရောက်သည့်သားလှမှာ၊အဘဖြစ်သူက၊ငါလူကြီးလို့၊ သပြီးကိုနှက်ထဲ့ရော့၊သမက်ကိုရမ်းထဲ့ရော့၊ဝါးခြမ်းနှင့်ပုတ်ထဲ့ ရော့၊ ထုတ်ထမ်း၍ လိုက်ခဲ့ရော့၊ ပြော့ပြော့ချိုသာ၊ မြိန်ပါသည့် စကားကို၊နားမျှမခံ၊ကုမ္ဘဏ်ဘထောင်ကိုဖိုးကွပ်သည့်၊နတ်ဝေသ ဝဏ်ပမာ၊အာဏာနှင့် ချောက်သောကြောင့်၊ကြောက်တတ်၍ ချန် ကာလွှား၊ ပြေးရသည်နင်တကားနှင့်၊ ယမ်းမီးစားအဟုန်တောက်၊ အံကြိတ်ကာ ငေါက်သောကြောင့်၊ အောက်ရပ်မြို့ ဒေသကြီးမှာ၊ **အောင့်အည်း**၍နေရပါသည်၊သို့သည်အရာမှာ။ ။**ပြေ့ငြားလျက် တင်းလျှင်မခံနိုင်၊ လျော့ပါးလျက်ငြင်းလျှင်အကြံမှိုင်။** ။**မှန်နိုင်မျှ** စကား၊ကြားဘူးသည့်**ထုံးနဲ့**မှာ။ ။**ဝမ်းပဲဟင်းသာ၊ပြောင်းကိုပစ်၍ မြစ်ကိုရှာ၊ရေသာများ၍ငါးမတွေ့။ဝမ်းထဲတင်းကား၊ယောင်းကို ပစ်၍ သစ်ကိုရှာ၊ နေရာမှား၍ ကြားမစေ့။** ။**ဧဍ့ တတ်နွားကို ချောင်မြန်၊ကန်တတ်သည့်နွားနှင့်ငြား၊ကျားကိုကြောက်၍ရှင်ကို ကိုး၊ရှင်ညိုကျားထက်ဆိုး၊**ဆိုရိုးထုံးတရပ်။ ။**ပွတ်ရာတွင်ညစ်ကျူး သည်၊ခွတ်ရာဘွင်နှစ်ဘူးသည်။** ။**လွှန်ကျူးမိလျှင်နှောင်တ၊ကျွန် ထူးရှိလျှင်ခေါင်က**၊ ဆိုကြသည့်ပုံလည်းတကွင်း။ ။**ပြွန်တွင်းသစ်**

အင်တန်အင်မျှ=အင်အားနှင့်တော်အောင်၊ မျှတအောင်
အောင့်အည်း=သည်းညည်းခံခြင်း၊ ကြိတ်မှိတ်နေရခြင်း
လျော့ပါးလျက်=အလျော့ပေးပါလျက်
ထုံးနဲ့=ထုံးနည်း
ငြား=တွေ့ကြုံခြင်း

**မှလုံရာသည်၊ ကျွန်ရင်းဖြစ်မှ ယုံသာသည်၊** ပညာရှိတို့ဆိုသုံး
မှာ။ ။**ချွန်းသျှင်မနိုင်၊မုန်းသျှင်မပိုင်၊မချွန်းမှ နိုင်သည်၊ မမုန်းမှ
ပိုင်သည်။** ။ဆိုင်သူ့ဒိဌ်ဖြစ်၍၊ စင်စစ်ပင်သာ၊ အာဏာဧကန်
ထားလိုသည့်မှန်သော်လည်း၊ 'တရံတဆစ်၊အဖြစ်အနာ၊ရှိသောခါ
မူ၊ ကွယ်ရာခေါ်၍ဆုံးမလေ့၏။သူ့ရှေ့သူ့မျောက်၊ပွဲမြင်ရောက်မူ၊
မြှောက်မြှောက်စားစား၊ သားအား**ပိုက်ဖြူး**၊ဖိဘကျူးသို့၊ ကျေးဇူး
ကိုသာ၊ ရှာ၍ချီးဆို ထဲကြည်ညှိလျက်၊'' ဟူ၍ ချောမွေ့သောသင်၊
စပ်ဆိုသည့်စကားကောင်း၊သူဟောင်းတို့ထုံးစံကိုစာလျှင်၊မာတာ
သို့စွဲနှလုံးနှင့်၊ ဆုံးမကောင်းပါလျက်၊ သာသာ**မျှို့**ထဲး အသုံးဖြင့်၊
ထုံးဖြဲကောင်းပါလျက်၊ကြွက်ကြွက်ရိုက်ခွာလုံးဆူ၊**ဘရမူဘရငွေ့၊**
ဗျာဝေလို့ပျောင်းဆန်အောင်၊အာဏာသံ ပါဌာသံ၊ ယောက္ခသံ
အဘသံ၊ ကာလသံ၊ မာနသံ၊ ကြေးသံ၊ ဂုဏ်သံ၊ ဝါးခြမ်းသံ
တုတ်သံ၊ ရုန့်ရင်းသံ၊အနုံ့အင်းသံ၊ ငေါက်ငမ်းသံ၊ ချောက်ချမ်းသံ၊
နှင်သံ ဟယ်သံ၊ အသွယ်သွယ် အတန်တန်၊ မခံနိုင်အောင် ဒရစပ်၊
မိုးကြိုးပစ်ခတ်သောကြောင့်၊ လန့်ဖျပ်ပူသည်း၊ ဝမ်းနည်းသည်
လည်းတချက်၊ ရှက်သည်လည်းတသွယ်၊ ဘယ့်နှယ်နှယ်ရှိသည်
လည်းတကြောင်း၊ နေမကောင်း၍၊ ပြေကြောင်းတရားကိုရှာလျှင်၊
အသုရာနှင့်နတ်သိကြား၊သားယောက္ခမစစ်၊သို့ပင်ဖြစ်သော်လည်း၊
တနှစ်ကိုတကြိမ်၊သခွတ်ပွင့်အချိန်၊ ဝတိ'သာတုံဖျားက၊ သိကြား
ရှုံးသော်ရှုံး၊အသုရာပြေးသောခါပြေး၊မလေးမစား၊ သားယောက္ခ
မ၊စစ်ပြိုင်ကြသည့်ထုံးစံကို၊ထောက်လိုက်ပြန်သော၊အခါ၊နိဗ္ဗာန်မရ
သေးသမျှသတ္တဝါ၊ဓမ္မတာဖြစ်ရှိ၊ **ခိုးချင်းထားလျှင် ခိုးချင်းထိ၊
ကြိုးချင်း ထားလျှင် ကြိုးချင်းငြိ၊ အမိနှင့်သား၊ လျှာနှင့်သွား၊
မှားတတ်ကြသည်သာ၊ လျှာနှင့်သွားမှ အဖျားထိ၍ ကဲ့သေး**

---

ပိုက်ဖြူး=ပိုက်ဖြား=ပွေ့ပိုက်ဖြားယောင်းသည်
မျှို့=ကျက်သရေမင်္ဂလာ
ဘရပူ=ပူပူဆူဆူ
ဘရငွေ့=ရှုပ်ငွေ့အောင်



**သည်၊ မာတာနှင့်အားမှာ၊ စကားငြိ၍ လွဲချေးသည်၊** ကြိစည်
**စိတ်ဖြာ**၍၊ကမ္ဘာနှင့်မြေစာ၊ ရေဇိုးနှင့်ရွှေကြာ၊မိခင်နှင့်ပုတ္တာ၊မလွဲ
သည့်အရေး၊ ရှေးမူကိုကျင့်၊ ခွင့်နှလုံးသင့်၊ ရှိကြရမည်သာဟု၊
မေတ္တာနှလုံး၊**ချုံးချုံးချ**စိတ်ဖြေလျက်၊တွေ့လိုက်ရေလိုက်ထိုးဝါ.နှင့်
သေလိုက်ကြေလိုက်ကြုံးစား၍၊ သားနှင့်အဘ၊ချမ်းသာကြအောင်၊
မြန်မာ့တိုင်းခရိုင်၊ နိုင်ငံတော် တလျှောက်၊ အောက်ကို ရန်ကုန်၊
အညာကိုကောင်းတုံ၊အစုန်အဆန်၊ပုဂံပုခန်း ကြည်းလမ်းရေးလမ်း
အဆန်းဆန်းအထွေထွေ၊သရေခေတ္တရာမြင်ဆိုင်း၊စစ်ကိုင်းပန်းယ၊
အင်းဝအမေ၁၊ နေပြည်တော်ကြီး၊ အသီးသီးအရပ်ရပ်၊ လှည့်ပတ်
လှည့်လား၍၊**ကုန်ကား** သည့်အစီအစဉ်တွင်၊ ငွေဝင်ကြေးတိုး၊ထမ်း
ပိုးမြတ်တချူးစု၊ **သုံးခုလပ်**ဘချိုးတိုး၊ ခေါက်ချိုးလည်းတခါတရံ၊
ရံဘန်ရံဘန်လည်း၊နှစ်တပိုး သုံးတပိုးထွက်၊ အဆဆ တက်သော
ကြောင့်၊ ကြေးထွက်သည်ဟူ၍ မထင်မြင်၊ ကြေးဝင်သာ မောက်
သောကြောင့်၊အောက်နှင့် အထက်၊အပြည့်အသိပ်အနှက်၊ဗရပွက်
ကဲ့အထပ်ထပ်၊ဒရစပ်**တင်းကျမ်း**သာ၊အိမ်ယာခမ်းနား၊အဆင့်ဆင့်
ပွါးသည်နှင့်၊ သားမယားအိမ်သူအမွန်၊ ကျေးကျွန်ပါဂုဏ်တက်၍
ရွှေလက်ကောက်ငွေလက်ကောက်တဝင်းဝင်း၊ ရွှေခြေချင်းငွေခြေ
ချင်းတမောင်းမောင်း၊ရွှေနားတောင်းငွေနားတောင်းတလျှပ်လျှပ်၊
ရွှေလက်စွပ် ငွေလက်စွပ် တထိန်ထိန်၊ အုန္ဒနီလာ၊ မသာရဂလ်၊
ဝင်သဝဏ်ပတ္တမြား၊ပြယိုးယားလကျ်ာလိန်၊စိန်အရောင် ကြောင်
အရောင်၊မှန်အရောင်ဖလ်အရောင်၊တပြောင်ပြောင်တလက်လက်၊

---

စိတ်ဖြာ=(ပေါရာဏ)=အစိတ်စိတ်အဖြာဖြာ၊ ကြိစည်သည်
ချုံးချုံးချ=စိတ်ချလက်ချ
ကုန်ကား=ကုန်စည်ကူးသန်း ရောင်းဝယ်ခြင်း။ (ကား=ဖေါက်ကား ရောင်းဝယ်ခြင်း)
သုံးခုလပ်=ထက်ဝက်ပေါင်းသုံးခု=တခုနှင့်ထက်ဝက်= ၁ $\frac{1}{2}$
ကြေးထွက်=ငွေထွက်သည်၊ ငွေကုန်သွားသည်
တင်းကျမ်း=ပြည့်နှက်အောင်

စည်းစိမ်ကြီးတက်၍၊ သက်ရှိမဲ့ပစ္စည်းဥစ္စာ ရတနာ**ခမင်း**နှင့် ဆင်မြင်းဝယ်လိုဝယ်၊ လယ်ယာမိုးမြေအစဉ်စဉ်၊ ဥယျာဉ်တွေအပြိုင်ပြိုင်၊ ခိုင်လုံးကုံး**ထံ**၍၊ ပစ္စုပ္ပန်တွင်မဆုတ်မယုတ်၊ ဂုဏ်နေကပှာတ်သောကြောင့်၊ ပလုပ်တုတ်ဖိုးဒေါင်၊နိုးနှောင်သိုးသွင်း နှောင်းနှင်းငြိမ့်**အုံး**၊ ပြုတ်ပြုတ်ပြုန်းများနှင့်၊ နှုလုံးကြည်လင်၊ ပွဲသဘင်ဆင်၍၊ သည်ရာကြွေးချလိုချ၊ သီလကို ယူလိုယူ၊ အလှူကြီးပေးလိုပေး၊ သူဌေးကြီးခံလိုခံ၊စည်းစိမ်ကြီးစံ၍ ကြံလိုက်တိုင်းမယွင်းပြီ၊ ဂုဏ်အဆီနှင့် ပြည့်ဝ၍၊ **အာကလူ** တကဲ့လူ၊ **အိုဘဲ့**လူဟု ဂုဏ်တမှုမြင့်မောက်၊ ထက်အောက်ညာကြေ၊ ကျော်ပလေစေ စိတ်ကူး၍၊ အထူးထူးစီးပွါး၊ များပြားဖွံ့ဖြိုး၊ ပွါးတိုးလောက်သည့် ကာလမှာ၊ **ဘကြီး**တို့ထံ၊ ပြန်လည်ပါမည့် အကြောင်းနှင့်၊ မိုးဟောင်းမေတ္တာတွင်၊ထပ်လောင်းပါမည့်အဖြစ်ကို၊သနစ်ခွက်ကာ၊မေတ္တာစကားကြားပါလိုက်သည်၊ ချစ်ရည်တိုက်ကျွေး ဦးမွေးမကွေ၊ အိမ်နေတစုတို့များ။

---

၁၆-တိုးတော်မင်းတရားကြီးထံ အယူတော်မင်္ဂလာက
သံတော်ဦးတင်စာသွင်း၍ အမိန့်တော်ထုတ်ပြန်ပုံ

ဘုရားကျွန်တော် ရာဇဂုရုမင်္ဂလာ ဆက်လျှောက်သည့်ဘုရား။ ယခုကာလတွင် ဆင်းရဲသားတို့ဖြစ်ဟန်မှာ၊ကြွေးတောင်းမင်းစေကလည်း တလျှပ်လျှပ်၊ **မြို့ကွပ်**ကလည်း တူးခါးခါး၊ **ရွာကွပ်**က

ခပင်း=(ပေါရာဏ)=အများ
ကုံထံ=ပြည့်စုံကြွယ်ဝချမ်းသာခြင်း
အာကလူ=အလွန်လာသူ=အလွန်တော်သူ
အိုဘဲ့=အို....အလွန်နှစ်သက်စဘွယ်၊ချစ်စဘွယ်
ဘကြီး=ဘခင်
မင်းစေ=မင်း၏အစေခံကျွန်
မြို့ကွပ်=မြို့ကိုအုပ်ချုပ်သူ
ရွာကွပ်=ရွာကိုအုပ်ချုပ်သူ



လည်းတခြား၊စားစရာကလည်းမရှိ၊ လက်ရှိဥစ္စာကလည်း ကြည့်မမြင်၊ကိုယ်အင်္ဂါနှင့်လည်း မတန်လွန်း၊**မှုခန်**ကလည်း အထွေးထွေး၊ ပြေးရမည်ကလည်း လမ်းမဆုံး၊ ပုန်းရမည်လည်းမလွတ်၊ **ချုဝတ်**ကလည်းတသွယ်၊ **ယိုးမယ်**၍လည်းနေရခြား၊ မင်းများကလည်း **ကြေးခွဲ**မည့် တကားကား၊ ငယ်သားများကလည်း ဘုန်းကြီးရာကို မှီမည်ကြံသောကြောင့်၊ မင်းများကလည်း မလှန်ဝံ့အောင်ချောက်၊ ကြောက်သောအခါ မိန့်တော်အတိုင်းလို့သာ လိုက်ရ၊ ပေးစရာကလည်းမရှိ၊ မင်းအားနှင့်ဘီ၍ တောင်းသောအခါလည်း မခံနိုင်၊ပိုင်သည့် လယ်ယာများကလည်း မအားမလပ်ပြီ၊ **သူ့ဗြိနှင့်** **အဓာန်**သာ ကာလသို့ရောက်ခဲ့ပြီဘုရား။

ဤသို့မင်္ဂလာလျှောက်သည့်စာတမ်းကို တွေ့သောကြောင့်
အမိန့်ထုတ်သော် သည့်ကဲ့သို့ ထုတ်လတ္တံ့ဟူ၍
အမိန့်တော်ထုတ်မည့် လက္ခဏာရိပ်ကို
စိတ်ကူး၍ရေးသည့်ကား

ဘုန်းတော်အလွန်ကြီးမြတ်တော် မူလှသော**ဘ**ဝရှင်မင်းတရားကြီး**မျာဒိတ်**တော်ရှိသည်၊ ငါ၏ဝန့်ရှင်တော်တို့။ ။အယူမင်္ဂလာသည်၊ ငါ၏ဆင်းရဲသား၊ ကျွန်တော်မျိုး၊ ကိုးကွယ်မသိ ဆင်းရဲရှိချက်ကို၊လျှောက်ဆက် သံတော်ဦးတင်သည့်မှာ၊ ငါ၏ ရွှေလက်ထက်တော်တွင်သာ ဆင်းရဲသည်မဟုတ်၊ သမုဒ္ဒရာဇ၏၊သေဉ်လည်ကြောင်၊ ရသေ့ကြောင်၊ ကြောင်တုရာဇ၏၊ ထွန်ချစ် စောခင်နှစ်၊

မှုဝန်=အမှုတာဝန်=အမှုကိစ္စ
ချုဝတ်=တရားရုံးတော်မှခေါ်သောစာ (summons)
ယိုးမယ်=အကြောင်းပြု၍လွှဲဖယ်နေခြင်း
ကြေးခွဲ=အခွန်တော်ခန့်ခွဲတောင်းဆိုသောကြေးငွေ
သူ့ဗြိ=သူ့အကြွေး
အဓာန်=အတော်
မျာဒိတ်=အမိန့်တော်

ဒွတ္တပေါင်၊ ဒွတ္တရန်၊ သရေခေတ္တရာ၊ ပုဂံ ဖြင်ဆိုင်း၊ စစ်ကိုင်းပန်းယ၊ အင်းဝမင်းအဆက်ဆက်၊ အနုမတဌအစမထင်၊ သင်သရာမပျက်မပြို၊ မဂ်ဖိုလ်မရသေးသမျှ၊ ဆင်းရဲကြသည်ပင်။ ဘုရားရှင်ရှိစဉ်ကာလက၊ စစ်ပြုကြသည့် မင်းလည်းအများ၊ ဟောထားတော်မူခဲ့သည့် ဇနကမှာလည်း၊ အရိမ္ဗနှင့် ပေါလည်နှောင်၊ သေအောင်စစ်ထိုးကြခြင်း အထင်အရှားဖြစ်သည်။ သည့်ကိုထားဦး၊ ဘုရားလောင်းပြီ ပါရမီရင့်မှာ၊ မဟော်သဓာမှ၊ ပဥ္စာလရာဇ်နှင့်၊ စစ်ပြိုင်တော်မူသေးသည်ပင်။ သို့ဆင်ခြင်ရန်၊ ထုံးစံအများနှင့်၊ တရားအနေကို၊ ခွဲဝေစီမံလျှင်၊ နိဗ္ဗာန်မရသေးသမျှ၊ သတ္တဝါဟူက၊ သံသရာကို၊ ဒုက္ခချည်းသာ၊ မြတ်စွာဘုရား၊ ဟောထားတော်မူခဲ့သည်အထင်အမြင်။ အရှင်ဧကရာဇ်ကြောင့် ဆင်းရဲသည်မဆိုရာ။ ကံသာအမိ၊ ဘုရားဟောရှိသည်ဟု၊ သိမြင်သူများမှာလည်း၊ မေတ္တာ သသူသာအမျှ ဝေသူဝေ၊ ညှောင်ရေလောင်းသူလောင်း၊ သက်တော်ရှည်ကြောင်းကို၊ ဆုတောင်းဆုယူ၊ ကြည်ဖြူရွှင်လန်းပန်းသင်ပုတ်တင်၊ ဘုရားဝင်ကျောင်းတက်၊ ကုသိုလ်ဆက်၍၊ မပျက်အောင်ရှိကြပါသည်ပင်။ သို့ကိုစဉ်လျက်၊ ငါ့ရွှေလက်ထက်တော်တွင်သာ၊ ဗျာပါပူထပ်၊ မရပ်မတည်၊ အသည်လှူသူ၊ ဆာပူ လောင်လဲ၊ ဆင်းရဲလေတီသကဲ့သို့၊ ကန္တာကြေ၍၊ ဥဒါန်းမကျေရှိအောင်၊ ကြံဆောင်စီကုံး၍၊ ရွှေနှလုံးတော်အနေနှင့်မလျော်အောင်၊ မတော်သောစကားဖြင့်၊ ချောက်ထား တင်ဆက်သူ ဖြစ်သည်။ ပြည်သူပြည်သား၊ မိတ်များစသွယ်၊ ပရိသာပယ်ဆိုနိုင်သူ ဖြစ်ကြောင်းနှင့်၊ **မောင်းကြော်**ပြီးလျှင်၊ ငါ၏နိုင်ငံတော်နှင့် မတန်မရာ၊ မင်္ဂလာကို၊ အညာတာတန်းမှာ၊ ရဟန်းပြုနေစေ။ ။အမိန့်တော်။

မောင်းကြော်=မောင်းတီး၍ကြွေးကြော်ခြင်း



၁၇-ပိုဒ်စုံမြီးသွယ်သုံးပုဒ်

(၁) တပျောင်းပျောင်းလျှင်၊ ရွှေညာ ခွင်က၊ မိခင်မာတာ၊ သားမင်းလျာကြောင့်၊ ခွေကာနှမ်းယိ၊ လွမ်းမပျိုခဲ့၊ မွေးမိဘမှာ၊ လွမ်းရပါလည်း၊ အောက်ရွာရပ်ဘုံ၊ ဝေးလှတုံ၍၊ **နေမှုံ** တက်စ၊ နံနက်ထကို၊ **ရေခူ**တောင်ကြီး၊ ဗိုက်ကာဆီးသို့၊ မျှော်ရီးမျှော်ရာ၊ မမြင်သာခဲ့၊ ဗျာပါထပ်ဆောင်၊ လွမ်းမီးလောင်၍၊ သားမောင်ပျော်ရာ၊ အောက်ရပ်သာသို့၊တမ်းကာယူလျက်၊ **တသက်သက်**လျှင် ငှက်လိုပျံချင်၊ မတတ်ပင်နှင့်၊ မရွှင်ပျောင်းပျ၊ သားရွှေစကြောင့်၊ ရေကပစ်ပယ်၊ ရွှေကြာနှယ်သို့။ ။တကယ်လွမ်း၍ယိုင်ခဲ့ပြီ။

(၂) အကြောင်းကြောင်းပင်၊ အောက်မေ့လျှင်မူ၊ သက်ခင်ပြတ်မျှ၊ သားရွှေစကို၊ မယ်ကလွမ်းရာ၊ များလှစွာခဲ့၊ ရှေးခါတမူ၊ ရှေးမှာမူကား၊မယ် ထံပါးကို၊ လားလားမကွာ၊ စက်မွေ့ရာလည်း၊ တူသာမကွဲ၊ မယ့်ရင်ထဲဝယ်၊ ယှဉ်နွဲ့လျက်သာ၊ပျော်ရပါ၏။ ခုခါတမူ၊ခုမှာမူကား၊ ဝေးရပ်ခြား၍၊ သားလှရွှေစင်၊ မယ် ဝမ်းဝင်ကို၊ မမြင်ရပါ၊ သူ့ရပ်ရွာဝယ်၊ နာလည်းမကျူ၊ သာမတူနှင့်၊ ရေပူရေချမ်း၊ ဘယ်သူကမ်း၍၊ **စိတ်ဝမ်း**ရွှင်အောင်၊ သားရွှေတောင်ကို၊ ရှုက်ဆောင်လိမ့်မည်၊ အတည်တည်ကို၊ ကြံစည်လိုက်မိ၊ အောက်မေ့တိသော်၊ ပျောင်းအိခွေနှုံး၊ သားရွှေတုံးကို၊ ယူကျုံးမရ၊ လွမ်းလိုက်လှခဲ့၊ နှမသားချင်း၊ နှောင်ရင်း ညီထွေး၊ တူကလေးနှင့်၊ မွေးသည့်ဘခင်၊ မမြင်ပျက်ကွယ်၊ သူ့ရပ်လယ်မှာ၊ အမယ်မပါ၊ မောင်ချည်းသာလျှင်၊နေရှာလိမ့်မယ်၊အသွယ်သွယ်ကို။ ။**အကျယ်**တမ်း၍ရှိုင်ခဲ့ပြီ။

(၃) တပေါင်းဆောင်းဝင်၊သုံးခါစင်တိ၊ လည့်ချင်တော့မည်၊ သို့သည်ကိုမျှ၊သားရွှေစငယ်၊မကြွမလာ၊ကြာကြီးကြာခဲ့၊ မင်းလျာ

နေမှုံ=နေအဖုံ=အငုံနှင့် တူသောနေဝန်း
ရေခူ=ရေမ=အကြီးကြီး
တသက်သက်=တဖြည်းဖြည်း
စိတ်ဝမ်း=စိတ်နှလုံး

နှုန်းမယ် ဖွာသွယ်မှု၊ကျယ်လျှင်ကားချွဲ၊ ပွဲလျှင်ပွဲလေသွေး၊ ခွဲလျှင် ကားသင်း၊ နိုင်လျှင်ထင်ရှင့်၊ ကျင်လျှင်သင်ပင်း၊ ချောင်လျှင်တွင်း လေသွေး၊ ရှင်းလျှင်သုတ်သင်း၊ လေးလျှင် တင်ရှင့်၊ စင်လျှင်ကား ဆေး၊ ထက်လျှင်သွေးလေသွေး၊အရေးဆိုသွယ်၊ လူတို့ငယ်မှု၊သွယ် တတ်မှုဦး၊ရွယ်မှန်းရှင့်၊ကြီးလွယ်လျှင်ချောင်း၊ မသိမှောင်သည်း၊ မှုံယောင်နှင့်မဲ၊ ဟုတ်ယောင် လွဲသား၊ ဝမ်းတဲလိမ်လစ်၊ လူ့ သနစ်ကို၊ စင်စစ်သေချာ၊သိခဲ့ရွာဟု၊ပညာရှိများ၊မိန့်ခဲ့ထားသား၊ မှတ်သားစသွယ်၊ အသွယ်သွယ်ကို၊ မယ်ငယ်ရွှေသွေး၊ ဉာဏ်နှင့် ဆေး၍၊ **အဓေးဆယ်ရှည်း၊ နိုးတရှည်း**ဟု၊ စဉ်းစား၍သာ၊ ပြန်မည့် တာကို၊ ရွှေညာရပ်ခွင်၊မွေးမိခင်က၊ ဉာဏ်ရှင်ချီးမွမ်း၊ လွမ်းဘွယ် ပိုန်ရုံ၊**ရစ်တံ**ပုံနှင့်၊ ကြည့်ယုံမေတ္တာ၊လောင်းလိုက်ပါ၏။ ချမ်းသာ ဦးရွါး၊ ဆိုသည်များကို၊ လားလားမယ့်မှာ၊ အောက်မေ့ပ်ဘူး၊ သားဦးကိုသာ၊ မြင်ချင်ပါရှင့်။ မင်းလျာယဉ်ရွှေ၊ သားရွှေစင်ယ်၊ မရဖြစ်စေ၊ ရဖြစ်စေသာ၊ ပြန်ခဲ့ပါလော့။ ရတနာမြို့တော်၊ ဂုဏ် ကိုးထွေနှင့်၊ရန်မှုမမှောင့်၊**ရွှေကုန်းထောင့်က**၊မောင့်အဘော်များ၊ ပြန်လာငြားလည်း၊ သားမောင်မလာ၊ အောက်ရပ်ရွာမှာ၊ သုံးခါ စင်စစ်၊ လည်သည်ဖြစ်ကို၊ စိစစ်လိုက်တိုင်း၊ ဗျာပါရှိုင်းလျက်၊ အတိုင်းမသိ၊လွမ်းရှိန်တိခဲ့၊ ပျောင်းဖိခွေနစ်၊**ဇမ္ဗူရာဇ်**သို့၊ချစ်လို့ မဝ၊ မြင်မဝနှင့်၊ ဆယ်လပိုက်လွယ်၊ သားမင်းငယ်ကြောင့်။ ။ အမယ်လွမ်း၍ ဆိုင်ခဲ့ပြီ။

---

ကျယ်လျှင်ကားချွဲ=ကျယ်ချင်လျှင်ချွဲပါ။
သင်=ပါးလွှားအောင် ဓါးဖြင့်လှီးပစ်ခြင်း
သင်ပင်း=သင်နှုက်ခြင်း=ပစ္စည်းတခုခုဖြင့်ထင်ပိုးခြင်း
တရှည်း=တစုံ=၂-ခု
ရစ်တံ=အထည်ရက်ခါနီးအဆင်ကို နမူနာတင်ကြည့်သောတုတ်တံ
ရွှေကုန်း=ရွှေတိဂုံကုန်းတော်ထောင့်က
ဇမ္ဗူရာဇ်=ဇမ္ဗူရာဇ်ရွှေ
မှတ်ချက်များ၊ (၁) သားကျူးကိုသာ၊ ဦး



## ၁၈-မှတ်ထုံးပြမေတ္တာစာ

ရွှေတိဂုံမြို့စာရေးကား၊သားမြေး မြစ် စဉ်ဆက်၊ဆင်းသက်မှတ် သားလောက်အောင်၊ကြံဆောင်ကြည့်ရှု၍၊ တရုရုတရာရာ၊ သနား ပါဟု၊ ဆရာမြတ်တို့ နည်းခံ-ရှင်နန္ဒဇအား၊ ချောက်ထားသော ကြောင့်၊ရှစ်သောင်းလေးထောင်ယူဇနာ၊ သမုဒ္ဒရာရေထဲမှ ပုလဲ သန္တာ၊ ရတနာခုနစ်ပါးတို့ကား၊ သည်မှာရှိ၏ဟု ပြတ်သည့်ပမာ၊ မေ့ခန္ဓာ ရှစ်သောင်းလေးထောင်မှ၊ ထုတ်ဆောင်ယူကျုံး၍၊ မှတ် ထုံးပြတော် မှုလိုက်သည်ကား။ ။ဇနကမင်းသား၊ ကုန်သွား၍ တော်လျှော်လျှင်၊ ခမည်းတော်မင်းကြီး၏၊ ရွှေဝင်းရွှေနန်းကို၊ သိမ်း မြန်းတော် မူမည်ဟု၊ သမုဒ္ဒရာ ရေလမ်း၊ ကူးသန်း ချင်းနင်း၍၊ သဘော်ာပျက်ဘိသော်၊ မဏိမေခလာနတ်သမီး ဆီးကာပိုက်ထွေ့ ကာ၊မင်္ဂလာကျောက်ဖြာထိပ်၊ **သိပ်ပ**၍ ပျော်စဉ်တွင်၊ **ဖုတ်သွင်း ရထား**ဆိုက်၍၊ **ရှိက်ရော**ရွှေနန်း၊ သိမ်းမြန်းတော် မူဘူးသည်လည်း တထုံး၊**အုန်းအင်းသိမ့်** စည်ပင်စွာ၊ ဗာရာဏသီ ပြည်ကြီးဝယ်၊ မင်းကြီးချစ်ဘွယ်၊ မယ်တော်မိဖုရား၊ ပုဏ္ဏားကို တပ်မက်သော၊ လောဘဇော စိတ်ပြေး၍၊ ရှေးနှင့်မတူပြီ၊ **ကြုံလှီ** ပျောင်းပျ၍၊ မောင်းမအပေါင်းကို၊ ချောင်းမြောင်း၍ မေးစေငြားလျှင်၊ ပုဏ္ဏား ကိုနှစ်သက်၍၊ တပ်မက်သည့်စကား၊ မင်းကြီးကြားသော်၊ မယ် တော်မိဖုရားကိုပင်၊ ပုဏ္ဏားနှင့် မင်္ဂလာဆောင်၍၊ အခေါင်ရွှေနန်း၊ သိမ်းမြန်း စံစေဘူးသည်လည်း တထုံး။ ။နှလုံးသိမ်မွေ့ရသော့ ညီနောင်၊တောချောင်မှိုင်ခြေ၊နေသည့်အခါ၊နဂါးလာ၍၊ညီရသော့ ကို၊ ဘူးတွေ့ဘန်များသဖြင့်၊ နဂါးကိုကြောက်၍၊ ညီရသေ့လည်း၊ တနေ့တပါး၊ စားသောက်မဖြန့်၊ညှိုးပိန်လတ်သော်၊ နောင်တော်

---

သိပ်=အိပ်ပျော်စေခြင်း
ဖုတ်သွင်းရထား=ဖုသနက္ခတ်ထွန်းသောအခါ၌ စီမံသောရထား
ရှိက်ရော=အမွေ အနှစ်=ရိုးရာ
အုန်းအင်းသိမ့်=အသံများဖြင့် သိမ့်သိမ့်တုန်ခြင်း
ကြုံလှီ=ပိန်ချုံးသေးငယ်ခြင်း

ရသေ့က၊ ငါ့ညီတော်ထွေး၊ ရှေးနှင့်မတူ၊ အဘယ်မှု၍ ညှိုးသနည်း၊ ဖြည်းညှင်းဆေးလေး၊ မေးလေဖြားသော်၊ နဂါးကြောင့်ပင်၊ ညှိုးမရှင်ဟု၊ လျှောက်တင်သောအခါ၊ နဂါးလာလျှင်၊ ဥစ္စာကိုနေ့တိုင်းတောင်းဟု၊ မလာကြောင်းနေခင်တော်ကသင်လျှင်၊ ညီရှင်ရသေ့လည်း၊ နေ့ဆက်ရက်ဆက်၊ သုံးလေးရက် တည်ညံ့၊ အဘန်ဘန်တောင်းသောအခါ၊ ဥစ္စာပေးရမည်ကြောက်၍၊ ရှင်ရသေ့ထံပါးသို့၊ နဂါးမလာဘဲ၊ လွဲနေဘူးသည်လည်း တထုံး။ ။ဘုန်းပညာလျှံမိုသော တက္ကသိုလ်ဆရာ၊ ပေးပါသည့်ထွီးကို၊ တပည့်ကြီးဇိဂုတ္တရ၊ ဘုန်းမရှု၍၊ စိတ်ကမကြွင်၊ သဖန်းပင်ထက်၊ တင်စဉ်လျှင်မြန်၊ ဆူးရှုံးပြီးမှ၊ သူယုတ်မနှင့်၊ ကွဲရပေပြီ။ ဘန်တလီဖြည့်၍ ပြေးလေသော်၊ ဝိဒေဟရာဇ်မင်း၊ ထွက်ခင်းကြိမ်ကြိုက်၊ ဘုန်းကံထိုက်၍၊ နှစ်ခြိုက်တွေ့ကြုံ၊ မေတ္တာထု သဖြင့်၊ ဥဒုမ္ဗရဒေဝီသညာနှင့်၊ တောင်ညာတင်ထား၍ မိဖုရား ဖြစ်ဘူးသည်လည်း တထုံး။ ။ဤထုံးလေးရပ်တို့ကို၊ ကြပ်ကြပ်သတိသွင်းရမည်။ ဖြည့်တန်သော လက်စွပ်ကို၊ ကျော်ကျွတ်၍ ကျပြန်လျှင်၊ ဆန်တာလမယ်နှင့်မျှ၊ ဝယ်မည့်သူမရှိ၊ သတိကိုမြှုပ်ပြုရမည်ဟု၊ စကားတည်စဉ်ကာနှင့်၊ ထုံးစံတော်မှာခဲ့သည်၊ တကာတော်မြို့စာရေး။

---

## ၁၉-ပိုဒ်စုံစကြာ ၃-ပုဒ်

၁.နွမ်း၍ခွေသိုင်၊လွမ်းမပိုင်ခဲ့၊ ရင့်ရိုင်သန္တာ၊အာနန္ဒာမှ၊ မြတ်စွာဘုရား၊နိဗ္ဗာန်လားသော်၊တရားသံဝေ၊ ယူမဖြေ၍၊ ပူလေသည့်တျ၊ မင်းဖြူဖြူကြောင့်၊ ယိုက်ဆူဖြိုင်ဖြိုင်၊ မျက်ရည်အိုင်လျက်၊ ယိမ်းယိုင်ကိုယ်လုံး၊ ကြိမ်မီးအုံးသို့၊ ခွေနုံးပျောင်းပျ၊ လွမ်းယူတလျက်၊

---

ဆေးလေး=ဖြည်းဖြည်းဆေးဆေး
ဘန်တလီ=အမိပွါယ်မရှိသော အသံဖြင့်ဖြည်တွန်ခြင်း
ကြိမ်ကြိုက်=ကြုံကြိုက်သည်
တာလမယ်=ယခုခေတ် နိ့ဆီဘူးတလုံးနှင့်ညီမျှသော အရေအတွက်



အလှမင်းလျှာ၊ရတနာကို၊ လာရှာတူဖက်၊ သိပါလျက်နှင့်၊ စုံမက်ကြင်နာ၊မပြေပါ၍၊ ရောက်လာနိုးနိုး၊ မြော်လင့်ကိုးလျက်၊ ပျောင်းညှိုးခွမ်းသွမ်း၊ဗျာပါမွမ်းသည်။ ။လွမ်း၍ဝေဆာလိုင်တော့သည်။

၂-လွမ်း၍ဝေလှိုင်၊ တမ်းမပိုင်ခဲ့၊ ဘုန်းခိုင်မြတ်စွာ၊ နိဗ္ဗာန်ရှာသော်၊ အစာတသတ်၊ လောကနတ်ကို၊ မတ်လိမ္မာပေါင်း၊ဒေးယဉ်ပြောင်းလည်း၊ခြောင်းခြောင်းထွက်ငွေ့၊လိုတူမွေ့သို့၊ချစ်၍မပြယ်မောင်မိမယ်နှင့်၊ မောင်ငယ်ရွှေသွေး လွမ်းဘွယ်ရေး၍၊ ဆက်ပေးသည့်စာ၊မြင်ရပါလည်း၊ မျက်နှာဖြူဝင်း၊ရွှေလမင်းသို့၊ ကြော့ရှင်းရုပ်သွင်၊မင်းရွှေစင်ကို၊မမြင်ရသေး၊ သည်အရေးကြောင့်၊ မှုဆွေးဗျာဝေ၊လွမ်းမပြေခဲ့၊ရွှေညာကဗ္ဗာလမ်း၊နှလုံးပန်းသည်။ ။တမ်း၍တွေကာမှိုင်တော့သည်။

၃-တမ်း၍တွေမှိုင်၊ နွမ်းမပိုင်ခဲ့၊ ရိပ်မှိုင်ဝန်းကျင်၊ မဖြူပင်နှင့်၊ နှင်းပင်မညှိုး၊ ခတ္တာရိုးလည်း၊မိုးကိုမလင့်၊ပင်လုံးပွင့်သော်၊ သခင့်ချစ်သူ၊ မင်းဖြူဖြူကို၊ ဆွတ်ယူနေကျ၊ ဗိုက်ခေါ်တလျက်၊ ညယ်စက်တွင်၊မောင့်ရုပ်သွင်ကို၊ ထင်လှာရေးရေး၊ အိပ်မက်ပေးခဲ့၊ရွှေသွေးမြန္မယ်၊ရတ္တာသွယ်ကို အကယ်မှတ်ထင်၊ နိုးပါလျှင်လည်း၊ မင်းရှင်မတွေ့၊ ဖြစ်ပြန်၍မို့၊ ရွှေပြုံပွါဒီ၊ မောင်တို့ဆီကို၊မျှော်ယီမျှော်ယမ်း၊မျက်ရည်ရွှမ်းသည်။ ။နွမ်း၍ခွေကာသိုင်တော့သည်။

အဆုံးပုဒ်ချလျှင်၊အစပုဒ်သို့ဆိုက်သောကြောင့်၊ ပိုဒ်စုံစကြာမည်၏။ မြီးသေး၊ မြီးသွယ်၊မြီးလုံး၊ ရင်တွင်းဖြည့်စ၊ စသော စပ်နည်းတို့တွင်၊ ရင်တွင်း ဖြည့်စပ်နည်းလည်းဟူ၏။

---

---

မှတ်ချက်များ။ (၁) လောကနတ်တို့
(၂) ခြောင်းမြောင်းလက်ငွေ့

## ၂၀-ပဏာမပဏ္ဏာသ

## ( ရွှေတိဂုံမြို့ဘွဲ့နှင့်ဆုတောင်း )

သိဂုတ္တရေ သခံရမ္မေ၊ ဝသန္တာမေ့ အဇာနိတ္ထာ။
သာသနံ ဝါသံကေသိဋ္ဌ၊ ဒန္တာဒေါသေန ဝကျိံသိ။

(ဇတ္တဂါထာ)

ရမ္မေ၊ နှလုံးမွေ့လျော်၊ ပျော်ဘွယ်ရှိထသော။ (ဝါ) ကိုးဆယ့်ကိုးကုန်း၊ တောင်ညီလုံးဖြင့်၊ ပတ်ကုံးရစ်သန်း၊ မရန်းကနပိုး၊ ပင်မျိုးစီလျှို၊ ပန်းဥယျာဉ်နှင့်၊ ချိုချဉ်ရသာ၊ များစွာရရုံး၊ **မြိုင်**ခြုံအုပ်ဖုံးသောကြောင့်၊ **နှလုံး**မွေ့လျော်၊ ပျော်ဘွယ်ရှိထသော။ (ဝါ) မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ ဟောဝန္တာက၊ စီးလာဖြိုင်းဖြိုင်း၊ ဝေမှိုင်းမှိုင်းနှင့်၊ **ဒီလှိုင်း**ဆုတ်တက်၊ **ဘရွက်**တွင်၊ **လှေတက်တကာ**၊ ဆိုက်ဆုံလာ၍၊ သာယာတိခြင်း၊ ပင်လယ်ရင်းဝယ်၊ သဘောဆိပ်ဖြစ်သောကြောင့်၊ စင်စစ်မွေ့လျော်၊ ပျော်ဘွယ်ရှိထသော။ (ဝါ) ဒဝယ်ဒလ၊ မုတ္တမစစ်တောင်း၊ ဖေါင်းလင်းသထုံ၊ နံ့ဝင်းသံလျှင်၊ ဟံသာဝတီ၊ ကေတုမတီ၊ ဇေတုမတီ၊ ခေညဝတီ၊ မှော်ဘီယုန်းသလင်း၊ သင်းတိုင်းခရိုင်၊ နိုင်ငံမြို့ရွာ၊ ရုံကာဝန်းယှက်၊ **ခုတ်ကျက်**ဗိုလ်ခြေ၊ ကြည်းရေအလုံး၊ ဆုံလာရုံးသောကြောင့်၊ နှလုံးမွေ့လျော် ပျော်ဘွယ် ရှိထသော။ (ဝါ) အလျှဉ်အလျှဉ်၊ ရွှေလှိုင်ခေါင်းမှာ၊

---

မြိုင်=တော
နှလုံး=စိတ်
ဒီလှိုင်း=ပင်လယ်မှလှိုင်းထ၍ တရှိန်းထိုးတက်လာတတ်သောဒီရေ
ဘရွက်=ပွက်ပွက်ထခြင်း
လှေတက်=လှော်ခတ်ရန် တက်ကြီး တက်ငယ်ပါသောလှေ
တကာ=(ပေါရာဏ) အများ
ခုတ်ကျက်=ဆူညံစွာ



အယဉ်ယဉ်**ဖန်တကောင်း**နှင့်၊ အစဉ်အစဉ်ညှောင်ရေလောင်းလို့၊ ချွင်းသာရကြောင်း-လွှန်လွှန်ကျူးအောင်၊ ဗိတ်ကူးချက် **ဥဂ္ဂဏ်ပလီ**၊ ပန်းမျိုးစုံစီ၊ သိကာကုံးလို့၊ ထီး တံခွန်တွေ အဝေဆုံးနှင့်၊ ငါးကြော် သားကြော်အဆီတုံးနှင့်၊ ဆွမ်းသင်ပုတ်တော်ကိုယ်တော်သုံးတို့၊ **ဖက်စိမ်းတွန့်ချွန်**-ယဉ်ချုံဖုံးလို့၊ နတ်ရွာနိဗ္ဗူ ဆုယူတုန်းမို့၊ အပျို့အအို၊ တပြိုးပြိုးမို့၊ နှလုံးမွေ့လျော်ပျော်စဘွယ်ရှိထသော။ (ဝါ) အမြိုင်အမြိုင်**ဆံတော်ရင်း**မှာ၊ အပြိုင်အပြိုင်လှူဘွယ်ခင်းလို့၊ အလှိုင်အလှိုင် ပုသ်သီတင်းနှင့်၊ ဝါတွင်း ဝါပ ကုသိုလ်ယူ၊ နတ်ရွာနိဗ္ဗူ ဘယ်မှာပုန်းမလဲ၊ တီဖီတ်ကုသိုလ် စဉ်လာထုံးနှင့်၊ ရဟန်းရှင်လူ ယူကာကျုံးချည့်၊ ပလုတ်တုတ်သံပြုတ်ပြုတ်ပြုန်းနှင့်၊ ဆိုင်းသံစည်သံညံ့ညံ့အုန်းစ၊ ပရိသတ်တွေ ခြိမ့်ခြိမ့်ရုံးလို့၊ ကုသိုလ်ပွဲစည် တအုန်းအုန်းနှင့်၊ ကြီးကြီးငယ်ငယ်တမြို့လုံးပင်၊ နိဗ္ဗာန်ရမည်ယုံကြည်တုန်းမို့၊ နှလုံးမွေ့ လျော် ပျော်ဘွယ်ရှိထသော။ သိဂုတ္တရေ၊ ရွှေတိဂုံအရပ်၌။ (ဝါ) ဤကမ္ဘာမြတ်၊ ဘဒ္ဒကပ်တွင်၊ ရှင်ပင်လေးဆူ၊ မြတ်ဘုန်းလူ၏၊ ထိုင်ကြွယ်ချုံမွှေး၊ တောင်ဓွေးတော်စသည်၊ လုံးလည်အမြတ်၊ ကိန်းဝပ်တော်မူရာ၊ မှန်လှစွာဟု၊ ရာဇဝင်**သမိုင်း**၊ **သံပိုင်း** **မော်ကွန်း**၊ တည်ထွန်းပညတ်၊ မွေ့ခေတ်ရပုံ၊ သာမျိုးစုံသည်၊ ရွှေတိဂုံမည်ရင်း၊ မြို့များမင်း၌။ (ဝါ) ငါးမာရ်အောင်မြင်၊ ပလ္လင်တော်၏၊ တောင်မျက်နှာမှ၊ ရာဇာရတန၊ ပင်ရုက္ခဝယ်၊ ဖုသဆလ္လိက၊ နာမတွင်မည်၊ ကုန်သည်ညီနောင်တို့အား၊ ဘုရားသခင်၊ ဆံရှင်ရှစ်ဆူ၊ ညွှန့်လူဝေလန်း၊ မွေ့ခေတ်ပန်းကို၊ ဆန့်တန်းလက်ဖျား၊ ပေးသနား

---

ဖန်တကောင်း=ဖန်ဖြင့်ပြုလုပ်ထားသော ရေတကောင်း
ဥဂ္ဂဏ်ပလီ=ဥဂ္ဂဏ်ဆန်းကြယ်သည်
ဖက်စိမ်းတွန့်ချွန်=ဖက်နှင့်ပြုလုပ်ထားသောကတော့ခွက်
ဆံတော်ရင်း=ဆံတော်ရှင်ဘုရား၏ခြေရင်း=ရွှေတိဂုံဘုရားခြေရင်း
သမိုင်း=အဖြစ်အပျက်တို့ကိုစီကာစဉ်ကာရေးထားသောကျမ်း
သံပိုင်း=မော်ကွန်း၏နိဂုံး
မော်ကွန်း=ထင်ရှားသော အဖြစ်အပျက်ကို နောင်အရှည် တည်တံ့အောင် မှတ်တမ်းတင်ထားသော စာ

သော်၊တည်ထားလှူပါ၊ ဌာပနာ၍၊သာသနာဦး၊**ပကတူး**တည်ရစ်၊
မွေ့ခေတ်ရပုံ၊အုံ့မကုန်သည့်၊ရွှေတိဂုံမည်သီး၊မြို့ရိပ်ကြီး၌။ဝသန္တာ၊
နေ့ကြကုန်သော။ (ဝါ) သီလသမ္ဘာ၊ ပညာနှလုံး၊ ယှူကျုံးမသွေ၊
နေပါကုန်သော။အမှေ၊အကျွန်ုပ်တို့ကို။(ဝါ)ကေတုမာလာ၊ ကိတ္တိ
မာနှင့်၊ ဝိမလာစာရထ၊ နာမမတိမ်၊အုသိန္ဒြိ၊ နန္ဒသာရတ်၊အကျွန်ုပ်
တို့သည်။ သခံ-သခါနုံ အဆွေခင်ပွန်းတို့၏။(တနည်းကား၊)သခံ-
သခေပီ၊ အဆွေခင်ပွန်းတို့သည်။ (ဝါ) အညကျွာယီ၊ထုံးမှီလမ်း
ကျ၊သဟာယအနေ၊ အဆွေတော်သူမြတ်တို့သည်။(ဝါ) ငမောင်-
ငဖုန်း၊ **မြစ်မြစ်**ပြုန်းအောင်၊ ရန်လုံးလွန်ပျောက်၊ အောက်သည်
နေ့ံဝယ်၊နောက်တောင်ရှိုင်၊ ပြည်ကိုပိုင်သော်၊ ခရိုင်သီးခြား၊ဥ
တည်တွားလည်း၊လန့်ကြားတုန်သက်၊ သဒ်ီးဆက်၍၊ ကနက်ဗိုက်
ထူ၊ဆောင်းထီးဖြူနှင့်၊ဇမ္ဗူသခင်၊နတ်ရှင်မွေ့လျော်၊နေပြည်တော်
၌၊ ပျော်ပိုက်မယွင်း၊ သိတင်းသုံးနေ၊ အဆွေတော်မြတ်တို့သည်။
ဧကာ၊ အဘယ်မည်သောအရပ်၌။ (ဝါ)ဘယ်တိုင်းဘယ်ပြည်၊ မည်
သည့်မြို့ရွာ၌။ဝါသံ-ဝသန္တိ၊နေလေကုန်၏ဟူ၍။သာသနံ၊သတင်း
စကားကို။ (ဝါ)ချမ်းသာရှိသည်၊ မရှိသည်နှင့်၊ ထူးလည်ကြောင်း
ချင်း၊ ဖြစ်သတင်းကို။ အဇာနိတွာ၊ မသိ၍။ (ဝါ) သိတော်မမူကုန်
သောကြောင့်။(ဝါ)လျော်စွာဝီထိ၊ ကျတုံ့ဘိလျက်၊ ဝိဘူတာရုံ၊
မကြိုက်ကြုံသောကြောင့်။အဒေါသေနု၊ အဒေါသစေတသိက်ဖြင့်။
(ဝါ)ဇောကဒသ၊ ဆယ့်တဆအကျိုး၊ပွါးတိုးစေတတ်သော၊ အဒေါ
သစေတသိက်၊ မေတ္တာရိပ်ဖြင့်။သိဋ္ဌ-သိဋ္ဌန္တော၊ နှေ့ညမညောင်း၊
မှိုညွှန်လောင်းလျက်။ သာသနံ၊ပထဝီအာပေါ၊ ခတ်တေဇောနှင့်၊
ဝါယောမျှညီ၊ အီသာကျွန်းတော၊ ရှိသောအဖြစ်၊ ကြောင်းသနစ်
ကို။ ဒနံ့၊ ယဉ်ကျေးစွာ။(ဝါ) လျှောက်လမ်းလျှောက်ခွင့်၊နှုရင့်ကြီး
ငယ်၊ ကျဉ်းကျယ်ယုတ်မြတ်၊ စေ့စပ်ချောမော၊ သဘောပြေပြစ်၊
နုမျစ်ဆေးလေး၊ ရွေး၍လုံးညီ၊ပုလဲသီသို့၊ စာစီ ယဉ်ကျေးစွာ။

ပကတူး(ပေါရာဏ) အဦးအစ
မြစ်မြစ် (ပေါရာဏ) အကုန်အစင်



ဝက္ခိသံ၊ဝက္ခိသာမိ လျှောက်ကြားလိုက်ပေအံ့။(ဝါ)ဂါရဝမျိုး၊မိုး
လိုရိုးအောင်၊ရှိခိုးပူဇော်၊ခြေတော်ဦးခိုက်၊လျှောက်ကြားလိုက်အံ့။
မေတ္တာဖျန်းလျက်၊လျှောက်မည့်အချက်ကား စတ္တုဝဋ္ဋာ၊သတ္တဝါ
နှင့်၊အာကာသညဏ်၊လေးတန်သောအနန္တတွင်၊ စတုတ္ထမြောက်
သောအနန္တ၊ သင်္ခါရတ္ထန္တာ၊ ပညာစေတသိက်တည်းဟူသော အ
မြတ်၊အထပ်တရာ၊ပဒုမ္မာကြာပန်း၏၊ လန်းလန်းပွင့်လစ်ရာ၊ရတနာ
ပလ္လင်ဗွေ၊အောင်မြေဗောဓိရိပ်သည်၊ ကပ်ကမ္ဘာကာလပတ်လုံး၊
မဆုံးမခြင်း၊လေပြင်းမုန်တိုင်းတို့ဖြင့်ပင် သိမ်းသော်လည်းမယိမ်း
မယိုင်၊ ကြံ့ခိုင်မြဲနေ၊ တည်လေသည့်သနစ်၊ အနှစ်တရာ၊ ခန္ဓာရုပ်
အိမ်ကို၊ ဓိပိတိခြေ၊ကြာရှိုးရေကဲ့သို့၊စောင့်နေသည်သာ၊ဖြစ်ပါစေ
သောဟု၊သဘောကျစိတ်တမ်းလျက်၊ပန်းပေါင်းမင်းပေါင်း၊ဂမုန်း
ပေါင်း၊ကြိတ်ပေါင်း၊ဖိုပ်ပေါင်း၊အမြုတေပေါင်း၊ပြန်ပေါင်း၊ကျိုး
ပေါင်း၊ သည်းခြေပေါင်း၊စွယ်ပေါင်း၊နက်ပေါင်း၊ ခွက်ပေါင်းအစုံ
ကုံကုမံ၊ဂေါရောဇဉ်း၊ ကတ္တူကမျဉ်း ဆေးအကျော်၊ သနုထော်အန်
ပတ်၊ အရပ်ရပ်ဆေးရိုးအနေတွင်၊သည်းခြေစုံရာ စုံရာဘက်၍ မင်
နက်မင်နီ၊ မဟာဆီတို့ဖြင့်၊ ပသီပြုပြင်စွာ၊ သာမဏေကျော်သိရဲ
စက်၊ ကပတ်ကွက်သရေကြာ၊ ကဏ္ဍရာနှင့်၊ စမ္မာနဝသီလူးခက်၊
အကွရာလေးလုံး၊ ဝါကြိတ်လိမ်အမျက်၊ ဂဏန်းတွေ အဆင်းအ
တက်၊ဂါထာမန္တာန်တွေရုံလျက်၊ အင်းကွက်ပုံ အသေအချွေတွင်၊
ဆင်သွားမြင်းသွား၊ဗိုလ်သွားရထားတိုက်၊ အလိုက်သင့်အနေအစုံ
တွင်ဖက်လက်၍၊လက်ဝဲဘက်ကား ကျားညီနောင်၊ လက်ျာပေါင်
မှာ၊ဖိုမ်မြောင်တွေအဆင်းအတက်၊ နားရွက်မှာလိပ်ပြာတောင်၊
ထိပ်ပြောင်မှာကြက်ခြေရစ်၊ အဆစ်ဟူသမျှမှာ၊ သုညတွေအလုံး
လုံး၊ပခုံးနှင့်လည်ကုပ်မှာ၊အဋ္ဌမုတ်ဆယ့်နှစ်ခွင်၊ကျောပြင်မှာစဖွာ
နဝ ပြာသာဒ်၊အာဝစပ်နှင့် နတ်ရေးမှာ၊ ဇောဥတ္တိ ဆပြန် အလှန်၊
ဆံစပ်မှာတိလောမာလောဇာ၊ မြင်ကောင်းရာ ဟူသမျှတခွင်မှာ၊
အင်းစီးကျား တဟုန်းဟုန်း၊ သားလုံးနှစ်ဘက်က တက်ကြွဟန်၊
ဆင်းကြွဟန်၊ မျောက်ခလေးတွေစီရရီ၊ လက်ဖျံ့ဆီမှာ၊ ဆေးနီနှင့်

စာကြောင်းတွေ၊ နေဝင်ကြောင် မှိုင်းကြောင်၊ နိုးကြောင်၊ တိုး
ကြောင်၊ထဲကြောင်၊ဗါးမဲ့ကြောင် ခါးပတ်ကြောင်၊ခါးဖြတ်ကြောင်
နိုးမှောင်ကျကြောင်ပက်သက်၊ စားခွက်၌ သံလျက်ကိုက်၊မြီးချင်း
ဆိုက်-ခေါင်းချင်းတိုက်၊ အရွေလိုက်ကြောင်အလွန်၊ ဂဝံပုံတီး၊
ကျားဘီလူးကြီး၊ အင်းစီးဖြည့်လုံးမွှေ၊ ကေသရာဇာ ထံခွန်မိုက်၊
ထိုက်ဖလို့ကြောင်၊သူကောင်ချီ ကြောင်ဒါလီ ညောင်ဘီလာယဝ၊
ကိုးလုံးဝအထွေထွေ၊ အခြေအကွင်းတို့ကို၊ ကိုယ်တွင်းဖြည့်အထပ်
ထပ်၊ ဒရစပ်တင်းကျွမ်း၊ အလျှမ်းသား စိတ်ရှိန္တ၍၊ ရှိန်းအုံ့ဆာယာ၊
အစုံပါနှင့်၊ လာရောဲ့ယောကျ်ားကောင်း၊ အလောင်းမင်း တရား
ကြီး၏ကျွန်၊သေနတ်ဝန်ငွေနှင့်တို့ထက်၊ဆထက်ထောင်ရာဝင်၊ထိုး
မဝင် ချတ်မရှ၊ ပြီးစီးလှသော၊ ဩမိသပဏ္ဏနာ၊ မေတ္တာရေမောင်း
သွန်းလောင်းဆက်ကပ်လျက်၊ ရည်မှတ်ပို့တော်မူသော၊ မေတ္တာ
တော်မြတ်ကိုလည်း၊မပြတ်နိုယ်၊ခံယူလေ့ရှိပါသော၊ တပည့်တော်
သုံးဦး၊ ဆယ်စုံမြူး၍၊ ရှိဦးညွတ်တိုက်၊လျှောက်ပါလိုက်သည်၊အ
ကြည်တော်သူမြတ်မှစ၍၊သဟာယအနေ၊မိတ်ဆွေအပေါင်းတို့။ ။
တပည့်တော်တို့မှာ၊ ရတနာသုံးပါးဂုဏ်၊ မိဂုဏ်,ဘဂုဏ်၊ ဆရာ
ဂုဏ်၊ အရှင်ကြေရာဇ် ရွှေဘုန်းတော်၊ ကိုယ်တော်တို့ မေတ္တာ၊
ပဏ္ဏနာကြောင့်၊ မနှောင့်ဘေးဘျမ်း၊ ချမ်းသာရပကတိ၊ ရှိကြပေ
သည်ပင်။ ထိုရာတွင်တဘန်၊ ကိုယ်တော်ထံသို့၊ ကြိအောက်မေ့
ချက်-အထူးထူးကို၊ ညာဏ်မြူးတိုင်းမကွန့်ပြီ။ ယဉ်ယုံ၍လိုက်လျှင်၊
အာရမဏ်၊ ဘရင်ဂျီ၊ ကပ္ပလီခလာသီ၊ ဖောကြိကလယ်၊ ကုလား
နွယ်တိုင်းမသိ၊ တုပတီနှင့် ဗိနုပေါက္ကံ၊အော်လံဘင်လား၊သဘော်
သားတို့၊ ကျက်စားသည့်ရေကြောင်းမှာ၊ **မှန်မြှောင်း**ကိုတပ်အပ်၊
မျက်စိနှင့် ကပ်လိုက်လျှင်၊ ဝေးရပ်ကြီးကပင်၊ နိုးနိုင်မျှ ထင်၍၊
မြင်သာသည်ပုံမပွင်း၊မြင်းထီလာကြောင်၊ တယောင်ယောင်လျှင်၊
**အိမ်မြှောင်**ဥက္ကောင်း၊ မြောက်သို့စောင်း၍၊ လျှောင်းသည့်ပမာ၊

---

မှန်မြောင်း- အဝေးကိုမြင်ရသော မှန်ဘီလူး
အိမ်မြှောင် (Compass)



ကြာဝတ်မုံဖူးဝယ်၊**ကွန့်မြူး**နေကျ ပျားပိတုန်းသည်၊**လေမှုန်း**သော
ကြောင့်၊ထိမ်း၍ပင်မဖိုင်သော်လည်း၊ ကြာအိုင်ကို ကြည့်ဖူးလျက်၊
စိတ်ကူး၍တစေ၊ နေလေသည့်ပုံမဝေး၊ လေးအင်စက်စုံ၊ သာမျိုး
ပုံသည့်၊ ရွှေတိဂုံမည်သိး၊ မြို့များထီးက၊ နေမိးတနွန်း၊ လရောင်
ရှုံးအောင်၊ ရွှေဘုန်းထိန်လျက်၊ မင်းဝံချက်တွင်၊ ကနုက်ပိုက်ထူ၊
ဆောင်းထီးဖြူနှင့်၊ ဇမ္ဗူညွန့်တွင်၊ မင်းများသခင်၊**နတ်ရှင်**စံပျော်၊
ရွှေညာမော်ဝယ်၊ ကိုယ်တော်တို့ထံ၊ ပြန်လည်မည့် အကြောင်း၊
ပို့ဟောင်းမေတ္တာတွင်၊လောင်းပါမည့်အဖြစ်ကို၊ သနစ်မြွက်ဘော်၊
ခြေတော်ဦးခိုက်၊ လျှောက်ပါလိုက်သည်၊ အကျည်တော် သခင်၊
ကျေးဇူးအရှင် သူမြတ်တို့ဘုရား။ ။(မဟာစကားပြေကြီး။)

---

## ၂၁-လင်းဆွဲဆရာတော်က ပိဋကတ်ဒါယကာ မောင်ဩထံ ပေးသည့် မေတ္တာစာ

စုတိပဋိသန္ဓေ၊ နှစ်ထွေတို့၏အလယ်ချက်၊ပိပါက်တို့၏အလယ်
ဖြင်၊ ဘဝင်္ဂသွဲရ၊ ဝေမဇ္ဈ ၌၊ ကျရောက် တတ်သော ကြောင့်၊
အနုလုံရာယ်မည်သော အနိဋ္ဌရုပ်၊ နုက္ခဝေဒနာတို့သည်၊ရာသိဋ္ဌ ဒေသ
တိ သအသော်၊ လိင်္ကာသင်္ဂြိုလ်၊ ရှိသည့်အနေ၊ကြေ လေသည်အလား၊
ကြေသွားပျက်ပြုန်း၍၊သုံးဆယ့်ရှစ်ဖြာ၊မင်္ဂလာတရားမြတ်တို့သည်၊
နိရုဏ္ဏံပြုအပ်သော ကြိုဟ်ကဲ့သို့၊ ကိုယ်၌မဆွေမည်၊ မြဲတည်သည်
သာဖြစ်ပါစေသောဟု၊ ယောနိသော မနသိကာရ နှလုံးသွင်းနှင့်၊
ရွှေလင်းဆွဲဆရာ၊ အာဒိဂုရုကြောင့်၊ ဆင်းပေါင်းနှံ့ရွှေ၊ ခက်ဝေ
ညွန့်ဖြိုး၊ သိဒ္ဓါဒိုးကို၊ ရိုက်ထိုးမညောင်း၊ သွန်းလောင်းအပ်သော၊

---

ကွန့်မြူ = ပျော်ရွှင်မြူးတူးစွာသွားလာနေခြင်း
လေမှုန်း = လေဖြင့် ချွေမှုန်းသောကြောင့်
နတ်ရှင် = ရှင်ဘုရင်

ဝိနယကတ်ဒါယကာ မောင်ဇွဲ။ ။**နောက်ရေး**ကိုလည်းမရှု၊ ရှေ့ရေးကိုလည်းမမြင်၊ ညဏ်သီဆင်၍၊ ချစ်ရှင်မိန့်မြွက်၊ ဝိနယကတ်တွင်၊ ရေးမှတ်သည့်ကျမ်းဂန်မှာ၊ အဘိဓာန် ဓာတုမာလာ၊ ငိုကာကျော်ပါဠိ နိဿယတလွယ်၊ ရှစ်ဆယ် အင်္ဂါပေါင်း၊ ရှစ်ကြောင်း တမျိုး၊ ကိုးကြောင်းတဝက်၊ **လက္ခသုံးမူးတီး**၊ တသီးမှာလေးမူးနှင့်၊ သုံးဦးသော ကျမ်းရပ်ကို၊ ရေးမှတ်၍ ပြီးပါပြီ။ ဤကုသိုလ်၏အကျိုးကို၊ ဓုဝမျိုး ကင်းဝေးလျက်၊ စကြဝတေး၊ သူဌေးမဉ္ဇာတ်၊ သိကြား နတ်ကဲ့သို့၊ လူရပ် နတ်ပြည်၊ ကျင်လည် စုန်ဆန်၊ ချမ်းသာစံ၍၊ **နိဗ္ဗာန်**ရမည့်အချက်ကို၊ **ပန္နက်**သေယူကာ၊ ဆရာပြုသော ကုသိုလ်ရတို့ကိုလည်း၊ သာရ ခေါ်မည့် အကြောင်း၊ ကောင်းမြတ်သော စေတနာဖြင့်၊ သာယာကရုဏာ၊ ထပ်မေတ္တာနှင့်၊ မင်္ဂလာစကား မှာကြားတော် မူလိုက်သည်၊ ဝိနယကတ်ဒါယကာ တကာမောင်ဇွဲ။

---

## ၂၂-ဆရာထုန်းကြီးက သူကြီးလူကြီးတို့ကို ပေးသောမေတ္တာစာ

အနန္တသဗ္ဗူဝါ၊ ဝေနေယျာကို၊ ချမ်းသာစေလို ဟောင်းတွင်၊ ထပ်လောင်း၍ ချမ်းသာစေလိုသောနှလုံးသွင်းနှင့်၊ **မင်းတိုင်းကြေး** ပေးရသလားဟု၊ အားမနာစိတ်မကွက်၊ မိန့်မြွက်လိုက်သည်သူကြီး အပေါင်းတို့။ ။ကျည်းကန်ရွာ မြောက်စောင်း၊ အလောင်းမင်း ကန်ကြီးနားတွင်၊ ပျက်ပြားသည့် ရွှေမုဋ္ဌောကို၊ လက်တောဆရာ တော်ဘုရားကြီးက၊ လူကြီးသူကြီးတို့ကို၊ ကုသိုလ်အနှစ်၊ အသစ်

နောက်ရေး=နောက်မှရေးကူးသော ပေစာ
လက္ခ=သင်္ချာ ဖြင့်ပြုလုပ်သောကြောင့် ရသောအခ=ရေးခ
သုံးမူးတီး=တကျပ်တွင် ရှစ်မူးဖြင့်သုံးသောစံနစ်နှင့် တွက်၍ပေးသော သုံးမူး
ပန္နက်=ပန်နက်=ဆုပန်ခြင်း၊ ဆုကိုစိုက်ထိုးခြင်း
မင်းတိုင်းကြေး=အခွန်တော်ငွေ



ပွါးများအောင်တရားပြညွှန်း၍ တိုက်တွန်းနှိုးဆော်ပါ၊ အမိန့်တော် ရှိသည်၊ မည်သို့မည်သို့ပြုသော၊ မည်သို့မည်သို့ဖြစ်၏ဟု၊ ကုသိုလ် တရားကို၊ ခြားနားသိကြသူချည်းဖြစ်၍၊ အသစ်များပြားစွာ၊ ဆရာ ပြောဟောခွင့်မရှိပေ။ ဗေဒင်ကျမ်းအလာနှင့်၊ ရွာ၏သနစ်ကိုရှုလျှင်၊ ဝုဓုဇုဋ္ဌ၊ သူရဋ္ဌမှာအခြေ၊ စနေအင်္ဂါ၊ သောကြာနံအညွှန့် ဖြစ်ချေ သည်။ ရွှေမုဋ္ဌောအညွှန့်ကောင်း ဆုတောင်းပြည့်မှာ ရေသောက် မြစ်၊ အနေကိုစစ်သော်၊ အမြစ်ကိုပင် ရေသွန်းငြား သော်လည်း၊ ညွှန့်များက ပျက်စီးလျှင်၊ သစ်ပင်မျိုး မစည်နိုင်သကဲ့သို့၊ ထိုနည်း လည်းကောင်း၊ ဆုတောင်းပြည့်ပင်၊ မပျက်နေသော်လည်း၊ ရွှေ မုဋ္ဌောဘုရားက၊ပျက်ပြားချက်နာလှ၍၊ အကြာအရှည်၊ ရွာမစည် သည်၊ နောက်စကားတချက်မှာ၊ ထိမ်ထက်မိုးဖြင်၊ ကောင်းကင် ပျော်မွေ့၊ ရသေ့ဇော်ဂီ၊ **တပသီ**ညဏ်၊ မြန်တွင်းစံ ဆရာတို့ အစီအရင်၊ ဗေဒင်ကျမ်းအတွေ့၊ ရသေ့စကားနှင့်၊ ဘုရားနူတ်နက်၊ သည့်နှစ်ချက်ကို၊စပ်ဘက်ရောနှော၍ ရွှေမုဋ္ဌောကို ချီးမြှောက်မည် မှန်လျှင်၊ ပစ္စုပ္ပန်အကျိုး၊ မိုးလေကောင်း၍ ရွာစည်ပင်၊သင်သခာ မှာလည်း၊ နတ်ရွာ နိဗ္ဗာန် အကြောင်း၊ ကောင်းသည် ချည်းပင် ဖြစ်တော့သည်ပင်။ ချပြင်မည့် စေတီ အရင်းသည်၊ ရှေးမင်း ကောင်းမှု မှန်သည်သာဟု၊ကျောက်စာ သံပိုင်း၊ သမိုင်းတွေ့ရှု သသူ၊ လူနှစ်ဦးရှိကြ၏။ ဆိုသည့်အရေးမှာ၊ ရှေးမင်းကောင်းမှု မှန်မြောက်လျှင်၊သည်လောက်ထိမ်မြှုပ်ဘွယ်မရှိတကား။စဉ်းစား တွေးဘွယ်လည်းရှိသည်။သို့ပင်ရှိငြားသော်လည်း၊ဘုရားပွင့်တော် မူသည့်၊ဗောဓိညောင်ရွှေ၊ဗုဒ္ဓဂယာနှင့်၊ဇေတဝန်ကျောင်းတော်ရာ၊ သာဝတ္ထိ ဝေသာလီ၊ ကပိလဝတ် ရာဇဂြိုဟ်၊ ထိုထိုပြည်များမှ၊ ကာလရှည်လျား၍၊ ခြားနားသိသသူ၊ တလူမျှမရှိပြီ မဟုတ်လော၊ သဘောကို ထောက်လိုက်လျှင်၊ထိုထိုပြည်ခွင်၊ ဗောဓိပင်တို့သည်၊

တပသီ=မြိုးခြံစွာကျင့်သူ၊ ရသေ့
မှုကွဲးများ (၁)နောက်စကားရပ်မှာ၊ ဦး

ဂုဏ်ထင်ချက် ဟုတ်သောကြောင့်၊ တိမ်မြုပ် မရှိ ကောင်းတော့ သလော။ ပြောသူမြင်သူ၊ တလူမျှ မကြွင်း၊ တိမ်မြုပ်တော့သည် ဟူ၍ပင်။ ဗောဓိပင် သာဝတ္ထိ စသည့်တို့ကို၊ မယုံလိုရှိရတော့ မလော။ သို့သောကြောင့်၊တိမ်မြုပ်သည်၊ မင်းကောင်းမှုဒုန်သည် ဆိုသည့်စကားမဟုတ်၊ ခြုလုပ်သည့် တောင်ပို့ပင် ဖြစ်ခြားသော် လည်း၊ တရားတော် အနေမှာ၊ စေတီဟူ၍ မှတ်ကြ၍၊ စိတ်က ကြည်ညိုလျှင်၊ ကုသိုလ်ဖြစ်ကြောင်းကို၊ သိဟောင်း ဖြစ်တော့ သည်ပင်။ သို့သောကြောင့်၊ ဘုရားဘကာ အများ၊တရားသိသူ၊ လူ့ာညာရှိ၊များကြဘိ၍၊အသိဉာဏ်တရားနှင့်၊သတိမှန်စဉ်းစား၍၊ ပရိက်ခမ်းနားကို၊ သားမယားနှင့်အတူပန်ဆင်၍၊ သေမင်းမငင်မီ လျင်တဆော၊ ရွှေမုဋ္ဌောကို မြင်ရအောင်သာ၊ တရွာ သွားမည် ခရီးသည်တတွေ၊ ဆန်ရေရိက္ခာ၊ မျဉ်းပမာသို့၊ ပညာမျက်စိနှင့် ရှု၍၊ကုသိုလ်အရာ၊ ရတနာသုံးပါး၌ ညွတ်ကိုင်းလျှင်၊ မရိုင်းဖြကြ မည့်သူချည်းဖြစ်၍၊ ချမ်းမြေ့လှစွာ၊ ဆရာဘုရားအမိန့်တော်ရိပ်ကို၊ ဦးထိပ်ထက်ဆင်ထား၍၊သုံးပါးသောချမ်းသာ၊လွယ်ကူစွာ ယူကြ မည့်အကြောင်းကို၊ သိကြဟောင်းတွင် လောင်းစွက်၍၊ အမြွက်မျှ မိန့်တော်ရှိလိုက်သည်၊ သူကြီးလူကြီးအပေါင်းတို့။

---

## ၂၃-ဆရာဘုန်းတော်ကြီးက ပဝါရိတသူကြီးကို ပေးသောမေတ္တာစာ

ဗာဟီရဏ္ဏ္ဏုပ္ပန္နဝ၊ သောက မသိမ်း၊ ချမ်းငြိမ်ရင်တွင်းကြီး မင်းထပ်လောင်း၊ ကံကောင်းထောက်ကူ၊ ဘုန်းသစ်ထူ၍၊ဝေပုလ တောင်ယံဝယ်၊ ပြည့်တန်သော ပတ္တမြားကဲ့သို့၊ စိတ်သွားတိုင်း ပြီးပြည့်စုံသည်သာ ဖြစ်ပါစေသောဟူ၍၊ အကြောင်းသင့် နှောင်

မျဉ်းပမာ=မျဉ်းကြောင်းကဲ့သို့ ဖြောင့်ဖြောင့်တန်းတန်း



အခါ၊လာလတ္တံ့အဘန်ဘန်၊ နိဗ္ဗာန်မရသေးသမျှ၊ ဘဝအစုစုတို့၌၊ သုနက္ခတ္တံ၊ သုမင်္ဂလံ၊ သုပဘာသံ၊ သုဟုဋ္ဌိတံ၊ သုခဏော၊ သုမု ဟုတ္တော၊ သုယိဋ္ဌံ ဗြဟ္မစာရီသု၊ စသော ပါဠိတော်နှင့် အညီ၊ ဆယ့်နှစ်လီကာသစ်ပွင့်၊၃၂စ်ချပ်သင့်ဉာစ်နေ့၊ ပဋိသန္ဓေပဝတ္တိ မိပတိ ပုညာ၊မှုလက်နိုးစိတ်၊ရှုသာရိယထိးဖြူ၊ ဆင်ဖြူရာသီ၊ စဉ္စနီအသိတိ ခေတ်၊ ဖြူ့ဟဏ်ရတ်နဝင်း၊ ကြင်းခေတ်နာရီလက်၊နုရစက်ငွေတိုင် ရွှေတိုင်အမွန်၊ခုနှစ်ရာကျော်အနေ၊ဗေဒင်တိုင်အချက်တို့သည်၊ စန်း လက်ရွှေနံ့နှင့်၊ ပန်တော်ကျ၍သာ၊ စကြာမဏ္ဍာတ်၊ အလောင်းမြတ် တို့ကိုဆုပန်ရည်လျက်၊ ရွှေပြည်နိဗ္ဗာန်သို့၊ လျင်မြန်ထုတ်ချောက် ရောက်လွယ်သည်သာ၊ဖြစ်ပါစေသောဟူ၍ဝင်း၊ဆရာ မေတ္တာရေ မောင်း၊သွန်းလောင်းအပ်သည်၊ ဒါယကာသူကြီးမင်း။ ။ဆရာတို့ ဆရာ၊ မုနိန္ဒာဘိရာဇဂုရု၊ တံဆိပ်တော်ရ၊ ဆရာတော်ဘုရား၊ ထင် ရှားရှိတော်မူသောအခါ၊ချက်မြှုပ်ရာဝယ်၊မဟာရံ တံတိုင်းလည်း တရပ်၊ အုတ်ပြာသာဒ်လည်းတလီ၊ စေတီတော်လည်းတတန်၊ရေ ကန်နှင့်တကွ၊တရာ့ရှစ်ကွက်သော ရွှေစက်တော်ပုံလည်း တရပ်၊ အရပ်ရပ်သော ကုသိုလ်ရတို့ကို၊ သာဓု အနုမောဒနာ စိစဉ် လျက်၊ရေစက်ချ၍၊ အမျှပေးတော်မူမည် ကြံသည့်အရာကို၊ ဒါယ ကာမင်းကသိ၍၊သုဂုဒ်ပုဏ္ဏား ဘုရားအလောင်း၊ကောင်းမှုပြုတော် မူသောအခါ၊ သိကြားလာ၍၊ညီညာရှိုင်းပင်းလျက်၊ ဘက်လက်၍ ကုသိုလ်ယူသည့်ပမာ၊ဒါယကာသူကြီးမင်းကလည်း၊သင်းဝင်ဖြစ် လိုပါကြောင်းကို၊ ကောင်းမြတ်သောစေတနာနှင့်၊ ဆရာတော်ဘု ရားအား၊လျှောက်ထားဘူးပေသည့်စကားရိပ်ရှုနှင့်၊ယခုဆရာတော်

ပန်း=ထပ်တူထပ်မျှ
ထုတ်ချောက်=တောက်လျှောက်=အဆီးအတားမရှိ
ချက်မြှုပ်ရာ=မွေးဘွားသော နေရာ
ရှိုင်းပင်း=ကူညီလျက်
ဘက်လက်=ညီတူ ညာတူ မြင်တူ
သင်းဝင်=အသင်းဝင်

ဘုရား မရှိနောက်၊ ဆရာတော်ဘုရား အကြံတော် အတိုင်း၊ အပြီးမြောက်အောင်၊ဆရာတို့ကြံသည်မှာ၊ ဒါယကာသူကြီးမင်းကိုပင်၊ အရင်းအမြစ်ပြု၍ကြံမှ သင့်ပေမည်ဖြစ်၍၊ယခုဘမို့တွဲ လပြည့်ကျော်ဆယ်ရက်နေ့ဆီကို၊ သာမှုအနုမောဒနာ၊ လှူဒါန်အသီးသီးနှင့်၊အပြီးသို့ရောက်အောင်၊ ကြံဆောင်လိုကြောင်း၊ ရပ်ရွာ ဌာနှ၌လည်း **အကာလ**မို့၊ ရေမဝင်၍၊အပင်မကြီး၊မသီးမပွင့်ကြကြောင်းနှင့် အကြောင်းမျိုးကို မေတ္တာရှေထားကြားလိုက်ပါသည်၊ တကာတော်သူကြီးမင်းမှစ၍ ဆရာတော် ဘုရားအား၊ ချောက်ထားဘူးသသူဒါယကာအပေါင်းတို့။

---

၂၄-မိဘက သားမောင်ကြာရွက်ထံ ပေးသော
မေတ္တာစာ

အန္တရာယ် **ဘေးချမ်း**၊ ငြိမ်းချမ်း သာယာ၊ ခန္ဓာမြင့်ရှည်၊ တည်သည်သာ ဖြစ်လျက်၊အဆက်ဆက်သောဘဝပင် လည်သော်လည်း၊လူ့ပြည်နတ်ရင်၊မြတ်သောသုဂတိဘဝတို့၌လူမင်းနတ်မင်း ဖြဟ္မာမင်းတို့၏စည်းစိမ်စံလျက်၊နိဗ္ဗာန်ထုတ်ချောက်၊ရောက်လွယ်သည်သာဖြစ်ပါစေသောဟု၊အမိသူကြီးကတော်၊အဘသူကြီးမင်း တပ်သွင်းသောမေတ္တာ၊**မချာ**မလပ်၊သွန်းလောင်းအပ်သော သား-မောင်ကြာရွက်။ ။မိတမျိုးဆွေ ရွာနေသားချင်းတို့မှာ၊ ရတနာသုံးပါး ဂုဏ်တော်အင်၊ အရှင် ဧကရာဇ် ရွှေဘုန်းတော် ကြောင့်၊မနှောင့်ဘေးဘျမ်း၊ငြိမ်းချမ်းသာယာကြပေသည်၊ထူးလည်မှာရန်

---

**အကာလ**=အချိန်မဟုတ်
**ဘေးချမ်း**=ဘေးဘယာ=ဘေးဥပဒ်
**မချာ**(ပေါ်ရာဏ)=အမြဲမကွာ
မှတ်ချက်များ (၁) ကာလမို့။ ဦး



မှာ၊ဇုန္ဒာသဘာရောဇိန်၊ဒေဝိန္ဒရနတ်ထွတ်ဖျားသိကြားမင်းကြီးသည့်အသီးသီးအမို့မို့၊နတ်တို့အမှုကြောင့်၊လူ့ပြည်၌ ကိစ္စကို မရှုအားသဖြင့်၊နတ်သားတယောက်ကို လက်ထောက်ပြု၍၊ ကြည့်ရှုစေသည့်အလား၊ သိကြားမင်းကြီးပမာ၊ဆယ်ရွာပင်ဘုရားက၊ နတ်သားနှင့်တူသောသားမောင်ကို၊ အလျှိုလျှိုအမှုရေးကိုခွဲ၍၊ကိုယ်ခွဲသားခဲ့ပေသဖြင့်၊ မောင်နေရသည့်အရပ်မှာ၊သာမည အရပ်မဟုတ်ပေ၊ စကြဝဠာတသောင်း၌၊ တချောင်းသော လက်ညှိုးကို ထောင်လျက်၊ သောင်းထောင်နေလ၊ ထွန်းပမြိုင်၊ လင်းစေနိုင်ပြား၍၊ သိကြားထောင်ရာ၊ **မနုန်းသာ**သော၊ ဖြဟ္မာမင်း၏တေဇော်၊ အာနုဘော်စက်ဝန်း၊ ထွန်းတောက်ပသကဲ့သို့၊တရာ့တစင်း၊ ထီးဆောင်းမင်းတို့၏ ဦးညွတ်ရာ၊စကြာသခင်၊ ဘဝအသျှင်ကောင်း၊ အလောင်းမင်းတရားကြီး၏ စံပျော်ရာ၊ မင်္ဂလာရွှေမြို့တော်ကြီး ဖြစ်ပေသည်။ အတည့်တည့် ဉာဏ်ချိန်လျက်၊ အလိမ္မာကွန့်ချာရုံး၍၊ နှုလုံးသွင်းရမည့်အလားမှာ၊ ယောကျာ်း**ဇာနည်**ပညာသည်တို့၊အတည့်တည့်အဝဝ၊ ခယမင်းပေါင်း၊သူကောင်းပြုခံလိုလျှင် အတတ်မျိုးကိုသင်လေ၊ ဆောင်ဘိလေ့ကျက်၊ နှုတ်ထွက် ရှင်စေ၊ ပုဒ်ပါဠိအကျွရာ၊ သဒ္ဒါရေးလည်းထင်စေ၊ ပရမတ်ရေး ပညတ်ရေးလည်း အတွေးစင်စေ၊ရာဇဓမ္မလောကအရေး၊အတွေးအခေါ်လျှင်စေ၊အဆိုအမိန့်အကျုံးဝိတလည်း၊ တည့်ပဆင်ခြင်လေ၊အဖြေအလယ်၊ နာဘွယ်စကား၊ လေးပါးပြွမ်းစေ၊ ဟုတ်ဟတ်တော်ကည့်၊ မလှည့်သစ္စာမှန်စေ၊စကားတင်စကားဖျည်၊ စကားဆင်မျိုး၊ နည်းရိုးကြံနိုင်စေ၊ အစိုးရသခင် အသျှင်ကိုမြတ်နိုး၊ ပုဆိုးကဲ့သို့မှတ်လေ၊ နေကာသူ့နောက်၊ ဆိုကာသူ့ အောက်၊ စားသောက်အတန်၊ သည်းခံခြင်းလည်းကြီးစေ၊**သူစိမ်းသူကျက်**၊ ပေါင်းဘက်ယှဉ်ရာ၊ မယှဉ်ရာကို

---

**မနုန်းသာ**=မနိုင်းရှဉ်သာ
**ဇာနည်**=အာဇာနည်=မှားသည် မှန်သည်ကို ချင့်ချိန်နိုင်ပြီးလျှင်၊ မှန်သည်ဟု
ဆုံးဖြတ်ပါက မနောက်မဆုတ်တမ်းဆောင်ရွက်တတ်သူ
**သူကျက်**=ခင်မင်ရင်းနှီးသူ

လည်းသိစေ၊မင်းညီမင်းသားမျိုးဖျားမှူးမတ်၊ယုတ်မြတ်သိတိ၊သတိ
သွင်းနိုင်စေ၊ မင်းပါးနေတုံ၊အာရုံဝါးပါး၊မမှားကြဉ်ဦးသွေ-မြဲလှစေ၊
မမြင်အပ်သည်မှာ၊သူကန်းလား၊မကြားအပ်သည်မှာ နားထိုင်းထူ၊
အမူကိုလည်း သိတတ်စေ၊မဆိုအပ်မှာ လျှာမဲ့ငါး၊မသွားအပ်သည်
သစ်ကျားထူ၊ အယူကိုလည်း သိတတ်စေ၊ မင်း၏မျက်နှာ၊ ရုပ်ဝါ
ခံတွင်း၊ အခင်းသညာနှင့်ကြန်အင်ကိုလည်းသိတတ်စေ၊ ဆိုရာဆို
ခွင့် ဆိုချိန်လင့်၍၊ သင့်ရာကိုလည်းလျှောက်မိစေ၊ အယဉ်အကျေး၊
ဆေးလေးဖြည်းညှင်း၊မယွင်းဆိုလေ့ရှိစေ၊ **မှုတော်ကောင်းက**၊ မ
သောင်းမကျန်း၊ရဲစွမ်းအားကြီး၊ထိုးဝင်ခံပွဲစေ၊ ပြေလည်မှမင်းသုံး
သည်၊ **ကြေနည်**မှ ရန်တုံးသည်၊ တည်ကြည်မှ ရှင်ပြီးသည်၊
စကားကိုလည်း မှတ်ရမည်၊ ဟူ၍ရှင်း၊ ဖြစ်မယူ ရာ သော သူ
ရှစ်ပါးကား၊ "မင်းဖျားရာဇာ၊ ဆရာမိဘ၊ သံဃာ ထိပ်ပန်း၊
ရဟန်း အစ်ကို၊ ထိုမှ တသွယ်၊ သူငယ် သူရူး၊ နှလုံးနူးလော၊
အထူးမင်းမှာ၊ ပိုင်ရာသခင်၊ အရှင်ဖြစ်သည်၊ ဆရာထေရ်လည်း၊
အရှည်မတန်၊ ပစ္စုပ္ပန်သံသရာ၊ ကယ်ပါသောကြောင့်၊ အဖြောင့်
အသား၊အမိအားကား၊ကြီးငြားဂုဏ၊ အဘကိုမူ၊ပြောထူစည်းစိမ်၊
မတိမ်း စောင်းကာ၊ ရဟန်းမှာကား၊ ဘုရားသားစစ်၊ ကြီးသည့်
ဖြစ်ခဲ့၊ စင်စစ်အစ်ကို၊ ဆိုသော်မငယ်၊ ဘုရားဆွယ်ရှင့်၊ သူငယ်
မှာကား၊တရားမဝင်၊သူရူးတွင်၍၊ပစ်တင်အံ့ငှါ ပမာမလေ့ ပုံကို
ထောက်၍၊မရောက်ဖြစ်ဆာ၊ပညာဆေးကျမ်း၊နှိမ်ချုပ်မနိုင်းလော"
ဟူ၍ရှင်း။ ။"သူကြီးမိဘ၊ဆရာစသား၊စိုးရသခင်၊ ကျေးဇူးရှင်
တို့ ဖြစ်တင်မောင်းမဲ၊ရိုက်ပုတ်ဆဲလည်း၊ဝမ်းထဲယုံ ယုံ၊ ယုန်လျှင်
ကြံ့ သို့၊ဆိုတုံ့မပံ့၊စောင်မာန်ညှံ့လျက်၊ ကြောက်ရွံ့ရိုသေ၊သည်းခံ
ထွေဖြင့်။ ။မြဲစေနှလုံး ယှဉ်စေမင်း"။ ။ဟူ၍ရှင်း။ ။"အောင်ချာ
နတ်ရဲ့မင်းကိုရှင်း၊တကြောင်းပညာ၊ ရှိတို့မှာနှင့်၊ ကြီးစွာကျေးဇူး၊

ကြဉ်သွေ=ရှောင်ကြဉ်သွေဖယ်ခြင်း
မှုတော်ကောင်းက=အရေးကိစ္စကောင်းဖြစ်ပါက
ကြေနည်=ကြေပွအောင်နှိပ်နင်းမှ



ရှိဘူးသူအား၊ ဖြစ်မှားငြားလည်း၊ လျှင်လျှားအဖြစ်၊ **မလှစ်**ထည့်ရာ၊
ရောင်ဝါရွှင်းရွှင်း၊ မိုးလမင်းအား၊ သိကြားကရေး၊ ယုန်ရုပ်မွေး
လည်း၊ သေးသေးငယ်ကို၊ဖြစ်မဆိုသို့၊ ရေညှိပဒုမ္မာ၊ ကြာ၏အမျိုး၊
သူ့ဂုဏ်တိုးသော်၊ အရိုးကိုမူ၊ ကြမ်းသောဟူ၍၊ လူဖြစ်မရှာ၊ ဥပမာ
သို့၊**စာနာ**ထောက်ထား၊ပိုင်းခြားနား၍။ ။နှုတ်ကား စောင့်ကုန်ရာ
၏တည်း"။ ။ဟူ၍ရှင်း။ ။"နေခြင်းဌာန၊ ကာလမြော်ရှု၊ ရွေး
ချယ်ပြုလျက်၊လွှပ်မှုမထင်၊ဆင်ခြင်ကြံစည်၊ တိုရှည်ထောက်ထား၊
စီးပွါးတိမ်နုက်၊ ယုတ်တက်ဘေးရှာ၊ တွေးစာနာ၍၊ ဥဋ္ဌာပစ္စည်း၊
ပညာ ဆည်းလျက်။ ။ဝန်သည်းမပြင်း၊ မွေ့စေမင်း"။ ။ဟူ၍
ရှင်း။ ။"မြွက်ဆိုမှုသား၊ နှုတ်သံမြွားသို့၊ စီးပွါးလိုယောင်၊ ရုပ
ဆောင်၍မှားအောင်ဖြစ်ရှာ၊ ကြံတတ်စွာသား၊မေတ္တာချည်းနှီး **လူ့
ခွေးမြီး**နှင့်၊ တသီးတခြား၊ တပါးပြည်ရွာ၊ မရှောင်သာ၍၊ မကွာ
ပေါင်းဘော်၊ ပြုငြားသော်လည်း၊ အပေါ်ကားယှဉ်၊ အထဲကြဉ်
လျက်၊စိတ်ယဉ်နှိမ့်ချ၊ မာန်ကိုပ၍၊ ကာလအလိုက်၊သူ့အကြိုက်ကို၊
**စရိုက်**ညီထွေ ကျင့်တတ်စေ"။ ။ဟူ၍ရှင်း။ ။ထိုစကားအရပ်ရပ်၊
ဆရာကျော်သူမြတ်တို့၊ စပ်ဟပ်မိန့်တော်မူချေသည်။ ။ဝိဒေသဝါ
သံဝါသတော ဇာတိဒေဝဘယေနပိ ခမိတဗ္ဗံ သပ္ပညေန အဓိဒါ
သသဿတဇ္ဇတန္တိ။ ။မိန့်ရှိဒေသနာ၊ အရမှာလည်း၊ တရွာတပါး
အခြားအရပ်၌ နေသောသူသည်၊ သူတပါးတို့၏ စေပါး**လက်သုပ်**
ကျွန်သူနုပ်တို့၏၊ မြှမ်းချောက်ခြင်းကိုပင် ဖြစ်သော်လည်း၊ ခံအပ်
ကြောင်းကို လာချေသည်ဖြစ်၍၊ အသိအလိမ္မာ၊ ပညာမျက်စိ
ရှိဟောင်းတွင်၊ထပ်လောင်းကာ နှလုံးသွင်းစေလိုကြောင်းကို၊ အမိ

မလှစ်=မဖွင့်
စာနာ=နှိုင်းရှဉ်ခြင်း
လူ့ခွေးမြီး=ကောက်ကွေ့လိမ်လည်တတ်သူ
စရိုက်=အကျင့်
လက်သုပ်=လက်ပါးစေ=အစေခံ

သားချင်းနှင့် တကွ၊ အဘ သူကြီးမင်း တို့က၊ သတင်း စကား၊ ကြားရောက်လိုက်သည်၊သားမောင်။

---

## ၂၅-ကျည်းကန်ရှင်ကြီး ဦးနန္ဒဓဇလျှောက်စာ

ရှေးရှေးသော ဟောတုပစ္စည်း၏အရ၊ ပဋ္ဌမအနေ့တွင်၊ အာသေဝနပစ္စည်းဖြင့် ထုံလျက်၊ အာရုံ အာရမ္မဏိက၊ ပစ္စည်း ပစ္စယုပ္ပန်၊ အတန်တန် ထင်လျှောက်၍ တဖြောက်ဖြောက် ပို့တော်မူသော မေတ္တာတော်မြတ်ကို၊ မပြတ်နိုယံ၊ ခံယူပါအပ်လှသော၊ တပည့်တော်နန္ဒဓဇ၊ဂါရဝစေတနာ၊ ပစာယနကုသိုလ်၊**ဥဒဟိုး**ရှေ့ထား၍၊ လျှောက်ကြား အပ်လှသော ကျေးဇူးရှင်။ ။သင်သရာကို ရည်ရော်၍၊ မယ်တော်ကောင်းမှု၊ စတုဒိသသက်၊ ရေစက်ချလှူတော်မူမည်တွင်၊ ကြည် လင် တော် မူ လှ သော၊ အဒေါသ ဗလ နှင့်၊ ရေစက်ချ အလှူခံ၊ **ဘိတ်မန်**တော် မူခဲ့ပေသည့် အမိန့်တော်ကို၊ တွေးခေါ် ဆင်ခြင်လျှင်၊ သင်သရာတို့လည်း တတန်၊ပစ္စုပ္ပန်တို့လည်း တခြား ဂုဏ်များလှ ပေသည်ဟု နှလုံးပြု၍၊ ထု နှစ်သိမ်း လေးသောင်း မြေဗဟိုတွင်၊ မြင့်မိုရ်အထွတ် ဆင့်သကဲ့သို့ ကြီးမြင့်သော ကျေးဇူးအထူးရှိပေသည်ဟု အယူရှိပါသည်၊ အကြီအစည် မဖြောက်၍၊ မရောက်နိုင် ရှိသည့် အရာမှာ၊ မေတ္တာတော်မြတ်ကို၊ နောက်ထပ်၍ခံယူလိုပါသည်အဖြစ်ကို၊ သနစ်ခြွက်ဘော် ခြေတော် ဦးခိုက် လျှောက်လိုက်ပါသည် ကျေးဇူးရှင်။

---

ဥဒဟိုး=ဟောက်လျှောက်၊ အဆက်မပြတ်
ဘိတ်မန်=ဘိတ်ကြားခြင်း



## ၂၆-မောင်ကြာရွက်က ဇာိမ်နေသူတို့ကို ပေးသောမေတ္တာစာ

အာရမဏီ၊ဘရင်ဂျီ၊ ကပ္ပလီခလာသီ၊ဇော်ဂျီကလယ်၊ ကုလားနွယ်တိုင်းမသိ၊ထုပတိနှင့်၊ ဗိနပေါတ္တံ၊ အော်လံဘက်လား၊ သဘော်သား ရှုပ်ရှက်ထွေး၊ နှုတ်ခမ်းမွေး၊ပါးမုန်းမွေး၊ ခြေသားလုံးမွေး၊ အမွေးတွေဘရပူ၊ မုတ်ဆိတ်ထူတို့၊ ဆောင်ယူခဲ့သော၊ သဘော်ဇာိမ်မြှောင် သည်၊ နောက် တောင် အရှေ့၊ ထောင့်ပတ် တွေ့သို့၊ ခေါင်းရွှေ့စေခြင်းငှါ၊ **ချာချာပရပတ်**၊ ရဟတ်လိုပင် လှည့်သော်လည်း၊ မည်သည့်အခါမဆို၊ မြောက်ကိုသာခေါင်းပြု၍၊ သိမ်မွေ့စွာနေမြဲတိသကဲ့သို့၊အဖို့ဖို့ အငန်းငန်း၊ **ပရမ်းပတာ**အတည့်တည်၊ မည် သို့ သော မည် ညာ သော၊ လူ မြင် တိုင်း ပြော သော်လည်း၊ သဘောနေ **မသွေဖည်**၊ မြဲတည်သည်သာဖြစ်၍၊ ချမ်မြေ့ကြည်စွာ သည်သာဖြစ်ပါစေသောဟု၊ ဩမိသပဏ္ဏနာ၊ မေတ္တာမမေ့၊ သွန်းလောင်းလေ့ရှိသော၊ ကျွန်ုပ်မောင်ကြာရွက်၊ မေတ္တာရေချမ်း၊ ဆွတ်ဖျန်းသွန်းလောင်း၊ အကြောင်းစကား၊ မှာကြားလိုက်သည်၊ ဇာိမ်နေသူတို့။ ။အရှင့် ရွှေဘဝါးတော်မြတ် အောက် အညာ၊ ရန်ရာသူတို့နှင့်ပေါင်း၍၊အကြောင်းမကြား ထွက်သွားခဲ့ရသည့်အရာမှာ၊ ပမာဟပ်လိုက်သော်၊ နတ်တို့၏တန်ခိုးဖြင့် ဖွက်ထားသော သူဝယ်သည်၊ သူ့ဇာိမ်ကိုပင်လွှမ်း၍ရှိသော်လည်း၊ မိမိကိုယ်ကိုအစိုးမပိုင်ဘြား၍၊နတ်ထားတိုင်း နေရဘိသကဲ့သို့၊ ထိုတူမယွင်း၊ နတ်မင်းနှင့် မထူးခြွန်၊ ဝန်မင်းဘုရား အာဏာ၊ မဆန်သာ **လျှင်လျား**၊ ထွက်သွားခဲ့ရချေသည် ဖြစ်၍၊ ပြေလည်စွာ ပြောခဲ့ မပြောခဲ့မှာ၊ တကဲ့

---

ချာချာ=တလည်လည်
ပရပတ်=ပတ်ပတ်လည်လည်
ပရမ်းပတာ=စည်းကမ်းမရှိ
မသွေဖည်=ရှောင်လွှဲခြင်း
လျှင်လျား=(ပေါ်ရာဏ)=အလျှင်အမြန်

**ပဓာန**မဆိုသာ၊ မေတ္တာသာအကြောင်းရင်းမှန်သည်ဟု၊ ထုံးစံကို စွဲလိုက်လျှင်၊**ဒင်မိန်းခဲအည်းဒွင်း**၊မင်းနှင့်ကွယ်ငါ၊ ဟာဗျာကျွန်ုပ်၊ ကျွန်တော်အသျှင်၊တင်ပါ့ဘုရား၊မိန့်တော်တိုင်း၊မိုင်းသံနှင့်ယဉ်သံ၊ တကာရန်တွင်၊အသံကို ပမာဏမပြုသာ၊ စေတနာနှင့်၊မေတ္တာသာ အကြောင်း၊ ရှေးထုံးဟောင်းမှာ၊ **အင်းကောင်း ဗျာ မတန်သာ၊ ငါးကောင်း ကျွန်တော် မတန်ချေ၊ ခေကောင်း- ခင်ဗျာ မယှဉ်၊ ဒင်မိန်း ကောင်း မိန့်တော်တိုင်း၊** မိုင်းသော်လည်း ယဉ်စေသည်၊ ယဉ်သံပင် နေသော်လည်း၊စေတနာနှင့်မေတ္တာ ခပ်ထိုင်းထိုင်းကို၊ မိုင်းစာရင်းချဘိသို့၊ ထုံးဟောင်း ရှိသောကြောင့်၊ သဘင်နှင့် ကြုံ လိုက်လျှင်၊ အသံမှာမူလမဆို၊ နဂိုမေတ္တာသာပဓာန ဆိုသကဲ့သို့ ဖြစ်သည်။ တလီထုံးစကားမှာ။ ။**ပန္နမြား မြွကာဒ် မြင်သည်လို့ မခွန့်လေနှင့်၊ အလကား လူလျှပ် ထင်သည်လို့ မနှုံ့ စေနှင့်၊ ပန္နမြားစွန့်လျှင်၊ ဆုံးဘတ်သည်၊ အလကား ရှုံ့လျှင်၊ မုန်းဘတ် သည်။** ။**ချဉ်သည်ဘင်ကာမျှ မယာစ်နှင့်၊ ယဉ်သည်မြဒ်ကာမျှ မချစ်နှင့်၊ အင်သည်ဘင်ကာမျှ မပစ်နှင့်၊ ချဉ်တိုင်းသည်း သေရည် မဟုတ်၊ ယဉ်တိုင်းသည်း ပြေသည်မဟုတ်၊ အင်တိုင်းသည်းသွေ မည်မဟုတ်။** ။သို့ထုံးစံ ထုတ် သော ကြောင့်၊ **မလုဘ်ဒုတ်** သံ ကြားတိုင်းလည်း ဆွမ်းသွန်၊ ခွေးအူသံ ကြားတိုင်းလည်း တော်သ လင်း၊ **ဝင်းခင်း**သည် မြင်တိုင်းလည်း ထွက်တော် မူလတ်မည်။ စည်တိုသံကြားတိုင်းလည်း ပုံကြီးသံ၊ ပဟိုရိသံ ကြားတိုင်းလည်း

---

ပဓာန (ပဓါန်)=ပြကတေ့၊ အကြောင်းရင်း၊ အရင်းခံ
ဒင်မိန်း, အဲ, အည်း, အင်း=လူ့စကားသံများ
လူလျှပ်=လူရှုပ်လူပွေ
ချဉ်=ချဉ်သောအရသာ
အင်=ငြင်းပယ်သည်
ပလုတ်တုတ်=မျောသံ၊ အလှူအတန်း၌ တီးသောဆိုင်းသံ
ဝင်းခင်း=ရှင်ဘုရင် ထွက်တော် မူသော အခါ စစ်သည်တော်တပ်ပေါင်း
လေးတပ်လေးမျိုးလိုက်ခြင်းကို ဝင်းခင်းသည်ဟုခေါ်သည်



လေးချက်တီး၊ **မီးနှုက်သံ** ကြားတိုင်းလည်း ကိုယ်တော့်စက်၊ ကြက်တွန်သံကြားတိုင်းလည်း ရောင်နီလာ မဟုတ်သာဟု၊ မှာစာ မယဉ်တယဉ်နှင့်၊ စိတ်ချည့်စွာအုပ်ချုပ်၍၊ နယုန် **လဆေးတမျှား** တွင်၊ ရွှေတွားတော်မြတ်အောက်က၊လာရောက်တော့မည်၊ကြံစည်သည့် အဖြစ်ကို၊ သနစ်ခြွက်ကာ၊ ဖျူ့ဌါပြေါး၊ ဓုသားမပါ၊ မာယာမထွတ်၊ လောကဝတ်မပါ၊ ဟုတ်တိုင်းသာဖြင့်၊ မေတ္တာစကား၊ မှာကြား လိုက်ပါသည်၊ ဆိမ်နေ့လူတို့။

---

## ၂၇-မောင်ရွှေလုံးက-ဆရာထံလျှောက်သွာ

သုံးထောင်ဝက်တရာ့ရှစ်၊ စစ်သည်မိုလ်အများကို၊ ရထားရှု စီးနှင်းလျက်၊ လက်နက်လေးပါးတို့ဖြင့်၊ တိုက်သွင်းဖြိုနှင်၊ အောင် မြင်တော်မူလျက်၊သက်တော်ရာကျော်ပတ်လုံး၊ ဘုန်းကျက်သရေ၊ ဝေဝေ ဖြိုးဖြိုး၊ ကဲမိုးစွင့်စွင့်၊ ကြီးမြင့်တော် မူသည်ကို သာလျှင်၊ ကြည့်မြင်ရလိုသောဟု၊ တောင်းဆုပတ္တနာ၊ မေတ္တာမပျက်၊ ဆက် ကပ်မဝေး၊ ဓောင်စိတ်ပြေးလျက်၊ ရှေးရှေး ဟေတုပစ္စည်း၏ အရ၊ ပစ္စယအနေ့တွင်၊အာသေဝနပစ္စည်းဖြင့်ထုံသျက်အာရုံအာရမ္မဏိက ပစ္စည်းပစ္စယုပ္ပန်၊ အတန်တန်လျှောက်၍၊ တကြောက်ကြောက်ဖို့တော် မူသော မေတ္တာတော်မြတ်ကိုလည်း၊ မပြတ်နိုယံ၊ ခံယူလေ့ရှိပါ သော၊ နေပြည်တော် အနောက်ဘက်၊ လက်ယက်မ အညာရွာ၊ ဒါယကာ ရွှေလုံး၊ ညွတ်ရုံး ဦးနှိမ်လျက်၊ အကြိမ် ကြိမ် ရှိခိုး၍၊ မြတ်နိုးရိုသေစွာ၊မေတ္တာတော်ခံ၊ရှိခိုးနားတော်လျှောက်ပါဝံ့သည်၊ ကျေးဇူးရှင် ဆရာတော်ဘုရား။ ။တပည့်တော်မှာ၊ ရတနတ္တယ၊ နုဘာဝတွင်၊ အသျှင်ရွှေဘုန်းတော်မြတ်၏ ကျေးဇူး မေတ္တာတော်

---

မီးနှုက်သံ=သေနတ်ပစ်သံ
လဆေး တမျှား=လကွယ်ရက်အဖျား
ဖျူ့ဌါ=လောကဝတ်=ပေါ်ပေါ်ရွှေရွှေ

ကြောင့်၊ မန္တေ့ာင့် အေးပေါင်း၊ ရပ်ဟောင်းသို့ ရောက်ပေသည်၊ ကိုယ်တော်မြတ်၏ ချမ်းသာတော် မှုခြင်း၊ သတင်းတော် ပန်းကို၊ ကြားလှမ်းလှတ်၍၊ စိတ်ရှိတိုင်း မပန် ပါရ သော ကြောင့်၊ သန္ဓါ ကြည်ညို၊ ပန်လိုသောဆန္ဒများစွာနှင့်၊ ကမ္ဘာဦးသူ၊ မှောင်မိုက် လူတို့သည်၊ နှစ်ဆူသော နေလကို၊ တသဘ်သကဲ့သို့ရှိရပါသည်။ ခြေတော်ရင်းမှကွာ၍၊ရပ်ရွာသို့ပင်ရောက်သော်လည်း၊မြကျောက် နှင့် ပုလင်းကွဲ၊ ဖလံခေါက်နှင့်အခွံ၊ သစ်စေးနှင့် အင်တွဲ၊ သလဲနှင့် သကြား၊တောကျားနှင့်အိမ်ကြောင်၊ ဆင်ပြောင်နှင့်**ဂယ်လောင်း**၊ ဥဒေါင်းနှင့် ကျီးမိုက်၊ ကြွက်သိုက်နှင့်ပြာသာဒ်၊ နတ်ဘုံနှင့် ထန်း ရွက်တဲ၊ ဝရဲနှင့်နိဗ္ဗာန်၊ ဝေးလံတိသကဲ့သို့၊ မြို့နှင့်တောရွာ၊သဘော နေကွာလှ၍၊ နတ်ရွာမှ ရတော့များသော၊ မဟာကပ္ပိန္န၊ ကုသပြည်မှ မြန်သော ပဘာဝတီ၊ ဝတိန်ဆိက မြန် သော နေမိမင်းကျော်၊ နေပြည်တော်မှ ဆင်းသော ဇနပုဒ်သားတို့ကဲ့သို့၊ **ဝမ်းပါး**ဘွယ် အတည်တည်နှင့်၊ အောက်ပြည်သာယာချက်ကို၊ **စိတ်ကွက်**သည် လည်းတဘော်၊ ကိုယ်တော်မြတ်ကို အောက်မေ့သည်လည်း တထီ၊ စေတီပုထိုးကို ဖူးချင်သည်လည်းတချက်၊ တသက်သက်နှင့်၊ ရွှေ မျက်နှာတော်ကိုတရေးရေး၊စိတ်မဝေးတသသျက်၊ ရွှေလမင်းသွင်၊ မှတ်ထင်၍ရှိပါသည်။ ထူးလည်လျှောက်ရပ်မှာ၊ ရှင်သာရိပုတ္တရာ အလောင်း ကျီးလုလင်၊ရှင်အာနန္ဒာအလောင်း ကျေးမြတ်၊ သော မနုဿ ရသေ့ဆယ်တင်သော မျှောက်၊ သမင်-ကျေး-မြွေ-ကြွက် ဗိသုကာလက်၌ ကြီးသော သုကရဇာတ္တနွားမြတ်၊ နတ်သက်စွန့် ဆောင်သောမြင်း၊မင်းမာဂီရိတင်ကိုစားသောမင်းစေ၊ဇိဗိတိမြွေကို စွန့်သော နွားကျောင်းသား၊ အဓိအားအသက်လှူသော မျှောက်ညီ နောင်၊သစ်ပင်စောင့်အောင်းနေသောကျေးသား၊ပုဏ္ဏားကိုဘထွေး လုပ်သော ပြည်ကြီးရှင်၊ အရှင်ရေးကိုဆောင်သော ကုလား သံတ

ဂယ်လောင်း=အိမ်ကြွက်
ဝမ်းပါး=ဝမ်းနည်းခြင်း
စိတ်ကွက်=စိတ်ထဲ၌တကွက်ကွက်ဆင်မြင်နေခြင်း၊



မန်၊ပေါက္ကံပြည်-ဥမင်းသား၊ဘုရားလောင်းကြက်ဆူပင်စောင့်နတ်၊ ရဟန်းမြတ်အဖြစ်ကို ပေးရသော လကျ်ာရံ၊ အတန်တန်အကြောင်း ကြောင်း၊ကျွမ်းပေါင်းအရပ်မှာ၊သူ့ ကျေးဇူးကိုခန့်တွက်၍၊အသက် သေအောင် ထိမ် သူ ထိမ်၊ စည်းစိမ်ကိုပေး၊ အရေးကို ဆောင်၊ **ထိန့်အောင်** ကျေးဇူး သိကြမြောင်းနှင့်၊ သူတော်ကောင်းတို့၏ ထုံးစံကိုမြော်ခေါ်၍ ကိုယ်တော်မြတ်၏ကျေးဇူးကို **တိုင်းထွာလျှင်**၊ သမုဒ္ဒရာရေခွက်၊ စကြာဝဠာ**အစပ်နပါး**၊ မြင့်မိုရ်ဘား ခြတောင်၊ နေ ရောင်ပိုးစုန်းမျှ ဖြစ်၍၊ စင်စစ် ကျေးဇူး၊ အထူးပိသေသ၊ ဘုရား တပည့်တော်၌ ရှိပေသည်ဟု၊ ညွတ်ကြည်ရိုကျိုး၊ မြတ်နိုးစုံမက်၊ နှစ်သက်လှသော စေတနာနှင့်၊ ပဒ္မေကဇုန္တါ ကောင်းကင်သို့ ကြွ သည့်ကို၊ မြေက ပေါင်လိုက်သောခွေးကဲ့သို့၊ ရပ်ဝေးပင် ကွာ သော်လည်း၊စေတနာရည်ရော်၍၊ဖူးမျှော်တသလျက်၊မေတ္တာဆက် မေတ္တာခံနှင့်၊ တရံတကြိမ်မပြတ်၊ စွဲမှတ်၍တစေ၊နေရပေကြောင်း ကို၊ ဦးခေါင်းညွတ်ကာနှိမ်လျက်၊ အကြိမ်ကြိမ်ရှိခိုး၊ မြတ်နိုးရိုသေ စွာ၊ လျှောက်ပါဝံ့သည်၊ ကျေးဇူးရှင်ဆရာတော်ဘုရား။

---

## ၂၈–မိဘများက သားသုံးယောက်ထံ ပေးသော မေတ္တာ စာ

ရတနာသုံးပါးကို ဦးထိပ်ထားလျက်၊ သားလှရွှေတောင်၊ ညီ နောင်သုံးဦး၊ရန်ဆူးရန်ငြောင့်၊ မန္တေ့ာင့်အေးဘျမ်း၊ငြိမ်းချမ်းဧကန်၊ မိဘထံသို့၊ လျှင်မြန်ထုတ်ချေက်၊ လာရောက်ကြသည်သာ၊ ဖြစ်ပါ စေသောဟု၊ ဩဗိသပတ္တနာ၊ မေတ္တာမမေ့၊ သွန်းလောင်းလေ့ ရှိပါသော မိခင်ဘခင်၊ သတင်းစကားကြားလိုက်ပါသည်၊ သား

ထိန့်အောင်=ကျော်စောအောင်
တိုင်းထွာလျှင်=ရေတွက်သတ်မှတ်သည်
အစ်နပါး=အစ်တွင်ရှိသည့်အပေါက်

မောင်သုံးယောက်တို့။ ။ကြာ၍ပင် မြင်ချင်သည့် စိတ်နှလုံးနှင့်၊ ယူကျုံးမရပင်ရှိချေသည်။ ထုံးသတ်သေရှာတွေလျှင်၊ မောမဝဋ္ဋာ တောထဲဝယ်၊ သားကွဲကာသွားဘိ၍၊ အမိဘီလူးမ၊ သားကိုတ, လျက်၊ သေရဘူးသည့်ထုံးလည်း ရှိချေသည်။ မသေဘူးလို့လည်း၊ အထူးမသိသာ အမိမှာမူ၊ ပူဆာသောက၊ မောင်တို့ကိုတ လျက်၊ **တသက်သက်**နှင့်၊ **အိပ်စက်**မပျော်၊ စားသော်မမြိန်၊ ညှိုးပိန်နွမ်းနေ့ရှ **တနွေ့နွေ့**နှင့်၊ လွမ်း၍**တစေ**၊ နေရချေသည်။ အတည်တည်မှာထား ရမည့်၊ စကားရပ်အစုစုမှာ၊ အမှုထိုက်သောကြောင့်၊ **ကြေးဆုံ** ဖြန့်ရသည်၊ အပြုမိုက်သောကြောင့်၊ ကြေးကုန်ဖြုန်ကြသည်။ **ထိုက် ကြေးဆုံ၊ မိုက်ကြေးကုန်၊** ကြုံကြသည့်အရေးတွင်၊ ထိုက်ကြေး မဆုံရအောင်၊ အမှုကိုဆောင်ပါလေ။ မိုက်ကြေး မကုန်ရအောင် အမှုကို ရှောင်ပါလေ။ နေလိုနေပစေ၊စာမပေးကမ်းသော်လည်း၊ လွမ်းရင်းရှိသူမှာလာကြသည်။ အကုန်**သေ အနွေ**၊ စာပေပင်ကမ်း သော်လည်း၊ လွမ်းရင်းမရှိသူမှာကြာကြသည်၊ သည်ထုံးနှင့်စာပါ လျှင်၊မှာစာကောင်းမကောင်းမှာ၊ အကြောင်းပဓာနမဟုတ်၊လွမ်း ရင်းရှိမှ လာချိမ့်မည်၊ လွမ်းရင်းမရှိက ကြာချိမ့်မည်။ ။သည် စကားအနေနှင့် ထုံးသတ်သေရှာလိုက်မူ၊ဟိုဖြူဖြူက–စာပေးလိုက် ရတော့မည်မဟုတ်ပြီ၊ ညခါဆိုကိုအထီးထီးသွားသောကြောင့်၊ ဆီး တား၍ မနိုင်အောင်ရှိ သသူတို့ထုံးစံနှင့် ညှိုလိုက်လျှင်၊**စိတ်ရှိမှလာ**

တသက်သက်=တစိမ့်စိမ့်၊တဖြည်းဖြည်း၊တနွေ့နွေ့
အိပ်စက်=အိပ်=စက်=အိပ်ခြင်း
တနွေ့နွေ့=တနွေနွေ=လဲလျောင်းအိပ်စက်ကာကွေးနေခြင်း
တစေ (ပေါရာဏ)=အမြဲ
ကြေးဆုံသည်=ကြေးငွေစုဆောင်းထားသည်
ထိုက်ကြေးဆုံ=အမှုကိစ္စနှင့် ထိုက်တန်အောင် ငွေလုံးကြေးလုံးစုရခြင်း
သေအနွေ=သေသေ သပ်သပ် ရှိသော စာနွေ

မှတ်ကွဲများ (၁) အမှုထိုက်သက်သော်၊ဦး



**ချိမ့်မည်၊ စိတ်မရှိက** ကြာချိမ့်မည်။ ။**ချမ်းတတ်မှ ဖြုံချိမ့်မည်၊ လွမ်းတတ်မှ ဖြုံချိမ့်မည်၊ မချမ်းတတ်လျှင်မဖြုံ၊ ချော၊ မလွမ်းတတ် လျှင် မဖြုံပေ။** ။**စကားနံ့ပင် ရှိသေးသည်။ သတိမထားက၊ လားလားမိုက်လမည်၊** (**တခြားမြေတွင် ရှိသေးသည်။***) **တခြိ စကားမှ သားများကြိုက်လမည်**။ဆိုသည့်ထုံးလည်းရှိ၍ ဘာဖြစ် သောကြောင့်၊အသက်မကုန်စဉ်၊ မြင်ချင်သည့်စိတ်ထားနှင့်၊ မှာ ကြားလိုက်ပါသည်၊ စကားတည့် **စကားရှင်**များကိုလည်း၊ မြော ကြားပါလိုက်သည်။ သားမောင် သုံးယောက်တို့။

---

## ၂၉–လက်ယက်မရွာ ဒါယကာ ရွှေလုံးက၊ မုတ္တမမြို့နေ ဆရာတော်ထံ လျှောက်သော မေတ္တာစာ

တမ္ဗဒီပ၊ ကမ္ဘောဇနှင့်၊ တိုင်းမကျက်သရေ၊ နေပြည်တော် အနောက်ဘက်၊ လက်ယက်မအညာရွာ၊ဒါယကာရွှေလုံး၊ ညွတ်ရုံး ဦးနှိမ့်ချလျက်၊အကြိမ်ကြိမ်ရှိခိုး၍၊မြတ်နိုးရိုသေစွာ၊ မေတ္တာတော် ခံ၊ ရှိခိုးနားတော် လျှောက်ပါဝံ့သည်၊ ကျေးဇူးရှင် ဆရာတော် ဘုရား။ ။တကာတော်မှာ၊အညာသို့ ဆန်တက်သည့်ကာလ၊ ဗိုးရ သခင်၊အချင်လျှင်**ဇော့ဆော်**၍၊ခြေတော်ကို ဦးမတိုက်ခဲ့ပါရ၊ခယ ချက်ခြင်း၊ လျင်ပြင်းအမြန်၊ ဆန်သွားရချေသည်။ သုံးမည်ရတန နုဘာဝတွင်၊ အချင့်ရွှေထုန်းတော်၊ ကိုယ်တော်မြတ်၏၊ ကျေးဇူး မေတ္တာ၊ ပညာနာကြောင့်၊ မနှောင့်ဘေးဘျမ်း၊ ရပ်ခန်းကျေးရွာသို့ ရောက်ပေသည်။အတည်တည်သော ခရီးအနေတွင်လည်း၊အတွေ

ဖြုံချိမ့်မည်=ဂရုစိုက်ချေလိမ့်မည်
စကားရှင်=ရုပ်သိမ်းထားသော စကား
ဇော့ဆော်=တိုက်တွန်း၍

မှတ်ကွဲများ (၁) မိုက်မိက ဦး။ (၂) အချစ်ဦး။
(*) ကျွန်ုပ်အတွင်းစကား။ ပမှ-ဖြစ်သည်။

ထွေသော စေတီ**စည်း**ခုံ၊ အစုံစုံသော ဂူပုထိုးသို့ဝင်၍၊ သင်ပုတ် ရေချမ်း၊ ရွှေသက်နုံး **အတော်အလျော်**၊ ကိုယ်စားတော်ကပ်လှူ၍၊ ကြည်ဖြူစွာသော ကုသိုလ်အတ္တိုဟိုသာ နှစ်လိုမပြတ်၊ မေတ္တာရပ် နှင့်၊ ဆက်ကပ်လိုက်ရပါသည်။ ရပ်ရွာသို့ ဝင်ရောက် တုံသော် လည်း၊ ခြေတော်ရင်းမှာ ကဲ့သို့၊ ချမ်းသာချင်း မဘူ၊ **လူမျိုးလျှင် အမှုများစေ၊ လူခိုလျှင်အမှု ပါးစေ**၊ ဆိုသကဲ့ သို့ ဖြစ်ပြန်၍၊ မွှေလျော်တွယ်မရ၊ ကိစ္စလည်းအဖြာဖြာ၊ ဗျာပါကလည်း အဝဝ၊ သောက, ကလည်း အထပ်ထပ်၊ အရပ်ချင့်ပြန်နှုန်းလျှင်၊ အသုံး အဆောင်ကလည်းခြား၊ သို့ဖြစ်ငြားကြောင့်၊ နားတော်နှင့် လျော် အောင် ပမာဆောင်လျှင်၊ "ဆင်ပြောင်နှင့် ကြွက်စုတ်၊ နံ့စုတ်နှင့် ဂဠုန်၊ စည်းခုံနှင့်တောင်ပို့၊ ငွေပုံနှင့်**ချင်းသား**၊ ဆားနှင့် ဆပ်ပြာ၊ **ခပ်ပြာ**နှင့် ရွှေစည်၊ လှေယည်နှင့် ရက်ကန်းလွန်း၊ ထီးဝန်းနှင့်မှိုမြို၊ ချေးခူနှင့် ခြသေ့်၊ ဆီးစေ့နှင့် မြင့်မို၊ ကနုဒိုနှင့် မြေပဲ၊ ဝိန္ဓဲနှင့် ကျိုးအာ၊ တမာနှင့်ထန်းလျက်၊ လက်ဘက်နှင့်မယ်ဇလီ၊ ကတ္တီပါ **နှင့်လျှော်တော**၊ မိုးရေနှင့်လောင်မီး၊ ထီးထွတ်နှင့်ဖူးသို့၊ မြို့နှင့် တောရွာ၊"အနေချင်းကွာလှ၍၊ ရပ်သို့ပင် ကျသော်လည်း၊ ရတ္တမ မြို့သာယာမှာ၊ မြန်မာကုန်အခြားခြား၊ ကုလားကုန် အသွယ်သွယ်၊ ထားဝယ်ကုန် အဆန်းဆန်း၊ ရှမ်းကုန်အဖို့ဖို့၊ မြို့ကိရိယာ၊ အင်္ဂါ အ ထွေထွေ ကြည်းရေအသွယ်သွယ်၊ အံ့တွယ်ဖွယ်ရာစပ်၊ မြို့အရပ်ကို၊ တ ယူမိသည်လည်း**တမျော်မျော်**၊ မွေ့ရှင်တော်များကို ဖူးမြင်ချင်သည်

---

စည်းခုံ=သဲခုံ
**အတော်အလျော်**=သင့်တင့်လျောက်ပတ်အောင်
**အမှုပါးစေ**=အမှုနည်းပါးစေ
**ချင်းသား**=ဂျင်းပင်မှအတက်
**ခပ်ပြာ**=ရောင်ပြား=ကြေးနှင့်သွပ်ရောစပ်ထားသော သတ္တု
**လျှော်တော**=သစ်ပင်၏လျှော်မှ ပြုလုပ်သော အဝတ်
**တမျော်မျော်**=အများ (တမြော်ကမြော်ကို တမျော်မျော်ဟုလည်း စပ်ချင် စပ်ပေမည်=အမြဲတမ်း)

မှုကွဲများ [(၁) ထီးထွတ်ပုံထိုး၊ ဦး



လည်းအလျှိုလျှို၊ ကိုယ်တော်မြတ်ကို အောက်မေ့သည်လည်း တ သက်သက်၊ မေတ္တာဆက်၍၊ နေ့ရက်**မချော**၊ လူနေပင် ကွာသော် လည်း၊ စေတနာမဝေး၊ ဈေးကဲ့သို့ရှိပါသည်။ကြံရည်အနေမှာ၊ဟ ဒယေဝိယံ့ဒူရံဝိနုဒူရံနာမ၊ပါဠိအရကား၊ ဝေးလှသည်ပင်ဖြစ်သော် လည်း၊ ချစ်ကြင်သည့်စေတနာအရေးကြောင့်၊ ဝေးသည်မမည်ရာ၊ အဓိပ္ပါယ်မှာ၊ **ချောင်းရေလာ၊ နီးဝေးမဆိုရာ၊ မိုးမှာသာဝပဓာန၊ နေရာနီးဝေးမဆိုရာ၊ မေတ္တာသာဝပဓာန**ဆိုသကဲ့သို့၊အဝို့ဝို့**အဝဝ**၊ ယူတာသည့်နှင့် အညီ၊ အလီလီ မေတ္တာဆက်လျက်၊ နေ့ရက်ထွဲ မချော်၊ မေတ္တာတော် တည်းဟူသော ပန်းကို၊ လန်းလန်း ဦးထိပ် ထက်ဆင်ရွက်၍၊**တစေ့စေ့** နေ့ပါကြောင်းနှင့်၊ အကြောင်းမျိုးကို၊ **ရှိကျိုး**ဦးနှိမ်လျက်၊အကြိမ်ကြိမ်ရှိခိုး၍၊မြတ်နိုးရိုသေစွာ၊ လျှောက် ပါဝံ့သည်၊ ကျေးဖူးရှင်ဆရာတော်ဘုရား။

---

၃၀-မောင်ဝေကာ၊ မိထွေး ခယ်မတို့ထံပေးသော

မေတ္တာစာ

တိမ်မြှုနှင့်ရာဟု၊ ခြောက်စုညစ်ကြေး၊ ကင်းဝေးသော စန္ဒရာ၊ သော်တာကြိုဟိမင်းသည်၊ ပဝင်းထိန်ပြောင်၊ ကြယ်များဘောင် ဝယ်၊တင့်တယ်လှဘိသို့၊အဝို့ဝို့ အဝန်းဝန်း၊ဘေးတျမ်းဘယာ၊အနိ ၌ ညစ်ကြေးကင်းဝေးသန့်စင်၊ ကုသိုလ်အင်နှင့်၊ ဆွေခင်ပွန်းတို့ အလယ်၊ တင့်တယ်ငြိမ်းချမ်းသည့်သာ ဖြစ်ပါစေသောဟု၊ သီဟ

---

မချော(ပေါရာဏ)အမြဲ
**ချောင်းရေလာ**=အထက်အညာတွင် ချောင်းရေ ဆင်းမည် မဆင်းမည်ကို မိုးကိုကြည့်ရသည်၊အဝေးကြီး၌ မိုးအုံ့နေသော်လည်းချက်ခြင်း ပင် ချောင်းထဲသို့ ရေတလုံးထိုး ဆင်းလာတတ်သည်
**တစေ့စေ့**=တစေ=အမြဲ
**ရှိကျိုး**=ရှိသေကျိုးနွံစွာ

ဂဇာ၊ ဥသဘာနှင့်၊ အသခံတွင်း၊ လေးစင်းသောခြွန်၊ ရေတံခွန်တို့ထက်၊ ဆထက်ထောင်ရာ၊ မကသာသော၊ မေတ္တာရေယဉ်ဖြင့်၊ အလျဉ်မမှေ့၊ သွန်းလောင်းလေ့ရှိသော၊ ကျွန်ုပ်မောင်ဝေ၊ မေတ္တာထပ်လောင်း၊အကြောင်းစကားကြားလိုက်ပါသည်၊ မိထွေးသည်၊ ခယ်မသည်တို့များ။ ။ကျွန်ုပ်တို့မှာ ရတနာသုံးပါး၊ဂုဏ်၊မိဂုဏ်၊ဘဂုဏ်ဆရာဂုဏ်တွင်၊ဆွေခင်ပွန်းတို့က၊ပို့သသောမေတ္တာ၊ပဏ္ဏာကြောင့်၊ မနှောင့်ဘေးဘျမ်း၊ ငြိမ်းချမ်း သာယာ ကြပေသည်။ မြောက်ဘက်ရပ်နေ၊အဆွေသည်တို့၏၊ အင်တန်အင်မျှ ချမ်းသာကြကြောင်းကိုကြားရပေ၍လည်း၊ စိတ်ကြည် ရွှင်လန်း၊ဝမ်းမြောက်ပါသည်။ တသီမှာထားရန်၊ လောကစံကရေးနှင့် မကင်းကြဘိ၍၊ မိတ်သတိဖုန်းအုပ်၊ စိတ်ချုပ်ရမည်မှာ၊ "ဂုဏ်ရည်တုလူ့ဘရပ်တို့ကလည်း၊တတ်မည့်ကိုမိုးရိပ်၊လိမ္မာလျှင်မကြိုက်မိုက်လျှင်ဝမ်းသာ ချမ်းသာလျှင် မြင်ပြင်း၊ ဆင်းရဲလျှင်အားရ၊ ကြွယ်ဝလျှင် မနာလို၊ ကိုယ်အထက်လူဘချို့ကလည်း၊ဖူးလှသူကိုရေကျူ၊ပုလှသူကိုမီးနှင့်တိုက်၊ **ဟိုက်သူ**ကိုပမ်းထောင်း၊မိုက်သူကိုပမ်းရောင်း၊ အကြောင်းမရှာ၊နာသူကိုမပြုစု၊မာသူကိုဆေးဝါးကု။ ။သားထွီးတစုအပေါင်းကလည်း၊မကောင်းကြံသူကိုကြည်ညို၊အကျိုးလိုသူကို မနှစ်သက်၊ ဆေးချေးကို ထန်းလျက်၊ သကာကို **တမာခါးဘက်**၊ ဆူးခက်ကို သင်ဖြူး၊ဆူးကိုမွှေရာ။ ။ဇလတ်တာနှင့်၊နော်ဇာဆပ်သွား၊စကား စမွယ်၊ ရွှေနှယ်ကို စက်ဆုပ်၍၊ လက်ချပ်ပန်းကိုမှ နမ်းချင်သည့် နှာခေါင်း၊ကုန်းကြောင်းယွက်တိုက်သည့် ဆိုတိသကဲ့သို့၊" ယခုကာလ၊လောကဓမ္မတာ၊တခါတရံ၊ ကြုံလှာဖြန်လျှင်လည်း၊ နိဗ္ဗာန်မရသေးသမျှ သဏ္ဍာဝါ၊ မလွဲသာတွေ့ရိုး ဖြစ်ချေသည်ဟု၊ သတိပြုစိတ်ချုပ်၍၊ ကိုယ်နှုတ်နှလုံး၊ စောင့်သုံးမြဲစေရမည် အကြောင်းနှင့်

---

ဟိုက်သူ=မောဟိုက်နေသူ=ပင်ပန်းဆင်းရဲသူ

တမာခါးဘက်=တမာခါးကဲ့သို့

ဘက်(ကုန်းဘောင်ခေတ်စကား=ပင်လျှင်)



ထပ်လောင်းကာ၊ မေတ္တာပို့ပါသည့် အဖြစ်ကို၊ မေတ္တာ စကား၊ မှာကြားလိုက်ပါသည်၊ မိထွေးသည်-ခယ်မသည်တို့။

---

## ၃၁-မယားသူကြီးကတော်က မိမိလင်သူကြီးသို့ ပေးသော မေတ္တာစာ

သူရဿ သောကြ၊ ဗုဒ္ဓ စန္ဒရော၊ သောရီဂုရု၊ ရာဟု ဘောမ၊ အင္ဂဥဒပတို၊ စကြာဂြိုဟ်သို့၊ **မငြိုးမငြင်**၊လိုအင်ပြည့်ဝ၊ ကိစ္စ**ခပ်သိမ်း**၊ ငြိမ်းချမ်းအောင်မြင်၊ လွယ်သည့်ကိုသာလျှင်၊ ကြားမြင် တွေ့ကြုံရပါစေသောဟု၊ ဆုပဏ္ဏာ၊ မေတ္တာရေချမ်း၊ ဆွတ်ဖျန်းရွှတ်ဘတ်၊ အထပ်ထပ်အသီသီ၊ နာရီမမေ့၊ သွန်းလောင်းလေ့ရှိသော သူကြီးကတော်၊နာပျော်ချိုသာ၊ မေတ္တာစကား၊ ကြားရောက်အပ်ပါသည် သူကြီးမင်းရှင့်။ ။အိမ်ရှင်အိမ်နေ၊ မိတ်ဆွေအသီးသီး၊ သားသွီး တစုတို့မှာ၊ ရတနာသုံးပါး၊ ဂုဏ်တော်အဆင့်ဆင့်၊ အသျှင့်ရွှေဘုန်းတော် အသီးသီး၊ သူကြီးမင်းတို့ မေတ္တာ၊ ပဏ္ဏာ ရေစင်ကြောင့်၊ အင်တန်အင်မျှ၊ ချမ်းသာကြပေသည်။ အဆွေတွေကို၊ အဝဝတိုက်ကို၊ နှေ့ညမခိုပင်၊ လုံ့လပြုပါသည်။ ထိုသော်လည်း၊ မည်သို့ဖြစ်သောကြောင့်၊ မည်သို့ မည်သို့ ဖြစ်ရချေသည်ဟူ၍သာ၊ ပညာရှိသည့် အတိုင်း၊ နှလုံးသွင်း ယောင်းတွင်၊ ထပ်လောင်း၍ နှလုံးထားစေချင်ပါသည်။ မှုရည်မှုသွားမပွါးမစည်၊ ပြေလည်ငြိမ်းချမ်းတူးကြောင်း၊ သူမြတ်လောင်းတို့ထုံးစံမှာ၊ ပဋ္ဌာဝုမင်းသား၊ ခရီးသွားသော်၊ကြောက်ပါးလိုက်မန်း၊ထန်းလုံးမျှလောက်သောကိုယ်၊ သပိတ် မျှလောက်သောမျက်လုံးနှင့်၊ **လူဖြုန်း**နေကျ ဘီလူး**စည်းနဲ**

---

မငြိုးမငြင်(ငြိုငြင်=ဆင်းရဲသည်)=မဆင်းမရဲ=ချမ်းသာစွာ

ခပ်သိမ်း=အလုံးစုံ

လူဖြုန်း=လူကိုဖြုန်းတီးနေကျ=လူကိုစားနေကျ

စည်းနဲ=စေးနဲ=ခွါမရအောင်ကပ်တွယ်သောအနေ

ကို၊ခဲ့ရင့်သော ဉာဏ်ပညာနှင့်၊ လွယ်ကာ အောင်မြင်တော်မူတူး သည်။ ။အလူးတချက်မှာ၊ ဗာရာဏသီ၊ ခွန်ဆီဗိုးရ၊ ပြည်မ **သနင်း**၊ **မြော်တင်း**မကြံ၊ ဝိမ်ချက်ရှိချေ၍ တနေ့ကိုလူတယောက်၊ **အစာထောက်**ရသော၊ကြောက်မက်ဘွယ် ဘီလူးကြမ်းကို၊ ထင်းထမ်းသောယောကျ်ား၊ ဉာဏ်အားနှင့် **ကြံစည်**၍၊ တပြည်ထောင်လုံး ချမ်းသာတူးသည်။ ။ဘီလူးပုဏ္ဏက၊ လက်သို့ကျသော၊ ဝိဓူရ **သုခမိန်**၊ ဉာဏ်အရှိန်ပညာကြောင့်၊ ရပ်ရွာသို့တတန်၊ ပြန်လည်ရလေသည်။ ။ရေသူ မိကျောင်း၊ စားရကြောင်းလျှင်၊ ချောင်းမြောင်းလျှည့်ပတ်၊ အမှတ်မထင်၊ **ကျောက်ပေါ်**တင်၍၊ မြစ်ပြင်သို့ ရောက်ပြီးမှ၊ဘုရားလောင်းလျှာ၊ မျောက်ရာဇာလည်း၊ မာယာ ပရိယာယ်၊ ဝေဝုစ်လှယ်၍၊ သေနယ်မှ လွတ်တူးရပေသည်။ ။သေနကမျောက်၏ ဉာဏ်ပညာဖြင့်၊ လွယ်ကာကယ်ယူ၍၊ လူတို့ဝန်းရံမိသောမျောက်အပေါင်းလည်း၊ ချမ်းသာကြောင်းရတူးသည်။ ။ ဘီလူးထံမှ၊ မနှံ့နိုရသော ပေါရိသာဒ၊ အာက ယောကျ်ား၊ လူစားသည်၊ ရာ့တပါးမင်းကိုယူ၍၊ အအူဖြင့်လျှင်၊ ပညောင်ပင်ကို၊ ဝန်းကျင်**သေသတ်**၊ ရစ်ကာပတ်လျက်၊ ညောင်နတ်အား ပူဇော်မည်၊ စိတ်ရည်**ကြံစား**၍ လက်ဝါးအပြင်၊ ကြိုးသိုင်လျက်၊ ညောင်ပင်မှာတွဲလွဲ ဆွဲထားသည့်ကာလ သုတသောမ၊ ဘုရားလောင်းလျှာ၊ ပညာနှင့် ကယ်မ၍ ချမ်းသာကြသည်တဝ။ ။တရာ့ တယောက်သော မင်းအများကို၊ ပုဏ္ဏားကောဝဋ္ဋ၊ မလွတ်ရဟန်၊ သေကြောင်း

သနင်း( ပေါရာဏ )=မင်း
မြော်တင်း=အကြောင်းအရာကို မစဥ်းစားဘဲ=ရှေ့ဖြစ်မည်ကို မတွေးတောဘဲ
အစာထောက်=အစာထောက်ပံ့ရသော
သုခမိန်=ပညာရှိ
ကျောက်ပေါ်=ကျောက်ကုန်းပေါ်=ကျောက်ကုန်းပေါ်
သေသတ်=အသေ,အချာ
ကြံစား=အလူးကြံစည်သည်



ကြံလည်း၊ ဉာဏ်ရှိအကျော်၊ မင်းမဟော်ဓ၊ ကယ်ဆယ်မ၍၊တရာ့တပါးသောမင်း၊ သေဘေးကင်းလျက်၊ ပွင့်လင်းချမ်းသာကြတူးသည်။ ။ဉာဏ်ရည်နှင့်ကြံစည်မှ၊ဆံမြည်မလစ်၊ဗီးပွါးဖြစ်မည်ဟု **ရည်သန်**သည်နှင့် မခြား၊ ကြံစားမိသည်တွင်၊ ဗာရာဏသီပြည်မြတ်မှာ၊ စောင်းတတ်တွင်ထုမရ၊ သိကြားမသည့်၊ ဂုတ္တိလစောင်းသံကို၊ နာခံရဘိသကဲ့သို့၊ ရှိနှင့်ရလေပါပြီ။ နောက်တလီဆင့်ပွါး၊ အောင် မြင်ပြီးကြားပါလျှင်၊ သိကြားမင်းကြီးကိုယ်တိုင်၊ **လက်ကြဉ်** ကိုင်၍၊မြိုင်လှအောင်တီးသည့်၊ စောင်းတော်ကြီးအသံကို၊နာခံရဘိသကဲ့သို့၊ ရှိချင်လှပါသည် သနစ်ကို၊ မေတ္တာထပ်ပွါး၊ ကြားမှာလိုက်ပါသည် သူကြီးမင်းရှင့်။

———

## ၃၂–သူကြီးကို ဆရာတုန်းတော်ကြီးက ပေးသောမေတ္တာစာ

သူကြီးကသည် ရွာစား၊ ရွာစားကသည် မြို့ဝန်[၁]၊ အတွင်းဝန် ကိုယ်တော်တုန်း၊ ရွှေရုံး ရွှေလွှတ်ထက်၊အဂ္ဂမဟာ၊ သေနာပတိ၊ အရာရှိ အလွန်အကြွး၊ **ဒူးနေ့တော်နေ့** မြင့်လေလေနှင့်၊ ကျက်သရေတုန်းတက်၍၊ **ကျေးမက်**မြို့ပြ၊အဆဆ ရသည့်ကိုသာ လျှင်၊

ရည်သန်=ရည်ရွယ်သည်
လက်ကြဉ်=လက်ဖြင့် ထက်ကြပ်မကွာ ကိုင်၍=လက်ဖြင့် ကြပ်ကြပ်မမ ကိုင်၍=သိကြားမင်းကိုယ်တိုင် လက်ကို ကိုင်၍
ဒူးနေ့တော်နေ့=ဒူးနေရာ၊တော်နေရာ=မြန်မာ ဘုရင်များကို ခစားသော အခါ ညီလာခံသဘင်တွင် နေရာ ငါးမျိုးရှိသည်၊ ထိုနေရာတို့မှာ
(၁) တော် (၂) ဒူး (၃) စနည်း (၄) အတွင်းဘဝေါ
(၅) အပြင် ဘဝေါတို့ဖြစ်သည်။
ကျေးမက်=ကျေးရွာ
မူကွဲများ (၁) သူကြီးကလည်းရွာစား ရွာစားကလည်း မြို့ဝန်။ ဦး

ကြားဖြင်ရလိုသောဟု၊ ဆရာ–မေတ္တာရည်မှတ်၍ ရေးအပ်လှသော ဒါယကာသူကြီးမင်း။ ။ဆရာမှာ၊ စေတနာသာ၊ သစ်ကို ရည်မှတ်သဖြင့်၊ စရပ်ဆောက်မည်ကိုသိ၍၊ ညာတိဝေါဒိတာဖြစ်သူတို့၊ အင်အားနှင့်လျော်စွာ၊ လိုရာလိုရာ သစ်တိုင်တို့ကို ကုသိုလ်ဝင်ကြပေသည်။ ဒါယကာသူကြီးမင်းမှာ၊ အိမ်ဆောက်မည်တွင်၊ သစ်တင်သစ်ရတ်သူတို့ မသိကြ၍၊ သူကြီးမင်းရွာသို့၊ ဆရာ၏သစ်ငါးပါးချေသည်။ထိုအကြောင်းကို၊သူကြီးမင်းသိလျှင်၊ဆရာ့ထံသို့၊ ပို့လှာမည်ပင်၊ ထင်ရန် ရှိပါသည်။ ထိုအရာတွင်သာ၊ ဒါယကာသူကြီးမင်းက၊ သူတော်ကောင်းတို့ နှလုံးသားရမည်မှာ၊ ဘုရားအလောင်း၊မကောင်းသောနက္ခတ်ဆိုးကြောင့်၊သူခိုးဖြစ်သည်ဘဝဝယ်၊ သူကြွယ်ဥစ္စာတိုက်တွင်း၌ခိုးသည့်ကာလ၊လက်သည်းကျမှုသူကြွယ်ပျက်စီးလေတော့မည်ကို၊သနားလှတိ၍၊မိမိ**အသရေကို**မှု **မထောက်မစိုး**၊ သူခိုးဖြစ်ကြောင်းကို နှုတ်ဖွင့်၍၊ လက်သည်းကိုတဘန်၊ ယူလာပြန်သည့် အချက်မှာ၊ လက်သည်းကို နှမြော၍ယူတော်မမူ။ သူကြွယ်ပျက်စီးမည်အလားကြောင့်၊ သနားကြည်ဖြူ၊ ယူတော်မူသကဲ့သို့။ထိုတူစင်စစ်၊ သစ်ကို နှမြောလှသောကြောင့်၊ ဆရာကမိန့်တော်မမူ၊သူတော်ကောင်းတို့စကားမှာ၊ "**မစားတော်ချင်တရေပြီး မသွားစေဘိချင်တမြုတ်**"၊ ဆိုတိုသကဲ့သို့ဖြစ်မည်ကြောင့်၊ ဒါယကာတို့၌ အရှည်ချမ်းသာမည်၊ အကြောင်းကိုရှည်၍၊ ဆရာက အမိန့်တော်ရှိပေသည်ဟု၊သူကြီးမင်းက နှလုံးထားရမည်ဖြစ်သောကြောင့်၊ ဒါယကာ သူကြီးမင်းလည်း၊ ပစ္စုပ္ပန်သံသရာ၊ လိမ္မာမြော်မြင်သူဖြစ်သည်နှင့်၊ ထုန်းအား–ကံအားမရှား **မဘောင့်တ**၊ လိုတိုင်းရ သူဖြစ်၍၊ ဆရာ့ထံ လျှင်မြန်ရောက်အောင်၊ ကြိုဆောင်ပို့လှာစေချင်ကြောင်းနှင့်၊ထပ်လောင်းသော ဆရာမေတ္တာ

---

အသရေ=ကျက်သရေ=တင့်တယ်ခြင်း

မထောက်မစိုး=မငဲ့ကွက်၊ မစိုးရိမ်

မဘောင့်တ=မလို=ပြည့်စုံခြင်း

မှတ်ချက်များ (၁) ဆရာသစ်ငါးချေသည်ပါကြောင်း။ ဦး



ကိုလည်း၊ ခံယူမည့် အဖြစ်ကို၊ မေတ္တာစကား ကြားပါစေသည်၊ ဒါယကာသူကြီးမင်း။

---

## ၃၃–သားမောင်ရွှေစကို အမိကပေးသော မေတ္တာစာ

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ တည်းဟူသော သူတော်ကောင်းဥစ္စာခုနစ်ဖြာနှင့်၊ ရိခါမပြတ်၊ပြည့်စုံလတ်၍၊ လူနတ်စည်းစိမ်၊ ရိပ်ငြိမ်နိုယ်၊ **ဆက်တိုင်း**စံလျက်၊ နိဗ္ဗာန်ရွှေ၌၊ ညာရပ်သို့လျှင်၊ **မချို့**ထုတ်ချောက်၊ရောက်လွယ်သည်သာ၊ ဖြစ်ပါစေသောဟု၊ဆုပဏ္ဏနာ၊ မေတ္တာရေချမ်း၊ဆွတ်ဖျန်းမမေ့၊သွန်းလောင်းလေ့ရှိသောမွေးမိအခင်၊ရွှေညာခွင်က၊ကြည်လင်ချိုသာ၊ မေတ္တာစကား၊ ကြားရေးအပ်သည်၊သားမောင်ရွှေစ။ ။မိဘရပ်နေ၊မိတ်ဆွေတရတို့မှာ၊ ရတနာသုံးပါး၊ဂုဏ်တော်အဆင့်ဆင့်၊ အရှင့်ရွှေဘုန်းတော်အဝ၀၊သားလှမေတ္တာ၊ ပဏ္ဏနာကြောင့်၊ မနှောင့်ဘေးဘျမ်း၊ ငြိမ်းချမ်းသာယာပေသည်ပင်၊ သိုရာတွင်မူ၊ မိခင်မွေးဘ၊ မြတ်နိုးလှလျက်၊ယုယပိုက်မွေး၊ သားရင်သွေးကို၊ သုံးလေးနှစ်ပ၊ မမြင်ရ၍၊ ယူတလျက်ပင်၊မြင်ချင်သည့်ဆန္ဒနှင့်၊တောင့်တ၍ဘစေနေရသည်ခြင်းရာမှာ၊ တာဝတိံသာ၊ ထက်နတ်ရွာအမြတ်၊သုဒဿနမြို့မဝယ်၊ စိတ္တလတာ၊ သာလှသည့် ဥယျာဉ်တွင်၊ပင်စဉ်အသွေးလျှံး၍၊ညွန့်ဖူးဆင့်လောင်း၊ **ကြွက်နှာမောင်း အသစ်သစ်**၊ လိမ်ကာရစ်၍၊ **အနှစ်**တထောင်တထောင် ပြည့်ဆုံးမှ၊ တလုံးတလုံးသာ၊ သီးပွင့်လာသော၊အာသာဝတီ၊ နွယ်ဆီဩဇာ၊ အရသာချိုမြတ်ကို၊ ထက်နတ်

---

ဆက်တိုင်း=ဘဝဆက်တိုင်း=ဘဝ တိုင်း

မချို့=(ချို့တဲ့=လိုသည်)=မလို=ပြည့်စုံသည်

ကြွက်နှာမောင်း=နှာမောင်း=အညွန့်အခွေ

အသစ်သစ်=အမျိုးစုံ။(ပေါ်ရာကာ)=အများ

ရွာ နတ်အပေါင်းတို့ ကောင်းမြတ်သော အရသာကို၊ **လျှာပွဲတင်**လို သည်ဖြစ်၍၊အနှစ်တထောင်က တောင့်တ၍**တထင့်ထင့်**၊ မြော်လင့် **ငုံ့စား**လျက်၊တသက်သက်တစေ့စေ့၊ နေ့ကုန်သည်ပမာ၊ရစ်ရွေညာ က၊ မာတာပိတာ၊ မွေးမိဘနှင့်၊ အမနှစ်တည်၊ နောင်သည်ကိုကြီး၊ မရိုးနှစ်ဝ၊တူမခြားနေ၊မိတ်ဆွေတို့က၊မြင်ချင်လှ၍၊တောင့်တလျက် တစေ၊နေပါရသည်၊ အာသာကိုမရ၍၊ တောင့်တသည့် နှလုံးနှင့်၊ သေဆုံးတူးသည် ဝဏ္ဏမှာ၊ ရွှေဥဒေါင်းမင်းကို၊ ကျော့ကွင်း**ညွှတ်ကုတ်**နှင့်၊မုဆိုးထောင်သည် ရှိသော်လည်း၊ မမိစပါ၍၊ အာသာ ပြင်းသောကြောင့်၊မင်း၏မိဖုရား၊ ခန္ဓာလား၍၊ ဆုံးပါးခြင်းသို့ရောက် ချေသည်။ ။တထွေပုံသက်သေတရပ်လည်း၊ နတ်သွီးကိုမြင်ချင် ၍၊မမြင်ရသောကြောင့်၊တောင့်တသူတယောက်၊ ခန္ဓာပျောက်၍၊ **မျက်ခမွောက်**ပင် ဆုံးရှုံးတူးချေသည်။ ။ဟေမဝန္တာ၊မြိုင်လယ်**ချာ** က၊အရသာရှိသည့်၊ဇမ္ဗူ့သပြေသီးမှည့်ကြွေကို၊ ရလေ၍သုံးစား လျှင်၊ တပါးသော အရသာ၊ လျှာနှင့် မတွေ့လေ၍၊ သပြေသီးကို တောင့်တကာ၊မရသာသောကြောင့်၊ခန္ဓာပျက်၍၊အသက်ဆုံးတိုင် ရတူးချေသည်။ ။မြိုင်ခြေတောသာ၊ဟေမဝန္တာက၊ဘီလူးမသည်၊ သားလှ**သည်းချာ**၊လူ့ရပ်ရွာသို့၊သွားပါလေနှင့်၊တားသဖြင့်လည်း ခွင့်မရချေ၊သားသွားလေသော်၊ ဗျာဝေနောက်မှုး၊ လွမ်းချက်ထူး သောကြောင့်၊ဘီလူးမယ်မင်း၊သားနှင့်ကင်း၍၊ သေခြင်းသို့ရောက် တူးချေသည်။ ။ပုံညီပမာ၊ ရှုလှစွာ၏၊ အာသာဝတီ၊ နွယ်ဆိတ သီး၊ သပြေသီးနှင့်၊ နတ်သွီးတကြောင်း၊ ရွှေဥဒေါင်းတဝ၊သားကို တသည့်၊ ဘီလူးမပမာ၊ မိတမှာလည်း၊အာသာမပြည့်ဝ၊ သားကို

---

လျှာပွဲတင်=လျှာပေါ်တွင် စားပွဲတင်ခြင်း=လျှာပေါ်တင်၍စားခြင်း
တထင့်ထင့်=စိုးရိမ်စွာ
ငုံ့စား=အတူးစောင့်ဆိုင်းနေခြင်း
ညွှတ်ကုတ်=ကျော့ကွင်းတမျိုး=ညွှတ်ကွင်း။
မျက်ခမွောက်=မျက်စိအောက်တွင်
ချာ=အလယ်
သည်းချာ (ပေါရာဏ)=သား၊



တလျက်၊ နေ့ညတိုင်းပင်၊ မြင်လိုသည်ဆန္ဒနှင့်၊ သားကိုတ၍၊ ကာလ **တစေ**၊ နေရသည်ဖြစ်၍၊ စာရောက်လျှင် ရောက်ခြင်း၊ အပြင်းမကြာ၊ လာရောက်ပါမှ၊ တာပင်ငွန့်သော်လည်း၊ မနှံ့**မထောင့်**၊ မြောင့်နိုင် ရှိခိုင်မည်ဖြစ်၍၊ လွမ်းသစ်ဆင်ကာ၊ မှာလိုက်ပါသည် သားမောင်။

---

## ၃၄-ညီက သူကြီးကိုပေးသော မေတ္တာစာ

တယောက်နှင့် တယောက်၊ အမိ**တဝမ်းပေါက်**၊ ကျွန်တော်ညီ လျှော်၊ တဖြောက်ဖြောက်မြိုမြိုစွာ၊ မေတ္တာထပ်လောင်း၊ အကြောင်း စကား၊ ကြားလျှောက်လိုက်ပါလိုသည်၊ နောင်သည်သူကြီးမင်းခင် ဘုရား။ ။ရွှေဘွားတော်မြတ်အောက်၊ ဆန့်တက်ခဲ့ရမည့် အဖြစ်ကို၊ နှစ်ကြိမ်သုံးကြိမ် မှာထားစေလွှတ်လိုက်သည်မှာ၊ အားနာလျက်နှင့် ပင် ကိုယ်တွင်ဝေဒနာ မကင်းသောကြောင့်၊ မရောက်ရှိပါသည်၊ ကြီးစည်မြော်တွေး၊ လောကရေးကို၊ တွေးတောဆင်ခြင်နိုင်ပေါင်း တွင်၊ ထပ်လောင်း၍ဆင်ခြင်ရမည်မှာ၊ သူတကာခို့ရိုရာသည်၊ မီးနှင့် ရေသို့၊ ပေးသည်လို့လည်း မယုံသာ၊ များစွာသောမီးသာ ဘေးဖြစ် သည်မဟုတ်သေး၊ ဆေးဒိုးဆေးတံတွင် တင်သော အနည်းငယ် မီးတခဲကိုမဆိုထား၊ မီးပွါးကလေးမျှ၊ ယမ်းပုံကိုကျလျှင်၊ ဖြေးလမ်း သာဖြင့်ရအောင်၊ အစဉ်သာလောင်တတ်ချေသည်၊ ရေကိုဖူးနိုင်မျှ ဟူ၍လည်းမမှတ်သာ၊ ငါးဖြာသောရန်သူကြီးတွင်စို့ **သီးငန်းခြား** တပါးအဝင်ဖြစ်ချေသည်ကိုမဆိုထား၊ ကြမ်းတွက်ကြားက၊ အား မရှိသည့်ကြမ်းပိုးပင်၊ ကိုက်ထိုး၍ **တမြိုက်မြိုက်**၊ အအိပ်ပျက်သော

---

တစေ (ပေါရာဏ)=အမြဲ
မထောင့်=မစောင်းမတိမ်း
တဝမ်းပေါက်=အမိတဦးတည်း၏ ဝမ်းမှပေါက်ဖွါးလာသူ=ညီအကိုအရင်း
စို့သီးငန်းခြား=အစို့+အငန်း=လုပ်ငန်းတာဝန် တမျိုးစီဟူ၍
တမြိုက်မြိုက်=တစစ်စစ်ဖြင့် မထိတထိ အကိုက်ခံရသော ဝေဒနာ

ကြောင့်၊ မျက်စိမျက်ဆန်၊ ဖန်တန်တန်အကြောင်း၊ စားမကောင်း သောက်မဖြန့်၊ ညှိုးနွမ်း၍ရှိတတ်လှချေသည်။ ကိုယ်ရေကိုယ်သား တွင်၊ပွါးသည့်သန်းဖျ-သန်းဥလည်း၊အမှုအရထါး၍၊မအားအောင် ဖျောက်ရတတ်ချေသည်။ သင်္ချိုင်းသင်္ချာ၊ ထောင်ရာယမ်းဝင်သော၊ အသျှင် ကျေရာ၏ ဘုန်းတော်ကြီး ဘုရားစက်သာ၊ အသက်ကို ဖျက်ဆီးသည်မဟုတ်၊မီးပိုခုန်း-ဝါးကျည်ထောက်လည်း၊တောက် လျှောက်ပင် သေစေတတ်ပါသည်။မြွေအစွယ်ကို၊ငယ်သည့်လို့ မ လေးလျှင်၊ကွေး၍ကောက်တတ်သည်။သိမ်ကျသိမ်မာဝါးသော်လည်း မီးကျိုးကောင်းလျှင် ပျောင်း၍ပြော့တတ်သည်။ကြက်မ-မွေးသည့် ကြက်ကလေးအများလည်း၊အာ ါးတွင်ခွေးဝက်ကမကိုက်ကြလျှင် ထီမထင်စိတ်ရှိပြေးသောကြောင့် ကြက်ကလေးနှိုနိုကို၊စွန့်ချီ၍သွါး တတ်လှပါသည်။ မြစ်ဂင်္ဂါကမ်းယံတွင်၊ ဖျံနှစ်ကောင် ရေထဲမှာ၊ ဝင်ဆွဲ၍ရသည့်ငါးကြင်းသားကို၊စင်ကြားကခွေးယူလို့၊စိတ်ပူရ ကြောင်းများကိုလည်း၊ ဘုရားပင်ဟောတော်မူချေသည်၊ နွတ်နေ ကျွန်မှိုကျင်း၊ သောက်နေကျ ဟင်းကိုလည်း၊ မယွင်းဟုမမှတ်သာ။ တောလာတောသွား၊ သူတပါးတို့၊ နတ်ပြေးတမံ့၊ မှိုငုံမှိုပွင့်ကို၊ အ သင့်ဦး၍သွားတတ်သည်။သို့သောကြောင့်၊အငယ်အကြီး၊အနီးအ ဝေး အလေးအပေါ့၊ အလျော့အဘင်း၊ အတွင်းအပ စသည့်ဘေး ရန်၊အတန်တန်-တွေ့မတွေ့ကို၊ရှေ့လားနောက်နှစ်၊ကြံစီစစ်မှ၊ သုခ

---

ဖျောက်=အယားပျောက်အောင်ကုတ်ခြင်း
ဘုန်းတော်ကြီးဘုရားစက်=အမြောက်ကြီး
မီးပိုခုန်း=မီးပန်းအငယ်စား
ဝါးကျည်ထောက်=မီးပန်းတွင် ယမ်းထဲ့ထားသော ဝါးအခေါင်းပိတ်
မီးကျိုး=မီးခဲ
ထီမထင်=ဂရုမစိုက်
စင်ကြား=အလယ်ကောင်
မှိုကျင်း=ရက်,လ မှန်မှန် မှိုပေါက်နေကျနေရာ
တမံ့=ကြိယာအဖြစ်သုံးသော စကားတမျိုး
စီစစ်=စစ်ဆေးခြင်း



မဇ္ဈိလာ၊ချမ်းသာမြဲမြဲ၊ဖွဲ့နိုင်မည့်စကားထူးကို၊ထန်းဖူးတွင်စာရေး ၍၊လျှောက်ပေးလိုက်ပါသည်၊ နှောင်သည့် သူကြီးမင်းခင်ဘုရား။

---

## ၃၅-အမိကသားကို ပေးသော မေတ္တာစာ

သူရိန်ဟိမ၊ ရာဇရဝံ ဝသံအဖွာ၊ ရာဟုနှင့်သည်၊ ခုနစ်မည် ညစ်ကြေး၊ ကင်းဝေးသောအခါ၊ စန္ဒာကြိုဟ်မင်းသည်၊ ထွန်းလင်း အံ့ဘွယ်၊ ကြယ်များလယ်တွင်၊ တင့်တယ်လွန်မင်းမို့ သကဲ့သို့၊ အဆိုုပို အသွယ်သွယ်၊ အနှံ့ရာယ် ဘေးဘျမ်းအပေါင်း၊ မကောင်း သမျှ၊ အနိဋ္ဌရုပ်ကလာပ်မျိုး၊ ငုပ်လျှိုးပျောက်ပ၍၊မွေးမိဘနှင့်၊ နှမ ညီနောင်စုံ၊ဆွေပုံမျိုးပုံတို့အလယ်၊တင့်တယ်ကြီးမြတ်သည်ကိုသာ လျှင်မြင်ရပါလိုသောဟု၊မေတ္တာရေဖြိုး၊ ငြိမ်ဆေးပေးလေ့ရှိသော၊ မွေးမိဘခင်၊ ကြည်လင်ချိုသာ၊မေတ္တာစကား၊ မှာကြားအပ်သည်၊ သားမောင်။ ။မိဘဆွေဝါး၊ သားချင်းတို့မှာ၊ ရတနာ သုံးပါး ဂုဏ်တော် အဆင့်ဆင့်၊အကျင့်ရွှေဘုန်းတော်အခြားခြား၊သားလှ မေတ္တာ၊ ပဏ္ဏာအထပ်ထပ်ကြောင့်၊မနှောင့်ဘေးဘျမ်း၊ ငြိမ်းချမ်း အင်တန် ရှိပေသည်။ ချစ်ရည် တိုက်ကျွေး၊ သား ရင် သွေး ကို၊ သုံးလေးနှစ်မမြင်ရ၍၊စိတ်ကမပြေသည့်အချက်မှာ၊အသက်မဖြတ် ရုံမျှဆိုသကဲ့သို့၊ အမယ့်မှာ ရှိချေတော့သည်၊ "သား၏ရုပ်ရည်၊ သီဒါမည်သည်၊ရေကြည်ချမ်းမျှ၊ တပေါက်ကျကာ၊ မိဘတို့ဝမ်း၊ ငြိမ်းစေတမ်း" ဟူ၍ငင်း၊ "တရံတခါ၊ သားနှင့် ကွာသော်၊ သားမှာမျက်စိ၊ နှလုံးငို၍၊ ဘိုင်တို့ဘမ်းပန်းညိုးနွမ်းသို့" ဟူ၍ ငင်း၊သူဟောင်းတို့ အမိန့်တော်မြတ်ရှိသည်။ အမိကောင်းသားလှ၊ အဘကောင်းသား၊ မယားကောင်းလင်၊ အသျှင်ကောင်းကျွန်၊

---

ဆွေဝါး=ချစ်ခင်အပ်သောဆွေမျိုး
သားချင်း=ညီအကိုမောင်နှမရင်း
တမ်း=ထုံးတမ်း=ထုံးစံ

ဆရာမွန်တာပည့်၊ ဖြစ်လှည့် စေချင်သည်၊ မိခင်ဘခင်တို့ကို ပြုစုသည့်၊ မာတုပေါသကသောဏနန္ဒဇာတ်ကို ထောက်လျှင်၊နောင်တော်သောဏသည်၊ နန္ဒညီငယ်၊ ငါ့မွေးမယ်ကို၊ **ဆူလှယ်**ကျွေးမွေး၊ ခွင့်မပေးက၊ညီနန္ဒမှု၊ ဇမ္ဗူဒိပ်တလွှားတွင်၊ ရာဇာပါးမင်းကို၊ မတင်းချိုသာ သူ့ပညာဖြင့်၊ လွယ်ကာယူ၍ရလျှင်၊ ဖြုပ္ဗာဝဏ္ဏသည်၊ဗာရာဏသီ မင်းကြီးအား ဆက်သောကြောင့်၊ ထက်ဝက်သော ပြည်ကြီးစည်းစိမ်ချမ်းသာကို၊ ဗာရာဏသီမင်းကြီးက၊ ညီနန္ဒအား၊ ဆုဦးဆောင်နှင်းတော် မူမည်တွင်၊ စည်းစိမ်ကို မလို၊ မယ်တော်ကို လုပ်ကျွေးရအောင်၊ နောင်တော် သောဏထံ၊ ခွင့်ပန်၍ ပေးမည်ဆုကိုသာ၊ လိုပါသည်တင်လျှင်၊ ပြည့်ရှင်မင်းက၊ နောင်တော် သောဏထံ၊ ခွင့်ပန်၍ရသောကြောင့်၊ ညီနန္ဒအငယ်၊ မယ်တော်ကို လုပ်ကျွေးဘူးကြောင်း ထုံးဟောင်းနှင့်ချိန်လိုက်လျှင်၊ စည်းစိမ်ကို နှင်ဖြိုခြင်းမရှိ၊ အမိကိုသာ၊ ကြင်နာချစ်ခင်ဘူးသည့်အနေ၊ ထုံးသာဓကကို ထောက်စာ၍၊ မွေးမာတာမိခင်ထံ၊ လျှင်မြန်**ဆောစွာ**၊ ပြန်ခဲ့ပါမှ၊ ဘဝပင် ပြောင်းသော်လည်း မစောင်းမတိမ်းမယိမ်းမထောင့်၊ ဖြောင့်နိုင်မည့် အရေးကြောင့်၊ ရှေးလွမ်းဟောင်းတွင်၊ လွမ်းသစ်တင်၍၊ မြင်ချင်လှသည့်၊ စေတနာနှင့်၊ မေတ္တာရေချမ်း၊ ဆွတ်ဖျန်း သွန်းလောင်း၊ အကြောင်းကြားမှာလိုက်ပါသည် သားမောင်။

---

## ၃၆-သားက အတဆွေမျိုးတို့ကို ပေးသော မေတ္တာစာ

ကျွန်ုပ်အကြောင်းစကား၊ကြားမှာလိုက်ပါသည်၊ဘခင်ဆွေမျိုး ဘိုးဘွားညာတိ၊ မိထွေးမိကြီး၊ **ဝရီး**သားချင်း၊ ညီရင်းရပ်နေ၊ မိတ်ဆွေအပေါင်းတို့ခင်ဗျား။ ။ကျွန်ုပ်ကျွန်မှာ၊ရတနာသုံးပါး၊ ရတ

---

ဆူလှယ်=အလဲအလှယ်

ဆောစွာ=အဆောတလျင်=လျင်မြန်စွာ

ဝရီး=ဦးရီး (သို့မဟုတ်) ကြီးတော်



တော်တွင်၊ ဘခင်ဆွေမျိုး အပေါင်းက၊ သွန်းလောင်း မေတ္တာ၊ ပဏ္ဏာ အတွက်ကြောင့်သာ၊ အသက်မသေရုံမျှ ရှိရပေသည်။ အမှုနေ့ရှုပ်ထွေး၍၊ဟိုရှေးနှင့်ယခုကို၊ထောက်ရှုကြံလိုက်လျှင်၊ပဒေဟာရာဖြင်း နှယ်ကွက်မှာ၊ စစ်ပျက်သောကေဝင့်၊ ဘိမ်ထွက်ဖုံးသောလနေ၊ **ခြေကိုခြောင့်မက်**မိသော ပေါ်ရိသာဒ၊ငါ့ကိုစစ်ပြိုင်ဝံ့တပြီးမှုကား၊ သိုးလှ လေးယောက်ကို၊ လက်ရောက် ယူလေဟု၊ တိုင်းခြေကို လှည့်မှားသောမင်း၊ မျက်ကွင်းပုသဲ၊ ခံတွင်းထဲက ပဏ္ဏမြား၊ ထွက်ပါကြွားလည်း၊ မုဏ္ဏားပျက်နှင့် တွေ့လေ၍၊ သံခြေကျဉ်းခတ်ခံရသော၊ စန္ဒကုမ္မာမင်းသားကဲ့သို့၊ ကံမဲ့သော ကိုယ်စိတ်နှင့်ကြုံချေ၍၊ နေ့ထိုင်လာသွား၊ဝတ်စားမပွင့်လန်း၊ ညှိုးနွမ်းနုပ်၍ ယခုရှိချေသည်။ စေတနာကံထား၍၊ ဘွားမြင်သည့် သွီးသူငယ်မလည်း၊ ဘဝတပါးပြောင်းသွားသည့်မွေးမိခင်နှင့်၊အသွင်တူလှ၍၊ မေးကြံပြန်လျှင်လည်း၊ ဟုတ်မှန်သည့်သဘော၊ ပြောကြသကဲ့သို့ ထင်၍၊ အကြင်နာမပျက်၊အနှစ်သက် ထပ်လောင်းသကဲ့သို့ ရှိချေတော့သည်။ သို့သောကြောင့်၊ ကျွန်ုပ်ကျွန်အမှုမျိုးမှာ၊ ဘိုးဘွားတို့စကားကိုမနာယူ၊ မကြည်ဖြူသောကြောင့်၊ စိတ်ကမတူသူတို့မှာ၊ ပူတိုင်း ဝမ်းသာသည်၊ ပူတိုင်းဝမ်းသာမှ လူတို့ ချမ်းသာသည်ဆိုသကဲ့သို့ပင် ရှိကောင်းပလေသည်။ သို့ဖြစ်၍၊ ရှေးကံကိုလည်း ဝမ်းမနဲ့၊ တွေးကြံ၍လည်း ရနိုင်ဘဲ၊ ဝေးလံ၍လည်းကြေကွဲ၊ စိတ်ထဲထဲဒုက္ခ၊ရှိပြန်ရသည့်တွင်၊ ယောကျ်ားမနှင့်လည်းကွဲ၍ပြီး၊သိုးစားခြားနား၊ တွေ့ရာ လေးပါးက မှောက်၍၊ ကျောက်စရစ်တော **မာခေါင်းခေါင်း**မှာ၊ အတောင်ကျွတ်သော ကြိုးကြာ၊ ရေရှာ၍မရသကဲ့သို့ ဖြစ်သောကြောင့်၊ မေတ္တာရှေးကထက်၊ ထပ်လောင်းသွန်းဖျန်းပါမည့် အနေနှင့်၊ မိတ်ဆွေတို့မှာ၊ ချမ်းသာရှိသည်၊ မရှိသည် အတည့်ကျကျ၊ သိချင်လှကြောင်း၊ ချောင်းကောက်ရှာမြောက်ပါးက၊ ကြားမှာလိုက်ပါသည်၊ ဘခင်ဆွေမျိုး၊ ဘိုးဘွား

---

ခြောင့်=ဆူးခြောင့်ဖြင့်ထိုးပက်မိသော=ဆူးခြောင့်စူးသော

မာခေါင်ခေါင်=အလွန်မာကျောခြင်း

ဉာတိ၊ မိထွေးမိကြီး၊ ဦးရီးသားချင်း၊ ညီရင်းရပ်နေ၊ မိတ်ဆွေ အပေါင်းတို့များ။

---

## ၃၇-ကျည်းကန်ရွာ သူကြီး လူကြီးတို့က ဝန်စာရေးကြီးကို ပေးသောမေတ္တာစာ

ရာဇရာဇိန်၊ ဒေဝဒေဝိန်၊ မဟာမုနိန်၊ သိရိဗြာဓိပတိ၊ မုနိပုဂ်ဝ၊ နရိန္ဒပဟု၊ နရသနင်း၊ အမင်းမင်းတို့ အထွတ်အဖျား၊ ဘုရားမြတ်စွာ၊ မိန့်မှာ ဖွင့်ကြားသည်။ ။သုံးပါးသော မြတ်မွေတွင်၊ **ဝိရိယကို သီဟာရွေ့ရှုရှောင်၊ သီလကိုမွှန်ရောင်၊ သမာဓိကို ကျောက်တောင်၊ ပညာကိုတန်ဆောင်၊ ဒါနကိုအခေါင်**၊ ပြည့်စုံအောင်လျှင်၊ စောင့် ဆောင်တော်မူနိုင်သဖြင့်၊ မြတ်သောစီးပွါးချမ်းသာ၊ မင်္ဂလာတရား တို့သည်၊ **ယုဂန္ဓိုရ်တောင်ညီညွန့်မှ**၊ ထွက်သစ်သော နေဝန်း၊ ထွန်းသစ်သော ရွှေလမင်းကဲ့သို့၊ ပွင့်လင်းကြီးမား၊ ကြွားကြွား ကြွကြွ၊ လန်းလန်း ထလျက်၊ ဘောဂသမ္ပတ်၊ မြင့်မြတ်ထဲနက်၍၊ ရှေးကထက်ပင်၊ ကျေးမက်ဖြိုးပြ၊ အဆဆ ရသည့်ကိုသာလျှင်၊ ကြားမြင်ရပါ စေသတည်းဟု၊ ကျည်းကန်ရွာသူကြီး လူကြီး အပေါင်း၊ ဆယ်ချောင်းယှက်ဖြင့်၊ ဦးထိပ်ဆင်၍၊ လျှောက်တင်ပါပုံသည်၊ ယုဂန္ဓိုရ်တောင်မင်း၏ အစ်ကို၊ မြင့်မိုရ်တောင်မင်း၏ အချက်အချာ၊ တာဝတိံသာ၊ ဝေယန္တာဘုံဖျားဝယ်၊ သိကြားမင်းကြီး ကျွန်ယုံ၊ ဝိသုကြံနတ်သား အသွင်၊ အချွင်ကေရာဇ် ရွှေစက်တော်ရင်း၊ အတွင်းတော်ယုံကျွန်၊ တိုက်ဝန်းမင်းဘုရားကြီး၏ နှလုံးတော်ယုံ၊ မှုပုံလိမ္မာ အထူးထူး၊ ကျေးဇူးအပို့ပို့၊ ပြည့်စုံပေသော တိုက်စာ ရေးကြီးခင်များ။ ။လျှောက်ထားချုပ်ဆိုခဲ့သည့်နေ့ရက်၊ အတွက် အကျမှာ၊ ကာလခေတ်နှင့်ပြား၍၊ ရပ်သားရွာသူတို့ ကိုယ်ရေးလည်း

ယုဂန္ဓိုရ်တောင်=အရှေ့အရပ်ရှိ သာတောင်=နေထွက်ရာတောင်



တကြေးနှင့်တကြေး၊ တကြွေးနှင့်တရှင်၊ အဝင်အထွဲ၊ ရှုပ်ရှက်ဆဲမို့၊ **ကောက်ခွဲ**လို့ မရချေ၊ မပြေမချော၊ မရှင်းမလင်းနိုင်သည့်အမှု၊ အစုရ အချက်ကြောင့်၊ သူထက်ငါသာ၊ ရွာကိုစွန့်ထား၊ ထွက်သွားသူများ ကြမြင်းသည်၊ အသီးသီးသူကြီးတို့က၊ **မှိုင်းမကွင်းညှဉ်**၍သာ၊ ရွာ၏ **အယောင်**၊ တည်ထောင်၍ရှိပါရသည်၊ ပညာ**ကူမ**၍၊ လောကကို ထောက်လျှင်လည်း၊ ဇေဒင်ဆရာမြတ်တို့အမိန့်မှာ၊ အခါကြီးကာလ ကို၊ ကိုယ်ဥစ္စာမထုတ်ရာမှာ ပါသည်၊ လောကဓမ္မနှစ်ဝနှစ်ဖြင့်ကို၊ ဆင်ခြင်ဆညိုး၍၊ ပွင့်ဖူးစုံသဖြင့်၊ အင့်လှလှ၊ ပွပွလန်းလန်း၊ ပန်းဖြစ်မှ သာ၊ ပန်ပါသဖြင့်၊ ပန်းပင်လည်းမနာကျင်၊ ဆင်သူလည်းတင့်သကဲ့ သို့၊ သင့်ပါမည် အကြောင်းကို၊ ဦးခေါင်းလက်ထား၍၊ အသနား တော်ခံပါသည်၊ တိုက်စာရေးမင်းခင်ဘုရား။

---

## ၃၈-သူကြီးကတော်က-သားထံသို့ပေးသော ဩဝါဒ-မေတ္တာစာ

ဗုဒ္ဓမ္မော၊ သံဃာထပ်ဆင့်၊ ပန်းသုံးပွင့်ကို၊ အသင့်ဦးထက်၊ ပန် ဆင်ရွက်၍၊ ဘေးမတွေ့ ရန်**မမှောင့်၊ ကြောင့်ကြ**ခပ်သိမ်း၊ ကင်း ငြိမ်းပါစေသောဟု၊ ဩဝါဒသပဏ္ဏာ၊ မေတ္တာရေချမ်း၊ ဆွတ်ဖျန်း မမှေ၊ သွန်းလောင်းလေ့ရှိသော၊ မွေးမိသူကြီးကတော်၊ နာပျော်ချို

ကောက်ခွဲ=အခွန်တော် ခန့်ခွဲကောက်ခံခြင်း=အခွန်တော် စည်းကြပ်ခြင်း၊ အခွန်မည်မျှပေးရမည်ဟုကောက်ခံယူခြင်း
မှိုင်းမ=ကူညီခြင်း၊စောင့် ရှောက်ခြင်း
ကွင်ညှဉ်=စီမံခြင်း၊အုပ်ချုပ်ခြင်း
အယောင်=ပုံပန်း
ကူမ=ကူညီစောင်မခြင်း၊ကူညီစောင့်ရှောက်ခြင်း
မမှောင့်=ပူးကပ်ခြင်း၊နှောက်ယှက်ခြင်းမရှိ
ကြောင့်ကြ=စိုးရိမ်ခြင်း

သား၊မေတ္တာစကားမှာကြားအပ်သည့် သားမောင်။ ။အစောင်စောင် ကျမ်းဂန်သရုပ်၌၊ ဒုဗ္ဗဏ္ဏသမာနာ၊ အစဖြာလျက်၊ ဆရာဘုရား၊မြွက်ကြားတော်မူသည့် အမိန့်တော်တမ်းမှာ၊ စကားကြမ်းသူဖြစ်ဘိလျှင်၊အမိညာဘိတို့မှမကြည်ဖြူ၊သူခပ်သိမ်းတို့အား၊သနားချစ်ခင်၊ ကြင်နာစေတတ်သော သဘောနေ **အဆစ်**မှာ၊ ပြေပြစ်သောစကား၊ ချောမောသောစကား၊ နူးညံ့သိမ်မွေ့သောစကား၊ နှစ်သက်ဘွယ်သောစကား၊ ချိုသာသောစကား သာယာသောစကား ရှိသောသူဘို့ကို၊သနားချစ်ခင်၊ ကြင်နာကြကုန်သည်ဟု၊ မိန့်တော်မူပါသည်။ လူမှာမဆိုထား၊ သစ်ပင်များတွင်၊ နားသည့်ခင်ပုဇွတ်၊ ရှုပ်ရှက်ခပ်မြည်သံကြားလျှင်၊ နားနှင့်မပန်၍*၊ လိုက်လံနှင့်ထုတ်သည်။ ဥဩသံသာ၊ ကျူးရင့်လာက၊မလှုပ်ကြနှင့်၊တည်ပငြိမ်နေ၊ မြည်ပါစေဟု၊ ကုန္ဒြေကိုမျှ မပျက်အား ၊ နားခံ၍နေသည့် **ထုံး**နည်းရှိပေသည်။ဂါရဝေါစနိဝါတောစ၊သန္တုဋ္ဌိစကတညုတာ မင်္ဂလာလေးချက်တို၊ **လက်ပွဲနုလေးလုံး**မှတ်ရမည်ဟု၊ သူမြတ်တို့မိန့်တော်မူကုန်သည်။**နှုတ်ချိုလျှင်သူချစ်သည်၊ လက်တိုလျှင်သူပစ်သည်၊ နှုတ်ကြီးလျှင်သူငြိုသည်၊ လက်ကြီးလျှင်သူလာသည်၊** ဟူ၍လည်းဆိုထုံးရှိသည်။ ။ပိဒေသဝါသံဝါသတော၊မိန့်ဟောသည့်တရားမှာလည်း၊အခြားသို့ရောက်သောသူသည်၊သူတပါးတို့၏စေပါးလက်သုပ်၊ ကျွန်သူနုပ်ပင်၊ စတင်မောင်းမဲ၊ ဆဲရေးသော်လည်း၊ သည်းခံရ မည်ဆိုချေသည်။ ။“သူကြီးမိဘ၊ ဆရာစသား၊ ဗိုးရသခင်၊ ကျေးဇူးရှင်တို့၊ ပြစ်တင်မောင်းမဲ၊ ရိုက်ပုတ်ဆဲလည်း၊ ဝမ်းထဲယုံ့ယုံ့၊ ယုန်လျှင်ကြို့သို့၊ဆိုတုံ့မဝံ့၊ စောင်မာန်ညံ့လျက်၊

အဆစ်=အဆင်အပိုင်း၊အချက်အလက်
လက်ပွဲနု=မျက်နှာပွင့်ရန်ဆောင်သော လက်ပွဲ
လက်တို=အပေးအကမ်းနည်းခြင်း၊နှမြောခြင်း
နှုတ်ကြီး=စကားအပြောအဆိုကြမ်းတမ်းခြင်း၊ကြီးကျယ်ခြင်း

(*) နားနှင့်မပန်၍=ဟူ၍၊ နားနှင့်မတွဲ၊ နားမထောင်ချင်၊ နားနှင့်အခန့်မသင့်-ဟူလို၊



ကြောက်ရွံ့ရိုသေ၊သည်းခံတွေဖြင့်၊ မြဲစေနှုတ်လုံးယှဉ်စေမင်း”ဟူ၍ဆိုင်း၊“အောင်ချာနဂိရ်၊ မင်းကိုဆိုင်း၊ တကြောင်းပညာ၊ ရှိတို့မှာနှင့်ကြီးစွာကျေးဇူး၊ တင်ဘူးသူအား၊ ပြစ်မြင်ပြောလည်း၊ **ချောင်ချော** အဖြစ်၊မသွေ့စ်တည့်ရာချောင်ဝါ **ရွှင်း ရွှင်း**၊မိုးလမင်းအား၊သိကြားကရေး၊ ယုန်ရုပ်ဖေးလည်း၊သေးသေးငယ်ကို၊ဖြစ်မဆိုသို့၊ ရေညှိပဒုမ္မာ ကြာ၏အမျိုး၊ သူ့ဂုဏ်တိုးသော်၊ အမှိုက်မှု၊ ကြမ်းသောဟူ၍၊ လူဖြစ်မရှာ၊ ဥပမာသို့၊ စာနာထောက်ထား၊ ပိုင်းခြားနား၍၊ နှုတ်ကားစောင့်တုံရာ၏တည်း၊”ဟူ၍ဆိုင်း၊“အရေးရှိခါ၊ အရာကိုမလွှန်စေအပ်၊အမေးရှိခါ၊ပညာရှိကိုကပ်။ ။**နှုတ်ချော်** အဆိုကျူး၍မဝေ့စဝ်က အထူးကျပ်သည်။သတိလွတ်က၊သူကဦးသည်ဟူ၍ဆိုင်း ဆိုချေသည်။ပွင့်ဖူးစုံမှ အငုံလှသည်၊ အငုံလှမှ ငုံငုံလန်းလန်း၊ ပန်း၏ဂုဏ်ဖြစ်သည်ဆိုသကဲ့သို့ ဖြစ်စေရမည်၊”အကျင့်သွင်းက၊ ဘုန်းတန်းပျောက်သည်၊ **သစ္စာမမှန်က-ရန်မာန်မြောက်သည်။** ။သူ့ကျေးဇူးကို အထူးသိမှ စည်းစိမ်တည်သည်၊ ။လာမည့်ဘေးကို အဝေးက မြင်မှ အသက်ရှည်သည်။ ။သူ့ကိုအကျိုးလိုမှ ကိုယ်မှာအကျိုးရောက်သည်။ ။သူ့ကျေးဇူးကိုအထူးသက်လုံးသိ။ ။ကတိကိုလည်းမြဲလှစေ၊သတိကိုလည်းစွဲနိုင်စေ။ ။ပစ္စုပ္ပန်တဖြာ၊သံသရာမရှုံး၊ **ထုံး**ကိုလိုက်ချေမှ၊ ပညာရှိမြောက်မည်။ ။ထောက်ထောက်ထားထား၊ စဉ်းစား ဆင်ခြင်လေ့ရှိမှ အကျိုး ရောက်သည်။ ။သည်းခံပြည်းညှင်း၊မတင်းနှုတ်ချိုမှ၊ လူဗိုလ်မေတ္တာလောင်းသည်။ တယောက်လိမ္မာလျှင်၊ တရာ ချမ်းသာ၏။ ။အစွမ်းသာ ပဓာန၊ မတည်ပ သသူကိုမသုံး၊ ဘုန်းကိုချုပ်မှ ရန်လုံသည်၊ တယောက်ကောင်းကတသောင်းရန်ငြိမ်း၊အကျင့်ကောင်းကအသောင်းသျှို။ ။

လျှင်လျား=(ဇေါရာဏ)=အလျှင်အမြန်
မလှစ်=မဖွင့်
ရွှင်းရွှင်း=ရွှန်းရွှန်း=ထွန်းတောက်ခြင်း
နှုတ်လျှော်=လျှော်ပေါ်လော်လီသောစကား၊ပေါ့ဆသောစကား
သျှို--မျက်နှာပွင့်သေး

လူလိုကနတ်လို၊ နတ်လိုကနိုင်မာချေသည်။ ။အာလာပတည်လိုက ကတိတရားစဉ်းစားဆင်ခြင်နိုင်စေ။ ။အပိုးအပိုင်ကိုလိုက ကိုယ်၌ သစ္စာတည်စေ။ ။ရန်မဖို့ဌါ-မေတ္တာထပ်ပွါး၊ စကားချိုစေဟူ၍ ၎င်း။ စကားဆိုတွေ့ သူလိုစေ၊ ပေးကမ်းများတွေ့နှံ့ စပ်စေ ဟူ၍ ၎င်း။ စကားတင်**စကားဖျဉ်**၍၊ စကားဆင်မျိုး၊ နည်းဒိုးကြံနိုင်စေ၊ အဒိုးရသခင်၊ အသျှင်ကိုမြတ်နိုး၊ ပုသိုးကဲ့သို့မှတ်လေ။ ။နေခါသူ့ အောက်၊ ဆိုခါသူ့နောက်၊ စားသောက်အတန်၊ သည်းခံခြင်းလည်း ကြီးစေ။ သူစိမ်းသူကျွက်၊ ပေါင်းဘက်ယှဉ်ရာမယှဉ်ရာကိုလည်းသိ စေ။ ။မင်းညီခင်းသား၊ မြို့စားရှုံးမတ်၊ ယုတ်မြတ်သိသိ၊ သတိသွင်း နိုင်စေ။ မင်း၏မျက်နှာ၊ ရှုပ်ဝါခံတွင်း၊ အဆင်းသဏ္ဌာန်၊ ကြံအင်ကို လည်း သိတတ်စေ။ ။ဆိုရာ ဆိုခွင့်၊ ဆိုချိန်လင့်၍၊ သင့်ရာကို လည်းလျှောက်ဓိစေ။ ။အယဉ်အကျေး၊ ဆေးလေးဖြည်းညှင်း၊ မယွင်းဆိုလေ့ရှိစေဟူ၍၎င်း ဆိုသည်။ ။မင်းပန်သည့်ပန်းနှင့် တူ သောပန်းကိုလည်းမပန်ရာ။ ။မင်းဆင်သော ဝတ်စားတန်ဆာ ကဲ့ သို့ကိုလည်း မဆင်မဝတ်ရာ။ ။မင်းနှင့်တူသော မှုရာတိုင်း ကိုပင် မပြုရာဟူ၍၊ ဝိဓူရဇာတ် စကားကိုလည်း၊ ဘုရားဟောတော်မူချေ သည်။ စကားကြမ်းလျှင်မုန်းတတ်သည်၊ တရားဆန်းလျှင်ရှုံးတတ် သည်။ ။စကားကိုလည်းမကြမ်းနှင့်၊ တရားကိုလည်းမဆန်းနှင့်။ ။ **နားလေးလျှင်မချီ၊ ဝန်လေးလျှင်ချီ၏**ဆိုသောကြောင့်၊ သူ့သဘော ကို၊ လိုက်လျောညီထွေ၊ ကျင့်တတ်စေ၊ စရိုက်ညီထွေ၊ ကျင့်တတ် စေ။ ။ဆိုသည့်ထုံးကို၊ နှလုံးမိတ်ရေ၍၊ ပြောဆို နေထိုင်ရမည်။ ။သို့ သောကြောင့်၊ မြော်မြင်ဟောင်းတွင်၊ ထပ်လောင်း၍၊ ကြည်ကြည်

---

စကားဖျဉ်=ဖြေဖျဉ်သောစကား-နှစ်ဦး နှစ်ဘက် ကျေနပ်အောင်မျှမျှတတ ပြော သော စကား

နားလေးလျှင်မချီ=နားထောင်၍ ချိချိသာသာမရှိလျှင် စေခိုင်း၍မရ၊
=အပြောအဆို ကြမ်းတမ်းလျှင် တာဝန်လုပ်ကိုင် ပေးမည်သူက ပြုလုပ်မပေးခြင်း
=နားဝင်မချိလျှင် အလုပ်မလုပ်



လင်လင်၊ မြော်မြင်စေချင်သည့် စိတ်ထားနှင့်၊ **သားသမီးကို၊ ဆင့် စီး၍မြင်းရုံ၊ မြင်ရှင်လှမြန်သည်** ဆိုသကဲ့သို့ဖြစ်၍၊ အချစ်အခင်၊ အကြင်အနာကြီးလှသောကြောင့်၊ အဖိုးသူကြီးကတော်၊ နာပျော် ချိုသာ၊ မေတ္တာစကား၊ ကြားပါလိုက်သည်၊ **အမယ်**မှာထားသည့်၊ စကားကိုစုရုံး၍၊ နှလုံးသတိရှိပါသားမောင်။

---

## ၃၉-အဖိုကသားကိုအထူးမှာကြားသော မေတ္တာစာ

ဘိုဒါနဝတ်၊ အိုင်မြတ်ကုရွေ၊ သချော်သချာ၊ ဆင့်ကာထပ် လောင်း၊ ပေါင်းမစုနိုင်၊ ဖုံးဆုံးတိုင်သား၊ မေတ္တာအားဖြင့်၊ မွေးဘွား မိခင်၊ ကြည်လင်ချိုသာ၊ မေတ္တာစကား၊ မှာကြားအပ်သည်၊ သား မောင်ဘိုး။ ။အထူးမှာလိုက်ရန်ထုံးနဂိုမှာ၊ **ယစ်**လိုလျှင်ပြုန်းတတ် သည်။ ချစ်လိုလျှင်မုန်းတတ်သည်။ ။**ယူလိုသည့်**စကားကိုပြော လျှင်၊ သဘောတူ၍လူပိုးသည်။ မယူလိုသည့် စကားကို ပြောလျှင် သဘော မတူ၍ လူမုန်းသည်။ ။မယူမည် ယူမည်ကို သတိစွဲ မတူမည် တူမည်ကိုသိစမြဲ။ ။**အထဲမပါ၊**အပေါ်သာနှင့်၊ မှိန်ရာသိ အသင့်နည်း၍၊ သည်းစွာမထန်လျှင် ရှားတတ်သည်။ ။လိမ္မာပြီ အထင်သည်း၍၊ နည်းသာမခံလျှင် မှားတတ်သည်။ ။လူ့ပြည် လောကတွင်၊ **လောဘကြီးသူ စကားချိုတတ်သည်။** ။**ဒေါသ ကြီးသူ စကားတိုတတ်သည်။** ။**မောဟကြီးသူ စကားယိုတတ် သည်။** ။ချိုတန် တိုတန် ယိုတန်ကို နှလုံးသွင်းလေ။ ရှေ့ရိုပ်

---

မြော်မြင်=ရှေ့ရေးကိုတွေးတောကြံစည်ခြင်း
အမယ်=မိခင်
နဂို=မူလ၊ အရင်းအမြစ်
ယစ်=မူးယစ်ခြင်း၊ သောက်စားမူးယစ်လျှင်ငွေကုန်သည်၊
ယူလိုသည့်စကား=နာယူလိုသည့်၊ သဘောကျသည့်စကား
အထဲမပါ=စိတ်ထဲကမပါသော
စကားယို=စကားမှားယွင်းတတ်သည်၊

ငွေရိုင်၊ လေရိုင်၊ မိုးရိုင်၊ ကျောက်ရိုင် ထက်၊ လူရိုင်ကို သိခဲသည်။ ။အထဲနှင့်ပြင်ကို ဆင်ခြင်ယောက်ညှိ၍၊ သတိကိုအစဆွခင်ပွန်းနွဲ့မှ၊ လူရိုင်ကိုသိနိုင်မည်။ ။စကားအပေါင်းကိုအုပ်သည့် တတိ၊ တရားအပေါင်းကို ချုပ်သည့် သတိ။ ။ငါးပိကို မရှောင်လျှင် သွားနာတတ်သည်။ သတိကို မဆောင်လျှင် မှားရှာ တတ်သည်။ ငါးပိကိုလည်း ရှောင်ရမည်၊ သတိကိုလည်း ဆောင်ရမည်။ ငါးပိစားက သွားကျိုးလွယ်လှသည်၊ သတိထားမှ ပွါးတိုးကြွယ်ဝသည်။ ။အထ၊ ထိုရော်အခါ၌၊ ခဏ ကိုယ်တော်သာလိုက် ခရိတ်သကဲ့သို့၊ မိမိုက်-ဘမိုက်နှင့်လည်း တချို့ပြား၊ တချို့မှာလည်း ရဲသားဖြစ်ချေ၍၊ စာပေဘတ်တတ်ရုံမျှ မသိပြီ။ အပလီညတ်မဆန်းသောကြောင့်၊ **ဓနိဆမ်း** လှေလှော်ပင် ဖြစ်ကြရရှာသည်။ မောင့်မှာသည့်ကဲ့သို့မဟုတ်ချေ၊ မအေမိဘ၊ ငယ်ရွယ်ကပင်၊ **ဆုံးမပဲ့ပြင်း သွန်သင်**သမျှ၊ နားဝသသူ ဖြစ်သည့်လည်း တဖြာ၊ **အရောခံ**ရမည့်သူ ဖြစ်သည်လည်းတကြောင်း၊ အကြောင်းကြောင်းကြောင့်၊ ရုံးပေါင်းဆည်းပူး၍၊ သူတထူးတို့ထက် သတိထားရမည်ဖြစ်သည်။ ။ချစ်သော်ကား သကာ၊ မုန်းသော်ကား တမာ။ ။လာလို အနီး ကလေး၊ မလာလို ခရီးကဝေး။ ။မပေးလို မရှိ၊ မသွားလို မသိ။ ။စိတ်ရှိ ကန့်ပလူ၊ စိတ်မရှိ ကြက်သွန်ဖြူ။ ။စိတ်မတူ မရောက်မပေါက်၊ စိတ်တူ အခေါက်ခေါက်။ ။စိတ်ရောက်ရွှေဒီ၊ စိတ်မရောက် ခဲဇလီ။ ။စိတ်ညီသင်ဖြူး၊ စိတ်မညီ ရှောက်သူး။ ။စိတ်တူးနှေးတိုင်းတွေ့၊ စိတ်မကူးတသက်မေ့။ ။စိတ်တွေ့အားနာ၊ စိတ်မတွေ့မလိမ္မာ။ ။မေတ္တာရောက် တဟီဟီ၊ မေတ္တာမရောက် ညံ့ငီငီ။ ။မဆိုဆိုင် ခေါင်းခဲရောက်သည်၊ ဆိုဆိုင်လျှင် ခေါင်းခဲ ပျောက်သည်။ ။မျက်မှောက်မှာ ပျားလိုချို၊

ဝန်ထမ်း=ကူလီ၊ ပစ္စည်းထမ်းရွက်ရသူ
ပဲ့ပြင် (ပေါရာဏ) =ဆုံးမသည်
သွန်သင်=ညွှန်ကြားပြသသည်
အရာခံ=ရာထူးရမည့်သူ



မျက်ကွယ်မှာကနုဒို။ ။အချိန်နှင့်အပူ မတူကြသော၊ သစ္စရာသီးတခြမ်း၊ ပျားတခြမ်းတချို့။ ။သို့သောကြောင့်၊ အရေးရာမျိုးကိုမူပင်၊ သတိက ထားသင့်လှသည်၊ မလာကြာနိုးလျှင်၊ အမိက သားကိုတရသည်၊ မှာရသည့်အခင်းလိုရင်းစကားရေးမေး**မည်ဆိုစေ**ရာ၊ **သွေးမည်ကိုယ်ပမာ**။ ။လောကတွင်ဓမ္မတာ၊ ဥပမာကဲ့သို့ မွေးမာတာမှာ သွေးမည်ကိုယ်မမာ။ ။ဝေဒနာကလည်းတခြားသားမောင်ကိုလည်းမြင်ချင်၊ ဖာတာတွင်လည်း ဗေဒင်အရ၊ လောကဘွယ်ရာ၊ မလွန်သာ သေးသည့် တချက်၊ ဆရာက **ထွက်သောကြောင့်**၊ တသက်သက် တရေးရေး၊ မွေးမယ်တစေ့စေ့၊ အောက်မေ့၍နေ့စဉ်၊ သားကိုမြင်ချင်သည့်နှင့်၊ သည့်စာရောက်လျှင်ရောက်ခြင်း၊ ဝန်မင်းဘုရားထံ၊ ခွင့်ပန်၍လာခဲ့မည် သနစ်ကို၊ ချစ်လှ၍ကြားလိုက်သည်-သားမောင်။

---

## ၄၀-အဘက သားမောင်ပျို့ပြန်လာစေလို၍ ပေးသော မေတ္တာစာ

သီဒါနုဝဒတ်၊ အိုင်ဖြတ် ရေတို့ထက်၊ ဆယောက် ထောင်ရာ၊ မကသာ၍၊ မေတ္တာရေယဉ်ဖြင့်၊ **အလျှဥ်**မမွေ့၊ သွန်းလောင်းလေ့ရှိသော၊ မွေးပိဘခင်၊ ကြည်လင်ချိုသာ၊ ရပ်ရွှေညာက၊ မေတ္တာထပ်လောင်း၊ အကြောင်းစကား၊ မှာကြားအပ်သည်၊ သားမောင်ပျို့။ ။စာစောင်ကျမ်းဂန်၌၊ "တရံတခါ၊ သားနှင့်ကွာသော်၊ သားမှာမျက်စိ၊ နှလုံးရှိ၍၊ ဘဒ္ဒိတ္တိတမ်း၊ ပန်းညှိုးခွမ်းသို့"ဟူ၍ရင်း၊ "သားဖျားရုပ်ရည်၊ သီဒါမည်သည်၊ ရေကြည် ချမ်းမြ၊ တပေါက် ကျက၊

သွေးမည်=ခန္ဓာကိုယ်တွင်း၌ သွေးအသွား မညီညွတ်လျှင်
ထွက်သောကြောင့်=ဗေဒင်ဟောသောကြောင့်
အလျှဥ်=အဆက်မပြတ်

ဒိဘတို့ဝမ်း၊ငြိမ်းစဘမ်း''ဟူ၍၎င်း၊ ''ဖြတ်ခြင်းဂိုက်နာ၊မြို့ကိုမှာမျှ၊ ရှံခါတရစ်၊ မဖြစ်စေရက်'' ဟူ၍၎င်း၊ ဆရာကျော် သူမြတ်တို့၊ စပ်ဆိုမိန့်တော်မှုသကဲ့သို့၊ တန္တစ်ကျော် နှစ်နှစ်ကြာ၊သားမလာပဲ၊ တာရှည်နေတိ၍၊ မွေးမိဘမှာ၊ ရောက်လာစေချင်၊ မြင်လိုသော ဆန္ဒနှင့်၊တောင့်တလျက်တစေ၊ နေရချေသည်၊ထွေထွေလာလာ၊ ဂီတာဂီတ၊ ကာလအသွယ်သွယ်၊ သူငယ်စိုဘာဝ၊ ဆိုကြသည် အဆန်းဆန်း၊ တမ်းချင်း လမ်းချင်း၊နတ်ချင်း အထိုက်၊ အလိုက် သင့် မှတ်စဘွယ်မှာ၊ ''အမယ်လေး စိတ်တူ။ ။ပျို သည်းခု ရွှေနှယ်ရိုး၊ပိုးပိုင်သည့်လူ။ ။ချစ်ချင်းတူ၊ကူညီလို့ ကြံပါလေး။ ။ နှင်းဝေလို့မှုံ၊ ငိုးစောင်ဖြိုဖြန့်ခက်သည့်၊ လွမ်းရက်နှင့်ဝေး''။ ။ သို့လည်းတလိုက်။ ။''အမယ်လေးမြင်ကရို၊ မင်းအသိပ-မယ့် ရွှေတောင်၊လက်မတို့နှင့်မောင်။ ။ပုဆိုးအညှိုပေါင်နှင့်၊ မင်းရွှေ တောင် သည်တဖွဲ၊ အားယူလို့ ဦး''။ ။သို့လည်း တလိုက်။ ။ ''အမယ်လေး စိတ်မပြီး၊ သည့်လူကြီးလေး။ ။ရွှေလမင်္ဂလာပြို၊ လင်းလုဖြိုး''။ ။သို့လည်းတလိုက်။ ။''မလေးငဲ့မောင်၊ခေါင် ကိုမကူးပါနှင့်၊ ရောင်ရှုးလေး၊ ဒိုတောင်ကကူးသောခါ၊ ရောင်မှုး တောင်ငုလမ်းက၊ ပန်းပမယ်လေး''။ ။သို့လည်းတလိုက်။ ။ ''အနားနှစ်ဘက်မှာစိမ်းနုပေါင်၊ အလယ်ကောင်မှာ မှန်ကူကွက် နှင့်မခွေးပုံတော်-ဝင်လို့ ယက်သည်၊လက်ခတ်ကယ်ကျွန်းဖိုသား သောင်းတိုင်ကကြား''။ ။သို့လည်း တလိုက်။ ။''ဘုရား ငုတ်တို၊ ရောင်တော်သွတ်မှ၊ ပုံတော်ဝတ်မည့် မခွေးငယ်။ ။

ထွေထွေလာလာ=အမျိုးမျိုး
တမ်းချင်း=တမ်းတလွမ်းဆွတ်စွာ သီဆိုသောသီချင်း
လမ်းချင်း=လမ်းပေါ်၌ အပျော်အပါးသီဆိုသော သီချင်း
နတ်ချင်း=နတ်ပွဲများ၌ သီဆိုသော သီချင်း
သည်းအူ=အသည်းကဲ့သို့၊ အူကဲ့သို့ချစ်သူ
ရွှေနှယ်ရိုး=အနွယ်ကဲ့သို့၊ ပန်းရိုးကဲ့သို့ ပြောင်ပျောင်းသူ
အညှိုပေါင်=အညှိုရောင်ရေးထားသော



အောက်ပြည်ကိုရှေ့ရှော်ဆိုး၊ ပိုးဝယ်ခဲ့မယ်''။ ။သို့လည်း တ လိုက်။ ။''မန်ကျည်းငုတ်တို ရွက်နုပေါက်မှ၊ ချည်ရည်သောက် ပို့ မခွေးငယ်။ ။အောက်ပြည်ကနွားပိန်သား၊ဆားနယ်ခဲ့မယ်။ ။ စဖိုအုပ်ကို သုံးလုံးတယ်၊ အလယ်ကောင်မှာ ဖျဉ်းပက်လက်နှင့်၊ မခွေးပုံတော်ဝင်လို့ ချက်သည်၊ပွက်သံကို တေဘုရား၊ ကောင်း ကင်က ကြား။ ။သို့လည်း တလိုက်။ ။''လှေ ကလေး နှင့် အောက်ကိုရန်၊ မမင်းပုံလင်နေ့ရစ်တော့၊ မှာပစ်လေခြင်း''။ ။ သို့လည်း တလိုက်။ ။''ခေါင်းပေါင်းပေလီပေလံ၊ မြေနန်းက ဖြန့်။ ။သူကြီးကာလန်ခံနိုင်ရိုးလား၊ လှည်းစပ် တိုင်ကျိုး''။ ။ သို့လည်းတလိုက်။ ။''အစ်ထဲမှာစာချွန်၊ ဘယ်ဝန်ကပေး။ ။ စာချွန်တော်ရွှေပိန်းနှင့်၊ပြည်လုံးငြိမ်းဇး။ ။သို့လည်းတလိုက်။ ။ ''ခေါင်းပေါင်းနီသည်လို့၊ စစ်ချီမို့လေး။ ။ပြည်ထဲရှင် ပြည်ကို သိမ်းသည်၊ကျိန်းတဲ့ချေလေး''။ ။သို့လည်းတလိုက်။ ။''မန် ကျည်းပင်ကိုညောင်ပင်ဖြစ်သည်လို့၊တွင်ရစ်ကရော့၊မယ့်နတ်တူ ဒိမိဖြူဖြူဝယ်ကြောင့်၊ ချစ်သည့်သူ ကလူ ချော့လို့၊ ချစ်တယ်ဆို ချိုပါရော့လား၊ မင်းပြော့ပြော့ငယ်။ ။စိန်ကျောက်နှယ်တို့ထိုး၊ နိုင်နိုင်သုံးသည်၊မဘုန်းကြွယ်၊တယ်နှယ်မောင်မြေချော့လို့၊မြော့ ပါ့ခယ်လေး''။ ။ဆိုရေးတဝ။ ။''မြစ်တဘက်မှာ၊ဝက်လက်ဖြ သည့်နှယ်၊မမကိုမောင်ကြံ၊လူ့ထံရပ်ဝေး။ ။ရွှေလျော်တောဝန်းရှိ လို့၊ နို့ဗွာန်ကို ယူသောအခါ၊ ဖမ္ဗူရွှေနှစ်ကဲ့ ကြွင်းရစ်ချည့် လေး''။ ။သို့လည်းတလိုက်။ ။''နန်းလုံးကြိုင်၊လင့်စင် ထက်

ဖျဉ်းပက်လက်=ဇိုးပက်လက်
ပေလီပေလံ=ခပ်ထောင်ထောင်၊ ခေါင်းပေါင်းစ တလှုလှု
သူကြီးကာလန်=တရွာတည်းကို အုပ်စိုးသော သူကြီး
စပ်တိုင်=လှည်းဘီးတွင် ပျဉ်နှစ်ပြားစပ်ထားသည့် နေရာမှတိုင်
စာချွန်=ထိပ်နှစ်ဘက် ချွန်ထားသော ဘုရင်သုံးစာ
ကလူ=ကျီစယ်သည်၊ ကစားသည်
လင့်စင်=မုဆိုးများ သားကောင်စောင့်သော ခြေတံရှည်နှင့် ယာယီတဲ

မှာ၊တူတူဘက်လို့ လဲသောခါ၊ ဦးရှုဇိုင်တန်း ပုဂံရုတ်မှာ၊ ဆေးထုပ်လို့ပါ၊လောက်လေးရွှေကန့်မဟုတ်ပါ၊မသာဖျင်စတမတ်ပေးရွှေပါးဖိလို့ မယူသာ၊ ရောင်နီလာလို့၊ မမှာဖြစ်သည်၊ သိမ်းရစ်ပါလေး''။ ။''ရွှေပါးဖိလို့ သရည်ယို၊ မိုတိုတိုမို့ မယူဖြစ်သည်လှမ်းရစ်ပါလေး''။ ။သို့လည်းတလိုက်။ ။''သည်ဆောင်းနှင့်သည့်နွေ၊ ကုန်ပလေစေဦးတော့၊ တပေါင်းကျူးလို့၊ တန်ခူးကုန်၊ ကဆုန်ဆန်းသောခါ၊ရွှေမန်းမြေတောင်ပေါ်ထိပ်က၊ဈာဒိတ်ကယ်အောင်သံပေးလို့၊ငြိမ်းလိမ့်မလေး''။ ။သို့လည်းတလိုက်။ ။''အဆိုက်အတိုက်၊ ကာလကြိုက် အသွယ်သွယ်၊ သူငယ်တို့နှုတ်ထွက်ဂိုဏ်၊မှတ်ချက်သိမ်းရုံး၍၊ရွှေဘုန်းတော်ရှင်၊ပညာရှင်တိုင်းလုံးသခင်၊အသျှင်ဇေကရာဇ်မင်းတရားက။ ။''ဓားလွယ်ငွေကွပ်နှင့်၊ မြေညွှတ်အောင်ချီ၊အောင်ပြီတန်ဆောင်မုန်း၊ရွှေနန်းရှင်ဘုန်း၊''ဟူသော တိတ်နိမိတ်စကားတို့၏ အထွတ်အခေါင်၊ **တဘောင်**တကာတို့၏အဓိပတ်မှူး၊ရွှေလိုဦး၍၊အထူးထူးသောယတြာယာယီ၊အလီလီသောခေါင်းဆေးတော်**သကြန်**၊အတန်တန်မင်္ဂလာ၊ စီမံတော်မူဆဲ ဖြစ်ချေသည်။ဗေဒင်ကျမ်းအလာမှာလည်း၊''ရာဇယတြာ၊ဟိန္ဒူမေဝ၊''စသည်ဖြင့် သိမ်းရုံးလျက် ဘုန်းကြီးသော မင်းမြတ်တို့၏၊ ယတြာဆန်းအကြံပယ်ကို၊ထုန်းဝယ်သသူ၊ မင်းစသောသူတို့သည်၊ မခံနိုင်ကြောင်းကိုလာသည်ဖြစ်၍ဘုန်းကြီးသောအသျှင်ဇေကရာဇ်

---

ဦးရှုတိုင်=တိုင်မကြီး၊ အိမ်၏ အရေးအကြီးဆုံးတိုင်

တဘောင်=ရှေ့ဖြစ်မည့်အကြောင်းကို သိလိုလျှင် မြောက်အရပ်သို့သွား၍ ပထမဆုံး ကြားရသောအသံကို နားထောင်၍ နိမိတ်ကောက်ရသည်၊ ထိုအသံဖြစ်စေ၊ သီချင်းဖြစ်စေ၊ စကားဖြစ်စေ၊ ကြားရသမျှကို တဘောင်ဟုခေါ်သည်။

ရွှေလိုဦး၍=ရှေ့ကို အရောင်တင်ထားသကဲ့သို့

သကြန်=ပြောင်းလဲခြင်း=ခေါင်းလျှော်ခြင်း မင်္ဂလာ (ရှေးကရှင်ဘုရင်များသည် တလမှ တလသို့ ကူးပြောင်းသောအခါ ခေါင်းဆေးမင်္ဂလာပြုကြသည်၊ ဤသို့ ခေါင်းဆေး ခြင်းကို သကြန်တော်ခေါ်သည်ဟု ဆိုကြသည်။)



မင်းမြတ်၏အာဏာ၊ ယတြာ ယာယီတော်ကြောင့်၊ ပေါ်သစ္စရန်အမျိုး၊ ယွန်းယိုးဒယား၊ ကုလား အင်္ဂလိပ်၊ အရပ်ရပ် ကသည်း၊ မျက်နှာမည်းတရုပ်တလိုင်း၊ အရိုင်းအပိုင်း၊ တိုင်းစွန်း နိုင်ငံစွန်း၌နေသောသူအများ၊ ရေနှင့်ခါးကဲ့သို့၊ပျက်ပြားကျေမွလက္ခံ့ သောအကြောင်းဖြစ်ချေသည်။ ထိုသောကြောင့်၊ မောင်နေသော ထားဝယ် ဒလ၊မုတ္တမစစ်တောင်း၊ ဖေါင်းလင်းသဘုံ၊ဒုံဝန်းသံလျှင်၊ ဟံသာဝတီ၊ကေတုမတီ၊ မော်ဘီယွန်းသလင်း၊ သင်းပင်းတိုင်းခရိုင်၊ နိုင်ငံရစ်စွန်း၊ပင်လယ်ကျွန်းတစ္ဆင်၊အောင်မြင်ရာအရပ်သည်၊အရှင်အာဏာတော်ထားက၊ ကျေမွလက္ခံ့ ဖြစ်၍တကြောင်း၊ တနှစ်ကျော် နှစ်နှစ်ကြာ၊ တာရှည်လှပြီ ဖြစ်၍တကြောင်း၊ အကြောင်းကြောင်းပင်၊မြင်ချင်လှသောစိတ်ထားနှင့်၊မှာကြားလိုက်ပါသည်၊ စာရောက်လျှင် ရောက်ခြင်း၊ လျင်မြန်းမကြာ၊ လာရောက်ပါ[illegible]ဒိဘနှစ်ဖြာ၊ချမ်းသာရပျိုမည်၊ စိတ်ရည်တဲသန်နှင့်၊ပြန်[illegible]ည်ခဲ့ပါသားမောင်။

---

### ၄၁-ဘခင်က အောက်မြို့နေ-သားကိုပေးသော မေတ္တာစာ

ထီတာ ရစ်လည် ရစ်လည်၊ တောစဉ်ရစ်ဆီးရစ်ဆီး၊ မြစ်ကြီးရစ်သွယ် ရစ်သွယ်၊ မြစ်ငယ် ရစ်ဖြိုင် ရစ်ဖြိုင်၊ ရေအိုင် ရစ်ပိုက်ရစ်ပိုက်၊တောင်တိုက်ရစ်လျှိုရစ်လျှို၊ မြင့်မိုရစ်ပတ်ရစ်ပတ်၊ အရပ်ရပ်ဝန်းကျင်က၊တသွင်သွင်**တခီးခီး**၊စီးကျ**တတွေတွေ**၊ဖေးလှသောရေထက်၊ဆထက်ထောင်ရာ၊သချာသချော်၊ ကုမုမကာ၊ ဖေးလှသောမေတ္တာရေချမ်း၊ဆွတ်ဖျန်းသွန်းလောင်းလေ့ရှိသော၊ မွေးမိဘခင်၊ကြည်လင်ချိုသာ၊ရပ်ရွှေညာက၊ကြားမှာအပ်သည်သားမောင်။ ။ဒိဘမကွေ၊ မိတ်ဆွေတို့မှာ၊ရကာနှာသုံးပါး၊ ဂုဏ်တော်အားတွင်၊

---

**တခီးခီး**=အသွယ်သွယ်၊+**တတွေတွေ**=အစဉ်မပြတ်

သားတို့မေတ္တာ၊ ပဏ္ဏာကြောင့်၊ မနှောင့်အေးဘျင်း၊ ငြိမ်းချမ်းသာယာကြပေသည်။ သားမောင်တို့၏ ရှိရေးမရှိရေးကို ဝေးရပ်ဖြစ်၍သနစ်သနာ၊ ထပ်ကာမကြားရသောကြောင့်၊ နှောင့်ယှက်သောနှလုံးဖြင့်၊ ယူကျုံးမရ၊ တသ၍တစေ၊ နေရချေသည်။ ဘိုးအေဖြစ်သောသူမှာ၊ ခန္ဓာပြောင်းကြွ၊ တာတာပါးလားရချေပြီ။ ဤနည်းတူပင်၊ မိခင်ဘများ၊ သားမရောက်ခင်၊ သေလွန်လျှင်မူ၊ **ဖူးမြင်ချင်**သည့်စိတ်ထား၊ အယူမှား၍၊ လေးပါးသောပါယ်တွင်းကို၊ ဆင်းရမည်အနေသာများချေသည်။ **ချက်မြှုပ်မြေ** ဘွားရပ်ကို၊ မစွန့်အပ်သည်အကြောင်း၊ ဇာတ်ပေါင်းစကားမှာ။ ။ကျေးသား ဘုရားအလောင်းသည်၊ ညွန့်ညောင်းချက်ရှင်၊ မမြင်သော ရေသဖန်း...က်ဆွေးတွင်၊ ရှေးကျေးဖုးကိုးအောက်မေ့လျက် သက်စွန့်နေလေ ပြီး၍ ...ဒိကြားမင်းရေစင်ဖျန်းလျှင်၊ ရေသဖန်းငုတ်၊ အညွန့်ထုတ်လျက်၊ ခက်...က်ဖူးထံ စည်ပြန်သည့်ထုံးကို၊ နှလုံးစွဲ၍တ်၊ မွေးရပ်ကိုမပယ်သင့်ဖြစ်ရ...သည်၊ သဘောအနေအမွန်ကို၊ ရစ်ထံပိုစကားမျိုးလျှင်၊ **မုဒိုးနီးဝေးမဆိုရာ၊ စေတနာသာပမာဏ၊ အမျိုးနီးဝေးမဆိုရာ၊ မေတ္တာသာပမာဏ ဆိုသကဲ့သို့၊** တချို့လည်းတော်ကြပေသည်ပင်။ ပုံဖြင့်တရေးမှာ၊ အဝေးကိုအနီးလုပ်လျှင်၊ နှုတ်ထွက်ကအချိုအသာ၊ စိတ်စက်ကမလိုတမာ၊ နှုတ်ထွက်က အသေအချာ၊ ဝမ်းထဲက**ပလေပဇာ**၊ ပမာနှင့်ညီတတ်သည်။ ဇာတ်တည်ကြည့်ကိုပျောက်၍၊ စိတ်နောက်သို့ လိုက်ပါချေလျှင်၊ ကျက်သရေလည်းယုတ်တတ်သည်၊ စည်းစိမ်လည်း ဆုတ်တတ်သည်၊ အပါယ်မှာလည်းမြှုပ်တတ်သည်။ အတင်းနှစ်ဆယ်တင်လျှင်ထဲဖြင့်မှာကာလန္တား၊ ခြေကားရေး ပုဆစ် တုပ်တတ်သည်။ ကနုဒ်ိ နှစ်စေ့ **ဖမ်းလျှင်၊**

ဖူးမြင်ချင်=တွေ့မြင်ချင်
ချက်မြှုပ်မြေ=မွေးဖွားရာအရပ်
ပလေပဇာ (ပေါရာဏ)=ပေါ့ပေါ့ဆဆ
ဖမ်းလျှင်=ကနုဒ်ိ၏အစွမ်းက ဖမ်းယူလျှင်=ထိခိုက်ခြင်း



**တစ်မင်းလုံးထုတ်** တတ်သည်၊ ခွားနှစ်ကောင်ကို ဖြိုင်ပမ်းရောင်းလျှင်၊ တကောင်ဖွေ့တကောင်ကန်နှင့်၊ မြန်မြန် ပုဆစ်တုပ်တတ်သည်၊ အကြောအခြင်လည်း ပြတ်တတ်သည်။ **စစ်လျှင်ထွက်တတ်သည်၊ ချစ်လျှင်မက်တတ်သည်၊ ဖြစ်လျှင်ပျက်တတ်သည်၊** ဟူ၍ဆိုထုံးရှိသည်။ သို့ရှိသည့်ကိုပင်သိသော်လည်း၊ မိဘစကားမှာ–သကာ၊ သားသွီးစကားမှာ–တမာ၊ မိဘစကားမှာ**ပဒေသာ**၊ သားသွီးစကားမှာမရေမရာ၊ ဆိုဘိသကဲ့သို့ရှိပြန်တတ်ကြသည်။ သို့မရှိအောင် သတိဆောင်၍၊ သားမောင်ကို လာစေချင်သော ဆန္ဒရှိပါသည်။ မွေးမိဘမှာ၊ အိမ်တွင်လူမြားမြောင်သော်လည်း၊ သားမောင်ကိုသာ၊ ကြင်နာနှစ်သက်၊ စုံမက်သည့်နှလုံးနှင့်ပင်၊ လက်ရုံးတဘက် ပဲ့ တော့ သည် အောက်မေ့၍၊ တသ လျက် ရှိပါ သည့်သားမောင်။

---

၄၂–ဦးသာသနဇောတက–ညီမောင်ရွှေဝိုင်းထံ
ပေးသည့် မေတ္တာစာ

ယူဇနာတွက်ခန်း တသန်းနှစ်သိန်း၊ ကြိန်းထောင်သာ၊ လေးရာ့ငါးဆယ်၊ အပြောကျယ်စွာ၊ ထောင်ကြီးကာသော၊ စကြာဝဠာအနန္တရေဝယ်၊ လေးထွေသော ဒီပါတို့တန်ဆောင်၊ ရွှေရောင်ငွေရောင်၊ ဖန်ရောင် မြသား၊ လျှံကြွား ရွှမ်းအိလျက်၊ ကျောက်အတိဆိုင်၊ ခုံနိုင်မြိမြိ၊ ဂုမ္ဗလ်နာဂ၊ ရက္ခရက္ခသာ၊ သုရာသုရ၊ ဂရုဠအများတို့၊ စံစားမွေ့လျော်၊ ရှင်ပျော်မြိုးတည်ရာ၊ ယူဇနာ ရှစ်သောင်းလေးထောင်ရှိသော၊ ဂိရိဇာပို့၊ မြင့်မိုရ်တောင်မြတ်သည်၊ ဆယ်ရပ်

တဝမ်းလုံးထုတ်=တဝမ်းလုံးလျှောတတ်သည်
စစ်=စစ်ညှစ်ခြင်း
ပဒေသာ=မြောက်ကျွန်း၌ပေါက်သောသစ်ပင်=လိုတရသောသစ်ပင်
ရွှမ်း=စိုပြေသည်။
မှတ်ချက်များ (၁) တဝမ်းလုံးရှုးတတ်သည်။ ဦး

M.P—12

ရှိသော၊ စကြဝဠာပတ်ဝန်း၌၊ **သွန်းသွန်းသုန်သုန်၊** အဟုန်လျင်
ထန်၊ တိုက်လှန်ချိုးဖျက်တတ်သော၊ လေရဟတ်ချား၊ ယန္တရား
မုန်တိုင်းတို့၊ ခတ်ယိုင်းချိုးဖျက်ငြားသော်လည်း၊ ရွဲ့ပါးယိမ်းယိုင်
ခြင်းမရှိ၊ ပကတိကြံ့ခိုင်၊ တည်နိုင်သည့်ပမာ၊ ရှစ်ဖြာအံ့ဘွယ်၊ လေး
သွယ်ဂန္ထ၊ ကိုးလီသောရတနာ၊ ဆဲ့တဆသော အာနိသင်စက်ဖြင့်၊
နှစ်သက်မွေ့လျော်ဘွယ်၊ ကျယ်ဝန်းစွာလှသော သာသနာအခွေ့
ဝယ်၊ ရစ်ခွေလည်ပတ်၊ ချိုးဖျက်တတ်သော ဆန္ဒတ္တယ၊ ကာမ
တဏှာ၊ အတ်ဖြာနီဝရဏ၊ ဩဃယောဂ၊ အာသဝလေးပါး၊ ယန္တ
ရားလေဟုန်သည်၊ သုန်သုန်ကြီး တိုက်ဖျက်သော်လည်း၊ မပျက်
မပြိုနိုင်၊ ခံ့ခိုင်သောသမာဓိ၊ အဓိသီလသိက္ခာ၊ ဉာဏ်ပညာဖြင့်၊ ပါရ
မီဖြည့်ဖျော်၊ ရာကျော်သက်ရှည်၊ တည်နိုင်သည်သာ ဖြစ်ပါစေ
သောဟု၊ သဘောကျစိတ်မှန်းလျက်၊ "ဆင်လမ်းမြင်းလမ်း၊ မိုလ်
လမ်းရထားထိုက်၊ အလိုက်သင့်အနေ၊ ခရေ့ခွ-ခရုပတ်၊ အနော
တတ်ရေလည်ဟန်၊ သဏ္ဌာန်ရှုဖွယ်တောင်ဆင့်၊ မြင့်မိုရ်တက်-မြင့်မိုရ်
ဆုတ်၊ ကုဋ္ဌရာ ကြာချပ် စက်သွား၊ အင်းနားကွက်နေ၊ ထောင့်
မြေရိုနှန်း၊ အခန်းခန်းအဘွဲ့ဘွဲ့၊ မည်ရည်များမဲ့ကြသည်၊ တဆဲ့
နှစ်ရပ် အဋ္ဌခုတ်၊ ဘီလာခုတ် ကိုးသွယ်၊ အကျယ်မှာ အနန္တ၊
စမ္ပာနဝကွန်ချာ၊ ကဏ္ဍရာဆက်၊ အင်္ဂျိုးကူး၊ ဆီဘူးခက် ခြင်္သေ့
ခုန်၊ ဇမ္ဗူထုန် ဇမ္ဗူကျော်၊ နေကျော်လကျော်၊ ကျောက်ပေါ် ရေ
သွား၊ တဆယ်ရှစ်ပါးခရုပတ်၊ မဏိဇောတိရသ်နှစ်ဖြာ၊ ရတနာ
စာရလေးချ၊ စတုရင်္ဂနိပါတ်ရှစ်ဖြာ၊ ပဥ္စသာခါမူလ၊ အဋ္ဌသာခါကိုး
သွယ်၊ နေကွယ်လခံ၊ ဆိတ်တခံစာတချန်၊ ဂဠုန်တောင်ထောင့်ဖြတ်၊
နဂါးပတ် စက်သွား၊ သိကြားထံဆိပ်၊ သိကြားကျောက်စာတိုင်၊
ငြှိုပ်ပြိုင်-အင်း၊ ငြှိုပ်ဆိုင်အင်း၊ နဝင်းသက် တြွင်းသက်၊ အာယု
ခက်မျိုးတဝ၊ အာဋ္ဌာဝကမျက်စောင်းထိုး၊ မိုးမခနေမခံ၊ ပါပန်-
သောမန်၊ စာရံနှင့်ဂဏန်းသွင်း၊ မိတ်ကွင်းနှင့် ရန်ကွင်း၊ ပေတ

သွန်းသွန်းသုန်သုန်=သွန်သွန်သုန်သုန်=အသံမြည်စွာဖြင့် တသွင်သွင်တိုက်
ခတ်ခြင်း



ကင်းသင်းတပုံ၊ မှော်ရုံကြီးကွန်ချာ၊ ကေသာနောက်လှန်*နံ့ပေါ်
နှင့်ခါတ်ပေါ်၊ ဇော်ဂျီလာနှုန်းစာမူလ၊ စာမနှင့်ဘူတ၊ ပေါရိသာဒ
အထွက်အဝင်၊ ရှင်ထီလတ်စက်ပုံအင်းကွက်စုံ အသေအခွေတွင်၊
ဂဏန်းချေ ဂဏန်းထား၊ အကျွရာသွား-ဂါထာသွား၊" တိုင်း
မသိအများကို၊ နှံ့ထားလေ့လာ၍၊ ဝိဇ္ဇာလေးမျိုးတွင်၊ တန်ခိုးကြီး
လှသောဝိဇ္ဇာများတံခွန်၊ ပဒိမဝန်တောလုံးတန်ဆောင်၊ သူယောင်
ကြီးသားအမိ၊ ဝိပတိပဝရ၊ အတုလဖြစ်သော အင်္ဂဝိဇ္ဇာ၊ ဆရာ
တပည့်၊ ဇော်ဂျီများတို့ထက်၊ ဆထက်ထောင်ရာ၊ တန်ခိုးသာသဖြင့်၊
ကြီးရာခဏ၊ မုချလတ်လတ်၊ ပြီးစေတတ်သော၊ ရေမြတ်သိဘလ၊
ကာရုညတို့၊ ဩဇိသ အဆင့်ဆင့်ဖြင့်၊ အသင့်လောင်းသွန်း၊ ရှိ
ညွှန်းနှင့်အစ်လေ့ ရှိပါသော နောင်ကြီးရာတည်၊ အကြည်တော်
ဦးသာသနဇောတက၊ သိဒ္ဓေဟဝါစာ၊ မေတ္တာစကား၊ မှာကြား
လိုက်ပါသည်၊ ညီရင်းအသွင်၊ မောင်ရင်ရွှေပိုင်း။ ။အထိုင်းကြီးစွာ၊
ဉာဏ်သမ္ဘာဖြင့်၊ သံသရာဘဝ၊ မစွေထုံထို၊ တိုယခင်က၊ သဗ္ဗည
တ၊ ပစ္စေက-သာဝက သူမွန်တို့ထံ၊ ဆုပန်ဆုသူ၊ ကြည်ဖြူခဲ့ဘူး
သောကြောင့်၊ ငါးဦးသော ဗုဒ္ဓလတွင်၊ ဗုဒ္ဓုပ္ပါဒခဏ၊ မနုဿ
တဝ၊ သဒ္ဓမ္မသဝနာ၊ သဒ္ဓါသဒ္ဓန္တ၊ အင်လေးဝ စုံညီပေသည့် အမှု
တွင်၊ "ဂရုဘာဝပီယယောဂမေခနီ"၊ အစရှိသော ဝိသုဒ္ဓိမဂ်
ကျမ်းထွက်အင်္ဂါ၊ ညီညွတ်စွာသော၊ ဆရာမြတ်ကို၊ ဆည်းကပ်
ကိုးကွယ်ရခြင်းတည်းဟူသော၊ ခဏသမယကို၊ ရမြန်သည်အခါ၊
ကြိုးစား၍ သာသနာ တော်ဝယ်၊ ရွှင်ပျော် စုံမက်၊ အသက်နှင့်
အမျှ၊ ကြိုးစား ရအောင်ကို၊ ကြံဆောင် သင့်ပါလှပြီ၊ သို့အရာ

မုချ=သေသေချာချာ
မဿ (ပေါရာဏ)=ရှေးအခါ

(*) ကေသာနောက်လှန်ဟူသည်ကား၊ အင်းချနည်းအများတို့တွင် ဆံခံ
အင်းကိုဆိုသည်

မှတ်ချက်များ (၁) ဂရုဘာဝပီယယောဂမေခနီ၊ ဦး ဉာဏ်၌ ဂရုဘာဝနီယ-
ဟုရှိလျှင် သာ၍ကောင်း၏။

တွင်၊ အခါကိုချင့်လျှင် မရင့်သေး၊ ပညာကိုချင့်လျှင် မပွင့်သေး၊
သညာကို ချင့်လျှင် မမြင့်သေး၊ အသွေး တတ်မှ ထူးမြတ်စွာ
တောက်သည်၊ အမြေးတတ်မှ ကူးခပ်ရာ ရောက်သည်။ အတွေး
တတ်မှ မှူးမတ်ရာ ရောက်သည်၊ ဟူသော လောကီထုံးကို ရှု
လျှင်၊ ညီပုတို့မှာ၊ ငယ်နုသောအချိန်၊ သေးသိမ်သောပညာ၊ တဏှာ
ကိုလိုက်စားသောအရွယ်ဖြစ်၍၊ မနှစ်သက်အပ်၊ မမြတ်သော အာ
ရုံ၊ ကာမဂုဏ်ကို၊ စုံမက်သောအာလယ၊ ဒုက္ခကို သုခ၊ အနိစ္စကို
နိစ္စ၊ **ကဏ္ဍာလေခင်းမီး**ကိုရေချမ်း၊ ဘေးဘျမ်းကို ဆုလာဘ်၊ သူ
သတ်ကို မိတ်ဆွေ၊ တဏှာကို **အဘော်နှီး**၊ အဆိပ်သီးကို **သုခ
ဘုတ်၊ မစင်**ထုပ်ကိုနတ်ပြဒါး၊ ထင်တတ်စွာသော အရွယ်ဖြစ်၍၊
မနှစ်လိုအပ်၊ မမြတ်သောအာရုံ၊ ကာမဂုဏ်ကို၊ ခင်မင်ကြွေးသဖြင့်၊
**မှောက်မှား**မည်ကိုစိုးလှပါသည်။ ဤကာမလောကခံမှာ၊ ပုထုဇန်
တို့ခလေ့၊ မပြတ်မွေ့သောအာရုံ၊ ကာမဂုဏ်ရမ္မက်ကို၊ နှစ်သက်
ယောင်မှားကြ၍၊သားကလည်း တကြွက်ကြွက်၊ မယားကလည်း
တကျက်ကျက်၊ စီးပွါးကလည်းမတိုးတက်၊ စည်းစိမ်ကို ထား၍၊
အစားမှာလည်း **ပုံမမြက်**၊ မင်းများကလည်း နှိပ်စက်၊ ဒုက္ခကြီး
အချက်၊ဘုရားဟောကျမ်းထွက်၊ ဆယ့်တပါးမီးထွက်မှာ၊ အနုဿ
ဆင့်ပွါး၍၊ မယားမီးသားမီး၊ စီးပွါးမီး၊ စော်ကားမီး၊ တညီးညီး
တပြောင်ပြောင်၊ တောက်လောင်သည့် အရေးကြောင့်၊ မျက်
တမှေး လျှပ်တခတ်၊ ရင်တသပ်လက်တခါမျှ၊ ချမ်းသာခွင့်မမြင်၊
ပူပင်ပိတ် **လောင်လင်**ဖိတ်၊ ဘဝင်များ ထိတ်အောင်ပဲ၊ မောဟ

ကဏ္ဍာလောင်မီး=ကဏ္ဍာပျက်ခါနီး၌လောင်သောမီး
အဘော်နှီး=ရင်းနှီးသောမိတ်ဆွေ
သုခဘုတ်=နတ်တို့၏အစာ
မစင်=ချေး
မှောက်မှား=မှားယွင်းခြင်း
ပုံမမြက်=အရသာမြိုးမြိုးမြက်မြက်မရှိ=မမြိန်ခြင်း
လောင်လင်=ပူလောင်ခြင်း
မှတ်ချက်။ (၁) တင့်တယ်စွာသော။ ဦး



ပတ်တင်စွဲ၍၊ ဆင်းရဲကြီး တွေ့ကြမြားမချည်း၊ သူ့မယားမျက်
လှည့်ကောင်က၊ ပြုံးယောင်နှင့်၊ ရယ်ယောင်ကာ၊ ဗျာပါဒ်ကို
ခါတဲ့၍၊ ဆာသလား၊ ပန်းသလား၊ချော့စားမော့စား၍၊ အကြော
များမြှူတဲ့လျှင်၊ အပူကြီးဘေးပျောက်လို့၊ နတ်ရွာသို့ရောက်သည့်
နှယ်၊ **သပေါက်ကြီး**တတွေမှာ၊ သည်အနေနှင့်မြင့်ကြ၍၊ သံသရာ
နယ်ကြောမှာ၊ **တပေါ်ပေါ်** ရှိကြသည်ကို၊ မျက်စိအမြင်ပင် ဖြစ်
တော့သည်။ရှင်ချစ်မြတ်ဒေသနာ၊ မိန့်တော်မှာလည်း၊ မာယာစေ
သာမရိဗိဝ၊ သောကော ရောဂါ ဥပဒ္ဒဝေါ၊ စသောပဒေသဖြင့်၊
သင်မျှတို့ကို မဆိုထားတိဦး၊ အထူးပါရမီ၊ စာဂီ ကြီးမားသော
ဘုရား အလောင်းတော် မြတ်မှ ထုံသော်လည်း၊ တပဿ ဇာတ်
ဖြစ်စဉ်၊ ရေတွင်မျောလာသော စဏ္ဍကုမာရီ မိန်းမငယ်ကို၊ ကယ်
ဆယ်တင်ယူမိသည့်အရာကြောင့်၊ ဈာန်တိညာဉ်ပျက်စီး၍၊ သီလ
ကြီးပျက်ရှုံး၊ ပြန်းရုံသာမက၊ ဒမြတ်ရိုလက်မှာ၊ အသက်သေလု
ခါနီးသော၊ ဒုက္ခကြီး နီသန္တကို၊ တွေ့ရသည့် တအင်၊ မြင်ခွင်
စုံချာ၊ **ကဏ္ဍာရ**လမ်းခေတ်မှာ၊ ညီချစ်ရှုနှစ်ယောက်တို့ သတ်စား
ရာမှ၊ လွတ်ရှားအောင်ယူဝင်၍၊ တုယှဉ် ပေါင်းဘော်သည့် အ
တွက်ကြောင့်၊ ခိုးသူပျက်နှင့်စပ်ဘက်၍၊ တောင်တက်မြင့်စွာက၊
အသူတရာနက်သော၊ ချောက်ဝန်းသို့၊ ချတွန်းခံရသော၊ ပဒုမ
ဇာတ်တတန်၊ ချေင်သာယာ၊ **ဖျူဋ္ဌါ**စကားကို၊ လိုက်စားမိသည့်
အမှုကြောင့်၊ မုဒုလက္ခဏာဒေဝီသည်၊လူမပြိုပုံမပေါ်၊ ခေါ်ခေါ်ခိုင်း
ခိုင်း၊စေချင်တိုင်း ဆဲချင်တိုင်း၊ လေးငါးလ ကျွန်ပိုင်းမှာ၊ အရိုင်း
ရိုင်းပြုပြီးလျှင်၊ အရှက်ကြီး ခွဲလေသည်တသွယ်။ သက်နှစ်ရာရွယ်
တိုင်မြောက်၍၊သင်းချိုင်းသို့ရောက်မည်ကို၊ နှစ်ရက်လောက်သာ
လိုသော၊ ကတ္တသိုလ်ဆရာကြီးအမိသည်၊ကိလေသာ ရမ္မက်ဖြင့်၊

သပေါက်ကြီး=ကျွန်ကမွေးသောသား
တပေါ်ပေါ်=တပေါ်ပေါ်
ကဏ္ဍာရ=ခက်ခဲသောလမ်းခရီး
ဖျူဋ္ဌါ=လောကဝတ်=လောကွတ်=ဖေါ်ဖေါ်ရွေရွေ

အသက်နှင့်အတူ၊ မွေးမြူသော သားမြတ်ကို၊ သတ်တော့မည်သတောထားနှင့်၊ သစ်သားရုပ်ကို ချတ်မှားရှာသော၊ အသာတဖောက်ပုံ၊ နှုတ်ခံသန္ဓေ၊ နေကတည်းက စောင့်စည်းမွေးယူကာ၊ ချမ်းသာကိုခံစေလျက်၊ တကြိမ်မျှ မြစ်တူးကြသော၊ သုရာရက္ခ အလိုကိုလိုက်၍၊ ပုဏ္ဏားမိုက်လင်ပေါင်းကို ထောင်းစေတိသော မာနုဝိငယ်တဦး၊ သို့ကြုံတူးသည်ဟု၊ အထူးထူး အထွေထွေ၊ သချို အနန္တ၊ ကာမဂုဏ်အာဒီနဝကို၊ ပြသ ထုတ်ဘော်၍၊ ကာမဘော်ဆန္ဒ၊ မိန်းမတို့ဟူသည်ကို၊ ရေတည်သောမြစ်၊ ကောက်ကျစ်သည်သာ၊ ဖြောင့်ရာ မရှိသကဲ့သို့ရင်း၊ **သစ်ယောင်း**ဆွေးယိုကို၊ ဦးထိတိုင်းလောင်သည့်သာ၊ ရှောင်ရာမရှိသကဲ့သို့ရင်း၊ မာယာပေါင်း ၄၀၊ ပရိယာယ်တထောင်၊ ဝေဝုစ်ဆောင်တသောင်း၊ အပြောင်းမှာအနန္တ၊ အနွဲ့အရ အသင်္ချေကာမေသု ဝတ္ထုမှာ၊ ဘဝဂ္ဂဆယ်ဆင့်၊ မြင့်လှသည့်အမျိုး၊ အဖိုးလည်းမရ၊ **စောင်းမ**၍လည်းမလုံ၊ မီးပုံကို**သက်ယောင်မှား**သကဲ့သို့၊ မယားကိုတွေ့ရှာ၊ ကြီးလှသည့်အဝိဇ္ဇာ၊ နွံပိုင်းကြီး**လူတာ**မှာ၊ မြှုပ်လာသည့်စကားနှင့်၊ လိုက်မှား၍ သူ့ဘက်ပါလျှင်၊ နွံလာသည့် လေပွေမှာ၊ ရွက်ဝါတိုင်းကြွေသည့်နှယ်၊ လေးထွေသော အပါယ်တို့သို့၊ စုံသူ့သားများချေသည်။ အထွေထွေအဝဝ ပုံပြ၍မှာသမျှကို၊ ကြံဆင်ခြင်သတိရ၍၊ သည့်လောကပဋ္ဌမှန်မှာ၊ အကြံကြီးအဘန့်ကြီး၊ ဉာဏ်စက်ကိုခိုမှီး၊ သီလတည်းဟူသော ယာဉ်ကိုစီး၍၊ မဂ်ခရီးသာခုံကာ၊ ဖြူရှစ်စုံ ထိုးကာလျက်၊ သန္တိနိဒါစည့်ရွှင်း၍၊ ဖြိုင်နန်းကိုခိုရအောင်၊ ကိုယ်ကြီးညီ မောင်ရွှေမိုင်းမှာ၊ မဆိုင်းပဲလျှင်လျှင်၊ ရဟန်းဘောင်သူတော်ခွင့်

---

**နှုတ်ခံ**=ကိုယ်ဝန်၊ ပဋိသန္ဓေရှိခြင်း
**သစ်ယောင်း**=သစ်ခြောက်
**စောင်းမ**=စောင့်ရှောက်ခြင်း
**သက်ယောင်မှား**=ယောင်မှား၍ဆင်းသက်ခြင်း
**လူတာ**=နွံအတိဖြင့်ပြီးသောကွင်းပြင်ကြီး



ဝင်စေချင်လှသောကြောင့်၊ အနန္တမဋ္ဌူ၊ ဝေပုလ္လတတောင်တန်[၁]၊ ဒေသနာပုံစံဖြင့်၊ ချေးသာသာယာ၊ ကြားလိုက်သည်၊ ညီမြတ်သင်းဝင်၊ မောင်ရင်ရွှေမိုင်းများ။

---

## ၄၃–ကျည်းကန်ရှင်နန္ဒဇေကာ–ပုဂံပဉ္စင်းသစ် ဦးအာစရထံ ပေးသည့်မေတ္တာစာ

"အာရောဂျံ-ပရမံ-လာဘံ၊ သန္တုဋ္ဌီပရမံဓနံ၊ ဝိဿာသသောပရမာဉာတိ၊ နိဗ္ဗာနံ ပရမံ သုခံ"။ အရင်းခံ၍၊ မိန့်သံဒေသနာ၊ လာသည့်မြေစက်၊ ရွှေနှုတ်ထွက်ကို**ဇစက်**မရှိ၊ သိသည့်နှလုံး၊ စွဲသုံးထောက်ရှု၊ စတုပါရိ၊ သုဒ္ဓိသီလတည်းဟူသော၊ **ကနက်ထီးမြူ**ကို၊ မိုက်ထုကာမိုး၍၊ ကိုးပါးသောဂုဏ်တော်ပန်းကို၊ လန်းလန်းထိပ်ပြင်၊ အမြဲဆင်လျက်၊ သုံးအင်သော လက္ခဏာယာဉ်ကို၊ အစဉ်မယွင်း၊ စီးနှင်း**ထက်ကြုပ်**၊ မကွာကပ်လျက်၊ လေးရပ်သော စတုရာရက္ခတရားကို၊ **စည်းသား** ကွယ်ကာလျက်၊ ထောင့်ငါးရာရန်သူ၊ မပြုမဝင်မည့်အတွက်၊ ခြောက်ချက်သော လေသာတံခါးကို၊ ဆီးတားပိတ်ကာ၍၊ မဟာကုသိုလ် ရှစ်ပါးတည်းဟူသော၊ အမတ်ကြီး **တသင်း**ကို၊ အတွင်းမြဲစေ၍၊ ချမ်းမြေ့လှတီ၊ အတုမရှိသော၊ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော်တည်းဟူသော၊ နတ်ပြဿဒ်၊ အာသာဝတီ၊ နွယ်ဆီ

---

**ဇစက်**=ဇဝေ ဇဝါ=ယုံမှားသံသယ
**ကနက်ထီးမြူ**=ကနက္ကဒဏ်ထီးမြူ
**ထက်ကြုပ်** (ပေါရာဏ)=အမြဲမကွာ
**စည်းသား**=မျဉ်းကြောင်းရေးဆွဲလျက်ပိုင်းခြား၍
**တသင်း**=တစု

မူကွဲများ (၁) ဝေဘူလလတောင်တန်း။ ဦး–(မှားသည်)။ အမှန်ကား "ဝေပုလ္လတတောင်တန်"ဟူလို၊

ချိုမြက်ကို၊တသက်ပန်လုံး၊ **ဘုဉ်းပေးတော်** မူနိုင်ပါစေသောဟု၊ အနုဝတတ်ဆန္ဒန်၊မန္ဒာကိနီ၊ ဘုန်းရှိသောရေအိုင်၊ရေအိုင်တို့၌၊ ပွင့်ဖိုင်ငွါးငွါး၊ ဝတ်ဆံကားလျက်၊ ငါးမည်သော ပွင့်ချပ်ဝတ်မှုံ၊ ပဒုမ္မာဝတ် ညှောက်တွင်၊ အောက်နှင့် အထက်၊ သက်ချည်ဆင်းချည်၊ ပရပတ်လည်အကြွမ်ကြွမ်၊ စိန်ရရိန် ဖွဲရ ရွှဲ၊ ဝတ်ပန်းရည်ဗိုရွှဲအောင်၊ တွဲရရွှဲလျောကျသောဝတ်ရည်ပေါက်ဖျှမကာ၊ဖေးလှသော မေတ္တာရေချမ်း၊ ဆွတ်ဖျန်းသွန်းလောင်းလေ့ရှိပါသော၊ရှင်နန္ဒဓေ၊ ချမ်းမြသောမေတ္တာစကား၊ ကြားရောက်လိုက်ပါသည်၊ သောတဇနပုဂ္ဂိုလ်ဦးအာစရ။ ။မေတ္တာထပ်သွင်း၊ သတင်းကြားရောက်ရန်မှာ၊ သုနာပရန်၊ တမ္ပဒီပ၊ ကမ္ဘောဇနှင့်၊ တိုင်းမထိပ်ဖွေ၊ ကျက်သရေရွှန်းဝါ၊ မင်္ဂလာထွန်းဝင်း၊ ရွှေတွင်းငွေတွင်း၊ ပယင်းတွင်းမြတွင်း၊ ဖန်တွင်းမှန်တွင်း၊ပုလဲတွင်းပတ္တမြားတွင်း၊နီလာရတနာ၊ တွင်းတကာတို့၏သခင်၊ အသျှင် ဇေကရာဇ်ရွှေဘုန်းတော်ကြောင့်၊ "ဝိနယေ ဌိတေ သာသနံ ထံ၊"ပါဠိ၊လာရှိသည်နှင့် အညီ၊ ဝိနည်းဝိနယကတ်ကို**ကြေငြာမန္တီး**ဆော်တော်မူ၍၊ သာသနာစည်ပင်ထွန်းဝင်း၊ ပွင့်လင်းပေသည်။ ဉာဏ်နေချင်းမမျှခဲ့၊ အားနဲ့သောပုဂ္ဂိုလ်တို့မှာ၊ ဂုဏ်ရှိနှင့်ခြင်း၊ သကတ်နှင့် မချွဲ၍၊ပိန်းမများလည်း၊ ယောကျ်ားပီစေဆိုသကဲ့သို့ရှင်း၊ လသာသာကိုအင်္ကျီဖြူကလေးနှင့်၊ မည်းမည်းဆိုသကဲ့သို့ရှင်းရှိကြ၍၊ ဆန္ဒရောက်သည့်စာ၊စိတ်ညစ်အောင်စက်ရာတွင်၊ကျက်ရန်တလိုက်၊ ဝိနည်းဆိုက်သောကြောင့်၊ **ကျိုက်သိုး**ထရာတွင်၊**တောင်ငှနာ**မှောင့်သည်၊ နူရာတွင်ဝဲစွဲသည်၊ လဲရာတွင်ခြစ်ခုံနှင့်ဆောင့်မိသည်၊ ဆိုသကဲ့သို့ရှိကြ၍၊ ဝိနည်းကိုလည်းမရ၊ သင် ကြားသည့်စကား၏ အလိုကိုမပြီး၊ **ထီးတင်ပွဲကိုလည်း မမြိ၊**

---

ဘုဉ်းပေး=စားသောက်ခြင်း

ငွါးငွါး=ပွင့်ပွင့်လန်းလန်း

ကြွမ်=အထူးသဖြင့်ကြီးကြွမ်စောင့်ရှောက်၍=အုပ်ချုပ်၍

ကျိုက်သိုး=ရောဂါနာမည်တမျိုး (အဖုအပိမ့်ထွက်သောရောဂါ)

တောင်ငှနာ=ရောဂါ၏ နာမည် (ဝဲတမျိုး)



**အဘွားကြီးကိုလည်းမတွေ့ရ**၊ ဆိုသကဲ့သို့ဖြစ်ကြချေသည်။ ဆရာတို့မှာ၊ သာသနာတော်ထွန်းဝင်း၊ ပွင့်လင်းလောက်သည့် ဉာဏ်အခံရှိသည်နှင့်အညီ၊မဟာပထဝီထဲသဲတိုင်အောင်ရပ်ဆိုသကဲ့သို့ရှိစေချင်ပါသည်၊အချို့သခင်၊စာသင်များလည်း၊ငါ့သားလှသွင့်ရာ၊ **တုံးတင်မှာ**ဆိုသကဲ့သို့ရှင်း၊ **ပိုးသာကုန်၍ မောင်ပုံစောင်းမတက်** ဆိုသကဲ့သို့ရှင်း၊ ငွေသာကုန်၍ **မြုံ စီစီ** ဆိုသကဲ့သို့ရှင်း ဖြစ်၍၊ ဘုန်းကြီးမဏိလို*ဂုဏ်သာရှိသည်၊ထိပ်ကွက်လောက်၍မပြောင် ဆိုသကဲ့ရှင်း ရှိတတ်ချေသည်။ ဆရာတို့မှာ၊ ဆင့်စာ ကျက်စာ၊ နှစ်ဖြာကိုပင်၊ မြင်လင့်ကစား၊ လက် တက် တောင် ကို တက်လျှင်၊ နွားအော်သည် ဆိုသကဲ့သို့ရှင်း၊လင်လိုဘုန်းကို နားဝဲ့သည်ဆိုသကဲ့သို့ရှင်း ရှိတော့မည်မဟုတ်၊သို့ဖြစ်၍၊**မိုးကိုသင့်ချွင်မျိုးရင့်သည်**ဆိုသကဲ့သို့ရှင်း၊ **မက်ရေသုနှင့်လင်းသည်**ဆိုသကဲ့သို့ရှင်း၊မိုးမှာပျံပေ၏၊ယမ်းမကုန်ဆိုသကဲ့သို့ရှင်းမရှိရအောင်လသာရိုက်ကို ဗိုင်းဝင့်လိုက်သည် ဆိုသကဲ့သို့ရှင်း၊ သာသနာတော်နှင့် ဆရာတော်ထင်ရှားရှိရိုက်တွင်၊ နှစ်ဖြိုက်လှရွာ၊ ဝါသနာနှင့်တကွ၊ လှုံ့လဖြူတော်မူပါ၊ ပေါင်းရောကျွမ်းဝင် ဆွေခင်ပွန်း အချို့**ဓလေ့**လည်း၊တနေ့လုံးနှမ်းသို့မှ လူစော်မနံ၊သည်လူနှင့်ငြားလျှင်၊ဝဝိပုတ်မျက်ချိုသွေး၊ရွှေရေးပန်းကန်သို့ တက်သည်ဆိုသကဲ့သို့ ဖြစ်တတ်ချေသည်။ လောကဓမ္မ၊နှစ်ဝနှစ်ဖြာ၊အရာရာမျိုးကိုရွှံ၍၊ သဗ္ဗကာရ

---

တုံးတင်=ခြံပေါက်ဝတွင် တံခါးသဘွယ် ဘုတ်များဖြင့် လျှိုသွင်း ထားသော အတန်း

မြုံ စီစီ=ပွင့်ပွင့်လင်းလင်းမရှိခြင်း၊ အရာမရောက်ခြင်း

မက်လုလု=အိပ်မက်ခါနီး၊ အိပ်မက်တော့မည်ဆဲဆဲ

ဓလေ့=အကျင့်

*ဘုန်းကြီးမဏိလို ဟူသည်ကား-ဘုန်းကြီး၏ ခေါင်းဟူလို- ခေါင်းကို မဏိခေါ်သည်။

တရားကိုညှိလျက်၊ သတိကိုမြို့မြံစေချင်လှ၍၊ မေတ္တာရေမောင်း၊ သွန်းလောင်းဆက်ကပ်သည့် ဦးအာစရ။

---

## ၄၄-ပုဂံဦးပဥ္စင်းသစ်-ဦးအာစရက ကျည်းကန်ဆရာ ရှင်နန္ဒမေဓအား ပြန်ပေးလိုက်သည့် မေတ္တာစာ

ပုဗ္ဗေ၀သန္တိ၀ါသေန၊ပစ္စုပ္ပန္နဟိတေန၀ါ၊အစဖြာလျက်၊ဂါထာ မိန့်ခွန်း၊ ဗျာဒိတ်တော်တမ်းနှင့် အညီ၊ အတ္တကြွာယီ၊ ပီယမိတ္တ၊ **သဟာယစစ်**၊ ဖြစ်ပေသော သာမဏေရ၊ ရှင်နန္ဒမေဓ၏ ဗာဟိရဇ္ဈတ္တ ဒွယသဏ္ဌာန်ဝယ်၊ ငြိတွယ်ယှက်ပူး၊ တကူးကူးတသန်းသန်း၊ **တမြန်းမြန်း**တဖြောက်ဖြောက်၊ လှုပ်ချောက်ဆီးတန့်၊ ကန့်ကွက်နှိပ်စက်တတ်သော ဥပဒ်ဘေးဒဏ်၊ အန္တရာယ် တည်းဟူသော၊ ဘီလူး**သဘက်၊ ရက္ခိုက်**တစ္ဆေ၊ **မြေဘုတ်တောသူ**အမျိုး၊ နတ်ဆိုး နတ်ပူးကပ်၊ ရက်ရော ကြမ်းကြုတ် လှသော၊ ရန်ဆူးရန်ငြောင့် အပေါင်းအစုတို့ကို၊ တရ မကြွင်း-မကျန်၊ လျင်မြန်စွာ **တိုက်ကနိုက်**၊ တခိုက်ခိုက် တဖျတ်ဖျတ်၊ ဆတ်ဆတ် တုန်လျက်၊ တသုန်သုန် လျှိုးပုန်း၊ **တရှုန်းရှုန်း**ပြေးဆင်းစေတတ်သော၊ မြသန့်စင်ကြယ်၊ ကြီးကျယ်ဖွန်တက်၊ ထက်မြက်**ရှိန်စော်**၊ အာနုဘော်

---

မြို့မြံ=မြို့ရိုးကဲ့သို့ နိုင်လုံစွာ ကာရံထားလျက်
သဟာယ=အဆွေခင်ပွန်း
တမြန်းမြန်း=အနှံ့အပြားတက်ကြွခြင်း၊ အသံမြည်ခြင်း
သဘက်=သရဲထက်ကြီးသော သတ္တ၀ါ
ရက္ခိုက်=ဘီလူးကြမ်း
မြေဘုတ်=မြေဘုတ်ဘီလူး
တောသူ=တစ္ဆေ
တိုက်ကနိုက်=ကတိုက်ကနိုက်=ကမန်းကတန်း=အလျင်အမြန်
တရှုန်းရှုန်း=ထောင်ပံခတ်သောအသံကဲ့သို့ မြည်သောအသံ
ရှိန်စော်=ကျော်စော်သော အရှိန်အ၀ါ=တန်ခိုးအာဏာ



နတ်လေး၊ ငြိမ်းအေး ချမ်းမြေ့ လှသော တန်ခိုးနှင့် ပြည့်စုံစွာ၊ ညံ့ ဖြောင်း မပါစေရ ပွ-**သွားဟ**-သွားဟုန် မတာဝ်၊ ချဉ်းကပ်-ဥါ ကွာ၊ ဆရာမလို၊ နဂိုမှန်-ဖြိုးဖီးလှသောသတ္တိကြောင့်၊ သိဒ္ဓိတကာ ခေါင်ချုပ်ပြုသော၊ ဟောတုကြိယာတွင်၊ ဝိကတိ သဘောအနေ၊ အဝေရော၊ အဗျာပဇ္ဇော၊ အနီဃောဟု၊ ကဏ္ဍ္ဍားသုံးချက်၊ ဆက်ကာဆက်ကာရှိသည်နှင့်၊ ပကတိကတ္တားမှန်စွာ၊ သာမဏေရော ဟူသော၊ ဝိသေသျဝယ်၊ အဇ္ဈတ္တနာမ၊ ဓုချ လက္ခဏာ အမှန်၊ "နန္ဒမေဓနာမကော" ဟူသော သညာဝိသိဋ် အထူးကို၊ ရှေးဦးစွာမူလ၊ ပဓာနပြု၍၊ "နန္ဒမေဓနာမကော၊ သာမဏေရော၊ အဝေရော အဗျာပဇ္ဇော အနီဃော ဟောတု"၊ ဟူသော မန္တန်များ ထိုးမန္တရားကြီးကို၊ **ရိုက်ကြည်းကြေဘ်သောင်း၊ ပုံ့တင်**ခြောင်းမျှ၊ မညောင်းမညာ၊ ထပ်ကာထပ်ကာ၊ အကြိမ်ကြိမ်အခါခါ၊ **တဖွာဖွာရွတ်စုတ်၊** မန်းမှုတ်သရဇ္ဈာယ်ခြင်းနှင့် တကွ၊ ဗုဒ္ဓုပ္ပါဒ နဝမ ခေတ်တည်းဟူသော အတိဒုလ္လဘ၊ မဟာနဂရမြို့ကြီး၏ အလယ်၌၊ ဖြူးသွယ်မြင့်ခေါင်၊ အရောင်တထိန်ထိန်၊ တရှိန်ရှိန် တလက်လက်၊ ဖြိုးဖြိုးဖြက် ဝင်းညိုသော၊ အဓိသီလသိက္ခာသာဓိဝ တည်းဟူသော၊ ရတနာဝတ်တိုင်းတွင်းသို့၊သန့်ရှင်းရောင်ရွှင်၊ ဖြူစင်ညှံ့နူး၊ စတုပါရိသုဒ္ဓိ တည်းဟူသော၊ ဒုဋ္ဌမြ ပုဆိုးသစ်ကို၊ **ကျစ်လျစ်** သေချာ၊ မြမြစွာ ဝတ်**ဆင်ယင်**၍၊ လေးအင်သော ဗြဟ္မဝိုရ်၊ သဖွယ်သာရကာ၊ **သျှို့**မန္တန်ကို၊ အဘန်ဘန် မှုတ်မန်း၍၊ လက်ပန်း

---

သွားဟ (မွန်စကား) ဂါထာမန်းမှုတ်ရာ၌သုံးသောအသံ
ရိုက်ကြည်းကြေဘ်သောင်း=အသံပြင်းထန်စွာမြည်ခြင်း
ပုံ့တင်=အလိုလိုပြန်၍အော်မြည်လာသောအသံ
တဖွာဖွာ=တဖွဖွ=ခဏခဏ
ရွတ်စုတ်=ဂါထာကိုမန်းမှုတ်ယူခြင်း
ဒုဋ္ဌမြ=ပုဆိုးအမြ၊ အဝတ် အမြ
ကျစ်လျစ်=စေ့စပ်သိပ်သည်းခြင်း
ဆင်ယင်=ဝတ်စားခြင်း
သျှို့=မျက်နှာပွင့်ဆေး

ပေါက် ခတ်ကာခတ်ကာ ဝင်ပြီးလျှင်၊ ပင်ကြီး ပင်မြင့်တကာတို့ ထိပ်ဆင့်၊ အမြင့်တွင်အဆုံးမရှိ၊ ပရိယတ် ပဋိပတ် တည်းဟူသော၊ ပဒေသာ နှစ်ပင်တိုင် ရိပ်မြုံဝယ်၊ ခွဦးကြီးသုံးချက်၌၊ ခက်မငါးခု ဖြာရရာ၊ ရွက်ညွှာပွင့်တံ ကိုးသွယ်စီရရှိ၊ ဂုဏ်ဝင်ဖလာ၊ ရသာအနှစ်၊ ရှစ်သောင်းလေးထောင်၊ သုဒ္ဓါမိသုဒ္ဓါ၊ ချိုမြိန်လှသောဩဇာသီးကို၊ အလို ရှိတိုင်း ကိုင်းလှအောင် ဝလှအောင်၊ **ထေးလှအောင်၊** ဘုဉ်းပေးပြီးလျှင်၊ ရင်သွေးရင်သား တည်းဟူသော ပညာရင်နို့ကို၊ စို့ချင်သူ သောက်ချင်သူ၊ မြိုးချင်သူ၊ သောတုဇန အပေါင်းတို့အား၊ ဆန်းပြားလှစွာသော ပညာတရားထူး၊ ကွန့်မြူးတပြောင်ပြောင်၊ အရောင်တဖိတ်ဖိတ်တောက်လစ်သော ဇမ္ဗူရစ်ရွှေစင်ခွက် နှစ်လုံးကို၊ မဖုံးမဆင့်၊ အမြင့် အနိမ့် မြန့်ချီလျက်၊ သတိဝိရိယ တည်းဟူသော နို့သီးနှစ်မြွာကို၊ သဒ္ဓါတည်းသော လက်သွယ် ဖြူးနှစ်စုံနှင့်၊ ညှစ်ကာညှစ်ကာချ၍၊ ဝလှအောင်၊ ထေးလှအောင်၊ တိုက်ကျွေးတသဲသဲ၊ ပွဲကြီးသဘင် ခံသည့်ကို သာလျှင်၊ မြန်စွာ မြင်ရပါလိုသောဟု၊ ဗိသေသသပဏ္ဏာနာ အာသီသဆုမြွက်ကို၊ မပြတ် တောင်းယူလေ့ရှိပါသော ဦးအာစာရနွှ၊ မြွက်ဟချိုသာ၊ မေတ္တာ စကား၊ မြန်ကြားလိုက်သည့် ရှင်နန္ဒဇ။ ။ချိုမြမှုံ့ရှား၊ ကြား ရောက်ပေသည့်စကားရပ်များမှာ၊ တသီလ တဒ္ဓမ္မ တသာရကာရီ၊ အတ္တကျွာယ် ဘယဒဿာဝီ၊ ဗီယပဝံသီ၊ ပြီလှအောင် ပေးသည်မယွင်း၊ အကြောင်းရင်း အကျိုးဆက်တို့ကို၊ တက်သက် မြန်လှန်၍၊ ဉာဏ်စွမ်း ပညာဖြင့်၊ ကာလခေတ်ကို မြော်လျက်၊ တော်ရာလျော်ရာ၊ ပေါ်ကာထုတ်ကာ၊ ပမာပုံ ချင့်သား၊ ကာလသား၊ ကာလနား၊ ကာလမှုများနှင့်မှာ၊ **ပုတ်ကို လေးနှင့်မစ်သည် ဆိုသကဲ့သို့ရှင်း၊ ခွေးကျီးကို ရည်၍ ရိုက်သည် ဆိုသကဲ့သို့ရှင်း၊**

---

ထေးလှအောင်=ခရေထေး=အများကြီး

မြန့်ချီ=ဝေငှလျက်

မှုံ့ရှား=မွှေးကြိုင်ခြင်း

ပုတ်=စပါးထည့်သောတောင်းကြီးတမျိုး



တိုင်း၍ ယက်သည့်-**ပဏ္ဏလော၊** မိုးရွာသည့်နှင့် မှာ၍ ထားသည့် နှယ်၊ အလားသင့် ဆိုသကဲ့သို့ရှင်း၊ မယွင်းမချွတ်၊ ညီညွတ်သင့် မြတ်လှပေသည်။ အပြည်ပြည်ထောင်နှင့် တကွ၊ အမရပူရ ရွှေမြို့ တော်ကြီး၊ ရွှေထီးရွှေနန်းကို အပိုးရတော်မူသော၊ သုခမ္မာရာဇာ၊ တရားမင်းမြတ် ရွှေလက်ထက်တော်တွင်၊ ကောင်းကင်ဝယ် နေလ၊ ထွန်းပသကဲ့သို့၊ ဘုရားသာသနာတော်ကို၊ ထွန်းပေါ်ပြောင် ဝင်း၊ သန့်ရှင်း စင်ကြယ် စေချင်လှ၍၊ သမ္မာဝါယာမ မဂ္ဂင်ဖြင့်၊ စောင်မလုံးပမ်း၊ တိုက်တွန်း နှိုးဆော်တော်မူသည်မှာ၊ နေ့စကြာ ဝယ်၊ ဒေါင်းကိုရအောင် ဘမ်းသည် ဆိုသကဲ့ရှင်း၊ လဝယ်ယုန် ကို ပေးရမည် ဆိုသကဲ့သို့ရှင်း၊ **သဲလွန်စ**ကို ပြုရမည်ဆိုသကဲ့သို့ ရှင်း မဟုတ်ပေ။ ဂုဏ်မာန်ဒြဗ်၊ သကတ်နှင့်မခြား၊ ပညာအား **ပါး လျှလျှ၊** မိန်းမများလည်း ယောကျ်ားမဖြိမသာ၊ လရောင်လင်းလျက်၊ အင်္ကျီမဖြိုးသော်လည်းစိတ် ရွှင်ရွှင်၊ ဝတ်ထည်ပင်ရုတ်သော်လည်း သည်တပွဲ နွဲ့လိုက်မည် ဆိုသကဲ့သို့ရှင်း၊ သဝိ တည်းဟူသော ဆိကြည့်ကို၊ ဝိရိယတည်းဟူသော မန္တန်ဖြင့်စုတ်နှိုး၍၊ ကျိုက်သိုး နှုနာ၊ ဝဲနာပေါင်းများကို၊ လားလားပင် မပျောက် သော်လည်း၊ ဘွေ့ခြောက်ခြောက် ခပ်ပြောင်ပြောင်၊ တောင်ဝှနာဝဲသစ်၊ မြစ်ခုံ ဆောင့်နောက်ထပ်၊ အနာရပ် တိုကိုသာ၊ ပုဆာ **လော်လီ** ကိုက်ခဲ ယားယံခြင်း မရှိရအောင်၊ နို့စွ တင့်ငွေ့ငွေ့၊ **တစေ့စေ့** လိမ်းကျံ လျက်၊ အသွားကြီး လက်ကို၊ နှစ်ဘက်စုံဆွဲ၍၊ ထီးတင်ပွဲကြီး အနီးသို့ မရောက်နိုင် သေးသော်လည်း၊ အဝေးက မျှော်လိုက်ရ အောင်၊ ကြိုးဆောင်သင့်သော ကိုယ်ရေးနှင့် ကြုံပါလျက်၊ သက်လုံ

---

ပဏ္ဏလော=မိုးရေမစွတ်အောင် ခေါင်းမှ ကျောအထိ လုံအောင်ဆောင်းသော ခမောက်တမျိုး

သဲလွန်စ=သဲဖြင့်ပြုလုပ်ထားသောကြိုး (မဟောသဓဇာတ်ကြည့်)

ပါးလျှလျှ=သေးသေးသွယ်သွယ်

လော်လီ=ပေါက်မြန်ခြင်း

တစေ့စေ့=ဘာဘိဘိ=တဖြည်းဖြည်း

မကောင်းနိုင် ရှိုက်လည်း ရှိုက်ကြွေလိပ်ဖွဲ့မည်ပင်၊ ကျွမ်းဝင်မေတ္တာ၊ ကလျာထေးစစ်၊ ဖြစ်သည်နှင့်လျော်စွာ၊ မဟာပထဝီအထဲ၊ သဲတိုင် အောင် ငုပ်စေချင်ကြောင်း၊ ထပ်လောင်း၍၊ ကြားမှာလိုက် ပေသည်။ ကျွဲလာလျှင် ကိုက်ပြီဆိုသကဲ့သို့ရင်း၊ ချိုသာလျှင်မြိုက် သည် ဆိုသကဲ့သို့ရင်း၊ ပျိုလာလျှင်နိုက်ပြီ ဆိုသကဲ့သို့ရင်း၊ နဂို မူလ၊ စွဲရင်းကပင်၊ ဘက်မိများရောက်မှ၊ ငါဈေးတော့မည်။ ငုပ်မိ သဲဆုပ်မိမှ လာတော့မည် ကြံဆောင်ပြီး ဖြစ်၍၊ **လက်တီးမြင်း ဆောင်**ကကျူး၍၊ အိမ်မှုလိုရာ၊ ခန်းတိုက်သို့ဝင်ပြီးလျှင်၊ မဏ်နှင့် ထိပ်ကွက်၊ တလက်လက် ပြောင်ခြင်း ပြောင်သော်လည်း၊ အ ရောင်ချင်း– မနှုန်းရအောင် ထွန်းပစေတတ်သော ဂုဏ်ဖြင့်ပိုး ကုန်နှင့်ခေါင်မတ်၊ ငွေကုန်နှင့်မမှုချပ်၊ ဆိုက်မှ ဖြတ်သည့်နှယ်၊ အတိုးပစပ်နှင့်မုတ်လက်ခတ် ဘန်တတ်သလို ရှိအောင်၊ သတိ ငွဲလျက်၊ အရဲကိုလို၍ ကြိုးစားသည်ပင်၊ သို့ရာတွင်မူ၊ သွားချေး ထူရာတွင်၊ ပိန်းဥစားမြန်သည် ဆိုသကဲ့သို့ရင်း၊ စိတ်ထွေ သိကိုမှ မကြံနိုင်ခင်က၊ ပုဏ္ဏားကိုမေးမြန်သည် ဆိုသကဲ့သို့ရင်း၊ **မောက်လှူ** နှစ်ရနှင့်၊ မင်းဆုကို တောင်းရမည် ဆိုသကဲ့သို့ရင်း၊ မင်းမှာလုပ် ချင်၏၊ **တင်းကုပ်မှာ** အချုပ်မခံဝံ့ ခံဝံ့ ဆိုသကဲ့သို့ရင်း၊ ပဲဟင်း ကိုရှုပ်ချင်၏၊ နွတ်ခမ်းမွေးကို အနွတ်မခံဝံ့ ခံဝံ့ ဆိုသကဲ့သို့ရင်း၊ မှိုနှင့်မျှစ်ကို နုတ်ချင်၏၊ **ကျဉ်တုပ်မခံဝံ့ ခံဝံ့** * ဆိုသကဲ့သို့ရင်း၊

လက်တီးမြင်းဆောင်=အိမ်၏ အပြင်ဘက် အဆောင်ဖြစ်သော အဖီ အဆွယ် ဆောင်

မောက်လှူ=မောက်ရှူ=ရှေးမြန်မာစစ်သူကြီးများဆောင်းသောစစ်ဦးထုပ်

တင်းကုပ်=တဲ

ရှုပ်=အသံမြည်အောင် သောက်ခြင်း (ပါးစပ်ဖြင့်ရင်း၊ နှာခေါင်းဖြင့်ရင်း သောက်ခြင်း နမ်းခြင်းတို့မှ ထွက်ပေါ်သောအသံ)

ကျဉ်တုပ်=ခါကျဉ်တုပ်ခြင်း=ပရွက်ဆိပ်ကြီးတမျိုးကိုက်ခြင်း

မှတ်ချက်များ (*) ကျဉ်တုပ်မခံဝံ့ဟူသည်ကား၊ ကျဉ်ကောင်ခေါ်ပရွက် ဆိပ်မျိုးတည်း



သကတ်နှင့် ဖြမ်ကို ရှောက်ပတ်တော် မျှသူဖြစ်၍၊ တတော့တော့ ဆောင်ရွက်လျှင်၊ မကြောင့်မကြ၊ အခင်တန်အောင်ရဖါ်ဟု၊ အာကာ လှလုပ်သော်လည်း၊ စာမြွော်မြွော် **နစ်နေ**ကောင်းအောင်၊ ဆောင် ရွက်ရမည့် အရေးကို၊ တွေးသည်နှင့်၊ တောသည်နှင့်၊ အခွင့် မတော်နိုင် ရှိသည် ကာလလည်း ရှိချေသည်ပင်။ သို့ဖြစ်၍သာ– မောင်ကြီးငြိမ်းရမည့် အရေးကို၊ မောင်ထွေးတောင့်တ၍ လာတိ သည်ဆိုသကဲ့သို့ရင်း၊ ယုန်တို့ကို ချုံကြောင့်ကြ၍၊ ကာပေးသည် ဆိုသကဲ့သို့ရင်း၊ နှမတို့ကို–မောင်စောင်မ၍၊ မှာပေးသည်ဆိုသကဲ့ သို့ရင်း၊ အချစ်တည်းဟူသော မေတ္တာတွင်၊ အကြွင်နှာမိုး၍၊ အ ကျိုးလိုလှသည်နှင့် အရော်၊ မအော်တတ်သည့်သွား ၁၊ နားရွက် နားပေါက်၊ မပဲ့ မတို မိုးကို မငဲ့ကွက်၊ အိပ်မက် ဖြည့်ဖြည့်စုံ၊ ယမ်းကုန်အောင် တက်စေချင်လှ သော်လည်း၊ အကြောင်းချည်း ကောင်းရမည် အခါများနှင့်၊ ထပ်ဝွါး၍ ကြားမှာလိုက်သည် အ ချက်ကို၊ နားနစ်ဘက်ဝယ်၊ သွယ်ရရှယ် ယှက်သန်း၍၊ နတ်ပန်း ကတ္တူရကဲ့သို့၊ ခုတင်ရ ပန်ဆင်ရပေသည် အချက်ကြောင့်၊ သည့် လက်ဘက်တောင်နှင့် သည်သွား၊ နားရွက်ပင် တိုတို၊ ချိုများပင် ပုပ်ပုပ်၊ ခွါများပင်ပြုတ်ပြုတ်၊ ကုတ်မိရာ ကုတ်ပြီးလျှင်၊ သုတ် သုတ်ပါအောင်၊ တက်သွားပြီး၍၊ သည်အနားနှင့် သည်ဆေး၊ သင့် ရေးနှင့်ကြုံကြိုက်က၊ ဖြည့်ကိုက်ပန်းနှာ၊ လိပ်ပြာပင် စဉ့်စဉ့်၊ ကျင် ကျင်ထုံထုံ၊ ထူထှအောင်အုံပြီးမှ၊ တည့်လှအောင်၊ မတ်လှအောင် ယှက်တွဲ၍၊ မိုးကျကိုလဲ လင့်မနေ၊ အကြေအညာလျှော်ဖင့်၊ ရသင့် သချွေရကို သိမ်းလျက်၊ ခပ်သိမ်းသော ကန်ကျယ် ချောင်းမြောင်၊ ရှိသမျှ ရေအပေါင်းကို၊ ပြောင်း**ကတွတ်** ဘောက်တွဲပြီးမှ၊ **ခန္ဓွ** ဆင့်ကာဆင့်ကာ၊ ထိုးကာပက်ကာနှင့် သွင်းပြီးလျှင်၊ မျိုးပင် မနူ

နစ်နေ (ဓါးရာဏာ) =အစအဆုံး နှိုင်းရှည် စဉ်းစားကြည့်ခြင်း

ကတွတ်=လယ်ကန်သင်းမှ ရေထွက်သော အပေါက်

ခန္ဓွ=ရေခပ်သော ရေမောင်းတမျိုး

မှတ်ချက်များ (၁) မအော်တတ်သည့်ကလေးပျောက်နွား။ ဦး

မရင့်၊ သင့်လျှသည့်အမျိုန်ကိုနုတ်၍၊ လက်ချပ်သံတဖြောက်ဖြောက်နှင့်၊ ကောက်ဗိုက်ချင်း ယဉ်ယဉ်ကို၊ ကြီးစဉ်ငယ်လိုက်၊ ဆိုကာ ဗိုက်ပြီးမှ၊ နံနက်ထ အရုဏ်မလင်းခင်၊ မင်္ဂလာ အိပ်မက်ကို၊ ဖြက်ဖြက်ကြီးသိသာအောင်၊ ကြာကြာကြီးမက်လိုက်၍၊ မျိတ်ဆက်သေချာစွာနှင့်၊ ငြိမ်းသာခိုင်စေ၊ ကြည့်သူမမြင်ပလေ ပလွေနှင့်ယမ်းသံ၊ ဝါကရသံ၊ တရပူဆန်ကြအောင်၊ မြန်မြန်ကြီးအဟုန်နှင့်၊ ယမ်းကုန် ပျံသည့်ထက်၊ ဘဝဂ်သို့ ပျံသည့်မြင်၊ တိမ်ထဲသို့ဝင်ပြီးမှ၊ ငြိမ်းပေါ်မှာ တင်သည့်နှယ်၊ တည့်လှအောင်၊ မတ်လှအောင် ကျလိုက်၍၊ လသာသာ-လွှင်တီးခေါင်မှာ၊ တပြောင်ပြောင်တနွဲ့နွဲ့၊ အတုမဲ့ချည်း ကောင်းရအောင်၊ ပိုင်းဆ၍ အမြင့်အနိမ့်အနေ၊ လေကြေလေညာ၊ ဆယ်မျက်နှာလုံး၊ မဖုံးနိုင် မဖိနိုင်၊ တကြိုင်ကြိုင် မွှေးပျံ့သော၊ ကျေးဇူးပညာ၊ ရတနာ ပန်းမြတ်ကို ပန်လျက်၊ ရွှေရေးပန်းကန်၊ နီဗလံစစ်မှာ၊ မတင်ပဲတက်သလို အမှန်၊ အကြောင်းရင်း သန်လျက်၊ အထင်ခံသိုက်သည်။ အမြိုက်လည်ရွှဲ၊ အဆိပ်ကြီး ဖြစ်ရအောင်၊ ရည်ဆောင်မိသည်နှင့်၊ သတိမြို့ကြီးကို အပြီးမသတ်သော်လည်း၊ တည်ထောင်စပြုရပေသည်။ ထိုရာတွင်၊ ရွှေနန်းသခင်၊ ဘုရင်အထွတ်၊ လောကနတ်မှာ၊ ဒွါရဝတီမြို့လည်း၊ ရွှေလက်တော်သို့ရောက်လုဆဲ၊ ဂန္ဓာလရာဇ်တိုင်းကိုလည်း၊ ဗိုက်သိုင်း သိမ်းယူဆဲ၊ ပဒိုက္ကယားမြို့နှင့်၊ အက္ကပတ်အခွန်တော်ဝင် ကျေးလက် မြို့ရွာများလည်း၊ သာသနာ တော်ကို ကြည်ညို လှသောကြောင့်၊ တည်ထောင် ပြုစုလိုသော အာသာတော်စိတ်လည်း၊ ပြေးဆဲဖြစ်ဆဲ၊ အတတ်ကောင်းကို တတ်လျှော်စည်ကိုလွယ်၍ တီးရသည် ဆိုသကဲ့သို့ရင်း၊ ဒေါင်းခြေရာမှာ၊ စာသူငယ်လှမ်းလျှင်၊ ပင်ပန်းသည် ဆိုသကဲ့သို့ရင်း၊ မြို့စရာမရှိခိုက်ကို၊ ချစ်တိတိုး၍ချမ်းသည် ဆိုသကဲ့သို့ရင်း၊ ရွှေစာရေး ဝဲကြီးလေသည့်အရာကို၊ ငါ့ကျောင်းမှာ ဘယ်အတွက်မရှိ ဆိုသကဲ့သို့ရင်း၊ ဥဒေါင်းက နှစ်သက်ပါသည်ကို၊ ကြက်-ကတော်သည်ဆိုသကဲ့

---

နီဗလံ=ရွှေတမျိုး (အညံ့ဆုံးရွှေ)



သို့ရင်း၊ ကြောင့်ကြမဲ့အရာမှန်းသိလျက်၊ ဝိတက်သောကာ၊ ဒွိဟဖြိုက်၊ ကြိုကြိုက်သည့်နှင့်အညီ၊ ဗိုးရိမ်အာဝ၊ ကြောင့်ကြအသွယ်သွယ်၊ ရယ်စရာ ရုံခါရုံခါ ဝင့်ဝါ စိတ်တူးများ၍၊ မှာထားရန်အကြောင်းမျိုးတို့ကို အရိုးအသားတခန်း၊ အဆန်းအပြားတသီ၊ စုစီကုမ၍ ဖြန့်ကြားသည်မှာ၊ ပညာရှင်ဉာဏ်ရှင်၊ စိတ်နေချင်းအဝရုံမထင်၊ နှလုံးသိ အကျွမ်းဝင်၊ ချစ်ခင်စုံမက်၊ နှစ်သက် ဖွယ်သော ခင်ပွန်းဖြစ်၍၊ အသစ်အမြတ် ကုန်ကုန်းပုံကို ပုံချယ်ထုံးကိုထုံးချင်းတပ် ပမာကို ပမာချင်းချပ်၍၊ လုံးတိုင်းပါဋ်တိုင်း၊ မြို့လိုက်စရာ၊ စာသားနှင့်တကွ၊ ကာယစိတ္တ၊ သုခ ရွှင်လန်း၊ ကျန်းမာပကတိရှိကြောင်းများကိုလည်း၊ ဖြန့်ကြားလိုက်ပါသည်၊ ရှင်နန္ဒမေ။

ကျည်းကန်ရှင်ကြီး မေတ္တာစာရ ပြီး၏။

M.P-14

| | | |
|---|---|---|
| Numbered: Process No. | Cut: | Stamped |
| Book-Plated | Catalogued Slip: Annotation. | Checked |
| Accessioned 62776 | Book-cared | Finally Checked and Issued |

Process Stamp.

Class No
Acc. No.

မြန်မာသုတေသန အသင်း
ပုံနှိပ်ထုတ်ဝေသော စာစု–၂၂
တည်းဖြတ်အုပ်ချုပ်သူ
ဘေမောင်တင်

# ကျည်းကန်ရှင်ကြီးမေတ္တာစာ

နှင့်

## ခက်ဆစ်အဖြေ

ဂုဏ်ထူးဆောင်–ဆရာပွါး
တည်းဖြတ်သည်

---

**BURMA RESEARCH SOCIETY**
PUBLICATION SERIES NC, 22
*General Editor:-*
*PE MAUNG TIN*

# KYIGAN SHINGYI MYITTASA

*Edited By*
SAYA PWA

ပြည်ကြီးမဏ္ဍိုင် ပိဋကတ် ပုံနှိပ်တိုက်
၂၅-လမ်း-ဘားဆိုတန်း
အမှတ်-၅၂-ရန်ကုန်မြို့

July 1957. Price K, 3

SAPAY BEIKMAN PUBLIC LIBRARY

မြန်မာသုတေသန အသင်း

ပုံနှိပ်ထုတ်ဝေသော စာစု–၂၂

တည်းဖြတ်အုပ်ချုပ်သူ

ဘေမောင်တင်

၈၉၅.၈၃
ကျ

# ကျည်းကန်ရှင်ကြီးမေတ္တာစာ

နှင့်

# ခက်ဆစ်အဖြေ

ဂုဏ်ထူးဆောင်-ဆရာပွါး

တည်းဖြတ်သည်

**BURMA RESEARCH SOCIETY**

PUBLICATION SERIES NO. 22

*General Editor:-*
*PE MAUNG TIN*

# KYIGAN SHINGYI MYITTASA

*Edited By*
SAYA PWA

ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်
၂၅၊ လမ်း၊ စာဆိုတန်း
ဆမွတ်၊ ၅၂၊ ရန်ကုန်မြို့

အတိုး 1957. ၃ က

သက်သက်ဖြစ်သော ခက်ရာခက်ဆစ်တို့ကိုသိနားလည်နိုင်စေရန် စာမျက်နှာ အောက်ခြေတိုင်း၌ အဖြေများကို ထည့်သွင်း ဖော်ပြထားပါသည်။ စာကိုယ်မှ ခက်ဆစ်များကို စာလုံးမဲများဖြင့် ပြထားပါသည်။ မေတ္တာစာများတွင် ပါဝင်သော သိထိုက် မှတ်ထိုက်သည့် စကားပုံများကိုလည်း ထင်ထင်ရှားရှား မြင်လွယ်အောင် စာလုံးအမဲများဖြင့် ရိုက်နှိပ် ဖြည့်စွက်ထားပါကြောင်းကို ဖော်ပြခြင်း ပြုပါသတည်း။

ပြည်ကြီးမဏ္ဍိုင်

၁၉၅၇ ခု-ဇူလိုင်လ။

# ကျည်းကန်ရှင်ကြီး မေတ္တာစာရ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-ပဌမပဏ္ဏနာ

1 မဉ္ဇူသာရှိ ဆုတောင်းပြည့်ဘုရား ဆုတောင်းစာ)

မဉ္ဇိတိချာတု ပုဏ္ဏံမေ၊ ရမ္မေ မန္တေ စတုဂါမေ။
ဝရေယာစာပုဏ္ဏေသော ဘောပုဇေ သဗ္ဗမိနာ ဓုနံ။

(ပုမ္ဗခုကား ပထျာဝတ္တံ၊ အပရခုကား မကာရဝိပုလာ။)

ရမ္မေ၊ နှလုံးမွေ့လျော်ဘွယ် ရှိထသော။ ဝါ၊ ကျောက်စရစ်-ရှင်မကြီး၊ ရွှေစိုးသီးတောင်ကျော်၊ ဘီလူးမော်က၊ ငစံကျ-ပရိမ်မော်၊ တောင်အမော်နေ၊ ရွှေဂုံမော်စပ်၊ **မော်ကိုးရင်**နှင့်၊ **ပညတ်**ထင်ထင်၊ ထက်ဝန်းကျင်ကို၊ စီးဝင်မဆုံး၊ ရေယဉ်ဖုံးသောကြောင့်၊ နှလုံးမွေ့လျော်ဘွယ် ရှိထသော။ (ဝါ) ရတနာသုံး၊ အမြင်ဆုံးနှင့်၊ ထန်းအုန်းသရက်၊ ပြည့်နှက်ဝေရှိန်း၊ ကြည့်လေတိုင်းကို၊ ဆိုင်းဆိုင်းမြိုင်စည်၊ ရေယဉ်လည်၍၊ နတ်ပြည်အသွင်၊ တန်ဆာဆင်လျက်၊ မင်္ဂလာစုရုံး၊ အံ့မဆုံးသောကြောင့်၊ နှလုံးမွေ့လျော်၊ ပျော်ဘွယ်ရှိထသော။ (ဝါ) ဟေမဝန္တာမြိုင်အတွင်းက၊ ငွေ**အဝှန်**ဝါ မြိုင်မယွင်းအောင်၊ ရေတံခွန်သာ အမြိုင်ဆင်းလို့၊ မြစ်ချင်းတွင်းတည့်စီးဝင်

---

မော်ကိုးရပ်=ရေမော် ရေစွယ်ရှိသော နေရာ ကိုးနေရာ။ ရေမော်ဆိုသည်မှာ ကမ်းခြေမှမြစ်ထဲသို့ မြေကြီးငွန်းထွက်နေသောကြောင့် ရေစီးအလွန်သန်သောနေရာကိုဆိုသည်။

ပညတ်=နံမည်မှည့်ခြင်း၊ အမည်တွင်ခြင်း

အဝှန်=အရှိန်အဟုန်

လာ၊သာယောင့်သာယာ အုံ့မဆုံးအောင်၊ရွာကမ်းထိပ်ခွင် မြေပြင်လုံးကို၊ မြေဆီဩဇာ ရသာရုံးအောင်၊ **သလ္လာဝတီတွ ိတွ ိ**ဖုံးလို့၊ ဥယျာဉ်ပန်းမာလ် လိုရာသုံးဘို့၊သူမွေးသူကြွယ်၊**ဆိပ်ထယ်တုံးနှင့်**၊ ရေလွှတ်မြေပြင် **အမေ်ကုန်း**မှာ၊ ပုထိုးစေတီ ခြိမ့်ခြိမ့်ဘုန်းစ၊ ဘုရားကျောင်းကန်ပတ်ရန်လုံးမှာ၊ **သင်ပုတ်ညောင်ရေ** အဝေဆုံးမို့၊ နှလုံးမွေ့လျော်၊ ပျော်ဘွယ်ရှိသော။ (ဝါ) အလျှိုအလျှိုလိုက်မုတ်နှန်းမှာ၊ အပျိုအအို သင်ပုတ်ပန်းနှင့်၊ကမိုကယို ကုသိုလ်ဆန်းအောင်၊ စိတ်ကူးသန်းလို့ ညာတ်ကြည်လင်၊ **မိတေညီးရှင်ပင်** တေဇာဘုန်းနှင့်၊ ကုံ့ကော်ရွှေပင် ပလ္လင်လုံးမှာ၊ သစ္စာလေးအင် ခွင့်မိုင်ကျုံးလို့၊ပွင့်ပဒုမ္မာ**မုံ့အာ**ဖုံးလို့၊ဖြဟ္မာနတ်လူပူဇော်ရုံး၍၊**သယ်လေသယ်းလ**အုံ့မဆုံးအောင်၊ ခြောက်သွယ်ရောင်ခြည် ပတ်လည်ဖုံးမှ၊ ကြီးကြီးငယ်ငယ် ပေါင်းအလုံးပင်၊နို့ဗွာန်ယူမည်ကြိုစည့်တုန်းမို့၊ နှလုံးမွေ့လျော် ပျော်ဘွယ် ရှိထသော။ပုဏ္ဏ ံ-ပုဏ္ဏော၊ ဇိမ်ရေးတို့ဖြင့်လည်း ပြည့်ထသော၊ (ဝါ) **ကဲလားမျဉ်ဆောင်**၊ အဆောင်ဆောင်နှင့်၊ထိန်ပြောင်တင့်သား၊နို့မြင့်စီလျှဉ်၊ဇိမ်ရေးစည်တို့ဖြင့်

---

သလ္လာဝတီ=ချင်းတွင်းမြစ်
တွ ိတွ ိ=တဓတွတွေ=အဆက်မပြတ်၊အစဉ်သဖြင့်
ဆိပ်=ကူးတို့ဆိပ်
ထယ်တုံး=The stock of a plough
အမော်ကုန်း=ကုန်းမြင့်
ခြိမ့်ခြိမ့်ဘုန်း=ဆိုင်းသံဘို့ဖြင့်ဆူညံခြင်း
သင်ပုတ်=ဆွမ်း
ညောင်ရေ=ဘုရားကိုလှူသော ရေချမ်း
မိတေညီး=အရိမေတ္တေယျ=နောင်အခါ၌ ပွင့်မည့်ဘုရားအမည်
ရှင်ပင်=ဘုရား
မုံ့အာ=ပွင့်ခါနီးဖြစ်သော အငုံ
သယ်လေသယ်လေ=အုံ့ဩဇာကောင်းလောက်အောင်
ကဲလား=ထောက်နှင့်ထောက်၍ ဖွင့်ရသော တံခါးတမျိုး
မျဉ်ထောင်=မျဉ်ပြားဖြင့်တည်ထောင်ထားသော



လည်းပြည့်ထသော။ (ဝါ) ဂုဏ်အနည်းနည်း၊ ရေနှင့်**ကြည်း**ကို၊ လှည်းလှေဝန်တင်၊ ခြေကျင်ပခုံးထမ်း၊လမ်းအဖို့ဖို့၊ကုန်သည်တို့ရဝေးရာ၊**ဈေးနှ**စုံလှင်၊စက်လေးအင်တို့ဖြင့်လည်း ပြည့်ထသော။ မဉ္စိဘိချာတော၊ မဉ္စိဟူ၍ ခေါ်ဝေါ်အင်ထသော။ စတုဂါမေ-စတုဂါမေသု၊ လေးရွာတို့တွင်။ မဇ္ဈေဂါမေ၊ အလယ်ရွာ၌။ သောဘော၊ တင့်တယ်စွာထသော။ (ဝါ)တိန့်**ပစ္စယာ၊ ကြာဘီးလူးဆွဲ** ထုံးကွဲရင်စည်း၊ နည်းအစိပ်စိပ်၊ သပိတ်သစ်သစ်၊ ပေါင်းရစ် တန်တန်၊ ကြာလန် ချချာပီး၊ ရွှေထီးလူလူ၊ ရွှေချ ညောင်ရွက်၊ **သိုးသိုးသွက်**နှင့်၊လေနှက်တိုင်းမြည်၊ဝတ်နှင့်ပြည့်ဝယ်၊တည်သည့် **ထူပါ**၊ဆံရှင်ဓာသို့၊ လေးရွာသုံးနတ်၊ မြင်ထက်မြတ်မူ၊ မွေခာတ်ကိန်းဘွယ်၊ လွန်**သပ္ပါယ်**သောကြောင့်၊ တင့်တယ်တော် မူထသော။ ဝရောယာစာပုဏ္ဏော-ဝရောယာစပုဏ္ဏသသ၊ ဆုတောင်းပြည့် မြတ်စွာဘုရားအား။ ဣမိနာ၊ ဤသင်ပုတ်ရေချမ်း၊ ညောင်ရေပန်းဖြင့် ပူဇေ-ပူဇေမိ ပူဇော်ပါ၏။ ဣမိနာ၊ဤသို့ပူဇော်ရသောကုသိုလ် စေတနာကြောင့်။ (ဝါ) ဤသို့ဒါန၊ပြုခြင်းစသား၊ များလှရစု၊ မြတ်ကောင်းမှုကြောင့်။ မေ၊အကျွန်ုပ်အား။သဗ္ဗံ-သဗ္ဗေန၊အလုံးစုံသော။ ဣစ္ဆိတံ-ဣစ္ဆိတေန၊အလိုရှိအပ်သောဆုအပေါင်းနှင့်။(ဝါ)အာယု၊ဝဏ္ဏ၊သုခ၊ဗလ၊ပဋိဘာန၊ယသ၊ကိတ္တိ၊တုမရှိ၍၊ပိဋကတ်ဗေဒင်၊ **သွင်သွင်ရှုရှု** မှာရသကို၊ ကြားကမြင်ကာ၊ မကြာခဏ၊ဘဝတိုင်းပင်၊တတ်မြောက်စင်

---

ကြည်း=ကုန်းမြေ
ဈေးနှ=ဈေးနေရာ
ပစ္စယာ=အဆင့်
ကြာဘီးလူးဆွဲ=စေတီတော်၏ ခေါင်းလောင်းပုံတွင် ပတ်ပတ်လည် ထုလုပ်ထားသော ဘီလူးပန်းဆွဲ ပုံသဏ္ဍာန်ကြာပန်း
ရင်စည်း=စေတီတော်၏ ခေါင်းလောင်းပုံတွင်ရှိသော အရစ်တမျိုး
သိုးသိုးသွက်=သွက်သွက်ခါအောင်လှုပ်ရှားခြင်း
ထူပါ=ထူပါဟုခေါ်သောစေတီတမျိုး
သပ္ပါယ်=လျောက်ပတ်တင့်တယ်ခြင်း
သွင်သွင်ရှုရှု=အဆက်မပြတ် လှုပ်လှုပ်ရှားရှား

လျက်၊ မိုးဖြင့်ပြည့်ဝ၊ စန္ဒာလကို၊ ညွှန်ပြသည့်တူ၊ ခင်သိမ်းသူကို၊ လွယ်ကူကူပိုင်၊ နည်းပေးနိုင်၍၊ သုံးဆိုင်တုံသား၊ လူ့နတ်များလည်း၊ သားကိုမိခင်ချစ်သည့်သွင်းသို့၊ ဝိုဖြင်မပြားငါ့အားမေတ္တာ၊ ဖြင့်နာကုန်ကြ၊ ဤသို့စသား၊ များလှထိုထို၊ ဂုဏ်မောက်မိုသည့်၊ အလိုရှိအပ်သော ဆုအပေါင်းနှင့်။ ပုဏ္ဏ ၊ ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

ဤကား လင်းဇရက်ဇာတိ အပေါင်းတည်ရွာနေ
ဗေဒင်ဆရာ တကာဦးအောင်ကောင်းပန်၍
ဦးနန္ဒာဓစီရင်သည့်ပဏာမပတ္တနာ

---

၂-အမိက တရစ်သို့သွားသော သားထံပေးသည့်
ကေဗိုဒ်-မေတ္တာစာ

ရတနာသုံးတန်၊ ဦးထိပ်ပန်၍၊ ရွှေကန်မင်္ဂလာ၊ ရပ်ချမ်းသာက၊ မာတာမိခင်၊ သားရွှေစင်ကို၊ မမြင်ရတာ၊ ကြာကြီးကြာ၍၊ မြင်ပါရကြောင်း၊ မေတ္တာဟောင်းတွင်၊ ထပ်လောင်းဆင့်ကာ၊ ကြားလိုက်ပါဇုံ၊ မင်းလျာယဉ်နွဲ့၊ သားရွှေခဲ့။ ။မိဘမှာထား၊ ပန်းစကားကို၊ နားမှာဆင်ကာ၊ စိန့်စိန့်နာလေ့၊ လွမ်းရာမချိ၊ မောင့်မွေးမိမူ၊ ဟာတွဲ့အသေ၊ ဝေါပါလတို့၊ နန်းမှမပျော်၊ ကြွခဲ့သော်လျှင်၊ မယ်တော်ပုဏ္ဏေး၊ စိတ်ပူဆွေးသို့၊ ရင်သွေးထက်အောက်၊ သားတယောက်လည်း၊ မြောက်ဘက်မြောက်ရွာ၊ တယောက်မှာလည်း၊ အောက်ရွာအောက်ပြည်၊ လှည့်လည်ရှာဒွေး၊ ဝေးရပ်မြေဝယ်၊ ကြာလေသည်ကြောင့်၊ ဗိုးနှောင့်ပူဆွေး ဖျာပါတွေး၍၊ မြေရေးမနိုင်၊ တွေး

---

ယဉ်နွဲ့=ယဉ်ကျေးရုံမျှမက အရောင်တောက်နေခြင်း
စိန့်စိန့်=တဖြည်းဖြည်း
မချိ=သည်းညည်းမခံနိုင်ခြင်း





ကာမှိုင်ခဲ့၊ ယိမ်းယိုင်ကိုယ်လုံး၊ ကြိမ်မီးအုံးသို့၊ ခွဲနိုးပျောင်းပျ၊ လွမ်းယူတလျက်၊ သားတော်မင်းလျာ၊ ရတနာကို၊ ရောက်လာနိုးနိုး၊ မြော်လင့်ကိုး၍၊ ဗိုးရိမ်ပူဝေ၊ သေငယ်သေလျက်၊ မအေမွေးမိ လွမ်းမပျံ့ခဲ့ မိဘကိုပင်၊ မောင်မကြင်လည်း၊ အိမ်ထွင်ဘူဘွား ပေါက်ဘော်များကို၊ သွားနားကြင်နာ ချစ်ကောင်းပါ၏။ မင်းသျှာမျိုးထွား၊ ချစ်ပါလားရှင့်၊ မယားသောက၊ အစားရ၏။ မိဘသေပြား၊ အစားမရ၊ သဘောကျ၍၊ မိဘပျော်ရာ၊ ရပ်ရွှေညာသို့၊ ပြန်ပါခဲ့ရှင်၊ မင်းရွှေစင်ကို၊ မမြင်ပါရ၊ ကြာမောလှ၍၊ ဗိတ်ကပူပင်၊ မောင့်မိခင်မှာ၊ သေချင်မတတ်၊ သက်ခင်ပြတ်မျှ၊ ဖပ်ဖပ်စိတ်ဖော၊ လွမ်း၍အမာပြီ၊ မယ်မြော်သည့်ရေး၊ မယုံသေးလျှင်၊ ကိုယ်မွေးဘူးမှ၊ ငါမိဘတို့၊ ငါ့လိုသည့်နှယ် ချစ်ရှာတယ်ဟု၊ မယ်မရှိမှ၊ သားရွှေလှတို့၊ နောင်တနောင်ခါ၊ ရှိရှာရစ်မည်၊ ဗိုးလှသည်ကြောင့်၊ လှည့်လည်မြန်မြန်၊ မယ်တို့ထံသို့၊ ပြန်လည်ပါကြောင်း၊ မယ်ဆုတောင်းသည်၊ လွမ်းဟောင်း လွမ်းသစ်၊ ထပ်ကာရစ်၍၊ ချစ်သည့်မေတ္တာ၊ ကိုယ်ချင်းစာလျက်၊ ဟုတ်ရာပေခဲ့ ယူပါတဲ့၍၊ အမဲ့လူ့လှ၊ သားရွှေစငယ်၊ ခဏခြင်းပင်၊ ရွှင်လည်း ရွှင်လျက်၊ မြောက်ခွင်ရွှေညာ၊ မယ်တို့ရွာသို့။ မကြာလျှင်ဆော ရောက်စေသောဝ်။

---

၃-အမိက သားမောင်ရွှေအောင်ထံ ပေးသည့်
သြဝါဒမေတ္တာစာ

ချမ်းသာစေသော၊ လမ်းသာစေသော၊ လာစေသောဟု၊ သြဝိသပတ္တနာ၊ မေတ္တာရေချမ်း၊ ဆွတ်ဖျန်းလေ့ရှိ၊ မိခင်စကား၊ မှာ

---

မီးအုံး=မီးဖုတ်ခြင်း
မင်းလျာ=မင်းလောင်း
သေငယ်သေ=အသေကလေးသေခြင်း=မေ့မြောနေခြင်း
ကြာမော=အလွန်ကြာမြင့်သည်

ကြားလိုက်သည်၊သားမောင်ရွှေအောင်။ ။နေ့ရက်လရှည်၊နှစ်လည့်ပေါင်းကူး၊ ဝေးကျူးရပ်မြေ၊ ကြာရှာလေသောကြောင့်၊ မအေသားချင်း၊ဆွေရင်းတို့က၊စိုးရိမ်လှ၍၊ပိတတို့ထံ၊ပြန်လည်ခဲ့စေချင်ပါသည်။ ။ယောကျ်ားစွမ်းအား၊ဝေးရပ်သွား၍၊နေ့များနှစ်ကြာ၊ရှာဖွေသည့်အရေးမှာ။ ။သေးမှသာ လှသည်မဟုတ်ပါ၊ဝေးမှသာ ရသည်မဟုတ်ပါ၊ မသေးဘဲနှင့်ပင် လှပါ သည်၊ မဝေးဘဲနှင့်ပင် ရပါသည်။ ။ပြောမှသာ လှသည်မဟုတ်ပါ၊ ကြာမှသာ ရသည်မဟုတ်ပါ။ မပြောဘဲနှင့်ပင်လှမါသည်၊မကြာဘဲနှင့်ပင်ရမါသည်။ ။ကံသခင်္ခါနေ ဖြစ်ရေသည်၊ ဉာဏ်မှာ ပဓာနသမျှ ဖြစ်ရေသည်။ ။ကံရှိမှ တတ်သည်၊ ဉာဏ်ရှိမှ မြတ်သည်။ ။ကံနိုးဆော်မှထင်ပေါ်သည်၊ ဉာဏ်နိုးဆော်မှ မြင်မြော်သည်။ ။ကံပင်ရှိသော်လည်း ဝီရိယ ချွတ်တတ်သည်၊ ဉာဏ်ပင်ရှိသော်လည်း သတိလွှတ်တတ်သည်။ ။ကံပင်ရှိသော်လည်း ဝီရိယ ကူရမည်၊ ဉာဏ်ပင်ရှိသော်လည်း သတိကမူရမည်။ ။ကြောင်ကြွမ်းလျှင်မုန်းတတ်သည်၊သော့သွမ်းလျှင်ဆုံးတတ်သည်။ဖော့ရမ်းလျှင် ရှုံးတတ်သည်။ ။မကြော့မကြွမ်း နေရမည်၊ မသော့မသွမ်း ပြုရမည်၊ မဖော့မရမ်း ရှုရမည်။ ။လူပျက်ကိုလည်း မအောင်းနှင့်၊ လူပျက်ကိုလည်း မပေါင်းနှင့်။ ။လူပျက်ကို အောင်းလျှင် ပိတတ်သည်၊လူပျက်ပေါင်းလျှင်ငြိတတ်သည်။ ။

---

ပေါင်းကူး=ဆက်စပ်ခြင်း။ တခုမှတခုသို့ ပေါင်းမိအောင် ကူးသန်းခြင်း
သားချင်း=တမိတည်းမှ ပေါက်ဖွါးသော သားသမီးများ
ပြော=ညက်ညောခြင်း
ကြော့ကြွမ်း=ကြမ်းတမ်းခြင်း၊ ရိုင်းစိုင်းခြင်း
သော့သွမ်း=ရမ်းကားခြင်း၊ဆိုးသွမ်းခြင်း
ဖော့ရမ်း=စည်းကမ်းမဲ့ပြုခြင်း၊ အစဉ်းစားမရှိ လုပ်ကိုင်ခြင်း
လူပျက်=အကျင့်စာရိတ္တပျက်ပြားသူ၊ လူယုတ်မာ



ထန်းလျက်နှင့်တူသည့်လို့ ကျောက်ဖြူကိုလည်း မနမ်းနှင့်၊ ကျွဲမီးလျက်နှင့်မြူသည့်လို့ အောက်သူကိုလည်းမစမ်းနှင့်။ ။ကျောက်ဖြူကိုနမ်းလျှင် ဖုံကပ်သည်၊ အောက်သူကိုစမ်းလျှင် ကုန်ဘတ်သည်။ ။ကျတိုင်းသည်း ကုန်း၍မကောက်နှင့်၊ ရတိုင်းလည်း သုံး၍မဖျောက်နှင့်။ ကျတိုင်းကောက်လျှင် လူရယ်မည်၊ ရတိုင်းဖျောက်လျှင်ဖြုံလွယ်သည်။ ။အတည်တည်မှာထား၊သည့်စကားရပ်များကို၊စုံစမ်းကြည့်ရှုစရနည်လျက်၊အထည်နှင့်အနှံ၊ ဆင်တန်ရုံကြီးစား၍၊ ယောကျ်ားပြီသွား၊ လိမ္မာမြော်မြင်သည်နှင့်အညီ၊ တညီမြန်မြန်၊မယ်တို့ထံသို့၊ ပြန်လည်ခဲ့မည်အရေးကို၊ ရှေးလွမ်းဟောင်းတွင်၊လွမ်းသစ်တွင်၍၊မြင်ချင်လှသည့်စိတ်ထားနှင့်၊ မှာကြားလိုက်ပါသည်၊သားမောင်ရွှေအောင်။ ကျီးသဲ မေတ္တာစာ လည်း ရှိ

---

## ၄-လက်တော ဆယ်ရွာဂိုဏ်းအုပ်က သာသနာပိုင်ထံလျှောက်စာ

အာရမ္မဏူပနိဿယ၊ ပကတူပနိဿယ၊ စသည့်အနည်းနည်း၊ ပစ္စည်းအစို စို့ဖြင့်၊ပို့တော်မူအပ်သောမေတ္တာတော်ဖြတ်ကို၊မပြတ်နိယံ၊ ခံယူပါအပ်လှသော၊ လက်တောဆယ်ရွာဂိုဏ်းအုပ်၊မေတ္တာမပြတ်၊ သွန်းလောင်းအပ်လှသော၊လောကသမုတိနတ်၏၊ အမြတ်အထွတ်ဆရာ၊သဿာတကာတို့၏ထိုး၊ကြီးလှသောဘုန်းပညာရှင်၊အသျှင် ဆရာတော်သူမြတ်၊ အပ်တော်မူသော၊ ဂိုဏ်းအုပ်

---

ဖြုံလွယ်သည်=ကုန်စင်သည်၊ ပြောင်ချောသွားသည်။
စရနည်=အကုန်နံ့ အောင် ရှာဖွေခြင်း
ကြီးစား=အလုံးကြီးစည်၍
အစို့စို့=အမျိုးမျိုး
အပ်တော်မူသော=လွှဲအပ်ခြင်း၊ အုပ်ချုပ်ခြင်း၊ တာဝန်ပေးထားခြင်း
မူကွဲများ။ (၁) ဖုံတတ်သည်-ဦး
(၂) စုံးစမ်းကြည့်ရှုစရနည်လျက်ဘာ။ စ ရနယ်လျက်ဟူလို။

ဂိုဏ်းထောက်၊ **သဘောရောက်**သင်္ဃာတို့မှာ၊ ရတနာသုံးပါး ဂုဏ်တော်**အင်**၊ အရှင်ဆရာတော် ဘုရားကြီး၏ မြဲထိန်းချက် တည်းဟူသော၊ ရွှေဘုန်းတော်ရိပ်ကိုဆောင်း၍၊ အပေါင်းဂိုဏ်းသင်္ဃာတို့နှင့် တကွ၊ **ဖာသုဝိဟာရ** ရှိကြပေသည်။ ရွှေပြည်တော်ကြီး၏ အလယ်၊ လေးသွယ်သောသီလသမာဓိနှင့်၊ ဘုန်းရှိသောအသျှင့်ဆရာတော် အသျှင်သူမြတ်၏၊ လျောက်ပတ်သောလက်ဝဲလက်ျာ၊ သင်္ဃာတော် အပေါင်းနှင့် တကွ၊ သုခ ကြီးမြင့်တော်မူကြောင်း၊ ကောင်းမြတ်သောမင်္ဂလာနှင့်ပြည့်စုံတော်မူသည်ကို၊ ကြည်ကြည်ညိုညို၊ ပြောဆိုအထောက်ထောက်၊ ဝမ်းမြောက်သံ ချီးချီးမြှင့်မြှင့်၊ အဆင့်စကား၊ ကြားရပေ၍လည်း၊ သောမနဿဇော၊ တက်ပြောပီတိရှိရပါသည်။ ကြည်လင်တော်မူသော မေတ္တာစိတ်နှင့်၊ **ဘိတ်မန်**တော် မူသည့် အရာဝယ်၊ **ကမ္ဘာနာ**မန်းလွှန်ခြင်း၊ အရင်းမစင်၍၊ အသျှင်သူမြတ် ထံသို့၊ ကိုယ်တိုင်မရောက်၊ အလျှောက်အထား၊ အကြောင်းကြား၊ **လက်နား**သင်္ဃာမျှသာ စေလိုက်ရပါသည်၊ အတည်တည်ကျေးဇူးတော်ရိပ်ကို ထောက်၍ နောက်အကြောင်းသင့်ဘင့်မှ၊ အသျှင်သူမြတ်ထံမှောက်၊ လာရောက်ပါမည်ကြံပါသည်။ အနာစာရ၊ မထိမပါး၊ တရားနှင့် အလျှောက်အပတ်၊ ယပ်သင်္ကန်း ပစ္စည်းနှစ်ဖြာကိုလည်း၊ သံသာရ**ရည်စောင်**၍၊ သုံးဆောင်တော် မူစေသတည်းဟု၊ ပြုအပ်သော အာသီသစေတနာ၊ မေတ္တာထပ်လောင်းပါကြောင်း

---

သဘော=အခြေအနေ၊ အဆင့်အတန်း (ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် အဖြစ် သက်ရောက်သူများ)=အဖြစ်

အင်=အကြောင်း

ဖာသုဝိဟာရ=ချမ်းသာစွာရှိခြင်း

ဘိတ်မန်=ဘိတ်ကြားခြင်း

ကမ္ဘာနာ=ကျောက်ရောဂါ (small pox)

လက်နား=အနီးအနား

ရည်စောင်=ရည်ရွယ်ခြင်း



နှင့်အကြောင်းမျိုးကို၊ သိသာခြားနား၊ အကြားအလျှောက်၊ ရောက်ပါစေသည့် ဆရာတော်အရှင်သူမြတ်။

---

## ၅· လက်ပံတောဂိုဏ်းအုပ်က သာသနာပိုင်ထံ ပေးသော လျှောက်စာ

ဘုရားတရားသင်္ဃာရတနာသုံးပါး၊ အနိစ္စဒုက္ခအနတ္တား၊ အမြတ်အဖျားတို့၏တည်ရာ၊ လူ့ရွာအရပ်၊ လောကဓာတ်မှ၊ အာဘဿရဘုံတိုင်အောင် လောင်ကြွ ပျက်စီးစေတတ်သော၊ ကပ္ပဂ္ဂိနှင့် **အဝီစိမယှဉ်း**၊ ဒိုးကင်းပုဒ္ဓ ကျသော နှမ်းကဲ့သို့၊ **ပရမ်းပတာ**၊ ကိုးရာမသိ၊ **မဇိုလျှံ**၊ ပျက်စီးခြင်းကို ဖြစ်စေတတ်သော၊ နတ်ဂုမ္ဘဏ်တကာတို့၏အမှူး၊ နတ်ဘီလူးတကာတို့၏ အဓိပတိအစစ်၊ မဟာရာဇ်ဖြစ်သော၊ ဝေဿဝဏ္ဏ နတ်မင်းကြီး၏ အာနုဘော်၊ အမိန့်တော် **စက်ရိပ်**ကို၊ ဦးထိပ်ထက် ဆင်ရွက်ရသည့် အနေနှင့် ကုဋေ တထောင်သော နတ်ဘီလူး ဂုမ္ဘဏ်တို့သည်၊ အဋ္ဌနဋ္ဌရ သရက်ပင်မင်းကို၊ ပင်ရင်းမှစ၍အကန်တန့်၊ **သံကွန်ယက်**ခုနစ်ထပ်၊ ရစ်ပတ်အုပ်ဖုံးလျက်၊ တလုံးသောသစ်သီးကိုမျှ **မယှဉ်း**ရအောင်၊ စောင့်ဆောင်ထိန်းသိမ်းရကုန်သကဲ့သို့၊ ဝေဿဝဏ္ဏနတ်မင်းကြီး အမိန့်တော်နှင့် တူသော၊ အသိန်းမကသော၊ အကုသိုလ်တရား အနေကို၊ လောင်ကြွ ပျက်စီးစေတတ်သော၊ သာသနာတော်ပိုင် ကျေးဇူးသခင်၊ အသျှင် ဆရာတော် ဘုရား၏ အာနုဘော် အမိန့်တော်စက်ရိပ်ကို၊ ဦးထိပ်ထက် ဆင်ရွက်နာခံ၍၊ အဋ္ဌနဋ္ဌရ

---

ပရမ်းပတာ=ဖရိုဖရဲ၊ ကစဉ့်ကလျား

ပဇိုလျှံ=နှိပ်စက်ညှဉ်းပန်းခြင်း၊ ဖင်ပန်းဆင်းရဲခြင်း၊ ကြမ်းတမ်းစွာ

စက်ရိပ်=အမိန့်တော်နယ်ပယ်။

သံကွန်ယက်=သံကွန်ချာ=ပိုက်ကွန်

မယှဉ်း=မမှား

သရက်ပင်မင်းနှင့် တူသော၊ ဘုရားသခင် သာသနာတော်မြတ်အမွန်ကို၊ သံကွန်ယက် ခုနစ်ထပ်နှင့်တူသော၊ သဒ္ဓါသီလစသော သူတော်ကောင်းတရား ခုနစ်ပါးဖြင့် အုပ်ဖုံး၍၊ သီးလုံးချိုမြိန်စွာ၊ အရသာနှင့် တူသော၊ ဝိမုတ္တိ ရသာကို သုံးဆောင် ရအောင်၊ ကျင့်ဆောင် ထိန်းသိမ်းလျက်၊ သက်တော် ရာကျော် ပတ်လုံး၊ မဆုံးမခြင်း၊ပွင့်လင်းတိုးပွါး၊ ကြီးမား မြင့်မြတ်ဟောင်းတွင်၊ထပ် လောင်းခါခါ၊ ဘုန်းပညာလုံ့ရှိ၍၊ ဝေပုလ္လ တောင်ယံဝယ်၊ ပြည့်တန်သော ပတ္တမြားကဲ့သို့၊ စိုက်သွားတိုင်း ပြီးပြည့်စုံတော်မူတိ၍၊ တိပိတ်ဥဿုန္န၊ ဆက်တိုင်းရလျက်၊ **သီလကိုမှန်စေခြင်း၊ သမာဓိကို ကျောက်ဆောင်း၊ ပညာကို တန်ဆောင်း၊ ဒါနကို အခေါင်း၊** ပြည့်စုံအောင်လျှင်၊ စောင့်ဆောင်တော်မူသဖြင့်၊ မြိုင်သူမမြင်၊ လူတွင်ထင်ရှား၊ဘုရားဖြစ်တော်မူရွေ့လျှင်၊ ဖူးမြင်ပူဇော်ကြရသည်သာဖြစ်ပါစေသောဟု၊ ဩမိသပတ္တနာ၊ မေတ္တာရည်ညွှန်း၊ သွန်းလောင်းဆက်ကပ်လျက်။ ။ရည်မှတ်၍ပို့တော်မူသော၊ မေတ္တာတော်မြတ်ကိုလည်း၊ မပြတ်နိယံ၊ ခံယူပါအပ်လှသော၊ အနောက်တိုက်အတွင်း၊ လက်ဝံတောဂိုဏ်းအုပ်ဆရာ၊ မေတ္တာရေး၊ငြိမ်းဆေးဆက်ကပ်၊ရာဇာဓိရာဇလောကသမုတိနတ်၏အမြတ်အထွတ်ဆရာ၊သဿာတကာတို့၏ထိုး၊ ကြီးလှသောဘုန်းပညာရှင် အသျှင်ဆရာတော်သူမြတ်။ ။ဆက်ကပ်သည့်သဿာ**စာရင်းအင်းချုပ်၊** မစုံမလင်သည်လည်း တရေး၊ နှေးဖြည်း သည်လည်း တသွယ်၊ အန္တရာယ်ထိုကျောက်၊ရောက်သည့်နောက်အခါ၊ ဝေဒနာမရှင်း၍၊ ထံရင်းသို့ ကပ်ရမည်လည်းခက်၊ ဈောက်ဆက်ရစ် ဝံ့မည့် သူလည်းရှား၊ **လင်ဗျားလွှင့်**ကျန်သည်အမှန်နှင့်၊ ပြန်လည်ခဲ့ရသည်လည်းတကြောင်း၊အကြောင်းကြောင်းကို၊ ရုံးပေါင်းပြု၍၊ ကျေးဇူးတော်မြတ်ကိုထောက်လျှင်၊ အသျှင်သူမြတ်၏ရွှေမျက်နှာတော်ကို၊ ဖူးမျှော်ရက်ဝံ့စရာမရှိအောင် နှလုံးနှင့်၊ ယူကျုံးမရပင် ရှိပါသည်။

စာရင်းအင်းချုပ်–အကွက်အတန်းတို့ဖြင့် သွင်းထားသော စာရင်းပိတ်
လင်ဗျား=ကြာရှည်စွာဆိုင်းလင့်ခြင်း၊ ပေါ့ဆခြင်း



**ကြေးစည်ပင် ကောင်းမျိုးကောင်းသေဘ်လည်း၊ တိုက်မောင်းကို ပုန်ကန်၍၊ ဆန်တလမယ် ပေးရှုကား၊ ရှုမှူပမှူမြည်ဝံ့မည် မဟုတ်** ပါ။ ။ဝေသနာနည်းယူ၊ထုံးဟောင်းကိုကူလျှင်၊ ယူဇနာတရာကွာ၊ အာကာသထက်ဖျားက၊သားတစ်ကို မြင်နိုင်သော လင်းတသည်၊ ပျက်ရမည့် ခေတ်**ကြိမ်**၍ရှိလျှင်၊ မျက်စိရင်းတွင် ကျော့ကွင်းကို၊ **အရှင်း**မမြင်နိုင်ကြောင်း၊ ဘုရားလောင်း လင်းတ ရာဇာသည်၊ "ယဒါပရာဘဝေါ ဟောတိ" စသည်ဖြင့်၊ ပြတော်မူသိ သကဲ့သို့ လည်းကောင်း။ ။မျောက်အပေါင်းတို့မှိခိုရာ၊ လောင်းလျာ ဖြစ်သော မျောက်မင်းသည်၊ ဆင်းရန်သစ်ပင်၌အကွာ၊လမ်းတာကို သာစဉ်းစား၍၊ ခါးတွင်နွယ်ပတ်ရန်ကို၊ တဆံခြည်မျှမမှုမိ၊ သတိဝိပ္ပဝါသ ဖြစ်တိသကဲ့သို့လည်းကောင်း။ ။အကြောင်းမြိုင်ဆိုင်၍ ရှိပါသည်။ ။ပြန်လည်၍-ရွာသို့ ရောက်လျှင်လည်း၊ တလခန့် လောက်မသာယာ၊ ဝေဒနာ မကင်းသည့် အကြောင်းနှင့်၊ချောင်းကောက်ရွာကြီးကို ဒိုးသင့်သည့်အရာကြောင့်၊ဝါကပ်ရမည့်အရာ၊ အာဝါသ ဆောက်လုပ်ရမည့် အရေးကို၊ အတွေးအတောနှင့်၊ သဘောမငြိမ်းနိုင်ကြ၍ပင်၊ ဝါဝင်သည့်နေ့မှ၊**စေ့ငု**ကြသောကြောင့်၊ ဆက်ရသည့် စာရင်းရေး နှေးဖြည်း၍ရှိပါသည်။ ဇရေမရဏ၊ စသည်တို့၏ နှိပ်စက်ရာ၊ဝါဟူ၍ မမှတ်စလောက်သော ခန္ဓာအစုမျှသာဖြစ်၍၊ယခုလည်းကိုယ်မကွာ၊ဝေဒနာမကင်းပင် ရှိပါသည်။ ထိုပင်ကိုယ်မကွာ ဝေဒနာ**ညှဉ်းကျူး** သော်လည်း၊ ကျေးဇူးတော်မြတ်ကို၊အောက်မေ့စကားနှင့်၊အာသာဝတီ၊နွယ်ဆီ ဩဇာ၊ အရသာ အစစ်ကို၊ အနှစ်တထောင်က တသသော နတ်အပေါင်း

တိုက်မောင်း=စစ်တိုက်ရာ၌ အသုံးပြုသောမောင်း
ဆန်တလမယ်=ယခုခေတ် နို့ဆီဘူးတလုံးမျှတွင် ထည့်ထားသောဆန်
ရှုမှူပမှူ=ကြေးစည့်၏မြည်သံ
ကြိမ်=ကြုံကြိုက်ခြင်း
အရှင်း=လုံးလုံးလျားလျား၊လုံးဝ၊ရှင်းရှင်းလင်းလင်း
စေ့ငု=စေ့စပ်ခြင်း၊စေ့ပြည့်စုံခြင်း
ညှဉ်းကျူး=ရောဂါညှဉ်းဆဲကျူးကျော်ခြင်း၊

ကဲ့သို့ရင်း။ ကမ္ဘာဦးသူ၊ မှောင်မိုက်လူတို့သည်၊ နှစ်ဆူသော နေ့,လ,ကို၊ တသသကဲ့သို့ ရွှေမျက်နှာတော်ကို၊ ဖူးမျှော်လိုသော ဆန္ဒများစွာနှင့်၊ အခွင့်မသာ၍ မရောက်ရသော်လည်း၊ "ဟာဒယေ ဝိယံ နူရံ၀ံဒနုရံနာမ" စသည့်ထုံးကဲ့သို့၊ ရွှေနှလုံးတော် မြတ်ကို၊ ယုံမှတ်စိတ်ထည်း၊ အပြီးကြည်လင်စွာနှင့်၊ ဆရာတော်ဘုရားကြီး၏၊ မြတ်ထီးရွက်တည်းဟူသောရွှေဘုန်းတော်ရှိန်ကိုဆောင်း၍၊ အပေါင်းဂိုဏ်းသင်္ဃာတို့နှင့် တကွ၊ တသလျက်သာ၊ မေတ္တာမပြတ်၊ ဆက်ကပ်ခံယူကာ၊ နေ့ရပါသည့်အကြောင်းများကို၊ အသနားတော်မြတ် ခံလျှောက်ဆက်ပါသည်၊ ကျေးဇူးသခင် ဆရာတော်ဘုရား။

---

## ၆–ဆရာတော်က မြို့မင်းထံပေးသည့် မေတ္တာစာ

ချမ်းသာစေသောဟု၊ သြဝါဒပဏ္ဏနှာ၊ မေတ္တာရေချမ်း၊ ဆွတ်ဖျန်း သွန်းလောင်းလေ့ရှိသော ဆရာ၊ မိန့်မှာတော် မူလိုက်သည့် မြို့မင်း။ ။ချစ်ခင်နှက်လေး မေတ္တာ ကျေးသား၊ ရင်သွေးနှုန်းနှယ်၊ သားသူငယ်ကို၊ ဆယ်ရက်တကြိမ် အိမ်သို့ထွက်တော်မူပါ၊ ဆရာ အထံ၊ ခွင့်ပန်သည့်အလျောက်၊ အဝေးအနီး၊ အစီးအနင်း၊ မြို့မင်းတို့ ဆင်ရန်၊ ဟန်ပန်မစို့ မပို့၊ ဂရို့ မဝင်သေးသော မြီပေါက်မြင်း **လုသင်**ကို၊ မြင်းရှင် ပညာရှိကြီးသည် အစီးအနင်းလိမ္မာသည့်သူထံ၊ အပ်နှံသိမ်းသွင်း၍၊ နင်းကွက်ကျစီးနင်းပါမည့်အရေးကို**ကြေးပေး**၍စီးနင်းစေတီသည်တွင်၊ ဒိဒိမြင်းကိုအစီးအနင်းမကျခင်၊ မြင်းရှင် ဆက်လက်၍၊ ဆယ်ရက်တကြိမ်၊ စည်းစိမ်ပြေပြေ စီးလေသည့်အ ချက်ကြောင့်၊ ဖက်လည်းမသေ၊ အနေလည်းမယဉ်၊ ပွေအင်လည်း

---

မစို့မပို့=အနည်းငယ်မျှ၊ထိထိရောက်ရောက်မရှိခြင်း

ဂရို့=အရေးအတွက်၊ အတိုင်းအတွာ၊ (အရည်အချင်း)

လုသင်=အငယ်၊ပျိုငယ်သောအရွယ်

ကြေးပေး၍=အခကြေးငွေပေး၍



သောင်းပြောင်း၊ ဟန်ကောင်းလည်းမဖြစ်၊ ဟန်သစ်လည်း မရ၊ **ဟန်ကော္ဘက**မြင်းပေါက်၊ ကိုယ့်လက်သို့ ရောက်သည့်အခါဝယ်၊ ပွဲလယ်သို့ချဉ်း၍၊ စီးနင်းပါသော်လည်း၊အချော်ချော်အယွင်းယွင်း၊ မြင်းရှင်နှင့်မြင်းကို၊ ပွဲတွင်းပွဲပြင်၊ သိမြင်သူတခေတ္တ၊ ပွဲနေအများ၊ ပွဲသားအပေါင်းစု၊ ရှု၍မကောင့်တယ်၊ အံ့ဘွယ်ရမည့်အရာ၊ အလွန် တရာခဲဘိသကဲ့သို့ ရှိပါမည့် **အဆစ်**ကို၊ **သနစ်**ဖြတ်ပေါ်၊ မှာတော် မူလိုက်သည့်မြို့မင်း။

---

## ၇–မိဘက သားမောင်ကြာတုတ်ထံပေးသည့် မေတ္တာစာ

အန္တရာယ်ခပ်သိမ်း၊ ကင်းငြိမ်းချမ်းသာ မင်္ဂလာမျက်မှောက် ရောက်ပါစေသောဟု၊ သြဝါဒပဏ္ဏနှာ၊ မေတ္တာရေမောင်း၊ သွန်းလောင်းလေ့ရှိသော မိဘစကား မှာကြားလိုက်သည့်၊ သားမောင် ကြာတုတ်။ ။အဟုတ်အဟတ် ဥစ္စာရှာဖွေ၍ ကြိုးစားသည့်တွင် **ကုန်သွား၍လှေဆုံးသည်၊ ယုံမှား၍ ငွေပြုန်းသည်**။ ။ဆိုသည့် မှာ၊ရကာလတွင်သာမဟုတ်ကြ။ ဇနကမင်းသားလည်း ကုန်သွား ၍လှေဆုံးဘူးသည်၊ ယုံမှား၍ ငွေပြုန်းဘူးသည့်ပင်၊ ။ဆင်ခြင်ရန် **ပုံခင်းလျှင်၊ ပွဲမင်းလည်းငွေမှား၊ *ဆေးသမားလည်း သားသေ၊**

---

ဟန်ကော္ဘက=ဟန်ဇကောဇက၊ ဟန်ပန်အားဖြင့် မတင်မကျဖြစ်ခြင်း

အဆင်=အဆစ်အပိုင်း

သနစ်=အဖြစ်အပျက်

ကုန်သွား=ကုန်ကူးရန်သွား ရောက်ခြင်း

ပုံခင်းလျှင်=ပုံဝတ္ထုများကို ခင်းကျင်းရလျှင်

(*) ပွဲမင်းလည်းငွေမှားဆိုသည်မှာ၊ရှေးအခါက ငွေကိုမည်သည့်အကဲ ဟု ဆုံးဖြတ်သောသူကို ပွဲမင်း (ပွဲစား) ခေါ်သည်၊ ထိုသို့သောသူပင်သော်လည်း ငွေကဲခပ်မှားသေးသည်ဟူလို၊

**ဗေဒင်သမားသည်း နှမ်းပေါက်၊ ဆောက်သမားလည်း အထွင်း မကောင်း၊ စောင်းသမားလည်း တေးမပေါ်၊ ပန်းချီသမားလည်း ဟန်မရ။** ။ဆိုကြသည့်စကားရပ်မှာ၊တွေ့တတ်ကြသည့်မျှတာ ပင်ဖြစ်တော့သည်။ ။စားတတ်မှ **ချဉ်ရဲ**ပြေလေသည်၊အာစပ်က ထမင်းပင်**စဥ်**သေးသည်။ ။ချစ်နေကျရည်းစားမှ မုန်းသေးသည်၊ ဖြစ်နေကျပွဲစားမှ ရှုံးသေးသည်။ **ပုံခင်း**က စကားမှား၍ ငြိသည်၊ **နုံမင်း**မှ တရားမှား၍ ရှိသည်။တဘက် စောင်ကိုပင်ယက်တူးသော် လည်း၊ လက်ကျင့်လို့ နေရသေးသည်၊ လက်ဘက်တောင်ကိုပင် တက်တူးသော်လည်း၊ ငှက်သင့်လို့ သေရသေးသည်။ မတွေ့က ကြုံမောသည်၊ရသေ့မှုရှာန်ချော်သည်၊သဘောကိုစစ်တွက်လျှင်၊ အပျက်ထင်သည့်ကိုသာ၊ ဆင်ခြင်ရပါမည်၊ အသက်ရှင်သည်ကို သာ၊မြင်ချင်လှပါသည်။မိုးများပင် ထန်သော်လည်း ကန်တိုင်းက မပေါက်ပေ၊ကြိုးစားပင်ကြိုသော်လည်း၊ကြိုတိုင်းမှမမြောက်ချေ **ကံရှိမှ ဥစ္စာတင်သည်၊ ဥာဏ်ရှိမှ ဟုတ်ရာမြင်သည်။** ။အနေမှာ ကြေနံ၊အမှန်မှာတရား၊ယင်းစကားတွင်၊ဘုရားလောင်းလျာ မဟာ ဇနက်မှာ၊ လှေပျက်သည်လည်းတခန်း၊ နန်းတက်ရသည်လည်း တဝ၊သည့်ပုံနှင့်**ချလိုက်လျှင်၊က**,လို၍ကိုယ်**ပါးသည်**၊**ခ**,လို၍သို **ထားသည်။** ။ဆိုတိုသက်ဲ့သို့၊**မချို့**တကယ်၊ကြွယ်လို၍တွေ့မှောက် သည်ဟု၊ အထောက်သင့် ယူရန်လည်း ရှိပါသည်။ ထို့အရာတွင် **ကံပင်ရှိသော်လည်းဝီရိယမယှဉ်းစေရာ၊ ဥာဏ်ပင်ရှိသော်လည်း သတိကာမကင်းစေရာ။** ။သည်တခါမှု၊ အတာအရှည်၊ နှစ်လ လည်းအထီလီ၊ကြာမြင့်ပြီဖြစ်၍၊နှမ်းစေ့ခန့်မျှ ဥစ္စာပါသည်ဖြစ်စေ၊

---

ချဉ်ရဲ=ချဉ်သောအရသာ၊ ချိုရဲရဲအရသာ
စဥ်=လွှင့်စဥ်သွားခြင်း
ပုံခင်း=ပုဏ္ဏားအပြောကောင်းသူ (ကွက်စိပ်ဆရာ)
နုံမင်း=တရားသူကြီး
ချလိုက်လျှင်=နှိုင်းရှဉ်ကြည့်လျှင်
မချို့=မချို့တဲ့=မလို=ပြည့်စုံခြင်း



မဖြစ်စေပင် မိခင်မွေးဘ၊ မြင်ချင်လှသောကြောင့်၊ ခဏမကြာ၊ ပြန်လာမည့် သနစ်ကို၊ ချစ်လှ၍ ကြားလိုက်သည်၊ သား မောင်ကြာတုတ်။

---

## ဂ–အဘက သားနှစ်ဦးထံပေးသည့် မေတ္တာစာ

အောင်မြင် ရွှင်လန်း၊ ငြိမ်းချမ်းကုန်ကြ၍၊ အဘ ထံမှောက် လာရောက်ကြသည်သာ ဖြစ်ပါစေသောဟု၊ သဘော အနေတွင်၊ မသေခင်ကို၊ မြင်ချင်လှပါသေးသောကြောင့်၊ မွေးသည့်ဘခင်၊ ကြည့်လင်ချိုသာ မေတ္တာစကားမှာကြားအပ်သည်၊ သားမောင် နှစ်ဦးတို့။ ။ဘခင်တို့ထံ၊ မပြန်မလည်၊ နေ့ရှည်လများ၊လေးငါး ခြောက်နှစ်ကြာထင်၍၊ **ဘခင်ကတဖျောက်ဖျောက်**၊ အောက်မေ့ ဟန်အသွယ်သွယ်ကို၊ဘယ်နှယ်ပင်ပုံဆောင်သော်လည်း၊မောင်တို့ မယုံသေး၊ ကိုယ်မွေးဘူး၍ ကြီးဘူးခါမှ၊ငါ့ဘစင်စစ်၊ ဘကယ်ပင် ချစ်သည်ဟု၊သိရစ်ရှာကြလေတော့မည်။ အတည့်တည့်တစေ့စေ့၊ အောက်မေ့သည့် နှလုံးထားမှာ၊ ဘုရားလောင်းလျာနှင့်၊ အာနန္ဒာ အလောင်း၊ ပေါင်းညီနောင်နှစ်ဦး၊ တောကျူးမြိုင်ခြေ နေသည့် ကာလ၊ မိဘကိုကြည့်ရှု၍၊ သူ့မွေးရကောင်း၊ ငါမွေးရကောင်း နှလုံးထားနှင့်၊ သုံးစားရာ သစ်သီးကိုပင်၊ သူ့ထက်ငါ **အလျင်ဦး** အောင်ပေး၍၊မွေးဘူးကြသည့်ထုံးစံကိုမှီလျှင်၊ညီနောင်နှစ်ယောက် အကြိုကောင်းပေါက်၍၊အောက်ရွာကျေးရပ်မြေက၊ရှာဖွေခဲ့သည့် ဥစ္စာနက်ကို သူ့ထက်ငါ အလျင်ဦးအောင်ပင်၊ ဘခင်တို့ထံ၊ ကြိုဆောင်ရုံးရ၍ ယခုလာတော့မည်နှယ်ပင်၊ ထင်စား၍ ရှိပါ သည်။ ။**ဖြူယောင်နှင့် မဲတတ်သည်၊ ဟုတ်ယောင်နှင့် လွဲတတ် သည်၊ ဖြူယောင်နှင့် မမဲပါစေနှင့်၊ ဟုတ်ယောင်နှင့် မလွဲပါစေ**

---

တဖျောက်ဖျောက်=တစိမ့်စိမ့်၊ တဖြည်းဖြည်း၊ အမြဲ
အလျင်=အရင်=ဦးဦးဖျားဖျား

နှင့်။ ။**အထင်နှင့် မဆီမဆိုင် ရှိတတ်သည်၊ အမြင်နှင့် မညီနိုင် ရှိဘတ်သည်။** ။**အထင်နှင့် ဆီစေချင်ပါသည်၊ အမြင်နှင့်ညီစေချင်ပါသည်။** ။သို့ရာတွင်၊ ခုကာလမိုးခေါင်သကဲ့သို့၊ ရွာယောင်နှင့်မရွာဘဲပြေတတ်သည်။ လာယောင်နှင့်မလာဘဲနေတတ်သည်။ ရွာယောင်နှင့် မရွာဘဲမပြေစေချင်ပါ၊ လာယောင်နှင့် မလာဘဲမနေစေချင်ပါ။ ။မိုးကိုလည်းရွာစေချင်ပါသည်၊ သားကိုလည်းလာစေချင်ပါသည်။ မိုးမရွာ၍ တတိမ်လုံး **သင်းကွဲ**သည်၊ သားမလာ၍ တအိမ်လုံးဆင်းရဲသည်။ ။မိုးရွာမှ ဝမ်းသာသည်၊ သားလာမှ ချမ်းသာမည်။ ။မိုးတပေါက်မျှလည်း မရွာပါ၊ သားတယောက်မျှလည်းမလာပါ။ ။ဇရာကလည်းနှိပ်စက် နေ့ရက်ကိုပြောင်းရွှေ့၍၊ အောက်မေ့ရအဘန်ဘန်၊ အတန်တန်စိတ်မချမ်း၊ ပင်းပန်းသည့် သဘောနှင့်၊ ပေါမှာနေလည်း မကောင်း၊ ကျောင်းမှာနေလည်း မငြိမ်၊ အိမ်မှာနေလည်းမှုမပြီး၊ အထီးသီး ဗျာပါများ၍၊ တရေးကို ဆင်ခြင်ရ သည့်လည်း တချက်၊ သားကို မြင်ချင်လှသည့်လည်း တဘက်၊ **အချက်ပင်မကျ**၊ ကာလနှင့်လည်းကြုံ အလုံးစုံကြောင့်၊ အားကုန်စိတ်ဆွေး၊ ရေးအခါကဲ့သို့မဟုတ်၊ **ညှိုး**ရုပ်မရွှင်၊ မသေခင်ကို၊ မြင်ချင်လှသည့်စိတ်ထားနှင့်၊ မှာကြားလိုက်ပါသည် စာရောက်လျှင် ရောက်ခြင်း၊ လျင်မြင်းမကြာ၊ လာရောက်ပါမှ၊ ဘဝပင်စွန့်သော်လည်း၊ **မရွံ့မစောင်း** ပြောင်းနိုင်တော့မည်ဖြစ်၍၊ လွမ်းသစ်ဆင်ကာ၊ မှာလိုက်ပါသည်၊ သားမောင်နှစ်ဦးတို့။

---

သင်းကွဲ=စုနေရာမှ ကွဲကွာသွားခြင်း
အချက်ပင်မကျ=မသေချာ
မရွံ့မစောင်း=မကြောက်ရွံ့၊ မတိမ်းစောင်း (အယူမမှား)



## ၉-ဘခင်က သားထံပေးသည့် ကေဗိုဒ် မေတ္တာစာ

သို့ပင်သို့ပင်၊ လွမ်းရ**ခေါင်**လည်း၊ ဘယ်တွင်မယွင်း၊ **ပမာ**ခင်းမှု၊ မင်းတေမိအား၊ ဘမင်းဖျားက၊ စကားမှုကို မဆိုလို၍၊ ဆိုစေချင်လစ်၊ ဆယ့်ခြောက်နှစ်က၊ စွန့်ပစ်ခွါရှောင်၊ သားရွှေတောင်တို့၊ **ခုတောင်**မလာ၊ ကြာကြီးကြာ၍၊ ရောက်လာနိုးနိုး၊ မျှော်လင့်ကိုး လျက်၊ ဖိုးရိမ်သဖြင့်၊ တထင့်ထင့်လျှင်၊ ငံ့လင့်၍သာ၊ နေရပါဟု၊ မှာစာဆစ်ဆစ်၊ **ပါးတုံလစ်**လည်း၊ **ကညစ်**သာတုံး၊ ထန်းရွက်ဖြုန်း၍၊ **ထုံးမသင့်**ဗြား၊ မောင်ထံပါးသို့၊ **လားလား**မရောက်၊ လမ်းတွင်ပျောက်သည် အထောက်သင့်စွာ၊ ကြားရပါ၏။ (ဘတို့တမှု) ခုမှာမူကား၊ ဟိုရှေးများနှင့်၊ လားလားပင်သာ၊ မတူပါခဲ့၊ ဇရာကြွေမည့် မောင်တို့မိလည်း၊ မရှိသွားရှာ၊ **ဘကြီး**မှာလည်း၊ ခန္ဓာအိုပြီး၊ ပြောင်းလုနီးပေ၊ ဘကြီးခန္ဓာ၊ ပြောင်းသောခါမှ၊ သားလူလှတို့၊ အဘမရှိ၊ အမိမဲ့သား၊ **ချွန်းဖျားမခုဂ်၊ဆင်ယုတ်အလား**၊ ဖြစ်သည်ကားဟု၊

---

ပမာ=ဥပမာ=ပုံစံ
ခုတောင်=ယခုတိုင်ရောက်အောင်
ပါးတုံလစ်=ပေးပါသော်လည်း
ကညစ်=ပေပေါ်တွင် စာရေးနိုင်အောင် ပြုလုပ်ထားသော သံချွန်ကိရိယာ
ထုံးမသင့်=ထုံးစံနှင့်မညီညွတ်
လားလား=လုံးလုံးလျားလျား
ဘကြီး=ကုန်းဘောင် ခေတ်တွင် အထက် မြန်မာပြည်၌ ဘခင်ကို ဘကြီးဟု ခေါ်သည်။ မိခင်ကိုအမယ်ကြီးဟုခေါ်ကြသည်

ချွန်း=ဆင်ကို လိုရာသို့သွားအောင် ထိန်းကျောင်းသော သံချွန်

မူကွဲများ (၁) သားရွှေမောင်တို့၊ ခုတောင်မလာ၊ ဦး
(၂) ရှေးက ပေစာကို ထန်းရွက်တွင်၊ ကညစ်ခေါ် သံချွန်နှင့် ရေးရသည်ကိုဆိုသည်။

အများဆိုမည့်၊ဖိုးလှသည့်ကြောင့်၊ ချစ်ကြည်အရေး၊ သားရွှေသွေးတို့မနှေးမြန်မြန်၊ဘကြီးထံသို့၊ပြန်လည်ပါကြောင်း၊ဆုယူတောင်းသည်၊အလောင်းညီနောင်၊သစ်သီးဆောင်၍၊ ဦးအောင်ကျေးမွေး၊ ဘကိုပေးသို့၊ ရင်သွေးစုံရုံး၊ သားရွှေတုံးကို၊ နှလုံးသာယာ၊ လျှင်**ဆေး**လာ၍၊ဇရာအိုပြီး၊သေလုနီးပေါ့၊ ဘကြီးထင်ထင်၊ မသေခင်ကို မြင်ပါရအောင်၊ သားရွှေတောင်တို့၊ ကြိုဆောင်မတိမ်၊ ညတ်ရေးချိန်လျက်၊ ရွှေသိန်မည့်သီး၊ မြို့များထီးက၊ ဘကြီး ပျော်ရာ၊ ရပ်ရွှေညာသို့။ ။မကြာလျင်ဆော၊ ရောက်စေသော။

---

## ၁၃-အမိက ရှမ်းပြည်သွား သားထံပေးသည့် ဧကပိုဒ်မေတ္တာစာ

ဘုံသုံးပါးတွင်၊ဘက်မမြင်သည့်၊ဘုန်းအင်ကြီးမား၊မြတ်ဘုရားနှင့်၊ တရားသံဃာ၊ ရတနာကို၊ သိသာထိပ်ပြင်၊ ပန်းသို့ဆင်၍၊ မိခင်ကြည်ယုံ၊ **မေတ္တာထုံ**သည့်၊**သက်လုံ**မပြေ သားသက်ဝေကို၊ စေ့ရေကြောင်းလျား၊ မှာလိုက်ကြားအံ့၊ ရွှေသားမင်းလျှာ၊ မိပ်မိပ်နာလေ့။ ။ရွှေညာဌာန၊ဝေးနိုင်မျှက၊ သားလှသက်ဝေ၊ မလာနေ၍၊ မအေမာတာ၊ ရပ်ရွာတူနေ့၊ ဆွေညာစုပေါင်း၊ အောက်မေ့လို့သာ၊ သား**သည်းချာ**ကို၊ အညာတကြော၊ **မော်ခွင်တော**မှာ၊ သိပေါ်သုံးဆယ်၊မိုင်းကိုးသွယ်နှင့်၊မော်ကယ်မော်တုံ၊ ရှမ်းပြည်တုံကာ၊မရုန်မလာ၊ဘယ့်ကြောင့်သာလျှင်၊နေ့ရှာလေဘိ၊ တွေးမှားရှိခဲ့၊

---

လျှင်ဆော=အဆောတလျှင်=အလျှင်အမြန်
မေတ္တာထုံသည်=မေတ္တာစွဲသည်
သက်လုံ=နှလုံး၊သွေး၊အကြိုက်
သည်းချာ=သား
မော်ခွင်တော=မောရှမ်းများနေရာဒေသ

မှတ်ချက်များ (၁) မူဟောင်းတွင် ရွှေထိန်ဟုရှိသည်၊

SAPAY BEIKMAN PUBLIC LIBRARY



မွေးမိဘမင်း၊မိတ်ဆွေရင်းတို့၊သတင်းနားထောင်၊သားရွှေတောင်ကို၊ မေးယောင်မေးမှား၊ မေးဘန်များသော်၊ ရွှေသားမင်းလျှာ၊ ရတနာမှာ၊အညာရပ်က၊ ငှက်ဖျားရ၍၊ သားလှနုနယ်၊ခန္ဓာကွယ်လို့၊အမယ်တို့မှာ၊ကြားသည့်တာကြောင့်၊ စိတ်မှာ**ဗလုံ**၊ **ရတက်**ကြုံ၍၊ မယုံတချက်၊ ယုံတချက်နှင့်၊ ပိတက်ဗျာပါ၊ ရှိသည့်ဌါကို၊ မှန်ရှာလိမ့်လော့၊ မမှန်လောဟု၊ တွေးတော**ဆင်ခြင်**၊ နေမရှင်၍၊ ဇေဒင်**ဟူးရား**၊ မေးမြန်ငြားလည်း၊ ဘုရားသခင်၊ ရွှေပဋ္ဌင်ကို၊ အောင်မြင်ခါသင့်၊ သဗ္ဗာပွင့်**သည့်**၊ ကျိန်းနှင့်လည်းငြား၊ ကျန်ရစ်သားကို၊သိကြားမကာ၊မသေရာဘူး လာလဦးမည်၊ဟောပေသည့်ကြောင့်၊ **ဆောက်တည်**လည်းရ၊ စိတ်ချတဝက်၊ ရေချမ်းပက်သို့၊ တချက်စိတ်မှာ၊ ဗျာပါကြီးဘိ၊ အဒိစိတွင်၊မီးထိသည့်တူ၊ တပိုင်းပူနှင့်၊ လိုက်ဆူခေါက်ချိုး၊ ဗလုံထိုး၍၊ လွမ်းမိုးလည်းရှာ၊ သားရွှေကြာကို၊လူလါတိုင်းမေး၊ဖိုးရိမ်တွေး၍၊လွမ်းရေးမပြေ၊**ဗလောင်စေ**တွင်၊မောင်နေ့မြို့ရောက်၊သတင်းပေါက်၍၊**မြညောက်ပျို့ရှင်**၊ သားရွှေစင်ကို၊မြက်မြင်တွေ့ကြောင်း၊လုံးစုံပေါင်းနှင့်၊ **သံညောင်း** မင်္ဂလာ၊ကြားရောက်ပါ၏။**သီဒါ**ရေချမ်း၊ထိပ်ထက်ဆမ်းသို့၊ လွမ်းတပိုင်းပြေ၊ နေ့ရပေ၏၊ သက်ဝေရတနာ၊ သို့အရာတွင်၊ မျက်နှာဖြူဝင်း၊ရွှေလမင်းသို့၊ကြော့ရှင်းရပ်သွင်၊မင်းရွှေစင်ကိုမမြင်ရသေး

---

ဗလုံ=ဆူပွက်ခြင်း၊ ပွက်ပွက်ထခြင်း
ရတက်=တက်ခြင်း၊ စိတ်ပူခြင်း၊ ရင်ထိအောင်ဆောင့်တက်ခြင်း
ဆင်ခြင်=စဉ်းစားသည်
ဟူးရား=နက္ခတ်ကိုကြည့်တတ်သူ
ဆောက်တည်=စောင့်ထိန်းခြင်း
ဗလောင်စေ=ဆူဝေခြင်း
မြညောက်ပျို့ရှင်=နှစ်သက်စရာဖြစ်သော လူပျို့လူရွယ်သားငယ်
သံညောင်း=သာယာသောအသံ
သီဒါ=ကြည်လင်ဧမြသောရေ

မှတ်ချက်များ (၁) ရတက်ခုန်၍၊ ဦး

၈၉၇.၈
က
B. 2776

သည့်အရေးကြောင့်၊ပူဆွေးဗျာပါဝ၊လွမ်းမပြေခဲ့၊ကျွန်းတွင်**ပတ်ကုံး** ရေမြေလုံးနှင့်၊ မဆုံးမြင့်ဖြူး၊ မြင့်မိုရ်ဦးသို့၊ကျေးဇူးများပေ၊ မေတ္တာ ခွေသည့်၊ မှီနေမင်းကို၊ မောင်ကြည်ညှိအောင်၊ လျှောက်ဆိုရှိ**ဝန်** ခွင့်တောင်းပန်၍၊ ရွှေကန့်မင်္ဂလာ၊ ရပ်ချမ်းသာသို့၊ လျင်စွာပြန် ကြောင်း၊မေတ္တာလောင်းသည့်၊ထုန်းပေါင်းကျက်သရေ၊တက်သစ် နေသို့၊မအောပန်းကုံး၊သားရွှေထုံးငယ်၊ နှလုံးကြည်လင်၊ ရွှင်လည်း ရွှင်လျက်၊ နောက်ခွင်ရပ်သာ၊ မယ်တို့ရွာသို့။ ။မကြာလျင်ဆော၊ ရောက်စေသော။

---

၁၁-သားမြေးတို့က ဘွားမထံပေးသည့် ကေပိုဒ်မေတ္တာစာ

ရာဇရာဇိန်၊ ဒေဝဒေဝိန်၊ မဟာမုနိန်၊ သိရိန္ဒာဓိပတိ၊ မုနိပုင်္ဂဝ၊ နှရ**သနင်း**၊ အမင်းမင်းတို့၊ **မှန်ကင်း**ဦးဖိုက်၊ ပန်းကြွထိုက်သား၊ **ရောင်မြိုက်**မင်္ဂလာ၊ ရတနာကို၊သီသာထိပ်ပြင်၊ပန်းသို့ဆင်၍၊မိခင် ဘရင်း၊**ကံဆောက်နှင်း**သည့်၊နေခင်းပျော်ရာ၊ ရွှေရင်းမာသို့၊ပုတ္တာ ယဉ်ရွှ၊ သားမောင်ရနှင့်၊ မြေးလှတရ၊ ဝယ်ရွှယ်နွသား၊ မျက်ရှု **ကြေးမုံ**၊ လှမကုန်သည့်၊ ရှင်ပုံရှင်နှင်း၊ မိရှင်ဇင်းတို့၊ ဘွားမင်း ပစ်ရက်၊ လေသည်ချက်ကို၊ တွက်စစ်လိုက်က၊ အရှမအသဲ၊ အခပ်စွဲ

---

**ပတ်ကုံး**=ထက်ရပ်ဝန်းကျင်၊ ပတ်ပတ်လည်တဝန်းလုံး
**ရှိဝန်**=ရှိခိုးဝန္ဒနာပြုခြင်း—ရှိခိုးခြင်း
**သနင်း** (ပေါရာဏ)=မင်း
**မှန်ကင်း**=အထွတ်အထိပ်၊ တန်ဆောင်း ပြာသာဒ်ထိပ်ဖျားဝ၌ ရှိသော အဆင်း တန်ဆာ
**ရောင်မြိုက်**=အေးချမ်းသောအရောင်
**ဆောက်နှင်း**=ပေးအပ်ခြင်း
**ကြေးမုံ**=မှန်၊ ကြေးပြားဖြင့် ပြုလုပ်ထားသော မှန်ကဲ့သို့ အသုံးပြုရသည့်အရာ



သည့်တူ၊ တပိုင်းပူနှင့်၊ ထိုက်ဆုဖြိုကွဲ၊ ဝမ်းပန်းနဲ့၍၊ ဗိုလ္လဲမျက်ရည်၊ စီးလာသည်ကို၊ ဆီးဆည်မနိုင်၊ ဗျာပါတိုင်လျက်၊ နှင်းခိုင်အတူ၊ မြေးဖြူဖြူတို့၊ တယူပျောင်းအိ၊ ပြေတဲ့ရှိ၍၊ မျက်စိပူဝေ၊ လွမ်းရ ထွေကို၊ ရွှေကျေးဇူးရှင်၊ ဘွားမိခင်အား၊ သံလွင်**မှုံ့မျူး**၊ **သဘင်** ကျူးပိ၍၊ ကျေးဇူးရှင်ရင်း၊ ဘွားမယ်မင်းငယ်၊ မြေးချင်းစာပါ၊ ထောင်နားနာလော့။ ။လိမ္မာမည့်ဝေး၊ မကြီးသေးသည့်၊ရင်သွေး နုနယ်၊ သုံးယောက်မယ်ကို၊ မယ်ငြိမ်းမာတာ၊ မချမ်းသာ၍၊ ပစ်ခွါ စွန့်ထား၊အလွမ်းသားနှင့်၊ တရေးမမွှတာ၊ သေမင်းရွာသို့၊လိုက်ရှာ ရသော်၊ထို့ပြင်းသော်လည်း၊မယ်တော်မာယာ၊ သားသည်းချာကို၊ ပစ်ခွါစွန့်ထား၊**နတ်ရွာလားသော်၊** သားရင်းတူညီ၊ဂေါတမီလျှင်၊ ဝိုက်ချီယူကျုံး၊မွေးသည့်ထုံးကို၊ နှလုံးစာနှာ၊ ထောက်ကောင်းပါ ၏။ မေတ္တာဖျင်းသုဉ်း၊ မုန်းသည်နှင့်ညီ၊ **ဒီဒီ**မလာ၊ ရွှေရင်းမာ၌၊ ရှုရှာမငြိမ်း၊ သမီးရှင်အိုး၊ ကြည်ညိုမြတ်နိုး၊ ချစ်ကြိုးရစ်ထွေး၊ မောင် သားလေးတို့၊ တဝေးတူကွ၊ ရွှင်ပျော်ရ၏။ ရှေးကသနစ်၊ပုံကိုစစ် သော်၊ "**သားချစ်မည်၊ သားချီမျှ၊**" ဆိုတုံကြွနှင့်၊ တူလှ မချွတ်၊ မေတ္တာ လွတ်သည့်၊ ကောဝင့် ပုဏ္ဏား၊ မဟော် အားလျှင်၊ မုန်းထားမတော်၊ ပျားရည်ဖျော်သို့၊ အပေါ် **ပျူငှါ**၊ ပြုကောင်းပါ လျက်၊ မလာမလျဉ်း၊ မေတ္တာကင်း၍၊ ကံရင်းမမ၊ လူမောင်ရမှာ၊ သားလှသမီး၊ ဇနီးအိမ်သူ၊ သေမင်းယူ၍၊ သက်ရှု မရှင်၊ ရှိတုန်း တွင်ကို၊ မိခင်နှင့်ဝေး၊ လွမ်းရန်ထွေးခဲ့၊ ရင်သွေးနုစိမ်း၊ **ဖင်ဖင် ရှိမ်း**တို့၊ မယ်ငြိမ်းမွှတာ၊ သေမင်းရွာသို့၊ လိုက်ရှာသည့်မှ၊ နေ့က စ၍၊ ဘကြီးသက်ထား၊တို့ထင်စားဘို့၊ ဘွားကြီးကိုသာ၊ ကိုးကွယ်

---

**မှုံ့မျူး**=သာသာယာယာ
**သဘင်**=ပွဲ
**နတ်ရွာလားသော်**=သေသွားသောအခါ
**ဒီဒီ**=သေသေချာချာ
**ပျူငှါ**=လောကဝတ်—ဖေါ်ဖေါ်ရွေရွေ
**ဖင်ဖင်ရှိမ်း**=ဝိုဝိုပြေပြေ (ရှိမ်း=စိမ်းသည်၊ စိုသည်။)

ရာသည်၊ ဖြစ်တော့မည်ဟု၊ ယုံကြည်၍သာ၊ နေ့တုန်းပါကို၊ မေတ္တာ **ဂဟော**၊ မစပ်နေ၍၊ သွားလေသည့်မှ၊ နေ့ကာစလို့၊ ကာလရှည်ကြာ၊ ခုအောင်သာ့လျှင်၊ မလာသည့်ကြောင့်၊ ဗျာပါချောင့်လျက်၊ ပိုးနှောင့်ပုဆွေး သုံးယောက်မြေးလည်း၊ ရေဝေးကြာတူ၊ **လှိုက်ဆူခေါက်ချိုး**၊ ဗလုံထိုးခဲ့၊ လွမ်းမိုးရွာငြား၊ ရဏက်ထွါး၍၊ ဘွားကြီးပျော်ရာ၊ ရွှေခရင်းမာသို့၊ သွားပါကို့ တော့၊ ငိုပျောင်းမြေ့လျက်၊ ချော့မော့မနိုင်၊ ယဲင်းကာယိုင်၍၊ မိန်းမှိုင်ပုဆွေး၊ ရတဝေးတို့၊ မြေးကုံ့ခွံ့ထား၊ သားကိုပစ်ပယ်၊ ဘွားမိမယ်ကြောင့်၊ **ညှိုး**ငယ်မ ရွှင်၊ ဗျာပါဝင်၍၊ သီလွှင်သာယာ၊ ကြားလိုက်ပါသည်။ ။ရောဂါဘေးဒဏ် ရန်မာန်မသန်း၊ လသစ်ဆန်းသို့၊ စိတ်ဝမ်းကြည်လင်၊ ဘွားမိခင်ဝယ်၊ ရွှင်ရပ်သာ၊ သားမှီရာသို့၊ မကြာလျှင်ဆော၊ ရောက်စေသော။

---

### ၁၂-လင်းဆွဲရွာနေ ငွေရှာ မောင်ကြော့က
### အိမ်နေ့ဖနိုးထံသို့ ပေးသောမေတ္တာစာ

ရွှေလင်းဆွဲနေ ငွေရှာမောင်ကြော့၊ အေးလှသောမေတ္တာစကား၊ မှာကြားလိုက်ပါသည်၊ မေတ္တာရစ်ခွေ၊ အိမ်နေ တစု တို့။ ။ ကျွန်ုပ်တို့မှာ၊ ရတနာသုံးပါးဂုဏ်၊ မိဂုဏ်၊ ဘဂုဏ်၊ ဆရာဂုဏ်၊ အခြေတွင်၊ အိမ်နေသူတို့က၊ မှီသသောမေတ္တာ၊ ပဏ္ဏာကြောင့်၊ မနှောင့်**ဘေးဘျမ်**၊ ချမ်းသာကြပေသည်။ အောက်ပြည်ရပ်ခွင်ဝယ်၊ ကြာတင်သည့်အရာမှာ၊ ပမာစကား၊ အလားတူဆိုရလျှင်၊ ကဆုန်ကိုမိုးဖြုန်း၊ နယုန်ကိုမိုးမရွာ၊ ဝါဆိုကိုမိုးချောင်၊ ဝါခေါင်ကိုမိုးရှင်း၊

---

ဂဟော=ဆက်စပ်သောအရာ
လှိုက်ဆူ=ပြင်းထန်စွာလှုပ်ရှားဆူပွက်ခြင်း
ခေါက်ချိုး=ထက်ဝက်မှ ကျိုးကျခြင်း
ဘေးဘျမ်း=ဘေးဘယာ=ဘေးဥပဒ်
မိုးဖြုန်း=ရိုးရေကိုအကျိုးမဲ့သုံးပစ်လိုက်သည်၊ မိုးရွာသည်။



တော်သလင်းကို မိုးလွှတ်၊ သီတင်းကျွတ် မိုးသည်း၊ တန်ဆောင်မုန်းကိုမိုးနေ့၊ ပျိုးပင်သေ၍၊ ရေစာမပေါ်၊ နတ်တော်အလှ၊ ရာသီနုတွင်၊ ကျွေးဥလည်းတိုး၊ သမုန်းလည်းကုန်၊ ခံချုံလည်းဖြူ၊ ခတူလည်းရှင်း၊ **ဗန်းချီ**တွင်းမှာ၊ ပြောင်းခင်းလည်း မအောင်၊ ဝမ်းစာချောင်ကြ၍၊ **ယောင်တောင်ဘောင်၊ ကြောဘက်တက်၊ မောင်းကျောက်မှန်သည့်ကြက်ကဲ့သို့**၊ အမြဲ့မြဲ့အရွာရွာ၊ ကြုံကြသည်သာဟု၊ လူတကာအများ၊ ပြောစကားကိုကြားလည်းကြား၊ တွေ့လည်းတွေ့သို့ဖြစ်၍ပင်၊ နေရပ်ခွင်သို့ပြန်ချင်ပါလျက်၊ အသွားခက်၍ပန်းအကွက်ခပ်ဝါဝါ၊ ပြာတာတာ**ပြုပ်ရှစ်ရှစ်**၊ **နှပ်တိုင်**မဖွယ် တဖွယ်၊ နံငယ်ပုဆိုးကို၊ **ခေါင်းသိုး**ကြီးပင့်၍၊ မြင့်လှသည့်သွစင်မှာ၊ နေ့ဝင်နေ့ထွက်၊ ချွေးပနှောင့်သက်အောင်၊ အထက်ကင်-အောက်ကဆွဲ၊ ဖြတ်ဖြတ်ကွဲအသွာသွာ၊ နှီးသို့ဖြာသောအခါ၊ လျှင်မကြာ**သွေ့မပယ်**၊ ပျဉ်တရာငွေနှစ်ဆယ်၊ **ခပုံမှာ**လွှယ်ထည့်၍၊ ရယ်ချင်သလိုလိုသာ၊ ဝမ်းသာ၍ဆိတ်ဆိတ်၊ စိတ်အတွင်းပုန်း၊ တပြုံးပြုံးနှင့်၊ တော်ရော့မည်ထင့်ဟု၊ ပြန်တော့မည် ပြုသော်လည်း၊ မင်းမှုမင်း ရေးကို၊ တကြွေးမျှ**မချိန်** လောက်၊ အစာ ထောက် က လည်း၊ ကာ လမို မပီ၊ ရန် ကုန် ဆိ မှာ၊ လျော်နှိ ကြီး တ စင်း ၏၊ အရင်း ကို ဆယ်စိတ်စိတ်၍၊ တစိတ်မျှ မရ၊ နည်း သေး လှ သော ကြောင့်၊ ပြန်ရ မည်လည်း ခက်၊ ရှက် တက် တက် မို့၊ လွမ်း လျက် ပင်

---

ဗန်းချီ=ဗန်းချီတိုက်နယ်
မောင်းကျောက်=ကြက်ကိုလှန့်သော မောင်းတံတမျိုး
ပြုပ်ရှစ်ရှစ်=ပွတာတာ ကြမ်းတမ်းတမ်း အဖုအထစ်များရှိခြင်း
နှပ်တိုင်=ယက်ကန်းစင်တွင် တိုင်ချည်များအတွက် စိမ်ထားသော ကြိုးရိယာတခု
ခေါင်းသိုး=ခါးတောင်းကျိုက်တမျိုး
သွေ့ဖမယ်=မရှောင်မလွဲ=သေချာစွာ
ခပုံ=ခါးပုံစ=ရှေးက ပုဆိုးများကို ဝတ်သောအခါ၊ ခါးတွင်အိတ်သဖွယ်ဖြစ်နေသောအစ
မချိန်=အခွန်ငွေကိုမပေးနိုင်ခြင်း
မှုကွဲများ (၁) မောင်းချောက်မှန်သည့်ကြက်ကဲ့သို့၊ ဦး
(၂) အထက်ကင်-အောက်ကဆွဲ၊ ဦး

သာ၊မလာတည့်ဖြစ်၊ခြောက်ချနှစ်ကျ၊ရကာလမှ၊ထွားဈေးလည်းတိုး ကြီးတိုးလည်းတက်၊ ဘုန်းတော်**ပြက်**၍၊ မိုးထက်အောက်ရွာ၊ တိုင်းကားသာသောကြောင့်၊ ငွေရှာမောင်ကြော့၊**အသော့**ဖြန်ဖြန်၊ မယ်တို့ထံသို့၊မပြန်ဖြစ်သေး၊မင်းတိုင်းကြေးကိုလည်း၊ပေးလောက် အောင်စိတ်ထား၊ သားမယားကိုလည်း၊ စားလောက်အောင်စိတ် ခွဲ၊အများနဲ့ဘု၊လှူရအောင်လည်း၊စိတ်သန်၊သည်အကြံနှင့်၊မပြန်နိုင် သေး၊ အောက်ရပ်ဝေးမှာ၊ ရွှေ**တ**နှဲ့နှဲ့၊ ကျွန်း**တုံး**ခွဲ၍၊ တဲး ယောကျ်ားသား၊ ငါတကားဟု၊ ကြိုးစား၍သာ၊ ငွေရှာ၍ **တစေ**၊ နေပါသည်အကြောင်းနှင့်၊ အကြောင်းခံအမျိုးမျိုးကို၊ ရိုးတလမ်း၊ ဆန်းတချက်၊ ကာလကြိုက်ဘက်၍၊နှစ်သက်ချိုသာ၊မှာလိုက်ပါ သည်၊ မေတ္တာရစ်ခွေ၊ အိမ်နေ့တစုတို့။

---

၁၃-ရန်ကုန်မြို့နေ-မောင်မင်း ပုက၊ မအေနှင့် ယောက္ခမ
ဇနီးတို့ထံပေးသောမေတ္တာစာ

ကျိုက်ထီးရိုး၊ ရွှေမော်ဓော၊ ကျိုက်ပေါလော၊ ကျိုက်ခမွန်၊ ကျိုက်သလွန်၊ ကျိုက္ခမိ၊ **ထုပတီ**မွေတော်ပုံ၊ ရွှေတိဂုံခြေတော်ရင်းက၊ မောင်မင်းပုကျွန်ုပ်၊ သမုဒ္ဒရာ၊ သိဒ္ဓိနဝတတ်၊ ရေမစပ်အောင်၊ ထောင်ရာကုဋေ၊သင်္ချေမက၊လှသောမေတ္တာ၊ကရုဏာစေတနာ၊ ထပ်တရာသွန်းလောင်း၍၊ အကြောင်းကြားမှာလိုက်သည်၊ လူနေ ဂုဏ်နေ၊ မအေယောက္ခမ၊ တကွကြည်ဖြူ၊ အိမ်သူဇနီး၊သားသမီး

မြက်=အရောင်တောက်သည်၊ထင်ရှားသည်၊
အသော့=အလျင်အမြန်
နဲ့တူ=နည်းတူ=အများနည်းတူ
တနှဲ့နှဲ့=တစေးစေး=စေးကပ်ခြင်း
တစေ (ပေါရာဏ)=အမြဲ
ထုပတီ=(ကုန်းဘောင်ခေတ်ဗန်းစကား)=ဒုနဲ့ဒေး=အများအပြား



ခြွေရွေ၊မိတ်ဆွေအပေါင်းတို့။ ။ကျွန်ုပ်တို့မှာ၊ရတနာသုံးပါးဂုဏ်၊ မိဂုဏ်၊ ဘဂုဏ်၊ ဆရာ့ဂုဏ်တွင်၊ ကြည်လင်ညွတ်နူး၍၊အထူးထူး အဆန်းဆန်း၊အကူးကူးအသန်းသန်း မြို့ပုခန်းက၊ ဖျန်းလောင်းပေ သောမေတ္တာ၊ပဏ္ဏာကြောင့်၊မရှောင့်တေးဘုမ်း၊ ချမ်းသာကြပေ သည်။ မပြန်မလည်၊ ကြာသည့်သနှစ်မှာ၊ **မချစ်မကြင်နာ၊ အပြစ် တင်စရာ၊ အသစ်မြင်တပြာ**၊ တွေးစရာ အဆစ်မှာ၊ မချစ်ကြင်လို့ လည်းမဟုတ်၊ အပြစ်တင်လို့လည်းမဟုတ်၊ အသစ်မြင်လို့လည်း မဟုတ်၊ကျွန်ုပ်ကြံရည်မှာ၊ စည်ပင်ဖွံ့ဖြိုးလျှင်၊ ပုထိုးကျောင်းကန် ကြီးရအောင်၊ သည်တွင် ညွန့်တိုးလျှင်၊ အကျိုးကောင်း ခံစံရ အောင် ကြံဆောင်နှလုံးသွင်း၍၊**အငြင်းသည်းလျှင်ညအမိုက်၊ အ ရင်းနည်းလျှင် လွှကိုတိုက်**။ ။အလိုက်သင့်ထုံးကိုယူပြီးလျှင်၊လူရ သူရကြီးကြီးမှာ၊ ကုန်သည်ကြီး**ယောင်** ဆောင်လိုက်၍၊ လူဗုသူရ မနီးလျှင်၊ လှကြီးကို**ဒေါင်တိုက်**၍၊ ရွှေးပြိုက်ပြိုက် **ဓီးဓီးဘျ**၊နဖူးက ဖနောင့်တိုင်၊ ကိုင်လိုက်လား၊ ဆွဲလိုက်လား၊ ယိုင်လိုက်လား၊ငြို လိုက်လား၊ အမြော်သားအမြော်သား၊ နေ့မအားရက်မလပ်၊**ဒရစပ်** အားထုတ်၍၊ လုပ်ဆောင်လျက်အကြံရိုင်းသော်လည်း၊ စိတ်တိုင်း ကျ မပြည့်စုံ၊မြို့ရန်ကုန်ဌာနမှာ၊အဘရှိလို့လည်း တကြောင်း၊ မရ ရှိလို့လည်းကောင်း*၊ တကြောင်းတဝမှာ၊ အခင်းနှင့်မဝေး၍၊ **ဆေးသေ**ကျအောင်လည်း ဉာဏ်မထွက် ကြေးငွေရအောင်လည်း

အငြင်းသည်းလျှင် ညအမိုက်=အပြင်းအထန် ငြင်းခုံလျှင် ညအမှောင်ကဲ့သို့ မိုက်မဲစွာ ဖြစ်တတ်သည်=ငြင်းအားကြီးလျှင် မှားသည် မှန်သည်ကို မမြင်နိုင်ခြင်း
ယောင်=အယောင်=ပုံပန်း၊ ဟန်ပန်
ဒေါင်တိုက်=ဒေါင့်တန်းတိုက်ခြင်း
ဓီးဓီး=အသွယ်သွယ်၊ တတွေတွေ
ဒရစပ်=အနှံ့အစပ်
ဆေးသေ=သေသေချာချာ
*မူကွဲများ။ မူဟောင်းတွင် "မယားရှိလို့လည်းအကောင်း" ဟုရှိသည်။

အကြံ့နက်၊ဆိုသကဲ့သို့ဖြစ်၍၊ ချစ်ရက်သားစေတနာ၊ လာချင်ရက် စိတ်ကူးနှင့်၊ အထူးမဆည်နိုင်၊ တမှိုင်မှိုင်တသဉ်းသမ်း၊ တလွမ်း တဘ၊စိတ်ကရှိလျက်သာ၊အညာသို့မပြန်ဖြစ်၊တနှစ်ကျော်–နှစ်နှစ် ကြာ၊ ငွေရှာရသည့်အရေးမှာ။ ။**မတတ်သေးလျှင် စေ့စပ်သည်၊ အရင်စေးလျှင် မေ့တတ်သည်။** ။ဆိုသည့်ထုံးကို၊ နှလုံးက ပယ်ဖျက်၍၊ **မတတ်သေးလျှင် သင်ရာသည်၊ အရပ်စေးလျှင် ကြင်နာသည်။** ။ဆိုသည့်ထုံးကို၊ နှလုံးသည်းပွတ် အလယ်မှာ၊ **သံမယ်နှ** သပ်သပ်ကို၊ **ပံတွယ်**စေအထပ်ထပ်မှာ၊ ကျစ်လှအောင် နှက်သကဲ့သို့၊ မကွက်လုံ့ဖြိုး၊ သဘော၌ ကြည်ယုံ၍၊ ရန်ကုန်နေ ငွေထုပ်ထမ်းကို၊ ချမ်းသာအောင် ညောင်ရေပန်းနှင့်၊ မဏ္ဍပ်ရှင် လိုဏ်မုတ်နန်းမှာ၊အဆန်းဆန်း ဆုပန်လျက်၊ပြန်သောခါ သောက် ရေဆီး၍၊ တတိုင်နှစ်တိုင် လမ်းခရီးက၊ လှစင်ပါငွေထုပ်ကြီးကို၊ ဝမ်းသာပန်းသာ၊လက်ဖြုတ်တီးလို့၊ ကြိုဆီးနှင့်ကြမည့် အဖြစ်ကို၊ သနစ်ခြွက်ကာ မှာလိုက်ပါသည်။ ။မအေယောက္ခမ၊ တကွ ကြည်ဖြူ၊အိမ်သူဇနီး၊ သားသမီးခြွေရွေ၊ မိတ်ဆွေအပေါင်းတို့။

---

## ၁၄-လင်းဆွဲရွာ တုန်းကြီးပျံ ပင့်စာ

ရွှေလင်းဆွဲရွာ၊ ဒါယကာ သူကြီး၊ လူကြီးမှစ၍၊ ဒါယကာ၊ ဒါယိကာမအပေါင်း၊ ညွှတ်ပျောင်း ဝပ်တုပ်လျက်၊ ကုမုဒ္ဒမာလာ၊ ရွှေကြာပန်းသဘွယ်၊နှစ်သွယ်သော ခြေစက်တော်စုံကို၊ ကြည်ယုံ ညွှတ်နူးလျက်၊ ရှိဦးညွှတ်ကာ ညွှတ်ကာနှိမ့်၍၊ အကြိမ်ကြိမ်ရှိခိုး လျက်၊မြတ်နိုးရိုသေစွာ၊လျှောက်ထုံ့ပါသည်၊ ကျေးဇူးရှင်ဘုရား။ ။ တပည့်တော်တို့၏၊ နှစ်လိုကိုးကွယ်ရာ၊နတ်ရွာနိဗ္ဗာန်၊လမ်းမှန်ညွှန် တော်မူလေ့ရှိသော၊ဗိသေသပုဂ္ဂိုလ်၊ကိုယ်တော်မြတ်တို့၏ သမဂ္ဂ

မယ်နှ=သံချွန်၊ သံကြီး၊ သံကုတ်
ပံတွယ်=အချပ်ချပ်မြှုလုပ်ထားသော သံရိုက်ရန် အောက်ခံကိရိယာ



သဟာတော်၊ သက်တော် ရှစ်ဆယ့်သုံး အသာ၊ ဝါတော်ခြောက် ဆယ်သုံးအပေါ်၊ သိမ်တော်အရှင် ဘုရားမြတ်သည်၊ဓာတ်လေပါး အိမ်၊မငြိမ်မသက်၊ တက်ခြင်း ဆုတ်ခြင်း၊ ဘောက်ပြန်ခြင်း မညီ၊ **မဒီမကျန်း**၊ **ခြေယမ်း** လက်ရောင်နှင့်၊ တရှောင်ရှောင် နွမ်းယိ၊ ဓာတ်မလုံသည့်ဝေဒနာ၊စွဲကပ်လာ၍၊ယထာနုရူပ၊ဩသဓတို့ဖြင့်၊ ကုသစောင့်ကြပ် ပါသော်လည်း၊ နာနာဩသဓေဟိ တိကိစ္ဆာပိ တောပိ ဘေဒနုခမ္မော ဝိနသနုခမ္မော အဝသတံယေဝ ဘိဇ္ဇိသတိ၊ ပိနို့ရှိဒေသနာ၊ လာသည့်**နှတ်နက်**၊ ဓမ္မစက်အမွန်ကို၊ မလွန် နိုင်လတ်၍၊ပညတ်မျှအနေ၊ဗေဒင်ကျမ်းအစွမ်းဖြင့်လည်း စန်းလွန်း လက်ထပ်၊နက္ခတ်ကြင်း၊နဝင်းရာသီ မညီမရိုင်၊ယိမ်းယိုင်ပြိုပျက်၍၊ "အင္ဂေါ ဗုဒ္ဓေါ သီလောရာဇာ"၊လာသည့်ကျိန်းကြီးငယ်၊ ရှားမီး တွင်ကျသည်လည်းအထင်၊ ရာဇဝင်တိတ်အလာ၊ လက္ခဏာကျမ်း များနှင့်ဆိုင်ဖြိုင်ကြသည်နှင့်၊ထောင့်တရာ့ ငါးဆယ်သုံးခုအတွင်း တော်သလင်းလဆန်းအဘက်၊ ဆယ့်နှစ်ရက်အရှိ၊ ပိဋကတ်တော် အလာ၊ ကြာသပတေးအဝင်၊ ဗေဒင်ကျမ်းအလာ၊ နေ့သောကြာ ဝယ်*၊ အာကာသေ ပက္ခိသမယကာလေ ပဋ္ဌဘူတာသ လက္ခ

မဒီမကျန်း=မဒီသာ၊ မကျန်းမာ
ခြေယမ်း=ခြေထောက်အနည်းငယ် ရောင်ဖေါ်ခြင်း
နှတ်နက်=နှုတ်ထွက်

မှုကွဲများ၊ (၁) ယထာနုရူပ ဩသဓတို့ဖြင့်ကာ၊ သင့်လျော် လျောက်ပတ်သော ဆေးဖြင့်ဟူလို။

(*) ပိဋကတ်တော်အလာ၊ ၅-တေးအဝင်၊ ဗေဒင်ကြမ်း အလာ နေ့ သောကြာဝယ်။ ။ဟူသော စကားမှာ၊ အကြောင်းရင်းကို သတိမရှိက၊ အသိ ခက်၏၊ သိရန်အကြောင်းရင်းကား၊ပိဋကတ်တော်၌–ကမ္ဘာဦးတပေါင်း၊လပြည့် နေ့ကို၊တနင်္ဂနွေနေ့ဆိုသည်။ ဗေဒင်ကျမ်းက ၎င်းတပေါင်း၊လပြည့်ကျော်တရက် ကို တနင်္ဂနွေနေ့ဆိုသည်။သို့ဖြစ်၍ တရက်ကွာ၍နေရာ၊ ယခုကျွန်ုပ်တို့ ခေါ်သော ဝေါဟာရနေ့ရက်မှာ၊ ဗေဒင်နည်းဖြစ်၍၊ တရက်၊ သို့မဟုတ် တနေ့ပိုသည်။ ထို့ ကြောင့် လူတို့ဝေါဟာရနေ့ကို၊ တနေ့လျော့၍ ယူလျှင်၊ ပိဋကတ်နေ့ကို ရ၏၊ သို့ဖြစ်၍ ဤသို့ဆိုသတည်း။

ထမ်း၊ ဆေးကျမ်း လာသည်နှင့် ပျော်စွာ၊ အာကာသခေတ် ပျက်သည့်လက္ခဏာသဏ္ဌာန်ဖြင့် မိုးသောက်ယံအကျ၊ ပိသသတွင် ကြွက်၊ ပြိဿကွက်တွင်၊ ငှက်တကာနတ်၊ ကရကဋ်တွင်ဘရဂု၊ ရာဟုနဂါး၊ မပြားသိတ်ခွင်၊ ကန်တွင်ဗျဿ၊ သိဟနှင့် ဆင်မှာ၊ ပြိဿာနှင့်ငြား၊ လက်ကားမိန်ခွင်၊ မြင်သည့်ကာလ၊ ကမ္ဘဇမ်ဗွဇ၊ အာဟာရဇကလာပ်၊ဥပဒ်ချင်းမဆက်ဆံ၊ ဒန်သံလောဟာ၊ သုတ နှင့်ဘော်နာတို့ကို၊ ပျော်စွာသော ဆေးတို့ဖြင့်၊ အရေးကုန်တန် တတ်သော ဝိဇ္ဇာမို၏၊ ချက်ကျိုးမိမ်လျှင်၊ နိဗ္ဗာန်ဝင်ဇာတ်ပြောင်း၍၊ အကြောင်းကံသည့် ပမာဏ၊ သဓိဿာသဘောတွင် မတည်ပြီ၊ နိဗ္ဗိဝသဘောသို့ ရွှေ့ပျော ပြောင်းကြွတော် မူချေသည်။ တည် ရစ်သည့် ရုပ်သား၊ ကလာပ်ခြားတို့ကို၊ ငါးဆယ်နှင့် သုံးခုအကြွး၊ တန်ကူးလဆန်း အတက်၊ ဆယ့်တရက်တွင်၊ ရွှေလင်းဆွဲ ရွာသို့ အကျ၊ အသုဘကမ္မဋ္ဌာန်း၊ စီးဖြန်းရန် ကြွတော်မူပါမည့် အ ကြောင်းကို၊ လယ်ချောင်းလက် ညွှတ်ကာ ညွှတ်ကာ နှိမ်လျက်၊ အကြိမ်ကြိမ်ဝပ်တွား၍၊အသနားတော်မြတ်ခံပါသည်ကျေးဇူးရှင် အရှင်ဘုရား။

---

၁၅-ရန်ကုန်မြို့နေ မောင်သာရက ဦးမွှေးအစရှိသော ဇိမ်နေသူများထံ ပေးသောမေတ္တာစာ

**ရွှေငွေမြဖန်၊ လေးဘန်အရောင်**၊ မြင်းမိုရ်တောင် အမျှားဝယ်၊ သိကြားမင်းကြီးစည်းစိမ်၊အလွန်ငြိမ်သကဲ့သို့၊ **ဂုဏ်သိမ်ပွင့်လန်း** လျက်၊ချမ်းချမ်းသာသာ၊သံသရာပစ္စုပ္ပန် နှစ်တန်အရေးကို၊ မြော်

ရွှေငွေမြဖန်=မြင်းမိုရ်တောင်၏ အရှေ့တွင် ငွေရောင်ရှိသည်
တောင်တွင် မြရောင်ရှိသည်
အနောက်တွင် ဖန်ရောင်ရှိသည်
မြောက်တွင် ရွှေရောင်ရှိသည်
ဂုဏ်သိမ်=ဂုဏ်ကျက်သရေ



တွေးနိုင်ကြပေါင်းတွင်၊ ထပ်လောင်း၍မြော်မြင်နိုင်သည်သာဖြစ် ပါစေသောဟု၊သြမိသကရုဏာစေတနာ၊ထပ်အရာနွေ့မညောင်း၊ သွန်းလောင်းချက်အစုံစုံနှင့်၊ မြို့ရွှေကုန်ဌာနက၊ မောင်သာရကြည် လင်စွာ၊ မေတ္တာစကား ကြားရောက်လိုက်ပါသည်၊ ဦးမွှေးမကွာ၊ မေတ္တာစုံပေါင်း၊ မယ်နှောင်းညှိမကွေ၊ ဇိမ်နေ တစုတို့များ။ ။ ရတနာသုံးပါးဂုဏ်အခြေတွင်၊ဇိမ်နေအပေါင်းတို့မေတ္တာ၊ပဏ္ဏာ စုံလင်၍၊ **အင်တန်အင်မျှ** ချမ်းသာကြပေသည်။ အောက်ပြည် ရန်ကုန်၊စုန်ရောက်သည့်သားလှမှာ၊အဘဖြစ်သူက၊ငါလူကြီးလို့၊ သဒ်ိးကိုနှက်ထဲ့ရော့၊သမက်ကိုရမ်းထဲ့ရော့၊ဝါးခြမ်းနှင့်ပုတ်ထဲ့ ရော့၊ ထုတ်ထမ်း၍ လိုက်ခဲ့ရော့၊ ပြော့ပြော့ချိုသာ၊ ပြန်ပါသည့် စကားကိုနားမျှမခံ၊ကုမ္ဘဏ်တထောင်ကိုဖိုးကွပ်သည့်၊နတ်ဝေဿ ဝဏ်ပမာ၊ အာဏာနှင့် ချောက်သောကြောင့်၊ကြောက်တတ်၍ ချန် ကာလွှား၊ ပြေးရသည်နှင်တကားနှင့်၊ ယမ်းမီးစားအဟုန်တောက်၊ အံကြိတ်ကာ ငေါက်သောကြောင့်၊ အောက်ရပ်မြို့ ဒေသကြီးမှာ၊ **အောင့်အည်း**၍နေရပါသည်၊သို့သည်အရာမှာ။ ။**မြေခွေးငြားလျက် တင်းလျှင်မခံနိုင်၊ ပျော့ပါးလျက်ငြင်းလျှင်အကြံရှိ၏**။ ။မှန်နိုင်မျှ စကား၊ကြားဘူးသည့်**ထုံးနဲ့**မှာ။ ။**ဝမ်းပဲဟင်းသာ၊မြောင်းကိုပစ်၍ မြစ်ကိုရှာ၊ရေသာများ၍ငါးမတွေ့။ဝမ်းထဲတင်းကား၊ပေါင်းကို ပစ်၍ သစ်ကိုရှာ၊ နေရာမှား၍ ကြားမစေ့။ ။၈၄ တတ်နွားကို ရှောင်ပြန်၊ကန်တတ်သည့်နွားနှင့်ငြား၊ ကျားကိုကြောက်၍ရှင်ကို ကိုး၊ရှင်ညိုကျားထက်ဆိုး၊**ဆိုရိုးထုံးတရပ်။ ။**ပွတ်ရာတွင်ညစ်ကျူး သည်၊ခွာရာတွင်နစ်ဘူးသည်။ ။လွှန်ကျူးမိလျှင်နောင်တ၊ကျွန် ထူးရှိလျှင်ခေါင်က**၊ ဆိုကြသည့်ပုံလည်းတကွင်း။ ။**မြွှန်တွင်းသစ်**

အင်တန်အင်မျှ=အင်အားနှင့်တော်အောင်၊ မျှတအောင်
အောင့်အည်း=သည်းညည်းခံခြင်း၊ ကြိတ်မှိတ်နေရခြင်း
ပျော့ပါးလျက်=အပျော့ပေးပါလျက်
ထုံးနဲ့=ထုံးနည်း
ငြား=တွေ့ကြုံခြင်း

**မှ လုံရာသည်၊** ကျွန်ရင်းဖြစ်မှ **ယုံသာသည်၊** ပညာရှိတို့ဆိုသုံး
မှာ။ ။**ချွန်းလျှင်မနိုင်၊မုန်းလျှင်မနိုင်၊မချွန်းမှ နိုင်သည်၊ မမုန်းမှ**
**နိုင်သည်။** ။ဆိုင်သူမိတဖြစ်၍၊ စင်စစ်ပင်သာ၊ အာဏာကြောင်နှ
ထားလိုသည့်မှန်သော်လည်း၊ 'တရံတဆစ်၊အဖြစ်အနှာ၊ရှိသောခါ
မူ၊ ကွယ်ရာခေါ်၍၊ဆုံးမလေ့၏။သူ့ရှေ့သူ့နောက်၊ပွဲမြင်ရောက်မူ၊
မြှောက်မြှောက်စားစား၊ သားအား**ဂိုက်ဖြူး**၊မိဘကျူးသို့၊ ကျေးဇူး
ကိုသာ၊ ရှာ၍ချီးဆို ထဲကြည်ညှိလျက် ” ဟူ၍ ချောမြှော့သေသင်၊
စပ်ဆိုသည့်စကားကောင်း၊သူဟောင်းတို့ထုံးစံကိုစာလျှင်၊မာတာ
သို့ စွဲနှလုံးနှင့်၊ ဆုံးမကောင်းပါလျက်၊ သာသာမျှို့ထဲး အသုံးဖြင့်၊
ထုံးဖြဲကောင်းပါလျက်၊ကြွက်ကြွက်ရိုက်ချာလုံးဆူ၊**ဘရမူဘရမွေ့**၊
ဗျာဝေလို့ချောင်းဆန်အောင်၊အာဏာသံ ပါဏသံ၊ ယောက္ခသံ
အဘသံ၊ ကာလသံ၊ မာနသံ၊ ကြေးသံ၊ ဂုဏ်သံ၊ ဝါးခြမ်းသံ
တုတ်သံ၊ ရုန့်ရင်းသံ၊အနုံ့အင်းသံ၊ ငေါက်ငမ်းသံ၊ ချောက်ချမ်းသံ၊
နှင်သံ ဟယ်သံ၊ အသွယ်သွယ် အတန်တန်၊ မခံနိုင်အောင် ဒရစပ်၊
မိုးကြိုးပစ်ခတ်သောကြောင့်၊ လန့်ဖျပ်ပူသည်း၊ ဝမ်းနည်းသည်
လည်းတချက်၊ ရှက်သည်လည်းတသွယ်၊ ဘယ့်နှယ်နှယ်ရှိသည်
လည်းတကြောင်း၊ နေမကောင်း၍၊ ပြေကြောင်းတရားကိုရှာလျှင်၊
အသုရာနှင့်နတ်သိကြား၊သားယောက္ခမစစ်၊သို့ပင်ဖြစ်သော်လည်း၊
တနှစ်ကိုတကြိမ်၊သင်္ကြန်ပွင့်အချိန်၊ ဝတီသာတုံဖျားက၊ သိကြား
ရှုံးသော်ရှုံး၊အသုရာပြေးသောခါပြေး၊မလေးမစား၊ သားယောက္ခ
မ၊စစ်ပြိုင်ကြသည့်ထုံးစံကို၊ထောက်လိုက်ပြန်သော်အခါ၊နိဗ္ဗာန်မရ
သေးသမျှသတ္တဝါ၊မွေ့တာဖြစ်ရိုး၊ **ခိုးချင်းထားလျှင် ခိုးချင်းထိ၊**
**ကြိုးချင်း ထားလျှင် ကြိုးချင်းငြိ၊ အစိမ်းနှင့်သား၊ လျှာနှင့်သွား၊**
**မှားတတ်ကြသည်သာ၊ လျှာနှင့်သွားမှ အဖျားထိ၍ ကွဲသေး**

ဂိုက်ဖြူး=ပိုက်ဖြား=ပွေ့ပိုက်ဖြားယောင်းသည်
မျို့=ကျက်သရေမင်္ဂလာ
ဘရမူ=ပူပူဆူဆူ
ဘရမွေ့=ရှုပ်ပွေအောင်



**သည်၊ မာတာနှင့်ဆားမှာ၊ စကားငြိ၍ လွဲသေးသည်၊** ကြိစည်
**စိတ်ဖြာ**၍ ကမ္ဘာနှင့်မြေစာ၊ ရေဇိုးနှင့်ရွှေကြာ၊မိခင်နှင့်ပုတ္တာ၊မလွဲ
သည့်အရေး၊ ရှေးမူကိုကျင့်၊ ခွင့်နှလုံးသင့်၊ ရှိကြရမည်သာဟု၊
မေတ္တာနှလုံး၊**ချုံးချုံးချ**စိတ်ဖြေလျက်၊တွေ့လိုက်ရေလိုက်ထိုးဝါ နှင့်
သေလိုက်ကြေလိုက်ကြုံးစား၍၊ သားနှင့်အဘ၊ချမ်းသာကြအောင်၊
မြန်မာ့တိုင်းခရိုင်၊ နိုင်ငံတော် တလျှောက်၊ အောက်ကို ရန်ကုန်၊
အညာကိုကောင်းတုံ၊အစုန်အဆန်၊ပုဂံပုခန်း ကြည်းလမ်းရေလမ်း
အဆန်းဆန်းအထွေထွေ၊သရေခေတ္တရာမြင်ဆိုင်း၊စစ်ကိုင်းပန်းယာ၊
အင်းဝအမေ၁၊ နေပြည်တော်ကြီး၊ အသီးသီးအရပ်ရပ်၊ လှည့်ပတ်
လှည့်လား၍၊**ကုန်ကား** သည့်အစီအစဉ်တွင်၊ ငွေဝင်ကြေးတိုး၊ထမ်း
ပိုးမြတ်တချူးစု၊ **သုံးခုလပ်**ဘချူးတိုး၊ ခေါက်ချိုးလည်းတခါတရံ၊
ရံဘန်ရံဘန်လည်း၊နှစ်တပိုး သုံးတပိုးထွက်၊ အဆဆ တက်သော
ကြောင့်၊ ကြေးထွက်သည်ဟူ၍ မထင်မြင်၊ ကြေးဝင်သာ မောက်
သောကြောင့်၊အောက်နှင့် အထက်၊အပြည့်အသိပ်အနှက်၊ဗရမ်ွက်
ကြဲအထပ်ထပ်၊ဒရစပ်**တင်းကျမ်း**သာ၊အိမ်ယာခမ်းနား၊အဆင့်ဆင့်
ပွါးသည်နှင့်၊ သားမယားအိမ်သူအမွှန်၊ ကျေးကျွန်ပါဂုဏ်တက်၍
ရွှေလက်ကောက်ငွေလက်ကောက်တဝင်းဝင်း၊ ရွှေခြေချင်းငွေခြေ
ချင်းတမောင်းမောင်း၊ရွှေနားတောင်းငွေနားတောင်းတလျှပ်လျှပ်၊
ရွှေလက်စွပ် ငွေလက်စွပ် တထိန်ထိန်၊ ဂုန္တနီလာ၊ မသာရဂလ်၊
ဝင်သာဝဏ်ပတ္တမြား၊ပြယိုးယားလက်ျာလိန်၊ စိန်အရောင် ကြောင်
အရောင်၊မှန်အရောင်ဖလ်အရောင်၊တပြောင်ပြောင်တလက်လက်၊

စိတ်ဖြာ=(ပေါရာဏ)=အစိတ်စိတ်အဖြာဖြာ၊ ကြံစည်သည်
ချုံးချုံးချ=စိတ်ချလက်ချ
ကုန်ကား=ကုန်စည်ကူးသန်း ရောင်းဝယ်ခြင်း။ (ကား=ဖေါက်ကား ရောင်းဝယ်
ခြင်း)
သုံးခုလပ်=ထက်ဝက်ပေါင်းသုံးခု=တခုနှင့်ထက်ဝက်=၁ $\frac{1}{2}$
ကြေးထွက်=ငွေထွက်သည်၊ ငွေကုန်သွားသည်
တင်းကျမ်း=ပြည့်နှက်အောင်

စည်းစိမ်ကြီးတက်၍၊ သက်ရှိမဲ့ပစ္စည်းဥစ္စာ ရတနာ**ခပင်း**နှင့် ဆင်မြင်းဝယ်လိုဝယ်၊ လယ်ယာမိုးမြေအစဉ်စဉ်၊ ဥယျာဉ်တွေအပြိုင်ပြိုင်၊ ခိုင်လုံးကုံ**ထံ**၍၊ ပစ္စုပ္ပန်တွင်မဆုတ်မယုတ်၊ ဂုဏ်နေကဟုတ်သောကြောင့်၊ ပလုပ်တုတ်မိုးဒေါင်၊နှိုးနောင်သိုးသွင်း နောင်းနင်းဖြိုခုံး၊ ပြွတ်ပြွတ်ပြွန်းများနှင့်၊ နှလုံးကြည်လင်၊ ပွဲသဘင်ဆင်၍၊ သည်ရာကြွေးချလိုချ၊ သီလကို ယူလိုယူ၊ အလှူကြီးပေးလိုပေး၊ သူဌေးကြီးခံလိုခံ၊စည်းစိမ်ကြီးစံ၍ ကြံလိုက်တိုင်းမယွင်းပြီ၊ ဂုဏ်အဆီ နှင့် ပြည့်ဝ၍၊ **အာကလူ** တကဲ့လူ၊ **အိုဘဲ့**လူဟု ဂုဏ်တမှုမြင့်မောက်၊ ထက်အောက်ညာကြေ၊ ကျော်ပလေစေ စိတ်ကူး၍၊ အထူးထူးစီးပွါး၊ များပြားဖွံ့ဖြိုး၊ ပွါးတိုးလောက်သည့် ကာလမှာ၊ **ဘကြီး**တို့ထံ၊ ပြန်လည်ပါမည့် အကြောင်းနှင့်၊ ရိုးဟောင်းမေတ္တာတွင်၊ထပ်လောင်းပါမည့်အဖြစ်ကို၊သနစ်မြွက်ကာ၊မေတ္တာစကားကြားပါလိုက်သည်၊ ချစ်ရည်တိုက်ကျွေး ဦးမွေးမကွေ၊ အိမ်နေတစုတို့များ။

---

၁၆-ဘိုးတော်မင်းတရားကြီးထံ အယူတော်မင်္ဂလာက
သံတော်ဦးတင်စာသွင်း၍ အမိန့်တော်ထုတ်ပြန်ပုံ

ဘုရားကျွန်တော် ရာဇဂုရုမင်္ဂလာ ဆက်လျှောက်သည့်ဘုရား။ ယခုကာလတွင် ဆင်းရဲသားတို့ဖြစ်ဟန်မှာ၊ကြွေးတောင်း**မင်းစေ**ကလည်း တလျှပ်လျှပ်၊ **မြို့ကွပ်**ကလည်း တူးခါးခါး၊ **ရွာကွပ်**က

ခပင်း=(ပေါရာဏ)=အများ
ကုံထံ=ပြည့်စုံကြွယ်ဝချမ်းသာခြင်း
အာကလူ=အလွန်လာသူ=အလွန်တော်သူ
အိုဘဲ့=အို....အလွန်နှစ်သက်စဘွယ်၊ချစ်စဘွယ်
ဘကြီး=ဘခင်
မင်းစေ=မင်း၏အစေခံကျွန်
မြို့ကွပ်=မြို့ကိုအုပ်ချုပ်သူ
ရွာကွပ်=ရွာကိုအုပ်ချုပ်သူ



လည်းတခြား၊စားစရာကလည်းမရှိ၊ လက်ရှိဥစ္စာကလည်း ကြည့်မမြင်၊ကိုယ်အင်္ဂါနှင့်လည်း မတန်လွန်း၊**မှုဝန်**ကလည်း အထွေးထွေး၊ ပြေးရမည်ကလည်း လမ်းမဆုံး၊ ပုန်းရမည်လည်းမလွတ်၊ **ချဝတ်**ကလည်းတသွယ်၊ **ယိုးမယ်**၍လည်းနေရခြား၊ မင်းများကလည်း **ကြေးခွဲ**မည့် တကားကား၊ ငယ်သားများကလည်း ဘုန်းကြီးရာကို မှီမည်ကြံသောကြောင့်၊ မင်းများကလည်း မလှန့်ဝံ့အောင်ချောက်၊ ကြောက်သောအခါ မိန့်တော်အတိုင်းလို့သာ လိုက်ရ၊ ပေးစရာကလည်းမရှိ၊ မင်းအားနှင့်ဘိ၍ တောင်းသောအခါလည်း မခံနိုင်၊ပိုင်သည့် လယ်ယာများကလည်း မအားမလပ်ပြီ၊ **သူ့မြီနှင့်** **အတန်**သော ကာလသို့ရောက်ခဲ့ပြီဘုရား။

ဤသို့မင်္ဂလာလျှောက်သည့်စာတမ်းကို တွေ့သောကြောင့်
အမိန့်ထုတ်သော် သည်ကဲ့သို့ ထုတ်လတ္တံ့ဟူ၍
အမိန့်တော်ထုတ်မည့် လက္ခဏာရိပ်ကို
စိတ်ကူး၍ရေးသည်ကား

ဘုန်းတော်အလွန်ကြီးမြတ်တော် မူလှသော ဘဝရှင်မင်းတရားကြီး**ဗျာဒိတ်**တော်ရှိသည်၊ ငါ၏ဝန်ရှင်တော်တို့။ ။အယူမင်္ဂလာသည်၊ ငါ၏ဆင်းရဲသား၊ ကျွန်တော်မျိုး၊ ကိုးကွယ်မသိ ဆင်းရဲရှိချက်ကို၊လျှောက်ဆက် သံတော်ဦးတင်သည်မှာ၊ ငါ၏ ရွှေလက်ထက်တော်တွင်သာ ဆင်းရဲသည်မဟုတ်၊ သမုဒ္ဒရာဇ်၊သေဉ်လည်ကြောင်၊ ရသေ့ကြောင်၊ ကြောင်တူရာဇ်၊ ထွန်းချစ် စောခင်နှစ်၊

မှုဝန်=အမှုတာဝန်=အမှုကိစ္စ
ချဝတ်=တရားရုံးတော်မှခေါ်သောစာ (summons)
ယိုးမယ်=အကြောင်းပြ၍လွှဲဖယ်နေခြင်း
ကြေးခွဲ=အခွန်တော်ခွဲတောင်းဆိုသောကြေးငွေ
သူ့မြီ=သူ့အကြွေး
အတန်=အတော်
ဗျာဒိတ်=အမိန့်တော်

ဒွတ္တပေါင်၊ ဒွတ္တရန်၊ သရေခေတ္တရာ၊ ပုဂံ မြင်ဆိုင်း၊ စစ်ကိုင်း ပန်းယ၊ အင်းဝမင်းအဆက်ဆက်၊ အနမတဂ္ဂအစမထင်၊ သံသရာ မပျက်မပြို၊ မဂ်ဖိုလ်မရသေးသမျှ၊ ဆင်းရဲကြသည်ပင်။ ဘုရားရှင် ရှိစဉ်ကာလက၊ စစ်ပြုကြသည့် မင်းလည်းအများ၊ ဟောထားတော် မူခဲ့သည့် ဇနကမှာလည်း၊ အရိန္ဒမနှင့် ပေါလညီနောင်၊ သေအောင် စစ်ထိုးကြခြင်း အထင်အရှားဖြစ်သည်။ သည့်ကိုထားဦး၊ ဘုရား လောင်းဖြစ်ပြီ ပါရမီရင့်မာ၊ မဟောသဓာမှ၊ ပဉ္စာလရာဇ်နှင့်၊ စစ် ပြိုင်တော်မူသေးသည်ပင်။သို့ဆင်ခြင်ရန်၊ ထုံးစံအများနှင့်၊ တရား အနေကိုနှဲ့ဝေစီမံလျှင်၊ နိဗ္ဗာန်မရသေးသမျှ၊ သတ္တဝါဟူက၊ သံသရာ ကို၊ဒုက္ခချည်းသာ၊မြတ်စွာဘုရား၊ဟောထားတော်မူခဲ့သည်အထင် အမြင်။ အရှင်ဇေကရာဇ်ကြောင့် ဆင်းရဲသည်မဆိုရာ။ ကံသာအမိ၊ ဘုရားဟောရှိသည်ဟု၊ သိမြင်သူများမှာလည်း၊ မေတ္တာ သသူသ၊ အမျှဝေသူဝေ၊ ညောင်ရေလောင်းသူလောင်း၊ သက်တော်ရှည် ကြောင်းကို၊ဆုတောင်းဆုယူ၊ကြည်ဖြူရွှင်လန်းပန်းသင်ပုတ်တင်၊ ဘုရားဝင်ကျောင်းတက်၊ ကုသိုလ်ဆက်၍၊ မပျက်အောင်ရှိကြပါ သည်ပင်။ သို့ကိုစဉ်လျက်၊ငါ့ရွှေလက်ထက်တော်တွင်သာ၊ ဗျာပါ ပူထပ်၊ မရပ်မတည်၊ အသည်လှုသူ၊ ဆာပူ လောင်လဲ၊ ဆင်းရဲ လေတီသကဲ့သို့၊ ကန္တာရကြ၍၊ ဥဒါန်းမကျေရှိအောင်၊ကြံဆောင် စီကုံး၍၊ရွှေနှုတ်လုံးတော်အနေနှင့်မချော်အောင်၊မတော်သောစကား ဖြင့်၊ချော့ထား တင်ဆက်သူ ဖြစ်သည်။ပြည်သူပြည်သား၊မိတ် များစဘွယ်၊ ပရိသာယ်ဆိုနိုင်သူ ဖြစ်ကြောင်းနှင့်၊ **မောင်းကြော်** ပြီးလျှင်၊ငါ၏နိုင်ငံတော်နှင့် မတန်မရာ၊မင်္ဂလာကို၊ အညာတာတန်း မှာ၊ရဟန်းပြုနေစေ။ ။အမိန့်တော်။

---

မောင်းကြော်=မောင်းတီး၍ကြေးကြော်ခြင်း။



## ၁၇-ပိုဒ်စုံမြိုးသွယ်သုံးပုဒ်

(၁) တပျောင်းပျောင်းလျှင်၊ ရွှေညာ ခွင်က၊ မိခင်မာတာ၊ သားမင်းလျာကြောင့်၊ ခွေကာနှမ်းယိ၊ လွမ်းမျိုခဲ့၊ မွေးမိဘမှာ၊ လွမ်းရပါလည်း၊ အောက်ရွာရပ်ဘို၊ ဝေးလှတုံ၍၊ **နေမှုံ** တက်စ၊ နံနက်ထက်ကို၊ **ရေခူ**တောင်ကြီး၊ ဝိုက်ကာဆီးသို့၊ မျှော်ရှိုးမျှော်ရာ၊ မမြင်သာခဲ့၊ ဗျာပါထပ်ဆောင်၊ လွမ်းမီးလောင်၍၊ သားမောင် ပျော်ရာ၊အောက်ရပ်သာသို့၊တမ်းကာယူလျက်၊**တသက်သက်**လျှင် ငှက်လိုပျံချင်၊ မတတ်ပင်နှင့်၊ မရွှင်ပျောင်းပျ၊ သားရွှေစကြောင့်၊ ရေကပစ်ပယ်၊ ရွှေကြာနှယ်သို့။ ။တကယ်နွမ်း၍ယိုင်ခဲ့ပြီ။

(၂) အကြောင်းကြောင်းပင်၊ အောက်မေ့လျှင်မူ၊ သက်ခင် ဖြတ်မျှ၊ သားရွှေစကို၊ မယ်ကလွမ်းရာ၊ များလှစွာခဲ့၊ ဈေးခါတမူ၊ ဈေးမှာမူကား၊မယ့်ထံပါးကို၊ လားလားမကွာ၊ စက်မွေ့ရာလည်း၊ တူသာမကွဲ၊ မယ့်ရင်ထဲဝယ်၊ ယှဉ်နွဲ့လျက်သာ၊ပျော်ရပါ၏။ ခုခါ တမူ၊ခုမှာမူကား၊ ဝေးရပ်ခြား၍၊ သားလှရွှေစင်၊ မယ့်ဝမ်းဝင်ကို၊ မမြင်ရပါ၊ သူ့ရပ်ရွာဝယ်၊ နာလည်းမကူ၊ သာမတူနှင့်၊ ရေပူရေ ချမ်း၊ ဘယ်သူကမ်း၍၊ **စိတ်ဝမ်း**ရွှင်အောင်၊ သားရွှေတောင်ကို၊ ရှက်ဆောင်လိမ့်မည်၊ အတည်တည်ကို၊ ကြံစည်လိုက်မိ၊ အောက် မေ့တိုင်းသော်၊ ပျောင်းအိခွေနှုံး၊ သားရွှေတုံးကို၊ ယူကျုံးမရ၊ လွမ်း လိုက်လှခဲ့၊ နှမသားချင်း၊ နောင်ရင်း ညီထွေး၊ တူကလေးနှင့်၊ မွေးသည့်ဘခင်၊ မမြင်မျက်ကွယ်၊ သူ့ရပ်လယ်မှာ၊ အမယ်မပါ၊ မောင်ချည်းသာလျှင်၊နေရှာလိမ့်မယ်၊အသွယ်သွယ်ကို။ ။အကျယ် တမ်း၍မှိုင်ခဲ့ပြီ။

(၃) တပေါင်းဆောင်းဝင်၊သုံးခါစင်တီ၊ လည်ချင်တော့မည်၊ သို့သည့်ကိုမျှ၊သားရွှေစငယ်၊မကြွမလာ၊ကြာကြီးကြာခဲ့၊ မင်းလျာ

---

နေမှုံ=နေအဝင့်=အဝင့်နှင့် တူသောနေဝန်း။
ရေခူ=ရေမ=အကြီးကြီး။
တသက်သက်=တဖြည်းဖြည်း။
စိတ်ဝမ်း=စိတ်နှလုံး။

နုနယ်၊မယ် မှာသွယ်မှု၊ကျယ်လျှင်ကားချွဲ၊ ပဲ့လျှင်ပဲ့လေသော့၊ နှဲ့လျှင်ကားသပိ၊နိုင်လျှင်ထင်ရှင့်၊ ကျင်လျှင်သင်ပင်း၊ ချောင်လျှင်ထွင်းလေသော့၊ ရှင်းလျှင်သုတ်သင်၊ လေးလျှင် တင်ရှင့်၊ စင်လျှင်ကားဆေး၊ ထက်လျှင်သွေးလေသော့၊အရေးဆိုသွယ်၊ လူတို့ငယ်မှု၊သွယ်တာတ်မှီး၊နွယ်မှန်းရှင့်၊ကြီးလွယ်လျှင်ချောင်၊ မသိမြောင်သည်၊ မြှုယောင်နှင့်မဲ၊ ဟုတ်ယောင် လွဲသား၊ ဝမ်းတဲလိမ်လစ်၊ လူ့သနစ်ကို၊ စင်စစ်သချာ၊သိခဲစွာဟု၊ပညာရှိများ၊မိန့်ခဲ့ထားသား၊ မှတ်သားစသွယ်၊ အသွယ်သွယ်ကို၊ မယ်ငယ်ရွေသွေး၊ ညာတ်နှင့်ဆေး၍၊ အဓေးဆယ်ရှည်း၊ နီးတရှည်းဟု၊ စဉ်းစား၍သာ၊ ပြန်မည့်တာကို၊ ရွှေညာရပ်ခွင်၊မွေးမိခင်က၊ ညာတ်ရှင်ချီးမွမ်း၊ လွမ်းသွယ်ပိုနံ့၊ရစ်တံပုံနှင့်၊ ကြည့်ယုံမေတ္တာ၊လောင်းလိုက်ပါ၏။ ချမ်းသာဦးစွါ၊ ဆိုသည်များကို၊ လားလားမယ့်မှာ၊ အောက်မေ့ပ်ဘူး၊ သားဦးကိုသာ၊ မြင်ချင်ပါရှင့်။ မင်းလျှာယည်ရွ၊ သားရွှေစငယ်၊ မရဖြစ်စေ၊ ရဖြစ်စေသာ၊ ပြန်ခဲ့ပါလေ့။ ရတနာမြို့တော၊ ဂုဏ်ကိုးထွေနှင့်၊ရန်မှမမှောင့်၊ရွှေကုန်းထောင့်က၊မောင့်အဘော်များ၊ ပြန်လာကြားလည်း၊ သားမောင်မလာ၊ အောက်ရစ်ရွာမှာ၊ သုံးခါစင်စစ်၊ လည်သည်ဖြစ်ကို၊ စီစစ်လိုက်တိုင်း၊ မျှာပါရှိုင်းလျက်၊ အတိုင်းမသိ၊လွမ်းရှိန်ဘိခဲ့၊ ပျောင်းအိခွေနှစ်၊ဇမ္ဗူရာဇ်သို့၊ချစ်လို့မဝ၊ မြင်မဝနှင့်၊ ဆယ်လပိုက်လွယ်၊ သားမင်းငယ်ကြောင့်။ ။ အမယ်လွမ်း၍ ဖျိုင်ခဲ့ပြီ။

---

ကျယ်လျှင်ကားချွဲ=ကျယ်ချင်လျှင်ချွဲပါ။
သပ်=ပါးလွှာအောင် ဓါးဖြင့်လွှာပစ်ခြင်း
သပ်ပင်း=သပ်နက်ခြင်း=ပရွှည်းတခုဖြင့်ထပ်ပိုးခြင်း
တရှည်း=တစုံ=၂-ခု
ရစ်တံ=အထည်ရက်ခါနီးအဆင်ကို နမူနာတင်ကြည့်သောတုတ်တံ
ရွှေကုန်း=ရွှေတိဂုံကုန်းတော်ထောင့်က
ဇမ္ဗူရာဇ်=ဇမ္ဗူရာဇ်ရွှေ
မှတ်ချက်။ (၁) သားကျူးကိုသာ၊ ဦး



## ၁၈-မှတ်ထုံးပြမေတ္တာစာ

ရွှေတိဂုံမြို့စာရေးက၊သားမြေး မြစ် စဉ်ဆက်၊ဆင်းသက်မှတ်သားလောက်အောင်၊ကြံဆောင်ကြည့်ရှု၍၊ တရုရုတခုခု၊ သနားပါဟု၊ ဆရာမြတ်တို့ နည်းခံ-ရှင်နန္ဒဇအား၊ လျှောက်ထားသောကြောင့်၊ရှစ်သောင်းလေးထောင်ယူဇနာ၊ သမုဒ္ဒရာရေထဲမှ ပုဿသက္ကာ၊ ရတနာခုနစ်ပါးတို့ကား၊ သည်မှာရှိ၏ဟု ပြတိသည့်ပမာ၊ မေ့ခန္ဓာ ရှစ်သောင်းလေးထောင်မှ၊ ထုတ်ဆောင်ယူကျုံး၍၊ မှတ်ထုံးပြတော် မူလိုက်သည့်ကား။ ။ဇနကမင်းသား၊ ကုန်သွား၍တော်လျှော်လျှင်၊ ခမည်းတော်မင်းကြီး၏၊ ရွှေဝီးရွှေနန်းကို၊ သိမ်းမြန်းတော် မူမည်ဟု၊ သမုဒ္ဒရာ ရေလမ်း၊ ကူးသန်း ချင်းနင်း၍၊ သဘော်ပျက်ဘိသော်၊ မဏိမေခလာနတ်သမီး ဆီးကာပိုက်ပွေ့ကာ၊မင်္ဂလာကျောက်ဖြာထိပ်၊ သိပ်ပေ၍ ပျော်စဉ်တွင်၊ ဖုတ်သွင်းရထားဆိုက်၍၊ ရှိုက်ရာရွှေနန်း၊ သိမ်းမြန်းတော် မူဘူးသည်လည်း တထုံး၊ဓုန်းအင်းသိမ့် စည်ပင်စွာ၊ ဗာရာဏသီ ပြည်ကြီးဝယ်၊ မင်းကြီးချစ်သွယ်၊ မယ်တော်မိဖုရား၊ ပုဏ္ဏားကို တပ်မက်သောလောဘဇော စိတ်ပြေး၍၊ ရှေးနှင့် မတူပြီ၊ ကြိုလှီ ပျောင်းပျ၍၊ မောင်းမအပေါင်းကို၊ ချောင်းမြောင်း၍ မေးစေကြားလျှင်၊ ပုဏ္ဏားကိုနှစ်သက်၍၊ တပ်မက်သည့်စကား၊ မင်းကြီးကြားသော်၊ မယ်တော်မိဖုရားကိုပင်၊ ပုဏ္ဏားနှင့် မင်္ဂလာဆောင်၍၊ အခေါင်ရွှေနန်း၊ သိမ်းမြန်း စံစေဘူးသည်လည်း တထုံး။ ။နှလုံးသိမ်မွေ့ရသော့ ညီနောင်၊တောချောင်မှိုင်ခြေ၊နေသည့်အခါ၊နဂါးလာ၍၊ညီရသော့ကို၊ ဘူးတွေ့ဘန်များသဖြင့်၊ နဂါးကိုကြောက်၍၊ ညီရသော့လည်း၊ တနေ့တပါး၊ စားသောက်မဖြန့်၊ညှိုးပိန်လတ်သော်၊ နောင်တော်

---

သိပ်=အိပ်ပျော်စေခြင်း
ဖုတ်သွင်းရထား=ဖုဿနက္ခတ်ထွန်းသောအခါ၌ စီမံသောရထား။
ရှိုက်ရာ=အမွေ အနှစ်=ရှိုးရာ
ဓုန်းအင်းသိမ့်=အသံများဖြင့် သိမ့်သိမ့်တုန်ခြင်း
ကြိုလှီ=ပိန်ချုံးသေးငယ်ခြင်း

ရသော့က၊ ငါ့ညီတော်ထွေး၊ ရွှေးနှင့်မတူ၊ ဘယ်မှု၍ ညှိုးသနည်း၊ ဖြည်းညှင်းဆေးလေး၊ မေးလေငြားသော်၊ နဂါးကြောင့်ပင်၊ ညှိုးမရွှင်ဟု၊ လျှောက်တင်သောအခါ၊ နဂါးလာလျှင်၊ ဥစ္စာကိုနေ့တိုင်းတောင်းဟု၊ မလာကြောင်းနေ့ခင်တော်ကသင်လျှင်၊ ညီရှင်ရသော့လည်း၊ နေ့ဆက်ရက်ဆက်၊ သုံးလေးရက် တည်းညုံ၊ အဘန်ဘန်တောင်းသောအခါ၊ ဥစ္စာပေးရမည်ကြောက်၍၊ ရှင်ရသော့ထံပါးသို့၊ နဂါးမလာဘဲ၊ လွဲနေဘူးသည်လည်း တထုံး။ ။ဘုန်းပညာလျှံမိုသော တက္ကသိုလ်ဆရာ၊ ပေးပါသည့်သွီးကို၊ တပည့်ကြီးဇိဂ္ဂတ္တရ၊ ဘုန်းမရှု၍၊ စိတ်ကမကြွင်၊ သဖန်းပင်ထက်၊ တင်စဉ်လျှင်ဖြန့်၊ ဆုံးရုံးပြီးမှ၊ သူသုတ်မနှင့်၊ ကွဲရပေပြီ။ ဘန်တလီမြည်၍ ပြေးလေသော်၊ ဝိဒေဟရာဇ်မင်း၊ ထွက်ခင်းကြိမ်ကြိုက်၊ ဘုန်းကံထိုက်၍၊ နှစ်မြိုက်တွေ့ကြုံ၊ မေတ္တာထု သဖြင့်၊ ဥဒုမ္ဗရဒေဝီသညာနှင့်၊ တောင်ညာတင်ထား၍ မိဖုရား ဖြစ်ဘူးသည်လည်း တထုံး။ ။ဤထုံးလေးရပ်တို့ကို၊ ကြပ်ကြပ်သတိသွင်းရမည်။ ပြည့်တန်သော လက်စွပ်ကို၊ ကျော်ကျွတ်၍ ကျဖြန့်လျှင်၊ ဆန့်တာလမယ်နှင့်မျှ၊ ဝယ်မည့်သူမရှိ၊ သတိကိုမြဲပွဲရမည်ဟု၊ စကားတည်စဉ်ကာနှင့်၊ ထုံးစံတော်မှာခဲ့သည်၊ တကာတော်မြို့စာရေး။

---

## ၁၉-ပိုဒ်စုံစကြာ ၃-ပုဒ်

၁ .နွှမ်း၍ခွေသိုင်း၊ လွမ်းမပိုင်ခဲ့၊ ရင့်ခိုင်သစ္စာ၊ အာနန္ဒာမှ၊ မြတ်စွာဘုရား၊ နိဗ္ဗာန်လားသော်၊ တရားသံဝေ၊ ယူမဖြေ၍၊ ပူလေသည့်တူ၊ မင်းဖြူဖြူကြောင့်၊ ယိုက်ဆူဖြိုင်ဖြိုင်၊ မျက်ရည်အိုင်လျက်၊ ယိမ်းယိုင်ကိုယ်လုံး၊ ကြိမ်မီးအုံးသို့၊ ခွေနုံးပျောင်းပျ၊ လွမ်းယူတလျက်၊

ဆေးလေး=ဖြည်းဖြည်းဆေးဆေး
ဘန်တလီ=အမိပွါယ်မရှိသော အသံမြည့်မြည်တွန်ခြင်း
ကြိမ်ကြိုက်=ကြုံကြိုက် သည်
တာလမယ်=ယခုခေတ် နို့ဆီဘူးတလုံးနှင့်ညီမျှသော အရေအတွက်



အလှမင်းလျှာ၊ ရတနာကို၊ လာရှာတူဖက်၊ သိပါလျက်နှင့်၊ စုံမက်ကြွင်နှာ၊ မပြေပါ၍ ရောက်လာနှိုးနှိုး၊ မြော်လင့်ကိုးလျက်၊ ပျောင်းညှိုးနွမ်းသွမ်း၊ ဗျာပါမှန်းသည်။ ။လွမ်း၍ဝေဆာလိုင်တော့သည်။

၂-လွမ်း၍ဝေလှိုင်၊ တမ်းမပိုင်ခဲ့၊ ဘုန်းခိုင်မြတ်စွာ၊ နိဗ္ဗာန်ရှာသော်၊ အဇာတသတ်၊ လောကနတ်ကို၊ မတ်လိမ္မာပေါင်း၊ ဥဒေးယဉ်ပြောင်းလည်း၊ ခြောင်းခြောင်းထွက်ငွေ့၊ လိုတူမွေ့သို့၊ ချစ်၍မပြယ်မောင်မိမယ်နှင့်၊ မောင်ငယ်ရွှေသွေး လွမ်းဘွယ်ရေး၍၊ ဆက်ပေးသည့်စာ၊ မြင်ရပါလည်း၊ မျက်နှာဖွံ့ဝင်း၊ ရွှေလမင်းသို့၊ ကြော့ရှင်းရုပ်သွင်၊ မင်းရွှေစင်ကို၊ မမြင်ရသေး၊ သည်အရေးကြောင့်၊ ပူဆွေးဗျာဝေ၊ လွမ်းမပြေခဲ့၊ ရွှေညာကစ္စာလမ်း၊ နှလုံးပန်းသည်။ ။တမ်း၍တွေကာမှိုင်တော့သည်။

၃-တမ်း၍တွေမှိုင်၊ နွမ်းမပိုင်ခဲ့၊ ရိပ်မှိုင်ဝန်းကျင်၊ မဥ္ဇူပင်နှင့်၊ နှင်းပင်မညှိုး၊ ခတ္တာရိုးလည်း၊ မိုးကိုမလင့်၊ ပင်လုံးပွင့်သော်၊ သခင့်ချစ်သူ၊ မင်းဖြူဖြူကို၊ ဆွတ်ယူနေကျ၊ စိုက်ခေါ်တလျက်၊ ညယ်စက်တွင်၊ မောင့်ရုပ်သွင်ကို၊ ထင်လှာရေးရေး၊ အိပ်မက်ပေးခဲ့၊ ရွှေသွေးမြနွယ်၊ ရတ္တာသွယ်ကို အကယ်မှတ်ထင်၊ နိုးပါလျှင်လည်း၊ မင်းရှင်မတွေ့၊ ဖြစ်ပြန်၍မို့၊ ရွှေပြုပွါဒီ၊ မောင်တို့ဆီကို၊ မျှော်ယီမျှော်ယမ်း၊ မျက်ရည်နွမ်းသည်။ ။နွမ်း၍ခွေကာယိုင်တော့သည်။

အဆုံးပုဒ်ချလျှင်၊ အစပုဒ်သို့ဆိုက်သောကြောင့်၊
ပိုဒ်စုံစကြာမည်၏။ မြီးသေး၊ မြီးသွယ်၊ မြီးလုံး၊ ရင်
တွင်းပြည့်စ၊ စသော စပ်နည်းတို့တွင်၊ ရင်တွင်း
ပြည့်စပ်နည်းလည်းဟူ၏။

---

မှတ်ချက်များ။ (၁) လောကနတ်တို
(၂) ခြောင်းမြောင်းလက်ဓွေ့

၂၀-ပဏာမပဏ္ဏာသ

( ရွှေတိဂုံမြို့ဘွဲ့နှင့်ဆုတောင်း )

သိဂုတ္တရေ သခံရမ္မေ၊ ဝသန္တာဒမ္မေ အဓာနိတ္ထာ။
သာသနံ ဝါသံကေသိဉ္စ၊ ဒဏ္ဍာဒေါသေန ဝက္ခိသာီ။

(ဝတ္ထုဂါထာ)

ရမ္မေ၊ နှလုံးမွေ့လျော်၊ ပျော်ဘွယ်ရှိထသော။ (ဝါ)ကိုးဆယ့်ကိုးကုန်း၊ တောင်ညီလုံးဖြင့်၊ ပတ်ကုံးရစ်သန်း၊ မရန်းကနုပိုး၊ ပင်မျိုးစီလျဉ်၊ ပန်းဥယျာဉ်နှင့်၊ ချိုချဉ်ရသာ၊ များစွာရုံး၊ မြိုင်ခြုံအုပ်ဖုံးသောကြောင့်၊ **နှလုံး**မွေ့လျော်၊ ပျော်ဘွယ်ရှိထ**သော**။ (ဝါ) မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ ဟောဝန္တာက၊ စီးလျှာမြိုင်းမြိုင်း၊ ဝေမှိုင်းမှိုင်းနှင့်၊ **ဒီလှိုင်း**ထုတ်တက်၊ **ဘရပွက်**တွင်၊ **လှေတက်တကာ**၊ ဆိုက်ဆုံလာ၍၊ သာယာဘိခြင်း၊ ပင်လယ်ရင်းဝယ်၊ သဘော်ဆိပ်ဖြစ်သောကြောင့်၊ စင်စစ်မွေ့လျော်၊ ပျော်ဘွယ်ရှိထသော။ (ဝါ) ဒဝယ်ဒလ၊ မုတ္တမစစ်တောင်း၊ ပေါင်းလင်းသထုံ၊ နံ့ဝင်းသံလျှင်၊ ဟသ်ာဝတီ၊ ကေတုမတီ၊ ဇေတုမတီ၊ ခေညဝတီ၊ မှော်ဘီယုန်းသလင်း၊ သင်းတိုင်းခရိုင်၊ နိုင်ငံမြို့ရွာ၊ ရုံကာဝန်းယှက်၊ **အုတ်ကျက်**ဖိုလ်ခြေ၊ ကြည်းရေအလုံး၊ ဆုံလာရုံးသောကြောင့်၊ နှလုံးမွေ့လျော်ပျော်ဘွယ် ရှိထသော။ (ဝါ) အလျှဉ်အလျှဉ်၊ ရွှေလှိုင်ခေါင်းမှာ၊

---

မြိုင်=တော
နှလုံး=စိတ်
ဒီလှိုင်း=ပင်လယ်မှလှိုင်းထ၍ တရှိန်းထိုးတက်လာတတ်သောဒီရေ
ဘရပွက်=ပွက်ပွက်ထခြင်း
လှေတက်=လှော်ခတ်ရန် တက်ကြီး တက်ငယ်ပါသောလှေ
တကာ=(ပေါရာဏ) အများ
အုတ်ကျက်=ဆူညံစွာ



အယဉ်ယဉ်**ဖန်တကောင်း**နှင့်၊အစဉ်အစဉ်ညှောင်ရေလောင်းလို့၊ ချမ်းသာရကြောင်း-လွှန်လွှန်ကျူးအောင်၊ စိတ်ကူးချက် **ဥာဏ်ပလီ**၊ ပန်းမျိုးစုံစီ၊ သိကာတုံးလို့၊ ထိုး တံခွန်တွေ အဝေဆုံးနှင့်၊ ငါးကြော်သားကြော်အဆီတုံးနှင့်၊ဆွမ်းသင်ပုတ်တော်ကိုယ်တော်သုံးတို့၊**ဖက်စိမ်းတွန့်ချွန်**-ယဉ်ရုံဖုံးလို့၊နတ်ရွာနိဗ္ဗာန် ဆုယူတုန်းမို့၊ အပျိုအအို၊ တပြုံးပြုံးမို့၊ နှလုံးမွေ့လျော်ပျော်စဘွယ်ရှိထသော။(ဝါ) အမြိုင်အမြိုင်**ဆံတော်ရင်း**မှာ၊အမြိုင်အမြိုင်လှူဘွယ်ခင်းလို့၊အလှိုင်အလှိုင် ပုသ်သီတင်းနှင့်၊ ဝါတွင်း ဝါပ ကုသိုလ်ယူ၊ နတ်ရွာနိဗ္ဗာန် ဘယ်မှာပုန်းမလဲ၊တိဖိတ်ကုသိုလ် စဉ်လာထုံးနှင့်၊ ရဟန်းရှင်လူ ယူကာကျုံးချည့်၊ ပလုတ်တုတ်သံပြုတ်ပြုတ်ပြန်းနှင့်၊ ဆိုင်းသံစည်သံညံ့ညံ့အုန်းစ၊ ပရိသတ်တွေ မြိုင့်မြိုင့်ရုံးလို့၊ ကုသိုလ်ပွဲစည် တအုန်းအုန်းနှင့်၊ ကြီးကြီးငယ်ငယ်တပြုံလုံးပင်၊နိဗ္ဗာန်ရမည်ယုံကြည်တုန်းမို့၊နှလုံးမွေ့ လျော် ပျော်ဘွယ်ရှိထသော။သိဂုတ္တရေ၊ရွှေတိဂုံအရပ်၌။ (ဝါ) ဤကမ္ဘာမြတ်၊ ဘဒ္ဒကပ်တွင်၊ ရှင်ပင်လေးဆူ၊ မြတ်ဘုန်းလူ၏၊ လှိုင်ကြွယ်ချိမွေး၊တောင်ဓွေးတော်စသည်၊ထူးလည်အမြတ်၊ ကိန်းဝပ်တော်မူရာ၊ မှန်လှစွာဟု၊ ရာဇဝင်**သမိုင်း**၊ **သံပိုင်းမော်ကွန်း**၊တည်ထွန်းပညတ်၊မွေ့ခတ်ရပုံ၊သာမျိုးစုံသည်၊ရွှေတိဂုံမည်ရင်း၊ မြို့များမင်း၌။ (ဝါ) ငါးမာရ်အောင်မြင်၊ ပလ္လင်တော်၏၊ တောင်မျက်နှာမှ၊ရာဇာရတန၊ ပင်ရုက္ခဝယ်၊ ဖုဿထလ္လိက၊ နာမတွင်မည်၊ ကုန်သည်ညီနောင်တို့အား၊ ဘုရားသခင်၊ ဆံရှင်ရှစ်ဆူ၊ ညွှန့်လူဝေလန်း၊ မွေ့ခတ်ပန်းကို၊ဆန့်တန်းလက်မျှား၊ပေးသနား

---

ဖန်တကောင်း=ဖန်ဖြင့်ပြုလုပ်ထားသော ရေတကောင်း
ဥာဏ်ပလီ=ဥာဏ်ဆန်းကြွယ်သည်
ဖက်စိမ်းတွန့်ချွန်=ဖက်နှင့်ပြုလုပ်ထားသောကတော့ခွက်
ဆံတော်ရင်း=ဆံတော်ရှင်ဘုရား၏ခြေရင်း=ရွှေတိဂုံဘုရားခြေရင်း
သမိုင်း=အဖြစ်အပျက်တို့ကိုစီကာစဉ်ကာရေးထားသောကျမ်း
သံပိုင်း=မော်ကွန်း၏နိဂုံး
မော်ကွန်း=ထင်ရှားသော အဖြစ်အပျက်ကို နောင်အရှည် တည့်တံ့အောင် မှတ်တမ်းတင်ထားသော စာ

သော်၊တည်ထားလေ့ပါ၊ ဌာပနာ၍၊သာသနာဦး၊မကာရွေးတည်ရပ်၊
မွေ့ခေတ်ရပုံ၊အံ့မကုန်သည့်၊ရွှေတိဂုံမည်သီး၊မြို့ရပ်ကြီး၌။ ဝသန္တာ၊
နေ့ကြကုန်သော။ (ဝါ) သီလသမ္မာ၊ ပညာနှလုံး၊ ယှကျုံးမသွေ၊
နေပါကုန်သော။အမွေ၊အကျွန်ုပ်တို့ကို။(ဝါ)ကေတုမာလာ၊ ကိတ္တိ
မာနှင့်၊ ဝိမလာစာရထ၊ နာမမတိမ်၊ဇာသိမြို့၊နှတ္တသခုတ်၊အကျွန်ုပ်
တို့သည်။ သခံ-သခါန်၊ အဆွေခင်ပွန်းတို့၏။ (တနည်းကား၊)သခံ-
သခေပါ၊ အဆွေခင်ပွန်းတို့သည်။ (ဝါ) အဏ္ဏကွာယီ၊ထုံးမှီလမ်း
ကျ၊သဟာယအနေ၊ အဆွေတော်သူမြတ်တို့သည်။(ဝါ) ငမောင်-
ဖုန်း၊ မြစ်ဦးစ်ပွန်းအောင်၊ ရန်လုံးလွှန်ပျောက်၊ အောက်သည်
နေ့ဝယ်၊နောက်တောင်ရိုင်၊ ပြည်ကိုပိုင်သော်၊ ခရိုင်သီးခြား၊ဥ
တည်တွားလည်း၊လန့်ကြွားတုန်သက်၊ သဒ်ဆက်၍၊ ကနက်ဝိုက်
ထူ၊ဆောင်းသီးဖြူနှင့်၊ဇမ္ဗူသခင်၊နတ်ရှင်မွေ့လျော်၊နေပြည်တော်
၌၊ ပျော်ပိုက်မယွင်း၊ သိတင်းသုံးနေ၊ အဆွေတော်မြတ်တို့သည်။
ကော၊ အဘယ်မည်သောအရပ်၌။ (ဝါ)ဘယ်တိုင်းဘယ်ပြည်၊ မည်
သည့်မြို့ရွာ၌။ဝါသံ-ဝသန္တိ၊နေလေကုန်၏ဟူ၍။သာသန်၊သတင်း
စကားကို။ (ဝါ)ချမ်းသာရှိသည်၊ မရှိသည်နှင့်၊ ထူးလည်ကြောင်း
ချင်း၊ ဖြစ်သတင်းကို။ အဇာနိတွာ၊ မသိ၍။ (ဝါ) သိတော်မမူကုန်
သောကြောင့်။(ဝါ)လျော်စွာဝိထိ၊ ကျတုံဘိလျက်၊ ဝိဘူတာရုံ၊
မကြိုက်ကြုံသောကြောင့်။အဒေါသေနှ၊ အဒေါသစေတသိက်ဖြင့်။
(ဝါ)ဇကောဒသ၊ ဆယ့်တဆအကျိုး၊ပွါးတိုးစေတတ်သော၊ အဒေါ
သစေတသိက်၊ မေတ္တာရိပ်ဖြင့်။သိဥ္စ-သိဥ္စနွေ့၊ နှေ့ညမညောင်း၊
မှိုညွှန်လောင်းလျက်။ သာသန်၊ပထဝီအာပေါ်၊ခတ်တေဇောနှင့်၊
ဝါယောမျှညီ၊ အိသာကျွန်းတော၊ ရှိသောအဖြစ်၊ ကြောင်းသနစ်
ကို။ ဒန္တံ၊ ယဉ်ကျေးစွာ။(ဝါ) လျှောက်လမ်းလျှောက်ခွင့်၊ခုရင့်ကြီး
ပေ်၊ ကျဉ်းကျပ်ယုတ်မြတ်၊ စေ့စပ်ချောမော၊ သဘောပြေပြစ်၊
နုံမျစ်ဆေးလေး၊ ရွေး၍လုံးညီ၊ပုလဲသီသို့၊ စာစီ ယဉ်ကျေးစွာ။

---

ပကာတူး(ပေါ်ရာကာ) အဦးအစ
မြစ်ပြစ် (ပေါ်ရာကာ) အကုန်အစင်



ဝကျွိသံဝကျွိသာမိ လျှောက်ကြားလိုက်ပေအံ့။(ဝါ)ဂါရဝမျိုး၊မိုး
လိုမိုးအောင်၊ရှိခိုးပူဇော်၊ခြေတော်ဦးခိုက်၊လျှောက်ကြားလိုက်အံ့။
မေတ္တာဖျန်းလျက်၊လျှောက်မည့်အချက်ကား စတ္တုဝဋ္ဋာ၊သတ္တာဝါ
နှင့်၊အာကာသညာဏ်၊လေးတန်သောအနန္တတွင်၊ စတုဏ္ဏမြောက်
သောအနန္တ၊ သင်္ခါရတွေ့၌၊ ပညာစေတသိက်တည်းဟူသော အ
မြတ်၊အထပ်တရာ၊ပဒုမ္မာကြာပန်း၏၊ လန်းလန်းပွင့်လစ်ရာ၊ရတနာ
ပလ္လင်ဖွေ့၊အောင်မြေဗောဓိရပ်သည်၊ ကပ်ကန္တာကာလပတ်လုံး၊
မဆုံးမခြင်း၊လေပြင်းမုန်တိုင်းတို့ဖြင့်ပင် သိမ်းသော်လည်း၊မယိမ်း
မယိုင်၊ ကြံ့ခိုင်မြဲနေ၊ တည်လေသည့်သနစ်၊ အနှစ်တရား၊ ခန္ဓာရုပ်
ဇိမ်ကို၊ ဇီဝိတိန္ဒြေ၊ကြာရှိုးရေကဲ့သို့၊စောင့်နေသည်သာ၊ဖြစ်ပါစေ
သောဟု၊သဘောကျစိတ်တမ်းလျက်၊ပန်းပေါင်းမင်းပေါင်း၊ဂမုန်း
ပေါင်း၊ကြိတ်ပေါင်း၊ဇိမ်ပေါင်း၊အမြုတေပေါင်း၊မြန်ပေါင်း၊ကျိုး
ပေါင်း၊ သည်းခြေပေါင်း၊စွယ်ပေါင်း၊နက်ပေါင်း၊ ခွက်ပေါင်းအစုံ
ကုံကုမံ၊ဂေါရောဇဉ်း၊ ကဏ္ဏကမျည်း ဆေးအကျော်၊ သနုထော်အန်
ပတ်၊ အရပ်ရပ်ဆေးရိုးအနေတွင်၊သည်းခြေစုံရာ စုံရာဘက်၍ မင်
နက်မင်နီ၊ မဟာဆီတို့ဖြင့်၊ ပသီပြိုပြင်စွာ၊ သာမဏောကျော်သိမ်ရဲ့
စက်၊ ကပတ်ကွက်သရေကြာ၊ ကဏ္ဍရာနှင့်၊ စမ္မာနဝတီလူးခက်၊
အကွရာလေးလုံး၊ ဝါကြိတ်လိမ်အမျက်၊ ဂဏန်းတွေ အဆင်းအ
တက်၊ဂါထာမန္တာန်တွေရံလျက်၊ အင်းကွက်ပုံ အသေအချွေတွင်၊
ဆင်သွားမြင်းသွား၊ဗိုလ်သွားရထားတိုက်၊ အလိုက်သင့်အနေအစုံ
တွင်ဖက်လက်၍၊လက်ဝဲဘက်ကား ကျားညီနောင်၊ လက်ျာပေါင်
မှာ၊ဇိမ်မြွောင်တွေအဆင်းအတက်၊ နားရွက်မှာလိပ်ပြာတောင်၊
ထိပ်ပြောင်မှာကြက်ခြေရစ်၊ အဆစ်ဟူသမျှမှာ၊ သုညတွေအလုံး
လုံး၊ပခုံးနှင့်လည်ကုပ်မှာ၊အဋ္ဌမုတ်ဆယ့်နှစ်ခွင်၊ကျောပြင်မှာစန္ဒာ
နဝ ပြာသာဒ်၊အာစပ်နှင့် နှုတ်ရေးမှာ၊ ဇောဥတ္တိ အပြန် အလှန်၊
ဆံစပ်မှာတိလောမာလောဇာ၊ မြင်ကောင်းရာ ဟူသမျှတခွင်မှာ၊
အင်းစီးကျား တဟုန်းဟုန်း၊ သားလုံးနှစ်ဘက်က တက်ကြွဟန်၊
ဆံင်းကြွဟန်၊ မျောက်ခလေးတွေစီရရီ၊ လက်ဖျံဆီမှာ၊ ဆေးနီနှင့်

စာကြောင်းတွေ၊ နေ့ဝင်ကြောင် မှိုင်းကြောင်၊ နီးကြောင်၊ တိုးကြောင်၊ထဲကြောင်၊ဗါးမဲ့ကြောင် ခါးပတ်ကြောင်၊ခါးဖြတ်ကြောင် နီးမှောင်ကျကြောင်ပက်သက်၊ စားခွက်၌ သံလျက်ကိုက်၊ မြီးချင်းဆိုက်–ခေါင်းချင်းတိုက်၊ အရှေ့လိုက်ကြောင်အလွန်၊ ဂဝံပုံတီး၊ ကျားဘီလူးကြီး၊ အင်းစီးပြည့်လုံးမွေ့၊ ကေသရာဇာ ထံခွန်မိုက်၊ ထိုက်ဖလ္လိကြောင်၊သူကောင်းချို ကြောင်ဒါလီ ညောင်ဘီလာယဝ၊ ကိုးလုံးဝအထွေထွေ၊ အခြေအကွင်းတို့ကို၊ ကိုယ်တွင်းပြည့်အထပ်ထပ်၊ ဒရစပ်တင်းကြမ်း၊ အလျှမ်းသား စိတ်ရှိန့်၍၊ ရှိန်းအုံ့ဆာယာ၊ အစုံပါနှင့်၊ လာရောသော ကျားကောင်း၊ အလောင်းမင်း တရားကြီး၏ကျွန်၊သေနတ်ဝန်ထွန်တို့ထက်၊ဆထက်ထောင်ရာဝင်၊ထိုးမဝင် ချတ်မရ၊ ပြီးစီးလှသော၊ ဩဇိမိသပဏ္ဏနာ၊ မေတ္တာရေမောင်းသွန်းလောင်းဆက်ကပ်လျက်၊ ရည်မှတ်ပို့တော်မူသော၊ မေတ္တာတော်မြတ်ကိုလည်း၊မဖြတ်နိုယ်၊ခံယူလေ့ရှိပါသော၊ တပည့်တော်သုံးဦး၊ ဆယ်စုံမြူး၍၊ ရှိဦးညွှတ်တိုက်၊လျှောက်ပါလိုက်သည်၊အကြည်တော်သူမြတ်မှစ၍၊သဟာယအနေ၊မိတ်ဆွေအပေါင်းတို့။ ။

တပည့်တော်တို့မှာ၊ ရတနာသုံးပါးဂုဏ်၊ မိဂုဏ်,ဘဂုဏ်၊ ဆရာဂုဏ်၊ အရှင်ကျေးဇူး ရွှေဘုန်းတော်၊ ကိုယ်တော်တို့ မေတ္တာ၊ ပဏ္ဏနာကြောင့်၊ မနှောင့်ဘေးဘျမ်း၊ ချမ်းသာရပကတိ၊ ရှိကြပေသည်ပင်။ ထိုရာတွင်တဘန်၊ ကိုယ်တော်ထံသို့၊ ကြီအောက်မေ့ချက်–အထူးထူးကို၊ ညာဏ်မြှုးတိုင်းမကွန့်ပြီ။ ယဉ်ယုံချိုလိုက်လျှင်၊ အာရမဏ်၊ ဘရင်ဂျီ၊ ကပ္ပတိခလာသီ၊ ဖောကျိကလယ်၊ ကုလားနွယ်တိုင်းမသိ၊ တုပတိနှင့် ဓိနပေါက္ကုံ၊အော်လံဘဂ်လား၊သဘောသားတို့၊ ကျက်စားသည့်ရေကြောင်းမှာ၊ **မှန်ပြောင်း**ကိုတပ်အပ်၊ မျက်စိနှင့် ကပ်လိုက်လျှင်၊ ဝေးရပ်ကြီးကပင်၊ နီးနိုင်မျှ ထင်၍၊ မြင်သာသည့်ပုံမယွင်း၊မြင်းထီလာကြောင်၊ တယောင်ယောင်လျှင်၊ **အိမ်မြှောင်**ဥကျွေင်း၊ မြောက်သို့စောင်း၍၊ လျှောင်းသည့်ပမာ၊

မှန်ပြောင်း= အဝေးကိုမြင်ရသော မှန်ဘီလူး
အိမ်မြှောင် (Compass)



ကြာဝတ်မုံဖူးဝယ်၊**ကွန့်မြူး**နေကျ ပျားပိတုန်းသည်၊**လေမှုန်း**သောကြောင့်၊ယိမ်း၍ပင်မဆိုင်သော်လည်း၊ ကြာအိုင်ကို ကြည့်ဖူးလျက်၊ စိတ်ကူး၍တစေ၊ နေလေသည့်ပုံမဝေး၊ လေးအင်စက်စုံ၊ သာမျိုးပုံသည့်၊ ရွှေတိဂုံမည်သီး၊ မြို့များထီးကာ၊ နေမိုးတနှုန်း၊ လရောင်ရှုံးအောင်၊ ရွှေဘုန်းထိန်လျက်၊ မင်းဝံချက်တွင်၊ ကနုက်ပိုက်ထွေ၊ ဆောင်းထီးဖြူနှင့်၊ ဇမ္ဗူညွန့်တွင်၊ မင်းများသခင်၊**နတ်ရှင်**စံပျော်၊ ရွှေညာမော်ဝယ်၊ ကိုယ်တော်တို့ထံ၊ ပြန်လည်မည့် အကြောင်း၊ ရှိဟောင်းမေတ္တာတွင်၊လောင်းပါမည့်အဖြစ်ကို၊ သနစ်ခွက်ဘော်၊ ခြေတော်ဦးခိုက်၊ လျှောက်ပါလိုက်သည်၊ အကျည်တော် သခင်၊ ကျေးဇူးအရှင် သူမြတ်တို့ဘုရား။ ။(မဟာစကားပြေကြီး။)

---

## ၂၁-လင်းဆွဲဆရာတော်က ပိဋကတ်ဒါယကာ မောင်အိတ် ပေးသည့် မေတ္တာစာ

စုတိပဋိသန္ဓေ၊ နှစ်ထွေတို့၏အလယ်ချက်၊ဗိပါက်တို့၏အလယ်ဖြင်၊ ဘဝဂ်သွံရ၊ ဝေမဇ္ဈာန္တ၊ ကျရောက် တတ်သော ကြောင့်၊ အနန္တရာယ်မည်သော အနိဋ္ဌရုပ်၊ ဒုက္ခဝေဒနာတို့သည်၊ရာသိန္တါဒိသတိသအသိ၊ လိတ္တာသဋ္ဌ၊ ရှိသည့်အနေ၊ကြေ လေသည်အလား၊ ကြေသွားပျက်ပြုန်း၍၊သုံးဆယ့်ရှစ်ဖြာ၊မင်္ဂလာတရားမြတ်တို့သည်၊ နိရဏ္ဍုံ၊ပြုအပ်သော ကြုံတ်ကဲ့သို့၊ ကိုယ်၌မသွေမည်၊ မြဲတည်သည်သာဖြစ်ပါစေသောဟု၊ ယောနိသော မနသိကာရ နှလုံးသွင်းနှင့်၊ ရွှေလင်းဆွဲဆရာ၊ အာဒိဂုရုကြောင့်၊ ဆင်းပေါင်းနှံ့စွေ၊ ခက်ဝေညွန့်ဖြိုး၊ သိဒ္ဓါဒိုးကို၊ စိုက်ထိုးမညောင်း၊ သွန်းလောင်းအပ်သော၊

ကွန့်မြူ= ပျော်ရွှင်မြူးတူးစွာသွားလာနေခြင်း
လေမှုန်း= လေဖြင့် ချေမှုန်းသောကြောင့်
နတ်ရှင်= ရှင်ဘုရင်

ဗိန္ဒုကတ်ဒါယကာ မောင်အိ။ ။**နောက်ရေး**ကိုလည်းမရှု၊ ခရေးကိုလည်းမမြင်၊ ညဏ်ထိဆင်၍၊ ချစ်ရှင်မိန့်မြွတ်၊ ဗိန္ဒုကတ်တွင်၊ ရေးမှတ်သည့်ကျမ်းဂန်မှာ၊ အဘိဓာန် ဓာတုမာလာ၊ ငိုကာကျော်ပါဠိ နိဿျတာလွယ်၊ ရှစ်ဆယ် အင်္ဂါပေါင်း၊ ရှစ်ကြောင်း တမျိုး၊ ကိုးကြောင်းတဝက်၊ **လက္ခသုံးမူးတီး**၊ တသီးမှာလေးမူးနှင့်၊ သုံးဦးသော ကျမ်းရပ်ကို၊ ရေးမှတ်၍ ပြီးပါပြီ။ ဤကုသိုလ်၏အကျိုးကို၊ ဒုက္ခမျိုး ကင်းဝေးလျက်၊ စကြဝတေး၊ သူဌေးမန္တာတ်၊ သိကြားနတ်ကဲ့သို့၊ လူရပ် နတ်ပြည်၊ ကျင်လည် စုန်ဆန်၊ ချမ်းသာစံ၍၊ **နိဗ္ဗာန်**ရမည့်အချက်ကို၊ မ**ဏ္ဍန်း**ဆုယူကာ၊ ဆရာပြုသော ကုသိုလ်ရတို့ကိုလည်း၊ သာခု ခေါ်မည့် အကြောင်း၊ ကောင်းမြတ်သော စေတနာဖြင့်၊ သာယာကရုဏာ၊ ထပ်မေတ္တာနှင့်၊ မင်္ဂလာစကား၊ မှာကြားတော်မူလိုက်သည်၊ ဗိန္ဒုကတ်ဒါယကာ တကာမောင်အိ။

---

## ၂၂–ဆရာထုန်းကြီးက သူကြီးလူကြီးတို့ကို ပေးသောမေတ္တာစာ

အနန္တသတ္တဝါ၊ ဝေနေယျာကို၊ ချမ်းသာစေလို ဟောင်းတွင်၊ ထပ်လောင်း၍ ချမ်းသာစေလိုသောနှလုံးသွင်းနှင့်၊**မင်းတိုင်းကြေး**ပေးရသလားဟု၊ အားမနာစိတ်မကွက်၊ မိန့်မြွက်လိုက်သည်သူကြီးအပေါင်းတို့။ ။ကျည်းကန်ရွာ မြောက်စောင်း၊ အလောင်းမင်းကန်ကြီးနားတွင်၊ ပျက်ပြားသည့် ရွှေမုဋ္ဌောကို၊ လက်တောာဆရာတော်ဘုရားကြီးက၊ လူကြီးသူကြီးတို့ကို၊ ကုသိုလ်အနှစ်၊ အသစ်

---

နောက်ရေး=နောက်မှရေးကူးသော ပေစာ

လက္ခ=သင်္ဂြိုဟ်ဖြင့်ပြုလုပ်သောကြောင့် ရသောအခ=ရေးခ

သုံးမူးတီး=တကျပ်တွင် ရှစ်မူးဖြင့်သုံးသောစံနစ်နှင့် တွက်၍ပေးသော သုံးမူး

ပန္နက်=ပန်နက်=ဆုပန်ခြင်း၊ ဆုကိုစိုက်ထိုးခြင်း

မင်းတိုင်းကြေး=အခွန်တော်ငွေ



ပွါးများအောင်တရားပြည့်ဝန်း၍ တိုက်တွန်းနှိုးဆော်ပါ၊အခါနှံ့တော်မူသည်၊ မည်သို့မည်သို့ပြုသော၊ မည်သို့မည်သို့ဖြစ်၏ဟု၊ ကုသိုလ်တရားကို၊ ခွဲခြားနားသိကြသူချည်းဖြစ်၍၊ အသစ်များပြားစွာ၊ ဆရာပြောဟောခွင့်မရှိပေ။ ဗေဒင်ကျမ်းအလာနှင့်၊ရွာ၏သနစ်ကိုရှုလျှင်၊ ဂုရုဗုဒ္ဓ၊ သူရဿမှာအခြေ၊ စနေအင်္ဂါ၊ သောကြာနံအညွှန့် ဖြစ်ချေသည်။ ရွှေမုဋ္ဌောအညွှန့်ကောင်း ဆုတောင်းပြည့်မှာ ရေသောက်မြစ်၊ အနေကိုစစ်သော်၊ အမြစ်ကိုပင် ရေသွန်းငြား သော်လည်း၊ ညွှန့်ဖျားက ပျက်စီးလျှင်၊ သစ်ပင်မျိုး မစည်နိုင်သကဲ့သို့၊ ထိုတူလည်းကောင်း၊ ဆုတောင်းပြည့်ပင်၊ မပျက်နေသော်လည်း၊ ရွှေမုဋ္ဌောဘုရားက၊ပျက်ပြားချက်နာလှ၍၊ အကြာအရှည်၊ ရွာမစည်သည်၊ နောက်စကားတချက်မှာ၊ တိမ်ထက်မိုးဖြင်၊ ကောင်းကင်ပျော်မွေ့၊ ရသေ့ဖော်ဂီ၊ **တပသီ**ညဏ်၊ မြန်တွင်းစံ ဆရာတို့အစီအရင်၊ ဗေဒင်ကျမ်းအထွေ၊ ရသေ့စကားနှင့်၊ ဘုရားနှုတ်နက်သည့်နှစ်ချက်ကို၊စပ်ဘက်ရောနှော၍ ရွှေမုဋ္ဌောကို ချီးမြှောက်မည်မှန်လျှင်၊ ပဋ္ဌာပွန်အကျိုး၊ မိုးလေကောင်း၍ ရွာစည်ပင်၊သင်သခ်ာမှာလည်း၊ နတ်ရွာ နိဗ္ဗာန် အကြောင်း၊ ကောင်းသည် ချည်းပင်ဖြစ်တော့ သည်ပင်။ ချပြင်မည့် စေတီ အရင်းသည်၊ ရှေးမင်းကောင်းမှု မှန်သည်သာဟု၊ကျောက်စာ သံပိုင်း၊ သမိုင်းတွေ့ဘူးသသူ၊ လူနှစ်ဦးရှိကြ၏။ ဆိုသည့်အရေးမှာ၊ ရှေးမင်းကောင်းမှု မှန်မြောက်လျှင်၊သည်လောက်တိမ်မြုပ်ဘွယ်မရှိတကား။ စဉ်းစားတွေးဘွယ်လည်းရှိသည်။ သို့ပင်ရှိငြားသော်လည်း၊ဘုရားပွင့်တော်မူသည့်၊ ဗောဓိညောင်ရွှေ၊ ဗုဒ္ဓဂယာနှင့်၊ ဇေတဝန်ကျောင်းတော်ရာ၊ သာဝတ္ထိ ဝေသာလီ၊ ကပိလဝတ် ရာဇဂြိုဟ်၊ ထိုထိုပြည်များမှာ၊ ကာလရှည်လျားသျှ၍၊ ခွဲခြားနားသိသသူ၊ တလူမျှမရှိပြီ မဟုတ်လော၊ သဘောကို ထောက်လိုက်လျှင်၊ထိုထိုပြည်ခွင်၊ ဗောဓိပင်တို့သည်၊

---

တပသီ=မြိုးခြိစ္စာကျင့်သူ၊ ရသေ့

မှတ်ချက်များ။ (၁)နောက်စကားရပ်မှာ၊ ဦး

ဂုဏ်ထင်ချက် ဟုတ်သောကြောင့်၊ တိမ်မြုပ် မရှိ ကောင်းတော့ သလော။ ပြောသူမြင်သူ၊ တလူမျှ မကြွိမ်၊ တိမ်မြုပ်တော့သည် ဟူ၍ပင်။ ဗောဓိပင် သာဝတ္ထိ စသည့်တို့ကို၊ မယုံလိုရှိရတော့ မလော။ သို့သောကြောင့်၊တိမ်မြုပ်သည်၊ မင်းကောင်းမှုဒုန်သည် ဆိုသည့်စကားမဟုတ်၊ ခြလုပ်သည့် တောင်ပို့ပင် ဖြစ်ငြားသော် လည်း၊ တရားတော် အနေမှာ၊ စေတီဟူ၍ မှတ်ကြ၍၊ စိတ်က ကြည်ညိုလျှင်၊ ကုသိုလ်ဖြစ်ကြောင်းကို၊ သိဟောင်း ဖြစ်တော့ သည်ပင်။ သို့သောကြောင့်၊ ဘုရားဘကာ အများ၊တရားသိသူ၊ လူ့ညာရှိ၊များကြဘိ၍၊အသိဉာဏ်တရားနှင့်၊သတိမှန်စဉ်းစား၍၊ ပရိက်ခမ်းနားကို၊ သားမယားနှင့်အတူပန်ဆင်၍၊ သေမင်းမငင်မီ လျင်တဆော၊ ရွှေမုဋ္ဌောကို မြင်ရအောင်သာ၊ တရွာ သွားမည် ခရီးသည်တတွေ၊ ဆန့်ရေရိက္ခာ၊ မျဉ်းပမာသို့၊ ပညာမျက်စိနှင့် ရှု၍၊ကုသိုလ်အရာ၊ ရတနာသုံးပါး၌ ညွတ်ကိုင်းလျှင်၊ မရိုင်းဖြကြ မည့်သူချည်းဖြစ်၍၊ ချမ်းမြေ့လှစွာ၊ ဆရာဘုရားအမိန့်တော်ရိပ်ကို၊ ဦးထိပ်ထက်ဆင်ထား၍၊သုံးပါးသောချမ်းသာ၊လွယ်ကူစွာ ယူကြ မည့်အကြောင်းကို၊ သိကြဟောင်းတွင် လောင်းစွက်၍၊ အမြွက်မျှ မိန့်တော်ရှိလိုက်သည်၊ သူကြီးလူကြီးအပေါင်းတို့။

---

## ၂၃-ဆရာတုန်းတော်ကြီးက ပဝါရိတသူကြီးကို ပေးသောမေတ္တာစာ

ဗာဟီရဏ္ဍုတ္တမ္ပဗန္ဓ၊ သောက မသိမ်း၊ ချမ်းငြိမ်ရင်တွင်းကြီး မင်းထပ်လောင်း၊ ကံကောင်းထောက်ကူ၊ တုန်းသစ်ထူ၍၊ဝေပုလ တောင်ယံဝယ်၊ ပြည့်တန်သော ပဒ္မာမြားကဲ့သို့၊ စိတ်သွားတိုင်း ပြီးပြည့်စုံသည်သာ ဖြစ်ပါစေသောဟူ၍၊ အကြောင်းသင့် နှောင်

မျဉ်းပမာ=မျဉ်းကြောင်းကဲ့သို့ ဖြောင့်ဖြောင့်တန်းတန်း



အခါ၊လာလတ္တံ့အတန်တန်၊ နိဗ္ဗာန်မရသေးသမျှ၊ ဘဝအစုစုတို့၌၊ သုနက္ခတ္တံ၊ သုမင်္ဂလံ၊ သုပဘာတံ၊ သုဟုဋ္ဌိတံ၊ သုခဏော၊ သုမု ဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရီသု၊ စသော ပါဠိတော်နှင့် အညီ၊ ဆယ့်နှစ်လီကာသစ်ပွင့်၊ရှစ်ချပ်သင့်ဥစ်နေ၊ ပဋိသန္ဓေပဝတ္တိ ဓိပတိ ပုည၊မူလကိန်းစိတ်၊ဣသသရိယထိပ်းဖြူ၊ ဆင်ပြူရာသီ၊ စတ္တုရှိအသီတိ ခေတ်၊ ဖြူ့ ဟတ်ရတ်နဝင်း၊ ကြင်းခေတ်နာရီလက်၊နရစက်ငွေတိုင် ရွှေတိုင်အမွှန်၊ခုနှစ်ရာကျော်အနေ၊ဗေဒင်တိုင်အချက်တို့သည် စန်း လက်ရွှေနံ့နှင့်၊ မန်တော်ကျ၍သာ၊ စကြာမန္တာတ်၊ အလောင်းမြတ် တို့ကိုဆုပန်ရည်လျက်၊ ရွှေပြည်နိဗ္ဗာန်သို့၊ လျင်မြန်ထုတ်ချောက် ရောက်လွယ်သည်သာ၊ဖြစ်ပါစေသောဟူ၍ဝင်း၊ဆရာ မေတ္တာရေ မောင်း၊သွန်းလောင်းအပ်သည်၊ ဒါယကာသူကြီးမင်း။ ။ဆရာတို့ ဆရာ၊ မုနိန္ဒာဘိဇာဇဂုရု၊ တံခိပ်တော်ရ၊ ဆရာတော်ဘုရား၊ ထင် ရှားရှိတော်မူသောအခါ၊ချက်မြုင်ရာဝယ်၊မဟာရံ တံတိုင်းလည်း တရပ်၊ အုတ်ပြာသာဒ်လည်းတလီ၊ စေတီတော်လည်းတတန်၊ရေ ကန်နှင့်တကွ၊တရားရှစ်ကွက်သော ရွှေစက်တော်ပုံလည်း တရပ်၊ အရပ်ရပ်သော ကုသိုလ်ဇုတို့ကို၊ သာဓု အနုမောဒနာ စိစဉ် လျက်၊ရေစက်ချ၍၊ အမျှပေးတော်မူမည် ကြံသည့်အရာကို၊ ဒါယ ကာမင်းကသိ၍၊သူရှိပုဏ္ဏားဘုရားအလောင်း၊ကောင်းမှုပြုတော် မူသောအခါ၊ သိကြားလာ၍၊ညီညာရှိုင်းမင်းလျက်၊ ဘက်လက်၍ ကုသိုလ်ယူသည့်ပမာ၊ဒါယကာသူကြီးမင်းကလည်း၊သင်းဝင်ဖြစ် လိုပါကြောင်းကို၊ ကောင်းမြတ်သောစေတနာနှင့်၊ ဆရာတော်ဘု ရားအား၊လျှောက်ထားဘူးပေသည့်စကားရိပ်စုနှင့်၊ယခုဆရာတော်

မန်=ထပ်တူထပ်မျှ

ထုတ်ချောက်=တောက်လျှောက်=အဆီးအတားမရှိ

ချက်မြုပ်ရာ=မွေးဘွားသော နေရာ

ရှိုင်းပင်း=ကူညီလျက်

ဘက်လက်=ညီတူ ညာတူ ပြိုင်တူ

သင်းဝင်=အသင်းဝင်

ဘုရား မရှိနေခိုက်၊ ဆရာတော်ဘုရား အကြံတော် အတိုင်း၊ အပြီး မြောက်အောင်၊ ဆရာတို့ကြံသည်မှာ၊ ဒါယကာသူကြီးမင်းကိုပင်၊ အရင်းအမြစ်ပြု၍ကြံမှ သင့်ပေမည်ဖြစ်၍၊ ယခုတပို့တွဲ လဖြည့်ကျော် ဆယ်ရက်နေ့ဆီကို၊ သာဓုအနုမောဒနာ၊ လှူဒါန်အသီးသီးနှင့်၊ အပြီး သို့ရောက်အောင်၊ ကြံဆောင်လိုကြောင်း၊ ရပ်ရွာ ဌာနမှလည်း **အကာလမို့** ၊ ရေမဝင်၍၊ အပင်မကြီး၊ မသီးမပွင့်ကြကြောင်းနှင့် အ ကြောင်းမျိုးကို မေတ္တာရှေ့ထားကြားလိုက်ပါသည်၊ တကာတော် သူကြီးမင်းမှစ၍ ဆရာတော် ဘုရားအား၊ လျှောက်ထားဘူးသသူ ဒါယကာအပေါင်းတို့။

---

## ၂၄-မိဘက သားမောင်ကြာရွက်ထံ ပေးသော မေတ္တာစာ

အန္တရာယ် **ဘေးချမ်း**၊ ငြိမ်းချမ်း သာယာ၊ ခန္ဓာမြင့်ရှည်၊ တည်သည်သာ ဖြစ်လျက်၊ အဆက်ဆက်သောဘဝပင် လည်သော်လည်း၊ လူ့ပြည်နတ်ရင်၊ မြတ်သောသုဂတိဘဝတို့၌လူမင်းနတ်မင်း ဗြဟ္မာမင်းတို့၏စည်းစိမ်စံလျက်၊ နိဗ္ဗာန်ထုတ်ချောက်၊ ရောက်လွယ်သည်သာဖြစ်ပါစေသောဟု၊ အမိသူကြီးကတော်၊ အဘသူကြီးမင်း တပ်သွင်းသောမေတ္တာ၊ **မချာ**မလပ်၊ သွန်းလောင်းအပ်သော သား- မောင်ကြာရွက်။ ။မိတမျိုးဆွေ ရွာနေသားချင်းတို့မှာ၊ ရတနာ သုံးပါး ဂုဏ်တော်အင်၊ အရှင် ဧကရာဇ် ရွှေဘုန်းတော် ကြောင့်၊ မနှောင့်ဘေးချမ်း၊ ငြိမ်းချမ်းသာယာကြပေသည်၊ ထူးလည်မှာရန်

---

အကာလ=အချိန်မဟုတ်

ဘေးချမ်း=ဘေးဘယာ=ဘေးဥပဒ်

မချာ (ပေါ်ရာဏ) =အမြဲမကွာ

မူကွဲများ (၁) ကာလမို့ ။ ဦး



မှာ၊ ဆုန္ဒာသဘာရေဇိန်၊ ဒေဝိန္ဒရနတ်ထွတ်ဖျားသိကြားမင်းကြီးသည့် အသီးသီးအဝိုဝို၊ နတ်တို့အမှုကြောင့်၊ လူ့ပြည်၌ ကိစ္စကို မရှုအား သဖြင့်၊ နတ်သားတယောက်ကို လက်ထောက်ပြု၍၊ ကြည့်ရှုစေသည့် အလား၊ သိကြားမင်းကြီးပမာ၊ ဆယ်ရွာပင်ဘုရားက၊ နတ်သားနှင့် တူသောသားမောင်ကို၊ အလျှိုလျှိုအမှုရေးကိုခွဲ၍၊ ကိုယ်ခွဲသားခဲ့ပေ သဖြင့်၊ မောင်နေရသည့်အရပ်မှာ၊ သာမည အရပ်မဟုတ်ပေ၊ စကြဝဋ္ဋာတသောင်း၌၊ တချောင်းသော လက်ညှိုးကို ထောင်လျက်၊ သောင်းထောင်နေလ၊ ထွန်းပမပြိုင်၊ လင်းစေနိုင်ပြား၍၊ သိကြား ထောင်ရာ၊ **မနုန်းသာ**သော၊ ဗြဟ္မာမင်း၏တေဇော်၊ အာနုဘော် စက်ဝန်း၊ ထွန်းတောက်ပသကဲ့သို့၊ တရားတစင်း၊ သီးဆောင်းမင်း တို့၏ ဦးညွှတ်ရာ၊ စကြာသခင်၊ ဘဝအသျှင်ကောင်း၊ အလောင်း မင်းတရားကြီး၏ စံပျော်ရာ၊ မင်္ဂလာရွှေမြို့တော်ကြီး ဖြစ်ပေသည်။ အတည်တည် ဉာဏ်ချိန်လျက်၊ အလိမ္မာကွန့်ချာရုံး၍၊ နှလုံးသွင်းရ မည့်အလားမှာ၊ ယောကျ်ား**ဇာနည်**၊ ပညာသည်တို့၊ အတည်တည် အဝဝ၊ ခယမင်းပေါင်း၊ သူကောင်းပြုခံလိုလျှင် အတတ်မျိုးကိုသင် လေ၊ ဆောင်တိလေ့ကျက်၊ နှုတ်တွက် ရွှင်စေ၊ ပုဒ်ပါဠိအကျွရာ၊ သဒ္ဒါရေးလည်းထင်စေ၊ ပရမတ်ရေး ပညတ်ရေးလည်း အတွေး စင်စေ၊ ရာဇဓမ္မလောကအရေး၊ အတွေးအခေါ် လျှင်စေ၊ အဆိုအမိန့် အကျူးနိဂါတလည်း၊ တည်ပဆင်ခြင်လေ၊ အဖြေအလယ်၊ နာဘွယ် စကား၊ လေးပါးဖွံ့ဖြိုးစေ၊ ဟုတ်ဟတ်တော်တည့်၊ မလျှည့်သစ္စာ မှန်စေ၊ စကားတင်စကားဖျည်၊ စကားဆင်မျိုး၊ နည်းမိုးကြီးနိုင်စေ၊ အမိုးရသခင် အသျှင်ကိုမြတ်နိုး၊ ပုသိုးကဲ့သို့မှတ်လေ၊ နေကာသူ့ နောက်၊ ဆိုကာသူ့ အောက်၊ စားသောက်အတန်၊ သည်းခံခြင်း လည်းကြီးစေ၊ သူစိမ်း**သူကျက်**၊ ပေါင်းဘက်ယှဉ်ရာ၊ မယှဉ်ရာကို

---

မနုန်းသာ=မနိုင်းရှည်သာ

ဇာနည်=အာဇာနည်=များသည့် မှန်သည်ကို ချင့်ချိန်နိုင်ပြီးလျှင်၊ မှန်သည်ဟု ဆုံးဖြတ်ပါက မနောက်မဆုတ်တမ်းဆောင်ရွက်တတ်သူ

သူကျက်=ခင်မင်ရင်းနှီးသူ

လည်းသိစေ၊မင်းညီမင်းသားမျိုးဖျားမှူးမတ်၊ယုတ်မြတ်သိတိ၊သတိ သွင်းနိုင်စေ၊ မင်းပါးနေတိုး၊အာရုံဝါးပါး၊မမှားကြည်းသွ-မြဲလှစေ၊ မမြင်အပ်သည်မှာ၊သူကန်းလား၊မကြားအပ်သည်မှာ နားထိုင်းထူ၊ အမှုကိုလည်း သိတတ်စေ၊မဆိုအပ်မှာ၊လျှာမဲ့ငါး၊မသွားအပ်သည် သစ်ကျားထူ၊ အယူကိုလည်း သိတတ်စေ၊ မင်း၏မျက်နှာ၊ ရုပ်ဝါ ခံတွင်း၊ အဆင်းသဏ္ဍာန်၊ကြန့်အင်ကိုလည်းသိတတ်စေ၊ ဆိုရာဆို ခွင့်ဆိုချိန်လင့်၍၊ သင့်ရာကိုလည်းလျှောက်မှီစေ၊ အယဉ်အကျေး၊ ဆေးလေးဖြည်းညှင်း၊မယွင်းဆိုလေ့ရှိစေ၊ **မှုတော်ကောင်းက**၊ မ သောင်းမကျွန်း၊ရဲစွမ်းအားကြီး၊ထိုးဝင်ခံဝံ့စေ၊ ပြေလည်မှမင်းသုံး သည်၊ **ကြေနည်**မှ ရန်ထုံးသည်၊ တည်ကြည်မှ ရွှင်ပြုံးသည်၊ စကားကိုလည်း မှတ်ရမည်၊ ဟူ၍ရင်း၊ ဖြစ်မယူ ရာ သော သူ ရှစ်ပါးကား၊ "မင်းဖျားရာဇာ၊ ဆရာမိဘ၊ သဏ္ဍာ ထိပ်ပန်း၊ ရဟန်း အစ်ကို၊ ထိုမှ တသွယ်၊ သူငယ် သူရူး၊ နှလုံးနူးလော၊ အထူးမင်းမှာ၊ ပိုင်ရာသခင်၊ အရှင်ဖြစ်သည်၊ ဆရာထေရ်လည်း၊ အရှည်မတန်၊ ပစ္စုပ္ပန်သံသရာ၊ ကယ်ပါသောကြောင့်၊ အဖြောင့် အသား၊အမိအားကား၊ကြီးငြားဂုဏ၊ အဘကိုမူ၊ပြောထူစည်းစိမ်၊ မတိမ်း စောင်းကာ၊ ရဟန်းမှာကား၊ ဘုရားသားစစ်၊ ကြီးသည် ဖြစ်ခဲ့၊ စင်စစ်အစ်ကို၊ ဆိုသော်မငယ်၊ ဘ,ရားဆွယ်ရှင့်၊ သူငယ် မှာကား၊တရားမဝင်၊သူရူးတွင်၌၊ ပစ်တင်ဇုံ့ဌါပမာမလေဲ၊ ဗုံကို ထောက်၍၊မရောက်ဖြစ်ဆာ၊ပညာဆေးကျွမ်း၊နှိမ်ချုပ်မနိုးလော" ဟူ၍ရင်း။ ။"သူကြီးမိဘ၊ဆရာစသား၊စိုးရသခင်၊ ကျေးဇူးရှင် တို့ ဖြစ်တင်မောင်းမဲ၊ရိုက်ပုတ်ဆဲလည်း၊ဝမ်းထဲယုံ့ယုံ့၊ ယုန်လျှင် ကြို့သို့၊ဆိုတုံ့မဝံ့၊စောင်မာန်ညှံ့လျက်၊ ကြောက်ရွံ့ရိုသေ၊သည်းခံ ထွေဖြင့်။ ။မြဲစေနှလုံး ယှဉ်စေမင်း"။ ။ဟူ၍ရင်း။ ။"အောင်ချာ နံ့ဂိုရ်၊မင်းကိုရင်း၊တကြောင်းပညာ၊ ရှိတို့မှာနှင့်၊ ကြီးစွာကျေးဇူး၊

ကြည်သွေး=ရှောင်ကြည်သွေးယံခြင်း
မှုတော်ကောင်းက=အရေးကိစ္စကောင်းဖြစ်ပါက
ကြေနည်=ကြေပွအောင်နှိပ်နင်းမှ



ရှိဘူးသူအား၊ ဖြစ်မှားငြားလည်း၊ လျင်လျှားအပြစ်၊ **မလှစ်**ထည့်ရာ၊ ရောင်ဝါရွှင်းရွှင်း၊ မိုးလမင်းအား၊ သိကြားကရေး၊ ယုန်ရုပ်မွေး လည်း၊ သေးသေးငယ်ကို၊ဖြစ်မဆိုသို့၊ ရေညှိပဒုမ္မာ၊ ကြာ၏အမျိုး၊ သူ့ဂုဏ်တိုးသော်၊ အရိုးကိုမူ၊ ကြမ်းသောဟူ၍၊ လူဖြစ်မရှာ၊ ဥပမာ သို့၊**စာနာ**ထောက်ထား၊ပိုင်းခြားနား၍။ ။နှုတ်ကား စောင့်ကုန်ရာ ၏တည်း"။ ။ဟူ၍ရင်း။ ။"နေ့ခင်းဌာန်၊ ကာလမြော်ရှု၊ ခွေး ချယ်ပြုံလျက်၊လွယ်မှုမထင်၊ဆင်ခြင်ကြံစည်၊ တိုရှည်ထောက်ထား၊ စီးပွါးတိမ်နက်၊ ယုတ်တက်သေ့ရှာ၊ တွေးစာနာ၍၊ ဉာဏ်ပစ္စည်း၊ ပညာ ဆည်းလျက်။ ။ဝှန်သည်းမဖြင်း၊ နှေစေမင်း"။ ။ဟူ၍ ရင်း။ ။"မြွက်ဆိုမှုသား၊ နှုတ်သံမြွားသို့၊ စီးပွါးလိုယောင်၊ ရှုပ ဆောင်၍မှားအောင်ဖြစ်ရှာ၊ ကြံတတ်စွာသား၊မေတ္တာချည်းနှီး **လူ့ ခွေးမြီး**နှင့်၊ တသီးတခြား၊ တပါးပြည်ရွာ၊ မရှောင်သာ၍၊ မကွာ ပေါင်းဘော်၊ ပြုငြားသော်လည်း၊ အပေါ်ကားယှဉ်၊ အထဲကြည် လျက်၊စိတ်ယဉ်နှိမ့်ချ၊ မာန်ကိုပ၍၊ ကာလအလိုက်၊သူ့အကြိုက်ကို၊ **စရိုက်**ညီထွေ ကျင့်တတ်စေ"။ ။ဟူ၍ရင်း။ ။သို့စကားအရပ်ရပ်၊ ဆရာကျော်သူမြတ်တို့၊ စပ်ဟပ်မိန့်တော်မူချေသည်။ ။ဝိဒေသဝါ သံဝါသတော ဇာတိဒေဝဘယေနပိ ခမိတဗ္ဗံ သပ္ပညေန အဓိဒါ သသတဗ္ဗိတန္တိ။ ။မိန့်ရှိဒေသနာ၊ အရမှာလည်း၊ တရွာတပါး အခြားအရပ်၌ နေသောသူသည်၊ သူတပါးတို့၏ စေပါး**လက်သုပ်** ကျွန်သူနုပ်တို့၏၊ မြှမ်းချောက်ခြင်းကိုပင် ဖြစ်သော်လည်း၊ ခံအပ် ကြောင်းကို လာချေသည်ဖြစ်၍၊ အသိအလိမ္မာ၊ ပညာမျက်မိ ရှိပေါင်းတွင်၊ထပ်လောင်းကာ နှလုံးသွင်းစေလိုကြောင်းကို၊ အမိ

မလှစ်=မဖွင့်
စာနာ=နိုင်းရှဉ်ခြင်း
လူ့ခွေးမြီး=ကောက်ကွေ့လိမ်လည်တတ်သူ
စရိုက်=အကျင့်
လက်သုပ်=လက်ပါးစေ=အစေခံ

သားချင်းနှင့် တကွ၊ အဘ သူကြီးမင်း တို့က၊ သတင်း စကား၊ ကြားရောက်လိုက်သည်၊သားမောင်။

---

## ၂၅-ကျည်းကန်ရှင်ကြီး ဦးနန္ဒဇလျှောက်စာ

ရှေးရှေးသော ပေတုပစ္စည်း၏အရ၊ ပဌမအနေတွင်၊ အာသေဝနပစ္စည်းဖြင့် ထုံလျက်၊ အာရုံ အာရမ္မဏိက၊ ပစ္စည်း ပစ္စယုပ္ပန်၊ အတန်တန် တင်လျှောက်၍ တဖြောက်ဖြောက် ဝိ့ တော်မူသော မေတ္တာတော်မြတ်ကို၊ မဖြတ်နိုယံ၊ ခံယူပါအပ်လှသော၊ တပည့်တော်နန္ဒဇ၊ ဂါရဝစေတနာ၊ ပစာယနုကုသိုလ်၊ **ဥဒဟိုင်** ရှထား၍၊ လျှောက်ကြား အပ်လှသော ကျေးဇူးရှင်။ ။သင်သရာကို ရည်ရော်၍၊ မယ်တော်ကောင်းမှု၊ စထုဒိသသက်၊ ရေစက်ချလှူတော်မူမည်တွင်၊ ကြည် လင် တော် မူ လှ သော၊ အဒေါသ ဗလ နှင့်၊ ရေစက်ချ အလှူခံ၊ **ဘိတ်မန်**တော် မူခဲ့ပေသည့် အမိန့်တော်ကို၊ တွေးခေါ် ဆင်ခြင်လျှင်၊ သင်သရာတို့လည်း တတန်၊ပစ္စုပ္ပန်တို့လည်း တခြား ဂုဏ်များလှ ပေသည်ဟု နှလုံးပြု၍ ထု နှစ်သိမ်းလေးသောင်း မြေဒဟိုတွင်၊ မြင့်မိုရ်အထွတ် ဆင့်သကဲ့သို့ ကြီးမြင့်သော ကျေးဇူးအထူးရှိပေသည်ဟု အယူရှိပါသည်၊ အကြံအစည် မခြောက်၍၊ မရောက်နိုင် ရှိသည့် အရာမှာ၊ မေတ္တာတော်မြတ်ကို၊ နောက်ထပ်၍ခံယူလိုပါသည်အဖြစ်ကို၊ သနစ်ပြွက်ဘော် ခြေတော် ဦးခိုက် လျှောက်လိုက်ပါသည် ကျေးဇူးရှင်။

---

ဥဒဟိုး=တောက်လျှောက်၊အဆက်မပြတ်
ဘိတ်မန်=ဘိတ်ကြားခြင်း



## ၂၆-မောင်ကြာရွက်က အိမ်နေသူတို့ကို ပေးသောမေတ္တာစာ

အာရမဏီ၊ဘရင်ဂျီ၊ ကပ္ပလီခလာသီ၊ဇော်ဂျီကလယ်၊ ကုလားနွယ်တိုင်းမသိ၊ထုပတိနှင့်၊ ဗိန္ဒပေါက္က၊ အော်လံဘက်လား၊ သဘော်သား ရှုပ်ရှက်ထွေး၊ နှုတ်ခမ်းမွေး၊ပါးမုန်းမွေး၊ ခြေသားလုံးမွေး၊ အမွေးတွေဘရပူ၊ မုတ်ဆိတ်ထူတို့၊ ဆောင်ယူခဲ့သော၊ သဘော်အိမ်မြှောင် သည်၊ နောက် တောင် အဂ္ဂ၊ ထောင့်ပတ် တွေ့သို့၊ ခေါင်းရွေ့စေခြင်းငှါ၊ **ချာချာပရပတ်**၊ ရဟတ်လိုပင် လှည့်သော်လည်း၊ မည်သည့်အခါမဆို၊ မြောက်ကိုသာခေါင်းပြု၍၊ သိမ်မွေ့စွာနေမြဲတိသကဲ့သို့၊အဝို့ ဝို့ အငန်းငန်း၊ **ပရမ်းပတာ**အတည့်တည့်၊ မည် သို့ သော မည် ညာ သော၊ လူ မြင် တိုင်း ပြော သော်လည်း၊ သဘောနေ **မသွေဖည်**၊ မြဲတည်သည်သာဖြစ်၍၊ ချမ်မြေ့ကြည်စွာသည်သာဖြစ်ပါစေသောဟု၊ ဩမိသပဏ္ဏနာ၊ မေတ္တာမမေ့၊ သွန်းလောင်းလေ့ရှိသော၊ ကျွန်ုပ်မောင်ကြာရွက်၊ မေတ္တာရေချမ်း၊ ဆွတ်ဖျန်းသွန်းလောင်း၊ အကြောင်းစကား၊ မှာကြားလိုက်သည်၊ အိမ်နေသူတို့။ ။အရှင့် ရွှေဘဝါးတော်မြတ် အောက် အညာ၊ ရန်ရှာသူတို့နှင့်ပေါင်း၍၊အကြောင်းမကြား ထွက်သွားခဲ့ရသည့်အရာမှာ၊ ပမာဟပ်လိုက်သော်၊ နတ်တို့၏တန်ခိုးဖြင့် ဖွက်ထားသော သူငယ်သည်၊ သူ့ အိမ်ကိုပင်လွမ်း၍ရှိသော်လည်း၊ မိမိကိုယ်ကိုအပိုးမပိုင်ငြား၍၊နတ်ထားတိုင်း နေရတိသကဲ့သို့၊ ထိုတူမယွင်း၊ နတ်မင်းနှင့် မထူးချွန်၊ ဝန်မင်းဘုရား အာဏာ၊ မဆန်သာ **လျှင်လျှား**၊ ထွက်သွားခဲ့ရချေသည် ဖြစ်၍၊ ပြေလည်စွာ ပြောခဲ့ မပြောခဲ့မှာ၊ တကဲ့

---

ချာချာ=တလည်လည်
ပရပတ်=မတ်ပတ်လည်လည်
ပရမ်းပတာ=စည်းကမ်းမရှိ
မသွေဖည်=ရှောင်လွှဲခြင်း
လျှင်လျှား=(ပေါရာဏ)=အလျှင်အမြန်

**ပခေနု**မသိုသာ၊ မေတ္တာသာအကြောင်းရင်းမှန်သည်ဟု၊ ထုံးစံကို စွဲလိုက်လျှင်၊**ဒီမိုးခဲအည်းဆင်**၊မင်းနှင့်ကွယ်ဝါ၊ ဟာဗျာကျွန်နိုင်၊ ကျွန်တော်အသျှင်၊တင်ပါ့ဘုရား၊မိန့်တော်တိုင်း၊ရှိုင်းသံနှင့်ယဉ်သံ၊ တကာရန်တွင်၊အသံကို ပမာဏမပြုသာ၊ စေတနာနှင့်၊မေတ္တာသာ အကြောင်း၊ ရှေးထုံးဟောင်းမှာ၊ **အင်းကောင်း ဗျာ မတာနိသာ၊ ငါးကောင်း ကျွန်တော် မတာနိချေ၊ ဧကောင်း- ခပ်ဗျာ မယှဉ်၊ ဒိမ်း ကောင်း မိန့်တော်တိုင်း၊** ရှိုင်းသော်လည်း ယဉ်စေသည်၊ ယဉ်သံပင် နေသော်လည်း၊စေတနာနှင့်မေတ္တာ ခပ်ထိုင်းထိုင်းကို၊ ရှိုင်းစာရင်းချဘိသို့၊ ထုံးဟောင်း ရှိသောကြောင့်၊ သဘိနှင့် ကြံ လိုက်လျှင်၊ အသံမှာမူလမဆို၊ နဂိုမေတ္တာသာပခေနု ဆိုသကဲ့သို့ ဖြစ်သည်။ တလီထုံးစကားမှာ။ ။**ပဏ္ဍမြေး မြူကော် မြင်သည်လို့ မစွန့်လေနှင့်၊ အလကား လူလျှပ် ထင်သည်လို့ မချွံ စေနှင့်၊ ပဏ္ဍမြေးစွန့်လျှင်၊ ဆုံးဘတ်သည်၊ အလကား ချွံလျှင်၊ မုန်းဘတ်သည်။ ။ချဉ်သည်ဆင်ကာမျှ မပယ်စ်နှင့်၊ ယဉ်သည်မြင်ကာမျှ မချစ်နှင့်၊ အင်သည်ဆင်ကာမျှ မပစ်နှင့်၊ ချဉ်တိုင်းလည်း သေရည် မဟုတ်၊ ယဉ်တိုင်းလည်း ပြေသည်မဟုတ်၊ အင်တိုင်းလည်းသွေ့ မည်မဟုတ်။** ။သို့ထုံးစံ ထုတ် သော ကြောင့်၊ မလှဘ်ချွတ် သံ ကြားတိုင်းလည်း ဆွမ်းလှူ၊ ခွေးအူသံ ကြားတိုင်းလည်း တော်သ လင်း၊ **ဝင်းခင်း**သည် မြင်တိုင်းလည်း ထွက်တော် မူလတ်မည်။ စည်တိုသံကြားတိုင်းလည်း ပုံကြီးသံ၊ ပဟိုရ်သံ ကြားတိုင်းလည်း

---

ပခေနု (ပါဠိ)=ပြကတေ့၊ အကြောင်းရင်း၊ အရင်းခံ
အိမ်း,အဲ,အည်း,အင်း=လူ့စကားသံများ
လူလျှပ်=လူရှုပ်လူပွေ
ချဉ်=ချဉ်သောအရသာ
အင်=ငြင်းပယ်သည်
ပလုတ်တုတ်=မျောသံ၊အလွှအတန်းရှိ တီးသောဆိုင်းသံ
ဝင်းခင်း=ရှင်ဘုရင် ထွက်တော် မူသော အခါ စစ်သည်တော်တစ်ပေါင်း
　　လေးတစ်လေးမျိုးလိုက်ခြင်းကို ဝင်းခင်းသည်ဟုခေါ်သည်



လေးချက်တီး၊ **မီးနှုက်သံ** ကြားတိုင်းလည်း ကိုယ်တော် စက်၊ ကြက်တွန်သံကြားတိုင်းလည်း ရောင်နီလာ မဟုတ်သာဟု၊ မှာစာ မယဉ်တယဉ်နှင့်၊ စီချည့်စွာအုပ်ချုပ်၍၊ နယုန် **လဆေးတများ** တွင်၊ ရွှေဘွားတော်မြတ်အောက်က၊လာရောက်တော့မည်၊ကြီးစည်သည့် အဖြစ်ကို၊ သနစ်ခြွက်ကာ၊ ဖျူငှါပြေးမုသားမပါ၊ မာယာမထုတ်၊ လောကဝတ်မပါ၊ ဟုတ်တိုင်းသာဖြင့်၊ မေတ္တာစကား၊ မှာကြား လိုက်ပါသည်၊ ဆိမ်နေ့လူတို့။

---

## ၂၇-မောင်ရွှေလုံးက-ဆရာထံလျှောက်လွှာ

သုံးထောင်ဝက်တရာ့ရှစ်၊ စစ်သည်မိုလ်အများကို၊ ရထားဆူ စီးနှင်းလျက်၊ လက်နက်လေးပါးတို့ဖြင့်၊ တိုက်သွင်ဖြိုနှင်၊ အောင် မြင်တော်မူလျက်၊သက်တော်ရာကျော်ပတ်လုံး၊ ဘုန်းကျက်သရေ၊ ဝေဝေ ဖြိုးဖြိုး၊ ကဲမိုးစွင့်စွင့်၊ ကြီးမြင့်တော် မူသည်ကို သာလျှင်၊ ကြည့်မြင်ရလိုသောဟု၊ တောင်းဆုပဏ္ဍာနာ၊ မေတ္တာမပျက်၊ ဆက် ကပ်မဝေး၊ ဇောစိတ်ပြေးလျက်၊ ရှေးရှေး ဟောထုပ္ပည်း၏ အရ၊ ပစ္စယအနေ့တွင်၊အာသေဝနပစ္စည်းဖြင့်ထုံလျက်အာရုံအာရမ္မဏိက ပစ္စည်းပစ္စယုပ္ပန်၊ အတန်တန်လျှောက်၍၊ တပြောက်ပြောက်မှိုတော် မူသော မေတ္တာတော်မြတ်ကိုလည်း၊ မပြတ်နိုယံ၊ ခံယူလေ့ရှိပါ သော၊ နေပြည်တော် အနောက်ဘက်၊ လက်ယက်မ အညာရွာ၊ ဒါယကာ ရွှေလုံး၊ ညွှတ်ရုံး ဦးနှိမ်လျက်၊ အကြိမ် ကြိမ် ရှိခိုး၍၊ မြတ်နိုးရိုသေစွာ၊မေတ္တာတော်ခံ၊ရှိခိုးနားတော်လျှောက်ပါ ဝံ့သည်၊ ကျေးဇူးရှင် ဆရာတော်ဘုရား။ ။တပည့်တော်မှာ၊ ရတနဗ္ဗယ၊ နုဘာဝတွင်၊ အသျှင်ရွှေဘုန်းတော်မြတ်၏ ကျေးဇူး မေတ္တာတော်

---

မီးနှုက်သံ=သေနတ်ပစ်သံ
လဆေး တများ=လကွယ်ရက်အဖွား
ဖျူငှါ=လောကဝတ်=ဖေါ်ဖေါ်ရွှေရွှေ

ကြောင့်၊ မန္တလေးရင့် ဘေးပေါင်း၊ ရပ်ဟောင်းသို့ ရောက်ပေသည်၊ ကိုယ်တော်မြတ်၏ ချမ်းသာတော် မှုခြင်း၊ သတင်းတော် ပန်းကို၊ ကြားလှမ်းလှာဘိ၍၊ စိတ်ရှိတိုင်း မပန် ပါရ သော ကြောင့်၊ သန္ဓါ ကြည်ညို၊ ပန်လိုသောဆန္ဒများစွာနှင့်၊ ကမ္ဘာဦးသူ၊ မှောင်မိုက် လူတို့သည်၊ နှစ်ဆူသောနေလကို၊ တသဘိသကဲ့သို့ရှိရပါသည်။ ခြေတော်ရင်းမှကွာ၍၊ရပ်ရွာသို့ပင်ရောက်သော်လည်း၊မြကျောက် နှင့် ပုလင်းကွဲ၊ ဖလံခေါက်နှင့်အမဲ၊ သစ်စေးနှင့် အင်တွဲ၊ သလဲနှင့် သကြား၊တောကျားနှင့်အိမ်ကြောင်၊ ဆင်ပြောင်နှင့်**ဂယ်လောင်း၊** ဥဒေါင်းနှင့် ကျီးမိုက်၊ ကြွက်သိုက်နှင့်ပြာသာဒ်၊ နတ်ဘုံနှင့် ထန်း ချက်တဲ၊ ဝဲရဲနှင့်နိဗ္ဗာန်၊ ဝေးလံဘိသကဲ့သို့၊ မြို့နှင့်တောရွာ၊သဘော နေကွာလှ၍၊ နတ်ရွာမှ ရတော့မှုားသော၊ မဟာကပ္ပိန္န၊ ကုသပြည်မှ ပြန်သော ပဘာဝတီ၊ ဝတိန်ဆိက ပြန် သော နေမိမင်းကျော်၊ နေပြည်တော်မှ ဆင်းသော ဇနပုဒ်သားတို့ကဲ့သို့၊ **ဝမ်းပါး**ဘွယ် အတည်တည်နှင့်၊ အောက်ပြည်သာယာချက်ကို၊ **စိတ်ကွက်**သည် လည်းတဘော်၊ ကိုယ်တော်မြတ်ကို အောက်မေ့သည်လည်း တလီ၊ စေတီပုထိုးကို ဖူးချင်သည်လည်းတချက်၊ တသက်သက်နှင့်၊ ရွှေ မျက်နှာတော်ကိုတရေးရေး၊စိတ်မဝေးတသသျက်၊ ရွှေလမင်းသွင်၊ မှတ်ထင်၍ရှိပါသည်။ ထူးလည်မျှောက်ရပ်မှာ၊ ရှင်သာရိပုတ္တရာ အလောင်း ကျီးလုလင်၊ရှင်အာနန္ဒာအလောင်း ကျေးမြတ်၊ သော မနုဿ ရသေ့ဆယ်တင်သော မျောက်၊ သမင်-ကျေး-မြွေ-ကြွက် ဗိုလ်ကာလက်၌ ကြီးသော သုကရတ္တန္တားမြတ်၊ နတ်သက်စွန့် ဆောင်သောမြင်း၊မင်းမာဂီရိတင်ကိုစားသောမင်းစော၊ဇိဗိတိန္ဒြေကို စွန့်သော ငှားကျောင်းသား၊ အမိအားအသက်လှူသော မျောက်ညို နောင်၊သစ်ပင်စွေးအောင်းနေသောကျေးသား၊ပုဏ္ဏားကိုဘတွေး လုပ်သော ပြည်ကြီးရှင်၊ အရှင်ရေးကိုဆောင်သော ကုလား သံတ

---

ဂယ်လောင်း=အိမ်ကြွက်
ဝမ်းပါး=ဝမ်းနည်းခြင်း
စိတ်ကွက်=စိတ်ထဲ၌တကွက်ကွက်ဆင်မြင်နေခြင်း၊



မန်၊ပေါက်ကုံပြည်-ဥမင်းသား၊ဘုရားလောင်းကြက်ဆူပင်စောင့်နတ်၊ ရဟန်းမြတ်အဖြစ်ကို ပေးရသော လကျ်ာရံ၊ အတန်တန်အကြောင်း ကြောင်း၊ကျမ်းပေါင်းအရပ်ရပ်မှာ၊သူ့ ကျေးဇူးကိုခန့်တွက်၍၊အသက် သေအောင် လိမ် သူ လိမ်၊ စည်းစိမ်ကိုပေး၊ အရေးကို ဆောင်၊ **ထိန့်အောင်** ကျေးဇူး သိကြခြောင်းနှင့်၊ သူတော်ကောင်းတို့၏ ထုံးစံကိုမြော်ခေါ်၍၊ ကိုယ်တော်မြတ်၏ကျေးဇူးကို **တိုင်းထွာလျှင်**၊ သမုဒ္ဒရာရေစွက်၊ စတ္တဝါ**အစ်နဖါး**၊ မြင့်မိုရ်ဘား ခြတောင်၊ နေ ရောင်ပိုးစုန်းမျှ ဖြစ်၍၊ စင်စစ် ကျေးဇူး၊ အထူးဝိသေသ၊ ဘုရား တပည့်တော်၌ ရှိပေသည်ဟု၊ ညွတ်ကြည်ရိုကျိုး၊ မြတ်နိုးစုံမက်၊ နှစ်သက်လှသော စေတနာနှင့်၊ ပဋ္ဌာကဗုဒ္ဓါ ကောင်းကင်သို့ ကြွ သည်ကို၊ မြေက ပေါင်လိုက်သောခွေးကဲ့သို့၊ ရပ်ဝေးပင် ကွာ သော်လည်း၊စေတနာရည်ရော်၍၊ဖူးမျှော်တသလျက်၊မေတ္တာဆက် မေတ္တာခံနှင့်၊ တရံတကြိမ်မပြတ်၊ စွဲမှတ်၍တစေ၊နေရပေကြောင်း ကို၊ ဦးခေါင်းညွတ်ကာနှိမ်လျက်၊ အကြိမ်ကြိမ်ရှိခိုး၊ မြတ်နိုးရိုသေ စွာ၊ လျှောက်ပါဝံ့သည်၊ ကျေးဇူးရှင်ဆရာတော်ဘုရား။

---

## ၂၈-မိဘများက သားသုံးယောက်ထံ ပေးသော မေတ္တာ စာ

ရတနာသုံးပါးကို ဦးထိပ်ထားလျက်၊ သားလှရွှေတောင်၊ ညီ နောင်သုံးဦး၊ရန်ဆူးရန်ငြောင့်၊ မန္တလေးရင့်ဘေးဘျမ်း၊ငြိမ်းချမ်းကေန်၊ မိဘထံသို့၊ လျှင်မြန်ထုတ်ချက်၊ လာရောက်ကြသည်သား၊ ဖြစ်ပါ စေသောဟု၊ ဩဗိုသပဏ္ဏာ၊ မေတ္တာမမေ့၊ သွန်းလောင်းလော့ ရှိပါသော မိခင်ဘခင်၊ သတင်းစကားကြားလိုက်ပါသည်၊ သား

---

ထိန့်အောင်=ကျော်စောအောင်
တိုင်းထွာလျှင်=ရေတွက်ဆတ်မှတ်သည်
အစ်နဖါး=အစ်တွင်ရှိသည့်အပေါက်

မောင်သုံးယောက်တို့။ ။ကြာ၍ပင် မြင်ချင်သည့် စိတ်နှလုံးနှင့်၊ ယူကျုံးမရပင်ရှိချေသည်။ ထုံးသက်သေရှာတွေ့လျှင်၊ ဓမ္မဝဏ္ဏ ကောထဲဝယ်၊ သားကွဲကာသွားဘိ၍၊ အမိသီလူးမ၊ သားကိုတ, လျက်၊ သေရဘူးသည့်ထုံးလည်း ရှိချေသည်။ မသေဘူးလို့လည်း၊ အထူးမသိသာ၊ အမိမှာမူ၊ ပူဆာသောက၊ မောင်တို့ကိုတ လျက်၊ တသက်သက်နှင့်၊ ခင်စက်မပျော်၊ စားသော်မမြိန်၊ ညှိုးပိန်ခွမ်းနွေ့ရွှ တနွေ့နွေ့နှင့်၊ လွမ်း၍တစေ၊ နေရချေသည်။ အတည့်တည့်မှာထား ရမည့်၊ စကားရပ်အစုရှာ၊ အမှုထိုက်သောကြောင့်၊ ကြေးဆုံ ဖြန့်ရသည်၊ အပြုမိုက်သောကြောင့်၊ ကြေးကုန်ဖြန့်ကြသည်။ ထိုက် ကြေးဆုံ၊ မိုက်ကြေးကုန်၊ ကြုံကြသည့်အရေးတွင်၊ ထိုက်ကြေး မဆုံရအောင်၊ အမှုကိုဆောင်ပါလေ။ မိုက်ကြေး မကုန်ရအောင် အမှုကို ရှောင်ပါလေ။ နေလိုနေပစေ၊ စာမပေးကမ်းသော်လည်း၊ လွမ်းရင်းရှိသူမှာလာကြသည်။ အကုန်သေ အခွေ၊ စာပေပင်ကမ်း သော်လည်း၊ လွမ်းရင်းမရှိသူမှာကြာကြသည်၊ သည်ထုံးနှင့်စာပါ လျှင်၊ မှာစာကောင်းမကောင်းမှာ၊ အကြောင်းပဓာနမဟုတ်၊ လွမ်း ရင်းရှိမှ လာချိမ့်မည်၊ လွမ်းရင်းမရှိက ကြာချိမ့်မည်။ ။သည် စကားအနေနှင့် ထုံးသက်သေရှာလိုက်မူ၊ ဟိုဖြုံဖြုံက–စာပေးလိုက် ရတော့မည်မဟုတ်ပြီ၊ ညခါဆိုကိုအထီးထီးသွားသောကြောင့်၊ ဆီး တား၍ မနိုင်အောင်ရှိ သသူတို့ထုံးစံနှင့် ညှိုလိုက်လျှင်၊ စိတ်ရှိမှလာ

---

တသက်သက်=တစိမ့်စိမ့်၊တဖြည်းဖြည်း၊တနွေ့နွေ့
ခင်စက်=ခင်=စက်=ခင်ခြင်း
တနွေ့နွေ့=တနွေနွေ=လဲလျောင်းခင်စက်ကာကျွေးနေခြင်း
တစေ(ပေါရာဏ)=အမြဲ
ကြေးဆုံသည်=ကြေးငွေစုဆောင်းထားသည်
ထိုက်ကြေးဆုံ=အမှုကိစ္စနှင့် ထိုက်တန်အောင် ငွေလုံးကြေးလုံးစုရခြင်း
သေအခွေ=သေသေ သပ်သပ် ရှိသော စာခွေ

မှတ်ချက်များ (၁) အမှုထိုက်သက်သော်၊ဦး



ချိမ့်မည်၊ စိတ်မရှိက ကြာချိမ့်မည်။ ။ချစ်းတတ်မှ ဖြုံချိမ့်မည်၊ လွမ်းတတ်မှ ဖြုံချိမ့်မည်၊ မချစ်းတတ်လျှင်မဖြုံချေ၊ မလွမ်းတတ် လျှင် မဖြုံပေ။ ။စကားနေပင် ရှိသေးလည်း၊ သတိမထားက၊ လားလားမိုက်လမည်၊ (တခြားမြေတွင် ရှိသေးလည်း*) တခြ စကားမှ သားများကြိုက်လမည်။ ထိုသည်ထုံးလည်းရှိ၍ တခါဖြစ် သောကြောင့်၊ အသက်မကုန်စဉ်၊ မြင်ချင်သည့်စိတ်ထားနှင့်၊ မှာ ကြားလိုက်ပါသည်၊ စကားတည် စကားချုပ်များကိုလည်း၊ ပြော ကြားပါလိုက်သည်။ သားမောင် သုံးယောက်တို့။

---

## ၂၉–လက်ယက်မရွာ ဒါယကာ ရွှေလုံးက၊ မုဏ္ဍမြို့နေ ဆရာတော်ထံ လျှောက်သော မေတ္တာစာ

တမ္ဗဒီပ၊ ကမ္ဘောဇနှင့်၊ တိုင်းမကျက်သရေ၊ နေပြည်တော် အနောက်ဘက်၊ လက်ယက်မအညာရွာ၊ဒါယကာရွှေလုံး၊ ညွတ်ရုံး ဦးနှိမ့်ချလျက်၊ အကြိမ်ကြိမ်ရှိခိုး၍၊ မြတ်နိုးရိုသေစွာ၊ မေတ္တာတော် ခံ၊ ရှိခိုးနားတော် လျှောက်ပါဝံ့သည်၊ ကျေးဇူးရှင် ဆရာတော် ဘုရား။ ။တကာတော်မှာ၊ အညာသို့ ဆန်တက်သည့်ကာလ၊ မိုးရ သခင်၊ အချောင်လျှင်ဇစ့ဆော်၍၊ ခြေတော်ကို ဦးမတိုက်ခဲ့ပါရ၊ ခထာ ချက်ခြင်း၊ လျှင်ပြင်းအမြန်၊ ဆန်သွားရချေသည်။ သုံးမည်ရတန၊ နုဘာဝတွင်၊ အသျှင့်ရွှေထုန်းတော်၊ ကိုယ်တော်မြတ်၏၊ ကျေးဇူး မေတ္တာ၊ ပဏ္ဏာကြောင့်၊ မနှောင့်ဘေးဘျမ်း၊ ရပ်ခန်းကျေးရွာသို့ ရောက်ပေသည်။အတည့်တည့်သော ခရီးအနေတွင်လည်း၊အထွေ

---

ဖြုံချိမ့်မည်=ဂရုစိုက်ချေလိမ့်မည်
စကားချုပ်=ချုပ်သိမ်းထားသော စကား
ဇစ့်ဆော်=တိုက်တွန်း၍

မှတ်ချက်များ (၁) မိုက်မိက ဦး။ (၂) အချစ်ဦး။
(*) ကျွင်းအေးတွင်းစကား၊ ပမ္မ-ဖြစ်သည်။

ထွေသော စေတီစည်းခုံ၊ အစုံစုံသော ဂူပုထိုးသို့ဝင်၍၊ သင်ပုတ်ရေချမ်း၊ ရွှေသက်နုံး **အတော်အလျော်**၊ ကိုယ်စားတော်ကပ်လှူ၍၊ ကြည်ဖြူစွာသော ကုသိုလ်အတွဲ့ကိုသာ နှစ်လိုမပြတ်၊ မေတ္တာရပ်နှင့်၊ ဆက်ကပ်လိုက်ရပါသည်။ ရပ်ရွာသို့ ဝင်ရောက် တုံသော်လည်း၊ ခြေတော်ရင်းမှာ ကဲ့သို့၊ ချမ်းသာချင်း မဘူ၊ **လူမျိုးလျှော် အမှုများစေ၊ လူ့ခိုလျှော်အမှု ပါးစေ**၊ ဆိုသကဲ့ သို့ ဖြစ်ဖြန်၍၊ မွေ့လျော်ဘွယ်မရ၊ ကိစ္စလည်းအဖြာဖြာ၊ ဗျာပါကလည်း အာဝ၊ သောက, ကလည်း အထပ်ထပ်၊ အရပ်ချင့်ဖြန်နှုန်းလျှင်၊ အသုံးအဆောင်ကလည်းခြား၊ သို့ဖြစ်ငြားကြောင့်၊ နားတော်နှင့် လျော်အောင် ပမာဆောင်လျှင်၊"ဆင်ပြောင်နှင့် ကြွက်ရုတ်၊ နံ့စုတ်နှင့် ဂန္ဓုန်၊စည်းခုံနှင့်တောင်ပို့၊ ငွေဒုံနှင့်**ချင်းသား**၊ ဆားနှင့် ဆပ်ပြာ၊ **ခပ်ပြာ**နှင့် ရွှေစည်၊ လှေယည်နှင့် ရက်ကန်းလွန်း၊ ထီးဝန်းနှင့်မှိုဖြူ၊ ချေးခူနှင့် ခြင်္သေ့၊ ဆီးစေ့နှင့် မြင့်မိုရ်၊ ကနုဒိုနှင့် မြေပဲ၊ ဗိန္ဓုနှင့်ကျိုးအာ၊ တမာနှင့်ထန်းလျက်၊ လက်ဘက်နှင့်မယ်ဇလီ၊ ကဏ္ဍိပါ**နှင့်လျှော်တော**၊ မိုးရေနှင့်လောင်မီး၊ ထီးထွတ်နှင့်ဖူးဆို့၊ မြို့နှင့်တောရွာ၊"အနေချင်းကွာလှ၍ ရပ်ထိုပင် ကျသော်လည်း၊ ရတ္တမမြို့သာယာမှာ၊ မြန်မာကုန်အခြားခြား၊ ကုလားကုန် အသွယ်သွယ်၊ ထားဝယ်ကုန် အဆန်းဆန်း၊ ရှမ်းကုန်အဖုံဖုံ၊ မြို့ကိဒ်ရိယာ၊ အင်္ဂါ အထွေထွေ ကြည်းရေအသွယ်သွယ်၊ အံ့ဘွယ်ဒရစပ်၊ မြို့အရပ်ကို၊ တယူမိသည်လည်း**တဖျော်ဖျော်**၊ မွေ့ရှင်တော်များကို ဖူးမြင်ချင်သည်

စည်းခုံ=သဲခုံ
အတော်အလျော်=သင့်တင့်လျောက်ပတ်အောင်
အမှုပါးစေ=အမှုနည်းပါးစေ
ချင်းသား=ဂျင်းပင်မှအတက်
ခပ်ပြာ=ရောင်ပြား=ကြေးနှင့်သွပ်ရောစပ်ထားသော သတ္တု
လျှော်တော=သစ်ပင်၏လျှော်မှ ပြုလုပ်သော အဝတ်
တဖျော်ဖျော်=အများ (တခြောက်ခြောက်ကို တဖျော်ဖျော်ဟုလည်း စပ်ချင် စပ်ပေမည်=အမြိတမ်း)

မှုကွဲများ [(၁) ထီးထွတ်ပုံထို၊၊ ဦး



လည်းအလျှိုလျှို၊ ကိုယ်တော်မြတ်ကို အောက်မေ့သည်လည်း တသက်သက်၊ မေတ္တာဆက်၍၊ နေ့ရက်**မချာ**၊ လူနေပင် ကွာသော်လည်း၊ စေတနာမဝေး၊ ဈေးကဲ့သို့ရှိပါသည်။ကြံ့ရည်အနေမှာ၊ဟဒယေပိယံဒူရံပိနုရံနာမ၊ပါဠိအရကား၊ ဝေးလှသည်ပင်ဖြစ်သော်လည်း၊ ချစ်ကြင်သည့်စေတနာအရေးကြောင့်၊ ဝေးသည်မမည်ရာ၊ အမိပ္ပါယ်မှာ၊ **ချောင်းရေလာ၊ နီးစေးမဆိုရာ၊ မိုးမှာသာပခာန၊ နေရာနီးစေးမဆိုရာ၊ မေတ္တာသာပခာန**ဆိုသကဲ့သို့၊အပို့ ပို့ **အာဝ**၊ ယူတာသည်နှင့် အညီ၊ အလီလီ မေတ္တာဆက်လျက်၊ နေ့ရက်ထွဲမချော်၊ မေတ္တာတော် တည်းဟူသော ပန်းကို၊ လန်းလန်း ဦးထိပ်ထက်ဆင်ရွက်၍၊**တခေ ့ခေ** ့နေပါကြောင်းနှင့်၊ အကြောင်းမျိုးကို၊ **ရှိကျိုးဦးနှိမ်**လျက်၊အကြိမ်ကြိမ်ရှိခိုး၍၊မြတ်နိုးရိုသေစွာ၊ လျှောက်ပါပုံသည်၊ ကျေးဖူးရှင်ဆရာတော်ဘုရား။

---

၃၀-မောင်ဝေကာ၊ မိထွေး ခယ်မတို့ထံပေးသော

မေတ္တာစာ

ဟိမ်မြို့နှင့်ရာဟု၊ ခြောက်စုညစ်ကြေး၊ ကင်းဝေးသော စန္ဒရာ၊ သော်တာကြိုဟ်မင်းသည်၊ ပဝင်းထိန်ပြောင်၊ ကြယ်များဘောင်ဝယ်၊တင့်တယ်လှဘိသို့၊အပို့ ပို့ အငန်းငန်း၊ဘေးဘျမ်းဘယ၊အနိ ၁ ညစ်ကြေး၊ကင်းဝေးသန့်စင်၊ ကုသိုလ်အင်နှင့်၊ ဆွေခင်ပွန်းတို့ အလယ်၊ တင့်တယ်ငြိမ်းချမ်းသည့်သာ ဖြစ်ပါစေသောဟု၊ သီဟ

မချာ(ပေါရာဏ)အမြဲ
ချောင်းရေလာ=အထက်အညာတွင် ချောင်းရေ ဆင်းမည် မဆင်းမည်ကို၊ မိုးကိုကြည့်ရသည်၊အဝေးကြီး၌ မိုးအုံ့နေသော်လည်းချက်ခြင်းမင် ချောင်းထဲသို့ ရေတလုံးထိုး ဆင်းလာတတ်သည်
တခေ့ခေ့=တခေ=အမြဲ
ရှိကျိုး=ရှိခိုးကျိုးနွံစွာ

ဂဇာ၊ ဥသဘာနှင့်၊ အသသံတွင်း၊ လေးစင်းသောမြွန်၊ ရေတံခွန်တို့ထက်၊ ဆထက်ထောင်ရာ၊ မကာသာသော၊ မေတ္တာရေယဉ်ဖြင့်၊ အလျှဉ်မမှေ့၊ သွန်းလောင်းလေ့ရှိသော၊ ကျွန်ုပ်မောင်ဝေ၊ မေတ္တာထပ်လောင်း၊အကြောင်းစကားကြားလိုက်ပါသည်၊ မိထွေးသည်၊ ခယ်မသည်တို့ရှား။ ။ကျွန်ုပ်တို့မှာ ရတနာသုံးပါးဂုဏ်၊မိဂုဏ်၊ဘဂုဏ်ဆရာဂုဏ်တွင်၊ဆွေခင်ပွန်းတို့က၊ပို့သသောမေတ္တာ၊ပဏ္ဏာကြောင့်၊ မနှောင့်ဘေးဘျမ်း၊ ငြိမ်းချမ်း သာယာ ကြပေသည်။ မြောက်ဘက်ရပ်နေ၊အဆွေသည့်တို့၏၊ အင်တန်အင်မျှ ချမ်းသာကြကြောင်းကိုကြားရပေ၍လည်း၊ စိတ်ကြည် ရွှင်လန်း၊ဝမ်းမြောက်ပါသည်။ တသီမှာထားရန်၊ လောကစံတရားနှင့် မကင်းကြဘိ၍၊ မိတ်သဘိဖုန်းအုပ်၊ စိတ်ချုပ်ရမည်မှာ၊ "ဂုဏ်ရည်တူလူတရပ်တို့ကလည်း၊တတ်မည့်ကိုမိုးရိပ်၊လိမ္မာလျှင်မကြိုက်မိုက်လျှင်ဝမ်းသာချမ်းသာလျှင် မြင်ပြင်း၊ ဆင်းရဲလျှင်အားရ၊ ကြွယ်ဝလျှင် မနာလိုကိုယ်အထက်လူတချို့ကလည်း၊ဒေးလှသူကိုရေကျူ၊ပုလှသူကိုမီးနှင့်တိုက်၊ ဟိုက်သူကိုဖမ်းထောင်း၊မိုက်သူကိုဖမ်းရောင်း၊ အကြောင်းမရှာ၊နာသူကိုမပြုစု၊မာသူကိုဆေးဝါးကု။ ။သားသွီးတစုအပေါင်းကလည်း၊မကောင်းကြံသူကိုကြည်ညို၊အကျိုးလိုသူကို မနှစ်သက်၊ ဆေးချေးကို ထန်းလျက်၊ သကာကို **တမာခါးဘက်**၊ ဆူးခက်ကိုသင်ပြူး၊ဆူးကိုမွေ့ရာ။ ။ဓလတ်တာနှင့်၊နေ့်ဇာသပ်သွားစကားစမွယ်၊ ရွှေနွယ်ကို စက်ဆုပ်၍၊ လက်ချပ်ပန်းကိုမှ နမ်းချင်သည့်နှာခေါင်း၊ကုန်းကြောင်းယွက်တိုက်သည် ဆိုတိသကဲ့သို့၊" ယခုကာလ၊လောကမြွေတာ၊တခါတရံ၊ ကြုံလှာပြန်လျှင်လည်း၊ နိဗ္ဗာန်မရသေးသမျှ သတ္တဝါ၊ မတွဲသာတွေ့ရှိုး ဖြစ်ချေသည်ဟု၊ သတိပြုစိတ်ချုပ်၍၊ ကိုယ်နှုတ်နှလုံး၊ စောင့်သုံးမြဲစေရမည် အကြောင်းနှင့်

---

ဟိုက်သူ=မောဟိုက်နေသူ=ပင်ပန်းဆင်းရဲသူ

တမာခါးဘက်=တမာခါးကဲ့သို့

ဘက်(ကုန်းဘောင်ခေတ်စကား=ပင်လျှင်)



ထပ်လောင်းကာ၊ မေတ္တာပို့ပါသည့် အဖြစ်ကို၊ မေတ္တာစကားမှာကြားလိုက်ပါသည်၊ မိထွေးသည်-ခယ်မသည်တို့။

---

## ၃၁-မယားသူကြီးကတော်က မိမိလင်သူကြီးသို့ ပေးသော မေတ္တာစာ

သူရဇ္ဇ သောကြာ၊ ဗုဒ္ဓစန္ဒရော၊ သောရိဂုရု၊ ရာဟု ဘောမ၊ အင္ဂဥဒပတို့၊ စကြာကြိုတ်သို့၊ မငြိုးမငြင်း၊လိုအင်ပြည့်ဝ၊ **ကိစ္စခပ်သိမ်း**၊ ငြိမ်းချမ်းအောင်မြင်၊ လွယ်သည့်ကိုသာလျှင်၊ ကြားမြင် တွေ့ကြုံရပါစေသောဟု၊ ဆုပဏ္ဏာ၊ မေတ္တာရေချမ်း၊ ဆွတ်ဖျန်းချွတ်ဘတ်၊ အထပ်ထပ်အသီသီ၊ နာရီမမေ့၊ သွန်းလောင်းလေ့ရှိသော သူကြီးကတော်၊နာပျော်ချိုသာ၊ မေတ္တာစကား၊ ကြားရောက်အပ်ပါသည် သူကြီးမင်းရှင့်။ ။အိမ်ရှင်အိမ်နေ၊ မိတ်ဆွေအသီးသီး၊ သားသွီးတစုတို့မှာ၊ ရတနာသုံးပါး၊ဂုဏ်တော်အဆင့်ဆင့်၊ အသျှင့်ရွှေဘုန်းတော် အသီးသီး၊ သူကြီးမင်းတို့ မေတ္တာ၊ ပဏ္ဏာ ရေစင်ကြောင့်၊ အင်တန်အင်မျှ၊ ချမ်းသာကြမေသည်။ အဆွေတွေကိစ္စ၊ အဝဝတိုက်ကို၊ နေ့ညမခိုပင်၊ လုံ့လပြုပါသည်။ ထိုသော်လည်း၊ မည့်သို့ဖြစ်သောကြောင့်၊ မည့်သို့ မည့်သို့ ဖြစ်ရချေသည်ဟူ၍သာ၊ ပညာရှိသည့် အတိုင်း၊ နှလုံးသွင်း ယောင်းတွင်၊ ထပ်လောင်း၍ နှလုံးထားစေချင်ပါသည်။ မှုရည်မှုသွား၊မပွါးမစည်၊ ပြေလည်ငြိမ်းချမ်းတူးကြောင်း၊ သူဖြတ်လောင်းတို့ထုံးစံမှာ၊ ပဋ္ဌာဝုမင်းသား၊ ခရီးသွားသော်၊ကြောက်ပါးလိကမန်း၊ထန်းလုံးမျှလောက်သောကိုယ်၊ သပိတ် မျှလောက်သောမျက်လုံးနှင့်၊ လူဖြုန်းနေကျ ဘီလူး**စည်းနဲ့**

---

မငြိုးမငြင်း(ငြိုးငြင်=ဆင်းရဲသည်)=မဆင်းမရဲ=ချမ်းသာစွာ

ခပ်သိမ်း=အလုံးစုံ

လူဖြုန်း=လူကိုဖြုန်းတီးနေကျ=လူကိုစားနေကျ

စည်းနဲ့=စေးနဲ့=ခွါမရအောင်ကပ်တတ်သောအစေး

ကို၊ခဲ့ရင့်သော ဉာဏ်ပညာနှင့်၊ လွယ်ကာ အောင်မြင်တော်မူတုံးသည်။ ။အသူးတချက်မှာ၊ ဗာရာဏသီ၊ ခွန်ဆီဖိုးရ၊ ပြည်မသနင်း၊ မြော်တင်းမကြံ၊ ပိမ်ချက်ရှိချေ၍ တနွေကိုလှူတယောက်၊ အစာထောက်ရသော၊ကြောက်မက်ဘွယ် ဘီလူးကြမ်းကို၊ ထင်းထမ်းသောယောကျ်ား၊ ဉာဏ်အားနှင့် ကြံစည်၍၊ တပြည်ထောင်လုံး ချမ်းသာတုံးသည်။ ။ဘီလူးပုဏ္ဏက၊ လက်သို့ကျသော၊ ဝိဓူရသုခမိန်၊ ဉာဏ်အရှိန်ပညာကြောင့်၊ ရပ်ရွာသို့တဘန်၊ ပြန်လည်ရလေသည်။ ။ရေသူ မိကျောင်း၊ စားရကြောင်းလျှင်၊ ချောင်းမြောင်းလှည့်ပတ်၊ အမှတ်မထင်၊ ကျောက်ပေါ်တင်၍၊ မြစ်ပြင်သို့ရောက်ပြီးမှ၊ဘုရားလောင်းလျှာ၊ မျောက်ရာဇာလည်း၊ မာယာ ပရိယာယ်၊ ဝေဇ္ဇစ်လှယ်၍၊ သေနယ်မှ လွတ်တုံးရပေသည်။ ။သေနကမျောက်၏ ဉာဏ်ပညာဖြင့်၊ လွယ်ကာကယ်ယူ၍၊ လူတို့ဝန်းရံမိသောမျောက်၊အပေါင်းလည်း၊ ချမ်းသာကြောင်းရတုံးသည်။ ။ဘီလူးထံမှ၊ မနှုန်ရသော ပေါရိသာဒ၊ အာက ယောကျ်ား၊ လူစားသည်၊ ရာ့တပါးမင်းကိုယူ၍၊ အအူဖြင့်လျှင်၊ ပညောင်ပင်ကို၊ ဝန်းကျင်သေသတ်၊ ရစ်ကာပတ်လျက်၊ ညောင်နတ်အား ပူဇော်မည်၊စိတ်ရည်ကြံစား၍ လက်ဝါးအပြင်၊ ကြိုးသိငင်လျက်၊ ညောင်ပင်မှာတွဲလွဲ ဆွဲထားသည့်ကာလ သုတသောမ၊ဘုရားလောင်းလျှာ၊ ပညာနှင့် ကယ်မ၍ ချမ်းသာကြသည်တဝ။ ။တရာ့ တယောက်သော မင်းအများကို၊ ပုဏ္ဏားကောဝင်၊ မလွတ်ရဟန်၊ သေကြောင်း

---

သနင်း ( ပေါရာဏ ) =မင်း

မြော်တင်း=အကြောင်းအရာကို မစဉ်းစားဘဲ=နောင်ဖြစ်မည်ကို မတွေးတောဘဲ

အစာထောက်=အစာထောက်ပံ့ရသော

သုခမိန်=ပညာရှိ

ကျောက်ပေါ်=ကျောက်ကုန်းပေါ်=ကျောကုန်းပေါ်

သေသတ်=အသေ,အချာ

ကြံစား=အထူးကြံစည်သည်



ကြံလည်း၊ ဉာဏ်ရှိအကျော်၊ မင်းမဟော်ဓာ၊ ကယ်ဆယ်မ၍၊တရာ့တပါးသောမင်း၊ သေဘေးကင်းလျက်၊ ပွင့်လင်းချမ်းသာကြတုံးသည်။ ။ဉာဏ်ရည်နှင့်ကြံစည်မှ၊ဆံခြည်မလစ်၊စီးပွါးဖြစ်မည်ဟုရည်သန်သည်နှင့် မခြား၊ ကြံစားမိသည်တွင်၊ ဗာရာဏသီပြည်မြတ်မှာ၊ စောင်းတတ်တွင်ထုမရ၊ သိကြားမသည့်၊ ဂုတ္တိလစောင်းသံကို၊ နာခံရဘိသကဲ့သို့၊ ရှိနှင့်ရလေပါပြီ။ နောက်တလီဆင့်ပွါး၊ အောင် မြင်ပြီးကြားပါလျှင်၊ သိကြားမင်းကြီးကိုယ်တိုင်၊ လက်ကြဝ်ကိုင်၍၊မြိုင်လှအောင်တီးသည့်၊ စောင်းတော်ကြီးအသံကို၊နာခံရဘိသကဲ့သို့၊ ရှိချင်လှပါသည် သနစ်ကို၊ မေတ္တာထပ်ပွါး၊ ကြားမှာလိုက်ပါသည် သူကြီးမင်းရှင့်။

---

၃၂–သူကြီးကို ဆရာတုန်းတော်ကြီးက
ပေးသောမေတ္တာစာ

သူကြီးကသည် ရွာစား၊ ရွာစားကသည် မြို့ဝန် ^၁ ၊ အတွင်းဝန်ကိုယ်တော်ဘုန်း၊ ရွှေရုံး ရွှေညွှတ်ထက်၊အဂ္ဂမဟာ၊ သေနာပတိ၊ အရာရှိ အလွန်အကြွး၊ ဒူးနေတော်နေ၊ ဖြင့်လေလေနှင့်၊ ကျက်သရေဘုန်းတက်၍၊ ကျေးမက်မြို့ပြ၊အဆဆ ရသည့်ကိုသာ လျှင်၊

---

ရည်သန်=ရည်ရွယ်သည်

လက်ကြဝ်=လက်ဖြင့် ထက်ကြဝ်မကွာ ကိုင်၍=လက်ဖြင့် ကြဝ်ကြဝ်မမ ကိုင်၍=
သိကြားမင်းကိုယ်တိုင် လက်ကို ကိုင်၍

ဒူးနေတော်နေ=ဒူးနေရာ၊တော်နေရာ=မြန်မာ ဘုရင်များကို ခစားသော
အခါ ညီလာခံသဘင်တွင် နေရာ ငါးမျိုးရှိသည်၊ ထိုနေရာတို့မှာ
(၁) တော် (၂) ဒူး (၃) စနည်း (၄) အတွင်းဘဝေါ
(၅) အပြင် ဘဝေါတို့ဖြစ်သည်။

ကျေးမက်=ကျေးရွာ

မူကွဲများ (၁) သူကြီးကလည်းရွာစား ရွာစားကလည်း မြို့ဝန်။ ဦး

ကြားမြင်ရလိုသောဟု၊ ဆရာ–မေတ္တာရည်မှတ်၍ပို့ ရောက်အပ်လှ
သော ဒါယကာသူကြီးမင်း။ ။ဆရာမှာ၊ စတုဒိသာ၊ သင်္ဃာကို
ရည်မှတ်သဖြင့်၊ ဇရပ်ဆောက်မည်ကိုသိ၍၊ ဉာတိဓေဝါ ဗိုလ်တဖြစ်သူ
တို့၊ အင်အားနှင့်လျော်စွာ၊ လိုရာလိုရာ သစ်တိုင်တို့ကို ကုသိုလ်
ဝင်ကြပေသည်။ ဒါယကာသူကြီးမင်းမှာ၊ ဇရပ်ဆောက်မည်တွင်၊
သစ်တင်သစ်ချတ်သူတို့ မသိကြ၍၊ သူကြီးမင်းရွာသို့၊ ဆရာ၏သစ်
ငါးပါးချေသည်။ထိုအကြောင်းကို၊သူကြီးမင်းသိလျှင်၊ဆရာ့ထံသို့
ပို့လှာမည်ပင်၊ ထင်ရန် ရှိပါသည်။ သို့အရာတွင်သာ၊ ဒါယကာ
သူကြီးမင်းက၊ သူတော်ကောင်းတို့ နှလုံးသားရမည်မှာ၊ ဘုရား
အလောင်း၊မကောင်းသောနက္ခတ်သိုးကြောင့်၊သူခိုးဖြစ်သည်ဘဝ
ဝယ်၊ သူကြွယ်ဥစ္စာတိုက်တွင်း၌ခိုးသည့်ကာလ၊လက်သည်းကျမှ
သူကြွယ်ပျက်စီးလေတော့မည်ကို၊သနားလှအိ၍၊ မိမိအသရေကိုဖြ
**မထောက်မစိုး**၊ သူခိုးဖြစ်ကြောင်းကို နှုတ်ဖွင့်၍၊ လက်သည်းကို
တဘန်၊ ယူလာပြန်သည့် အချက်မှာ၊ လက်သည်းကို နှမြော၍
ယူတော်မမူ။ သူကြွယ်ပျက်စီးမည်အလားကြောင့်၊ သနားကြည်ဖြူ၊
ယူတော်မူသကဲ့သို့။ ထိုဘုရားစင်စစ်၊ သစ်ကို နှမြောလှသောကြောင့်၊
ဆရာကမိန့်တော်မမူ၊ သူတော်ကောင်းတို့စကားမှာ၊ "**မစားတော်
ချင်တခုင်း၊ မသွားတော်ချင်တမြုတ်**"၊ ဆိုဘိသကဲ့သို့ဖြစ်မည်
ကြောင့်၊ ဒါယကာတို့၌ အရှည်ချမ်းသာမည်၊ အကြောင်းကိုရှည်၍၊
ဆရာက အမိန့်တော်ရှိပေသည်ဟု၊သူကြီးမင်းက နှလုံးထားရမည်
ဖြစ်သောကြောင့်၊ ဒါယကာ သူကြီးမင်းလည်း၊ ပစ္စုပ္ပန်သံသရာ၊
လိမ္မာမြော်မြင်သူဖြစ်သည်နှင့်၊ ဘုန်းအား-ကံအားမရှား **မဘောင့်
တ**၊ လိုတိုင်းရ သူဖြစ်၍၊ ဆရာ့ထံ လျှင်မြန်ရောက်အောင်၊ ကြို
ဆောင်ပို့လှာစေချင်ကြောင်းနှင့်၊ထပ်လောင်းသော ဆရာမေတ္တာ

အသရေ=ကျက်သရေ=တင့်တယ်ခြင်း
မထောက်မစိုး=မငဲ့ကွက်၊ မစိုးရိမ်
မဘောင့်တ=မလို=ပြည့်စုံခြင်း

မှတ်ချက်များ (၁) ဆရာသစ်ငါးချေသည်ပါကြောင်း။ ဦး



ကိုလည်း၊ ခံယူမည့် အဖြစ်ကို၊ မေတ္တာစကား ကြားပါစေသည်၊
ဒါယကာသူကြီးမင်း။

---

## ၃၃-သားမောင်ရွှေစကို အမိကပေးသော မေတ္တာစာ

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ တည်းဟူသော
သူတော်ကောင်းဥစ္စာ ရနှစ်ဖြာနှင့်၊ ရှိခါမပြတ်၊ ပြည့်စုံလတ်၍၊ လူနတ်
စည်းစိမ်၊ ရိပ်ငြိမ်နိုယ်၊ **ဆက်တိုင်း**စံလျက်၊ နိဗ္ဗာန်ရွှေပြည်၊ ညာရပ်သို့
လျှင်၊ **မချို့** ထုတ်ချောက်၊ ရောက်လွယ်သည်သာ၊ ဖြစ်ပါစေသော
ဟု၊ ဆုပတ္ထနာ၊ မေတ္တာရေချမ်း၊ ဆွတ်ဖျန်းမမေ့၊ သွန်းလောင်းလေ့ရှိ
သောမွေးမိအခင်၊ ရွှေညာခွင်က၊ ကြည်လင်ချိုသာ၊ မေတ္တာစကား၊
ကြားရော့အပ်သည်၊ သားမောင်ရွှေစ။ ။မိဘရပ်နေ၊ မိတ်ဆွေတရ
တို့မှာ၊ ရတနာသုံးပါး၊ ဂုဏ်တော်အဆင့်ဆင့်၊ အရှင့်ရွှေဘုန်းတော်
အဝဝ၊ သားလှမေတ္တာ၊ ပတ္ထနာကြောင့်၊ မနှောင့်တားဘျမ်း၊ ငြိမ်း
ချမ်းသာယာပေသည်ပင်၊ သို့ရာတွင်မူ၊ မိခင်မွေးဘ၊ မြတ်နိုးလှ
လျက်၊ယုယယိုက်မွေး၊ သားရင်သွေးကို၊ သုံးလေးနှစ်ပ၊ မမြင်ရ၍၊
ယူတလျက်ပင်၊မြင်ချင်သည့်ဆန္ဒနှင့်၊တောင့်တ၍ဘစေနေရသည်
ခြင်းရာမှာ၊ တာဝတိံသာ၊ ထက်နတ်ရွာအမြတ်၊သုဒဿနမြို့မဝယ်၊
စိတ္တလတာ၊ သာလှသည့် ဥယျာဉ်တွင်၊ပင်စဉ်အသွေးထူး၌၊ညွန့်ဖူး
ဆင့်လောင်း၊ **ကြွက်နှာမောင်း အသစ်သစ်**၊ လိပ်ကာရစ်၍၊ **အနှစ်**
တထောင်တထောင် ပြည့်ဆုံးမှ၊ တလုံးတလုံးသာ၊ သီးပွင့်လာ
သော၊အာသာဝတီ၊ နွယ်ဆီဩဇာ၊ အရသာချိုမြတ်ကို၊ ထက်နတ်

ဆက်တိုင်း=ဘဝဆက်တိုင်း=ဘဝ တိုင်း
မချို့=(ချို့တဲ့=လိုသည်)=မလို=ပြည့်စုံသည်
ကြွက်နှာမောင်း=နှာမောင်း=အညွန့်အခွေ
အသစ်သစ်=အမျိုးစုံ(ပေါ်ရာဏ)=အများ

ရွာ **နတ်**အပေါင်းတို့၊ ကောင်းမြတ်သော အရသာကို၊ **ချော်ပွဲတင်**လို သည်ဖြစ်၍၊အနှစ်တထောင်က တောင့်တ၍**တထင့်ထင့်**၊ မြော်လင့် **ငံ့စား**လျက်၊တသက်သက်တစွေ့စွေ့၊ နေ့ကုန်သည်ပမာ၊ရပ်ရွှေညာ က၊ မာတာပိတာ၊ မွေးမိဘနှင့်၊ အမနှစ်တည်၊ နောင်သည့်ကိုကြီး၊ မရီးနှစ်ဝ၊တူမခြားနေ၊မိတ်ဆွေတို့က၊မြင်ချင်လှ၍၊တောင့်တလျက် **တစေ**၊နေပါရသည်၊ အာသာကိုမရ၍၊ တောင့်တသည့် နှလုံးနှင့်၊ သေဆုံးတူးသည် ဝဋ္ဋမှာ၊ ရွှေဥဒေါင်းမင်းကို၊ ကျော့ကွင်း**ညွတ် ကုတ်**နှင့်၊မုဆိုးထောင်သည် ရှိသော်လည်း၊ မမိစပါ၍၊ အာသာ ပြင်းသောကြောင့်၊မင်း၏မိဖုရား၊ ခန္ဓာလား၍၊ ဆုံးပါးခြင်းသို့ရော ချေသည်။ ။တထွေပုံသက်သေတရပ်လည်း၊နတ်သွီးကိုမြင်ချင် ၍၊မမြင်ရသောကြောင့်၊တောင့်တသူတယောက်၊ ခန္ဓာပျောက်၍၊ **မျက်ခမောက်**ပင် ဆုံးရှုံးတူးချေသည်။ ။ဟေမဝန္တာ၊မြိုင်လယ်**ချာ** က၊အရသာရှိသည့်၊ဇမ္ဗူ့သပြေသီးမှည့်ကြွေကို၊ ရလေ၍သုံးစား လျှင်၊ တပါးသော အရသာ၊ လျှာနှင့် မတွေ့လေ၍၊ သပြေသီးကို တောင့်တကာ၊မရသာသောကြောင့်၊ခန္ဓာပျက်၍၊အသက်ဆုံးတိုင် ရတူးချေသည်။ ။မြိုင်ခြေတောသာ၊ဟေမဝန္တာက၊ဘီလူးမသည်၊ သားလှ**သည်းချာ**၊လူ့ရပ်ရွာသို့၊သွားပါလေနှင့်၊တားသဖြင့်လည်း ခွင့်မရချေ၊သားသွားလေသော်၊ ဗျာဝေနောက်မှူး၊ လွမ်းချက်ထူး သောကြောင့်၊ဘီလူးမယ်မင်း၊သားနှင့်ကင်း၍၊ သေခြင်းသို့ရောက် တူးချေသည်။ ။ပုံညီပမာ၊ ဇူလှစွာ၏၊ အာသာဝတီ၊ နွယ်ဆီတ သီး၊ သပြေသီးနှင့်၊ နတ်သွီးတကြောင်း၊ ရွှေဥဒေါင်းတဝ၊သားကို တသည့်၊ ဘီလူးမပမာ၊ မိတမှာလည်း၊အာသာမပြည့်ဝ၊ သားကို

လျှာပွဲတင်=လျှာပေါ်တွင် စားပွဲတင်ခြင်း=လျှာပေါ်တင်၍စားခြင်း
တထင့်ထင့်=စိုးရိမ်စွာ
ငံ့စား=အထူးစောင့်ဆိုင်းနေခြင်း
ညွတ်ကုတ်=ကျော့ကွင်းတမျိုး=ညွတ်ကွင်း။
မျက်ခမောက်=မျက်စိအောက်တွင်
ချာ=အလယ်
သည်းချာ (ပေါရာဏ)=သား



တလျက်၊နေ့ညတိုင်းပင်၊မြင်လိုသည်ဆန္ဒနှင့်၊သားကိုတ၍၊ ကာလ **တစေ**၊နေရသည်ဖြစ်၍၊ စာရောက်လျှင်ရောက်ခြင်း၊အပြင်းမကြာ၊ လာရောက်ပါမှ၊တပင်ပွင့်သော်လည်း၊ မ**ရွံ့မထောင့်**၊ မြောင့်နိုင် ချိုင့်မည်ဖြစ်၍၊ လွမ်းသစ်ဆင်ကာ၊ မှာလိုက်ပါသည် သားမောင်။

---

## ၃၄-ညီက သူကြီးကိုပေးသော မေတ္တာစာ

တယောက်နှင့် တယောက်၊ အမိ**တဝမ်းပေါက်**၊ ကျွန်တော်ညီ ချော့၊တဖြောက်ဖြောက်မြိုမြိုစွာ၊မေတ္တာထပ်လောင်း၊အကြောင်း စကား၊ ကြားလျှောက်လိုက်ပါလိုသည်၊နောင်သည်သူကြီးမင်းခင် ဘုရား။ ။ရွှေဘွားတော်မြတ်အောက်၊ ဆန်တက်ခဲ့ရမည့်အဖြစ်ကို၊ နှစ်ကြိမ်သုံးကြိမ်မှာထားစေလွှတ်လိုက်သည်မှာ၊အားနာလျက်နှင့် ပင် ကိုယ်တွင်ဝေဒနာ မကင်းသောကြောင့်၊မရောက်ရရှိပါသည်၊ ကြိစည်မြော်တွေး၊လောကရေးကို၊တွေးတောဆင်ခြင်နိုင်ပေါင်း တွင်၊ထပ်လောင်း၍ဆင်ခြင်ရမည်မှာ၊သူတကာခို့ခိုရာသည်၊မီးနှင့် ရေသို့၊ပေးသည်လို့လည်း မယုံသာ၊များစွာသောမီးသာ ဘေးဖြစ် သည်မဟုတ်သေး၊ ဆေးဒိုးဆေးတံတွင် တင်သော အနည်းငယ် မီးတခဲကိုမဆိုထား၊မီးပွါးကလေးမျှ၊ယမ်းပုံကိုကျလျှင်၊မြေးလမ်း သာမြင်ရအောင်၊ အစဉ်သာလောင်တတ်ချေသည်၊ရေကိုဖိုးနိုင်မျှ ဟူ၍လည်းမမှတ်သာ၊ငါးဖြာသောရန်သူကြီးတွင်စို့ **သီးငန်းခြား** တပါးအဝင်ဖြစ်ချေသည်ကိုမဆိုထား၊ ကြမ်းကွက်ကြားက၊ အား မရှိသည့်ကြမ်းပိုးပင်၊ ကိုက်ထိုး၍ **တမြိုက်မြိုက်**၊ အဒွိပ်ပျက်သော

တစေ (ပေါရာဏ)=အမြဲ
မထောင့်=မစောင်းမတိမ်း
တဝမ်းပေါက်=အမိတဦးတည်း၏ ဝမ်းမှပေါက်ဖွါးလာသူ=ညီအကိုအရင်း
စို့သီးငန်းခြား=အစို့+အငန်း=လုပ်ငန်းတာဝန် တမျိုးစီဟူ၍
တမြိုက်မြိုက်=တစစ်စစ်ဖြင့် မထိတထိ အကိုက်ခံရသော ဝေဒနာ

ကြောင့်၊ မျက်စိမျက်ဆန်၊ ဖန်တန်တန်အကြောင်း၊ စားမကောင်း သောက်မဖြံ့နိုင်၊ ညှိုးနွမ်း၍ရှိတတ်လှချေသည်။ ကိုယ်ရေကိုယ်သား တွင်၊ပွါးသည့်သန်းဖျ-သန်းဥလည်း၊အမှုအရထါး၍၊မအားအောင် **ဖျောက်**ရတတ်ချေသည်။ သင်္ချိုင်းသို့၊ ထောင်ရာယမ်းဝင်သော၊ အချောင် ကေရာဇ် **ဘုန်းတော်ကြီး ဘုရားစက်**သာ၊ အသက်ကို ဖျက်ဆီးသည်မဟုတ်၊**မီးပိုဒုန်း-ဝါးကျည်ထောက်**လည်း၊တောက် လျှောက်ပင် သေစေတတ်ပါသည်။မြွေအစွယ်ကို၊ငယ်သည်လို့ မ လေးလျှင်၊ကွေး၍ကော့တတ်သည်။သံမဏိသံမာဝါးသော်လည်း **မီးကျီး**ကောင်းလျှင် ပျောင်း၍ပြော့တတ်သည်။ကြက်မ-မွေးသည့် ကြက်ကလေးအများလည်း၊အာါးတွင်ခွေးဝက်ကမကိုက်ကြလျှင် **ထီမထင်**စိတ်ရှိပြေးသော်ကြောင့် ကြက်ကလေးနိုနိုကို၊စွန့်ချီ၍သွါး တတ်လှပါသည်။ မြစ်ဂင်္ဂါကမ်းယံတွင်၊ ဖျံနှစ်ကောင် ရေထဲမှာ၊ ငင်ဆွဲ၍ရသည့်ငါးကြင်းသားကို၊**စဉ်ကြား**ကခွေးယူလို့၊စိတ်ပူရ ကြောင်းများကိုလည်း၊ ဘုရားပင်ဟောတော်မူချေသည်၊ နတ်နေ ကျွန်း**မှိုကျင်း**၊ သောက်နေကျ ဟင်းကိုလည်း၊ မယွင်းဟုမမှတ်သာ။ တောလာတောသွား၊ သူတပါးတို့၊ နတ်ကြွားတမုံ၊ မှိုင်မှိုပွင့်ကို၊ အ သင့်ဦး၍သွားတတ်သည်။သို့သောကြောင့်၊အငယ်အကြီး၊အနီးအ ဝေးအလေးအပေါ့၊ အချော့အဘင်း၊ အတွင်းအပ စသည့်ဘေး ရန်၊အတန်တန်-တွေ့မတွေ့ကို၊ရှောလားနောက်နှစ်၊ကြိုစီစစ်မှ၊ သူခ

---

ဖျောက်=အယားပျောက်အောင်ကုတ်ခြင်း
ဘုန်းတော်ကြီးဘုရားစက်=အမြောက်ကြီး
မီးပိုဒုန်း=မီးပန်းအငယ်စား
ဝါးကျည်ထောက်=မီးပန်းတွင် ယမ်းထဲ့ထားသော ဝါးအခေါင်းပိတ်
မီးကျီး=မီးခဲ
ထီမထင်=ဂရုမစိုက်
စဉ်ကြား=အလယ်ကောင်
မှိုကျင်း=ရက်,လ မှန်မှန် မှိုပေါက်နေကျနေရာ
တမုံ=ကြိုယာအဖြစ်သုံးသော စကားတမျိုး
စီစစ်=စစ်ဆေးခြင်း



မငီလာ၊ချမ်းသာမြဲမြဲ၊ဖွဲ့နိုင်မည့်စကားထူးကို၊ထန်းဖူးတွင်စာရေး ၍၊လျှောက်ပေးလိုက်ပါသည်၊ နှောင်သည် သူကြီးမင်းခင်ဘုရား။

---

## ၃၅-အမိကသားကို ပေးသော မေတ္တာစာ

သူရိန်ပဒိမ၊ ရာဇရဝံ ဝသံအဏ္ဏာ၊ ရာဟုနှင့်သည်၊ ခုနစ်မည် ညစ်ကြေး၊ ကင်းဝေးသောအခါ၊ စန္ဒာကြိုဟ်မင်းသည်၊ ထွန်းလင်း အုံ့ဘွယ်၊ ကြယ်များလယ်တွင်၊ တင့်တယ်လွန်မင်းမို့ သကဲ့သို့၊ အရိုပို အသွယ်သွယ်၊ အနန္တရာယ် ဘေးဘျမ်းအပေါင်း၊ မကောင်း သမျှ၊ အနီဋ္ဌရုပ်ကလာပ်မျိုး၊ ငုပ်လျှိုးပျောက်ပ၍၊မွေးမိဘနှင့်၊ နှမ ညီနောင်စုံ၊ဆွေပုံမျိုးပုံတို့အလယ်၊တင့်တယ်ကြီးမြတ်သည်ကိုသာ လျှင်၊မြင်ရပါလိုသောဟု၊မေတ္တာရေး၊ ငြိမ်ဆေးပေးလော့ရှိသော၊ မွေးမိဘခင်၊ ကြည်လင်ချိုသာ၊မေတ္တာစကား၊ မှာကြားအပ်သည့်၊ သားမောင်။ ။မိဘ**ဆွေဝါး**၊ **သားချင်း**တို့မှာ၊ ရတနာ သုံးပါး ဂုဏ်တော် အဆင့်ဆင့်၊အကျင့်ရှေ့ဘုန်းတော်အခြားခြား၊သားလှ မေတ္တာ၊ ပဏ္ဏာအထပ်ထပ်ကြောင့်၊မနှောင့်ဘေးဘျမ်း၊ ငြိမ်းချမ်း အင်တန် ရှိပေသည်။ ချစ်ရည် တိုက်ကျွေး၊ သား ရင်သွေး ကို၊ သုံးလေးနှစ်မမြင်ရ၍၊စိတ်ကမပြေသည့်အချက်မှာ၊အသက်မဖြတ် ရုံမျှသိုသကဲ့သို့၊ အမယ့်မှာ ရှိချေတော့သည်၊ "**သားဓါ်ရုပ်ရည်၊ သီဒါမည့်သည်၊ရေကြည်ချမ်းမျှ၊ တပေါက်ကျကာ၊ မိဘတို့ဝမ်း၊ ငြိမ်းစေတမ်း**" ဟူ၍ဝင်း၊ "**တရံတခါ၊ သားနှင့် ကွာသော်၊ သားမှာမျက်စိ၊ နှလုံးငြိုး၍၊ ဘဝိတ်ိုတမ်း၊ပန်းညှိုးနွမ်းသို့**"၊ဟူ၍ ဝင်း၊သူဟောင်းတို့ အမိန့်တော်မြတ်ရှိသည်။ အမိကောင်းသားလှ၊ အဘကောင်းသား၊ မယားကောင်းလင်၊ အသျှင်ကောင်းကျွန်၊

---

ဆွေဝါး=ချစ်ခင်အပ်သောဆွေမျိုး
သားချင်း=ညီအကိုမောင်နှမရင်း
တမ်း=ထုံးတမ်း=ထုံးစံ

ဆရာမွန်တာပည့်၊ ဖြစ်လှည့် စေချင်သည်၊ မိခင်ဘခင်တို့ကို ပြုစုသည့်၊ မာတုပေါသက သောထာနန္ဒဇာတ်ကို ထောက်လျှင်၊ နောင်တော်သောထာသည်၊ နှမ္မညီငယ်၊ ငါ့မွေးမယ်ကို၊ **ဆူလှယ်**ကျွေးမွေး၊ ခွင့်မပေးကာ၊ ညီနှမ္မမူ၊ ဓမ္မူဒိပ်တသွားတွင်၊ ရာဇာပါးမင်းကို၊ မတောင်းချီသာ သူ့ ပညာဖြင့်၊ လှည့်ကာယူ၍ရလျှင်၊ ဗြဟ္မာဒတ္တထာသည္ဘာ၊ ဗာရာဏသီ မင်းကြီးအား ဆက်သောကြောင့်၊ ထက်ဝက်သော ပြည်ကြီးစည်းစိမ်ချမ်းသာကို၊ ဗာရာဏသီမင်းကြီးက၊ ညီနှမ္မအား၊ ဆုဦးဆောင်နှင်းတော် မူမည်တွင်၊ စည်းစိမ်ကို မလို၊ မယ်တော်ကို လုပ်ကျွေးရအောင်၊ နောင်တော် သောထာထံ၊ ခွင့်ပန်၍ ပေးမည်ဆုကိုသာ၊ လိုပါသည်တင်လျှင်၊ ပြည့်ရှင်မင်းက၊ နောင်တော် သောထာထံ၊ ခွင့်ပန်၍ရသောကြောင့်၊ ညီနှမ္မအငယ်၊ မယ်တော်ကို လုပ်ကျွေးဘူးကြောင်း ထုံးဟောင်းနှင့်ချိန်လိုက်လျှင်၊ စည်းစိမ်ကို နှင်မြို့ခြင်းမရှိ၊ အမိကိုသာ၊ ကြင်နာချစ်ခင်ဘူးသည့်အနေ၊ ထုံးသာက်သေကို ထောက်စာ၍၊ မွေးမာတာမိခင်ထံ၊ လျှင်မြန်**ဆောစွာ**၊ ပြန်ခဲ့ပါမှ၊ ဘဝပင် ပြောင်းသော်လည်း မစောင်းမတိမ်းမယိမ်းမထောင့်၊ ဖြောင့်နိုင်မည့် အရေးကြောင့်၊ ရှေးလွမ်းဟောင်းတွင်၊ လွမ်းသစ်တင်၍၊ မြင်ချင် လှသည့်၊ စေတနာနှင့်၊ မေတ္တာရေချမ်း၊ ဆွတ်ဖျန်း သွန်းလောင်း၊ အကြောင်းကြားမှာလိုက်ပါသည့် သားမောင်။

---

### ၃၆-သားက အဘဆွေမျိုးတို့ကို ပေးသော မေတ္တာစာ

ကျွန်ုပ်အကြောင်းစကားကြားမှာလိုက်ပါသည်၊ဘခင်ဆွေမျိုးဘိုးဘွားညာတိ၊ မိထွေးမိကြီး၊ **ဝရီး**သားချင်း၊ ညီရင်းရပ်နေ၊ မိတ်ဆွေအပေါင်းတို့ခင်ဗျား။ ။ကျွန်ုပ်ကျွန်မှာ၊ရတနာသုံးပါး၊ ဂုဏ်

ဆူလှယ်=အလဲအလှယ်

ဆောစွာ=အဆောတလျင်=လျှင်မြန်စွာ

ဝရီး=ဦးရီး (သို့မဟုတ်) ကြီးတော်



တော်တွင်၊ ဘခင်ဆွေမျိုး အပေါင်းက၊ သွန်းလောင်း မေတ္တာ၊ ပဏ္ဏာ အတွက်ကြောင့်သာ၊ အသက်မသေရုံမျှ ရှိရပေသည်။ အမှုနှံ့ရှုပ်ထွေး၍၊ဟိုရှေးနှင့်ယခုကို၊ထောက်ရှုကြံလိုက်လျှင်၊ဝိဒေဟာရာဇ်ခင်း နယ်ကွက်မှာ၊ စစ်ပျက်သောကေဝဋ်၊ တိမ်ထွက်ဖုံးသောလနေ၊ ခြေကို**ခြောင့်ပက်**မိသော ပေါရိသာဒ၊ ငါ့ကိုစစ်ပြိုင်ခံ့တပြီးမှုကား၊ သိုးလှ လေးယောက်ကို၊ လက်ရောက် ယူလေဟု၊ တိုင်းခြေကို လှည့်မှားသောမင်း၊ မျက်ကွင်းပုလဲ၊ ခံတွင်းထဲကပတ္တမြား၊ ထွက်ပါခြားလည်း၊ မုဏ္ဍားပျက်နှင့် တွေ့လေ၍၊ သံခြေကျဉ်းခတ်ခံရသော စန္ဒကုမ္မာမင်းသားကဲ့သို့၊ ကံမဲ့သော ကိုယ်စိတ်နှင့်ကြုံချေ၍၊ နေ့ထိုင်လာသွား၊ဝတ်စားမပွင့်လန်း၊ နွမ်းနယ်၍ယခုရှိချေသည်။ စေတနာကံထား၍၊ ဘွားမြင်သည့် သိုးသူငယ်မလည်း၊ ဘဝတပါးပြောင်းသွားသည့်မွေးမိခင်နှင့်၊အသွင်တူလှ၍၊ မေးကြပြန်လျှင်လည်း၊ ဟုတ်မှန်သည့်သဘော၊ ပြောကြသကဲ့သို့ထင်၍၊ အကြင်နာမပျက်၊အနှစ်သက် ထပ်လောင်းသကဲ့ပင် ရှိချေတော့သည်။ ထိုသောကြောင့်၊ ကျွန်ုပ်ကျွန်အမှုမျိုးမှာ၊ ဘိုးဘွားတို့စကားကိုမနာယူ၊ မကြည်ဖြူသောကြောင့်၊ စိတ်ကမတူသူတို့မှာ၊ ပူတိုင်း ဝမ်းသာသည်၊ ပူတိုင်းဝမ်းသာမှ လူတို့ ချမ်းသာသည်ဆိုသကဲ့သို့ပင် ရှိကောင်းပလေသည်။ သို့ဖြစ်၍၊ ရှေးကံကိုလည်းဝမ်းမနဲ့၊ တွေးကြံ၍လည်း ရနိုင်ဘဲ၊ ဝေးလံ၍လည်းကြေကွဲ၊ စိတ်ထဲထဲဒုက္ခ၊ရှိပြန်ရသည့်တွင်၊ ယောက္ခမနှင့်လည်းကွဲ၍ပြီး၊ဘိုးစားခြားနား၊ တွေ့ချ လေးပါးက မှောက်၍၊ ကျောက်စရစ်တော**မာခေါင်ခေါင်**မှာ၊ အတောင်ကျွတ်သော ကြိုးကြာ၊ ရေရှာ၍မရသကဲ့သို့ ဖြစ်သောကြောင့်၊ မေတ္တာရှေးကထက်၊ ထပ်လောင်းသွန်းဖျန်းပါမည့် အနေနှင့်၊ မိတ်ဆွေတို့မှာ၊ ချမ်းသာရှိသည့်၊ မရှိသည့် အတည်ကျကျ၊ သိချင်လှကြောင်း၊ ချောင်းကောက်ရှာမြောက်ပါးကာ၊ ကြားမှာလိုက်ပါသည်၊ ဘခင်ဆွေမျိုး၊ ဘိုးဘွား

ခြောင့်=ဆူးခြောင့်ဖြင့်ထိုးပက်မိသော=ဆူးခြောင့်စူးသော

မာခေါင်ခေါင်=အလွန်မာကျောခြင်း

ဉာဏ်၊ မိထွေးမိကြီး၊ ဦးရီးသားချင်း၊ ညီရင်းရပ်နေ၊ မိတ်ဆွေ အပေါင်းတို့များ။

---

## ၃၇-ကျည်းကန်ရွာ သူကြီး လူကြီးတို့က ဝန်စာရေးကြီးကို ပေးသောမေတ္တာစာ

ရာဇရာဇိန်၊ ဓောဓေဝိန်၊ မဟာမုနိန်၊သိရိန္ဒာဓိပတိ၊ မုနိပုင်္ဂဝ၊ နရိန္ဒဟု၊နရသနင်း၊ အမင်းမင်းတို့ အထွတ်အဖျား၊ ဘုရားမြတ်စွာ၊ မိန့်မှာ ဖြွက်ကြားသည်။ ။သုံးပါးသော မြတ်မွေတွင်၊ **ငါရိယကို သီဟဠရွှေကူရောင်၊သီလကိုမှုန်ရောင်၊သမာဓိကို ကျောက်စေတင်၊ ပညာကိုတန်ဆောင်၊ ဒါနကိုအခေါင်**၊ပြည့်စုံအောင်လျှင်၊ စောင့်ဆောင်တော်မူနိုင်သဖြင့်၊မြတ်သောစီးပွါးချမ်းသာ၊မင်္ဂလာတရားတို့သည်၊ **ယုဂန္ဓိုရ်တောင်ညီညွန့်မှ**၊ ထွက်သစ်သော နေဝန်း၊ ထွန်းသစ်သော ရွှေလမင်းကဲ့သို့၊ ပွင့်လင်းကြီးမား၊ ကြွားကြွား ကြွကြွ၊လန်းလန်း ထလျက်၊ ဘောဂသမ္ပတ်၊ မြင့်မြတ်ထဲနက်၍၊ ရေးကထက်ပင်၊ ကျေးမက်ဖြိုးဖြိုး၊ အဆဆ ရသည့်ကိုသာလျှင်၊ ကြားမြင်ရပါ စေသတည်းဟု၊ ကျည်းကန်ရွာသူကြီး လူကြီး အပေါင်း၊ဆယ်ချောင်းယှက်ဖြင့်၊ဦးထိပ်ဆင်၍၊လျှောက်တင်ပါဝံ့သည်။ ယုဂန္ဓိုရ်တောင်မင်း၏ အစ်ကို၊မြင့်မိုရ်တောင်မင်း၏ အချက်အချာ၊ တာဝတိံသာ၊ ဝေယန္တာဘုံဖျားဝယ်၊ သိကြားမင်းကြီး ကျွန်ယုံ၊ ဝိသုကြံ့နတ်သား အသွင်၊ အချောင်ကေရာဇ် ရွှေစက်တော်ရင်း၊ အတွင်းတော်ယုံကျွန်၊တိုက်ဝန်းမင်းဘုရားကြီး၏ နှလုံးတော်ယုံ၊ မှုပုံလိမ္မာ အထူးထူး၊ ကျေးဇူးအပို့ပို့၊ ပြည့်စုံပေသော တိုက်စာရေးကြီးခင်ဗျား။ ။လျှောက်ထားချုပ်ဆိုခဲ့သည့်နေ့ရက်၊ အတွက်အကျမှာ၊ကာလခေတ်နှင့်ငြား၍၊ရပ်သားရွာသူတို့ ကိုယ်ရေးလည်း

ယုဂန္ဓိုရ်တောင်=အရှေ့, အရပ်၌ရှိသောတောင်=နေထွက်ရာတောင်



တကြေးနှင့်တကြေး၊ တကြွေးနှင့်တရှင်၊အဝင်အထွဲ၊ရှုပ်ရှက်ဆဲမှို၊ **ကောက်ခွဲ**လို့ မရချေ၊မပြေမချော၊မရှင်းမလင်းနိုင်သည့်အမှု၊အစုရ အချက်ကြောင့်၊ သူထက်ငါသာ၊ရွာကိုစွန့်ထား၊ ထွက်သွားသူများ ကြမြင်းသည်၊ အသီးသီးသူကြီးတို့က၊ **မှိုင်းမကွပ်ညှပ်**၍သာ၊ရွာ၏ **အယောင်**၊ တည်ထောင်၍ရှိပါရသည်၊ပညာ**ကူမ**၍၊ လောကကို ထောက်လျှင်လည်း၊ဗေဒင်ဆရာမြတ်တို့အမိန့်မှာ၊အခါကြီးကာလ ကို၊ကိုယ်ဉာဏ်မထုတ်ရာမှာ ပါသည်၊ လောကဓမ္မနှစ်ဝန်းမြင်ကို၊ ဆင်ခြင်ဆဦး၍၊ ပွင့်ဖူးစုံသဖြင့်၊အငုံလှလှ၊ပွပွလန်းလန်း၊ပန်းဖြစ်မှ သာ၊ပန်ပါသဖြင့်၊ပန်းပင်လည်းမနာကျင်၊ ဆင်သူလည်းတင့်သကဲ့ သို့၊ သင့်ပါမည့် အကြောင်းကို၊ ဦးခေါင်းလက်ထား၍၊ အသနား တော်ခံပါသည်၊ တိုက်စာရေးမင်းခင်ဘုရား။

---

## ၃၈-သူကြီးကတော်က-သားထံသို့ပေးသော ဩဝါဒ-မေတ္တာစာ

ဗုဒ္ဓမ္မာ၊ သံဃာထဝ်ဆင့်၊ ပန်းသုံးပွင့်ကို၊ အသင့်ဦးထက်၊ပန် ဆင်ရွက်၍၊ ဘေးမတွေ့ ရန်**စေမှာင်း၊ ကြောင့်ကြ**ခပ်သိမ်း၊ ကင်း ငြိမ်းပါစေသောဟု၊ ဩဝါဒပဏ္ဏနှာ၊ မေတ္တာရေချမ်း၊ ဆွတ်ပျန်း မမှေ၊ထွန်းလောင်းလှေ့ရှိသော၊ မွေးမိသူကြီးကတော်၊ နှာပျော်ချို

**ကောက်ခွဲ**=အခွန်တော် ခန့်ခွဲကောက်ခံခြင်း=အခွန်တော် စည်းကြပ်ခြင်း။
အခွန်မည်မျှပေးရမည်ဟုကောက်ခံယူခြင်း
**မှိုင်းမ**=ကူညီခြင်း၊စောင့်ရှောက်ခြင်း
**ကွပ်ညှပ်**=စီမံခြင်း၊အုပ်ချုပ်ခြင်း
**အယောင်**=ပုံပန်း
**ကူမ**=ကူညီစောင်မခြင်း၊ကူညီစောင့်ရှောက်ခြင်း
**မမှောင့်**=ပူးကပ်ခြင်း၊နှောက်ယှက်ခြင်းမရှိ
**ကြောင့်ကြ**=စိုးရိမ်ခြင်း

သာ၊မေတ္တာစကားမှာကြားအပ်သည့် သားမောင်။ ။အစောင်စောင် ကျမ်းဂန်သရုပ်၌၊ ဒုဗ္ဗဏ္ဏသမာနှာ၊ အစဖြာလျက်၊ ဆရာဘုရား၊မြွက်ကြားတော်မူသည့် အမိန့်တော်တမ်းမှာ၊ စကားကြမ်းသူဖြစ်ဘိလျှင်၊ အမိညာဘိတို့မှမကြည်ဖြူ၊ သူခပ်သိမ်းတို့အား၊သနားချစ်ခင်၊ ကြင်နာစေတတ်သော သဘောနေ **အဆစ်**မှာ၊ ပြေပြစ်သောစကား၊ ချောမောသောစကား၊ နူးညံ့သိမ်မွေ့သောစကား၊ နှစ်သက်ဘွယ်သောစကား၊ ချိုသာသောစကား၊ သာယာသောစကား ရှိသောသူဘို့ကို၊သနားချစ်ခင်၊ ကြင်နာကြကုန်သည်ဟု၊ မိန့်တော်မူပါသည်။ လူမှာမဆိုထား၊ သစ်ပင်များတွင်၊ နွားသည့်ခင်ပုဇ်ဌက်၊ ရှုပ်ရှက်ခပ်မြည်သံကြားလျှင်၊ နွားနှင့်မပန်၍*၊ လိုက်လံနှင့်ထုတ်သည်။ ဥဩသံသာ၊ ကျူးရင့်လာက၊မလှုပ်ကြနှင့်၊တည်ပငြိမ်နေ့၊ မြည်ပါစေဟု၊ ကုန္ဒြေကိုမျှ မပျက်အား ၊ နွားခံ၍နေသည့် ထုံးနည်းရှိပေသည်။ ဂါရဝေါစနိဝါတောစ၊သန္တုဋ္ဌီစကတညုတာ မင်္ဂလာလေးချက်တို၊ **လက်ဖွဲ့နူ**လေးလုံးမှတ်ရမည်ဟု၊ သူမြတ်တို့ မိန့်တော်မူကုန်သည်။**နှုတ်ချိုလျှင်သူချစ်သည်၊ လက်တိုလျှင်သူပစ်သည်၊ နှုတ်ကြီးလျှင်သူစွါသည်၊ လက်ကြီးလျှင်သူလာသည်၊** ဟူ၍လည်းဆိုထုံးရှိသည်။ ။ပိဒေသဝါသံဝါသတော၊မိန့်ဟောသည့်တရားမှာလည်း၊အခြားသို့ရောက်သောသူသည်၊သူတပါးတို့၏စေပါးလက်သုပ်၊ ကျွန်သူနှိပ်ပင်၊ စတင်မောင်းမဲ၊ ဆဲရေးသော်လည်း၊ သည်းခံရ မည်ဆိုချေသည်။ ။"သူကြီးမိဘ၊ ဆရာစသား၊ စိုးရသခင်၊ ကျေးဇူးရှင်တို့၊ ပြစ်တင်မောင်းမဲ၊ ရိုက်ပုတ်ဆဲလည်း၊ ဝမ်းထဲယုံ့ယုံ့၊ ယုန်လျှင်ကြို့သို့၊ဆိုတုံ့မငံ့၊ စောင်မာန်ညံ့လျက်၊

---

အဆစ်=အဆင်အပိုင်း၊အချက်အလက်
လက်ဖွဲ့နူ=မျက်နှာပွင့်ရန်ဆောင်သော လက်ဖွဲ့
လက်တို=အပေးအကမ်းနည်းခြင်း၊နှမြောခြင်း
နှုတ်ကြီး=စကားအပြောအဆိုကြမ်းတမ်းခြင်း၊ကြီးကျယ်ခြင်း

(*) နွားနှင့်မပန်၍=ဘ.ဉး၊ နွားနှင့်မတွဲ၊ နွားမထောင်ချင်၊ နွားနှင့်အခန့်မသင့်-ဟူလို၊



ကြောက်ရွံ့ရိုသေ၊သည်းခံတွေဖြင့်၊ ငြိမ်စေနှလုံးပျော့ညွှဲစေမင်း"ဟူ၍ ဖွင်း၊"အောင်ချာနဂိုရ်၊ မင်းကိုဖွင်း၊ တကြောင်းပညာ၊ ရှိတို့မှာနှင့်၊ ကြီးစွာကျေးဇူး၊ တင်ဘူးသူအား၊ ပြစ်မြင်ပြောလည်း၊ **ချောင်ရှောင်း** အပြစ်၊မလှစ်တည့်ရာခေါင်ဝါ **ရှင်း ရှင်း**၊မိုးလမင်းအား၊ယိကြားကရေး၊ ယုန်ရုပ်ဖွေးလည်း၊သေးသေးငယ်ကို၊ဖြစ်မဆိုသို့၊ ရေညှိပဒုမ္မာ ကြာ၏အမျိုး သူ့ဂုဏ်တိုးသော်၊ အမိုးကိုမူ၊ ကြမ်းသောဟူ၍၊ လူဖြစ်မရှာ၊ ဥပမာသို့၊ စာနာထောက်ထား၊ ပိုင်းခြားနား၍၊ နှုတ်ကားစောင့်တုံရာ၏တည်း၊"ဟူ၍ဖွင်း၊"အရေးရှိခါ၊ အရာကိုမလွန်စေအပ်၊အမေးရှိခါ၊ပညာရှိကိုကပ်။ ။**နှုတ်လျှပ်** အဆိုကျူး၍မငြေ့စဝ်က အထူးကျပ်သည်။သတိလွတ်က၊သူကဦးသည်ဟူ၍ဖွင်း ဆိုချေသည်။ပွင့်ဖူးစုံမှ အငုံလှသည်၊ အငုံလှမှ ငုံပွလန်းလန်း၊ ပန်း၏ဂုဏ်ဖြစ်သည်ဆိုသကဲ့သို့ ဖြစ်စေရမည်၊"အကျင့်သွမ်းက၊ ဘုန်းတန်းပျောက်သည်၊ **သစ္စာ**မမှန်က-ရန်မာန်မြောက်သည်။ ။သူ့ကျေးဇူးကို အထူးသိမှ စည်းစိမ်တည်သည်၊ ။လာမည့်ဘေးကို အဝေးက မြင်မှ အသက်ရှည်သည်။ ။သူ့ကိုအကျိုးလိုမှ ကိုယ်မှာအကျိုးရောက်သည်။ ။သူ့ကျေးဇူးကိုအထူးသက်လုံးသိ။ ။ကတိကိုလည်းမြဲလှစေ၊သတိကိုလည်းစွဲနိုင်စေ။ ။ပဋ္ဌ ဋ္ဌာန်တမြာ၊သံသရာမရှုံး၊ ထုံးကိုလိုက်ချေမှ၊ ပညာရှိမြောက်မည်။ ။ထောက်ထောက်ထားထား၊ စဥ်းစား ဆင်ခြင်လေ့ရှိမှ အကျိုး ရောက်သည်။ ။သည်းခံဖြည်းညှင်း၊မတင်းနှုတ်ချိုမှ၊ လူမိုင်မေတ္တာလောင်းသည်။ တယောက်လိမ္မာလျှင်၊ တရာ ချမ်းသာ၏။ ။အစွမ်းသာ ပဓာန၊ မတည်ပ သသူကိုမသုံး၊ ဘုန်းကိုချုပ်မှ ရန်လုံသည်၊ တယောက်ကောင်းကတသောင်းရန်ပြို၊အကျင့်ကောင်းကအသောင်းသျှို။ ။

---

လျှင်လျား=(ဇေါရာဏ)=အလျှင်အမြန်
မလှစ်=မဖွင့်
ရှင်းရှင်း=ရှန်းရှန်း=ထွန်းတောက်ခြင်း
နှုတ်လျှပ်=လျှပ်ပေါ်လော်လီသောစကား၊ပေါ့ဆသောစကား
သျှို-မျက်နှာပွင့်သော

လူလိုကနုတ်လို၊ နုတ်လိုကနိုင်မာချေသည်။ ။အာဃာတည်လိုက ကတိတရားစဉ်းစားဆင်ခြင်နိုင်စေ။ ။အမိုးအမိုင်ကိုလိုက ကိုယ်၌ သစ္စာတည်စေ။ ။ရန်မဖို့ရှါ-မေတ္တာထပ်ပွါး၊ စကားချိုစေဟူ၍ ငှင်း။စကားဆိုတွေ့ သူလိုစေ၊ ပေးကမ်းများတွေ့နှံ့စပ်စေ ဟူ၍ ငှင်း။ စကားတင်**စကားဖျဉ်**၊ စကားဆင်မျိုး၊ နည်းမိုးကြံနိုင်စေ၊ အမိုးရသခင်၊ အသျှင်ကိုမြတ်နိုး၊ ပုထိုးကဲ့သို့မှတ်လေ။ ။နေခါသူ့ အောက်၊ဆိုခါသူ့နောက်၊စားသောက်အတန်၊သည်းခံခြင်းလည်း ကြီးစေ။သူမိမ်းသူချက်၊ ပေါင်းဘက်သင့်ရာမယှဉ်ရာကိုလည်းသိ စေ။ ။မင်းညီခင်းသားမြှိုစားရှူးမတ်၊ ယုတ်မြတ်သိသိ၊သတိသွင်း နိုင်စေ။မင်း၏မျက်နှာ၊ ရှုဝါခံတွင်း၊အဆင်းသဏ္ဍာန်၊ ကြံအင်ကို လည်း သိတတ်စေ။ ။ဆိုရာ ဆိုခွင့်၊ ဆိုချိန်လင့်၍၊ သင့်ရာကို လည်းချောက်မိစေ။ ။အယဉ်အကျေး၊ ဆေးလေးဖြည်းညှင်း၊ မယွင်းဆိုလေ့ရှိစေဟူ၍ငှင်း ဆိုသည်။ ။မင်းပန်သည့်ပန်းနှင့် တူ သောပန်းကိုလည်းမပန်ရာ။ ။မင်းဆင်သော ဝတ်စားတန်ဆာ ကဲ့ သို့ကိုလည်း မဆင်မဝတ်ရာ။ ။မင်းနှင့်တူသော မူရာတိုင်း ကိုပင် မပြုရာဟူ၍၊ ပိရုဇာတ် စကားကိုလည်း၊ တရားဟောတော်မူချေ သည်။ စကားကြမ်းလျှင်မုန်းတတ်သည်၊ တရားဆန်းလျှင်ရှုံးတတ် သည်။ ။စကားကိုလည်းမကြမ်းနှင့်၊ တရားကိုလည်းမဆန်းနှင့်။ ။ **နားလေးလျှင်မချို၊ဝန်လေးလျှင်ချို၏**ဆိုသောကြောင့်၊သူ့သဘော ကို၊ လိုက်လျောညီထွေ၊ ကျင့်တတ်စေ၊ စရိုက်ညီထွေ၊ ကျင့်တတ် စေ။ ။ဆိုသည့်ထုံးကို၊နှလုံးမိတ်ရော၍၊ ပြောဆို နေထိုင်ရမည်။သို့ သောကြောင့်၊ မြော်မြင်ဟောင်းတွင်၊ ထပ်လောင်း၍၊ကြည်ကြည်

---

စကားဖျဉ်=ပြေပြစ်သောစကား-နှစ်ဦး နှစ်ဘက် ကျေနပ်အောင်မျှမျှတတ ပြော သော စကား

နားလေးလျှင်မချို=နားထောင်၍ ချိုချိုသာသာမရှိလျှင် စေခိုင်း၍မရ၊
=အပြောအဆို ကြမ်းတမ်းလျှင် တာဝန်လုပ်ကိုင် ပေးမည့်သူက ပြုလုပ်မပေးခြင်း
=နားဝင်မချိုလျှင် အလုပ်မလုပ်



လင်လင်၊ မြော်မြင်စေချင်သည့် စိတ်ထားနှင့်၊ **သားသွေးကို၊ ဆင်** **ခြင်း၍မြင်းရုံ၊ မြင်ရှင်လှမြန်သည့်** ဆိုသကဲ့သို့ဖြစ်၍၊ အချစ်အခင်၊ အကြင်အနာကြီးလှသောကြောင့်၊အမိသူကြီးကတော်၊နာပျော် ချိုသာ၊မေတ္တာစကား၊ကြားပါလိုက်သည်၊ **အမယ်**မှာထားသည့်၊ စကားကိုစုရုံး၍၊နှလုံးသတိရှိပါသားမောင်။

---

၃၉-အမိကသားကိုအဝေးမှာကြားသော
မေတ္တာ စာ

သိဒ္ဓါနုဝတ်၊ ဒိုင်မြတ်ကုဋေ၊ သချေ်သချာ၊ ဆင့်ကာထပ် လောင်း၊ပေါင်းမစုနိုင်၊ဖူးဆုံးတိုင်သား၊မေတ္တာအားဖြင့်၊မွေးဘွား မိခင်၊ကြည်လင်ချိုသာ၊ မေတ္တာစကား၊ မှာကြားအပ်သည်၊ သား မောင်ဘိုး။ ။အဝေးမှာလိုက်ရန်ထုံးနုဂိုမှာ၊ **ယစ်**လိုလျှင်မြန်းတတ် သည်။ ချစ်လိုလျှင်မုန်းတတ်သည်။ ။**ယူလိုသည့်**စကားကိုပြော လျှင်၊ သဘောတူ၍လူပိုးသည်။မယူလိုသည့် စကားကို ပြောလျှင် သဘော မတူ၍ လူမုန်းသည်။ ။မယူမည် ယူမည်ကို သတိစွဲ မတူမည် တူမည်ကိုသိစမြဲ။ ။**အထဲမပါ**၊အပေါ်သာနှင့်၊ချိန်ရာသိ အသင့်နည်း၍၊ သည်းစွာမထန်လျှင် ရှားတတ်သည်။ ။လိမ္မာပြီ အထင်သည်း၍၊ နည်းသာမခံလျှင် မှားတတ်သည်။ ။လူ့ပြည် လောကတွင်၊ **လောဘကြီးသူ စကားချိုတတ်သည်။** ။**ဒေါသ** **ကြီးသူ စကားတိုတတ်သည်။** ။**မောဟကြီးသူ စကားယိုတတ်** **သည်။** ။ချိုဟန် တိုဟန် ယိုဟန်ကို နှလုံးသွင်းလေ။ ရွှေရိုပ်

---

မြော်မြင်=ရှေ့ရေးကိုတွေးတောကြံစည်ခြင်း
အမယ်=မိခင်
နုဂို=မူလ၊ အရင်းအမြစ်
ယစ်=မူးယစ်ခြင်း၊သောက်စားမူးယစ်လျှင်ငွေကုန်သည်။
ယူလိုသည့်စကား=နားယူလိုသည့်၊သဘောကျသည့်စကား
အထဲမပါ=စိတ်ထဲကမပါသော
စကားယို=စကားမှားယွင်းတတ်သည်။

ငွေရိပ်၊ လေရိပ်၊ မိုးရိပ်၊ ကျောက်ရိပ် ထက်၊ လူရိပ်ကို သိခဲသည်။ ။အထဲနှင့်ပြင်ကို ဆင်ခြင်ယောက်ညှိ၍၊ သတိကိုအမြဲခင်ပွန်းနှံ့၍၊ လူ့ရိပ်ကိုသိနိုင်မည်။ ။စကားအပေါင်းကိုအုပ်သည့်ကတိ၊ တရားအပေါင်းကို ချုပ်သည့် သတိ။ ။ငါးပိကို မရှောင်လျှင် သွားနာတတ်သည်။ သတိကို မဆောင်လျှင် မှားရှာ တတ်သည်။ ငါးပိကိုလည်း ရှောင်ရမည်၊ သတိကိုလည်း ဆောင်ရမည်။ ငါးပိစားက သွားကျိုးလွယ်လှသည်၊ သတိထားမှ ပွါးတိုးကြွယ်ဝသည်။ ။အထ၊ ထိုရော်အခါ၌၊ ခဏ ကိုယ်တော်သာလိုက် ဆိုတိသကဲ့သို့၊ မိမိုက်-ဘမိုက်နှင့်လည်း တချို့ခြား၊ တချို့မှာလည်း ရဲသားဖြစ်ချေ၍၊ စာပေဘတ်တတ်ရုံမျှ မသိပြီ။ အပလီညတ်မဆန်းသောကြောင့်၊ **စနိုးသမိုး** လှေလှော်ပင် ဖြစ်ကြ ရရှာသည်။မောင့်မှာသည့်ကဲ့သို့မဟုတ်ချေ၊မအေမိဘ၊ငယ်ရွယ်ကပင်၊**ဆုံးမပဲ့ပြင်၊ သွန်သင်**သမျှ၊ နားဝသသူ ဖြစ်သည့်လည်း တမြာ၊**အရာခံ**ရမည့်သူ ဖြစ်သည်လည်းတကြောင်း၊ အကြောင်းကြောင်းကြောင့်၊ ရုံးပေါင်းဆည်းပူး၍၊လူတထူးတို့ထက် သတိထားရမည်ဖြစ်သည်။ ။ချစ်သော်ကား သကာ၊မုန်းသော်ကား တမာ။ ။လာလို အနိုး ကလေး။ မလာလို ခရီးကဝေး။ ။မပေးလို မရှိ၊ မသွားလို မသိ။ ။စိတ်ရှိ ကန့်ပလူ၊ စိတ်မရှိ ကြက်သွန်ဖြူ။ ။စိတ်မတူ မရောက်မပေါက်၊ စိတ်တူ အခေါက်ခေါက်။ ။စိတ်ရောက်ရွှေဒီ၊ စိတ်မရောက် မဲဇလီ။ ။စိတ်ညီသင်ဖြူး၊ စိတ်မညီရှောက်သူး။ ။စိတ်တူးနှေ့တိုင်းတွေ့၊စိတ်မကူးတသက်မေ့။ ။စိတ်တွေ့အားနာ၊စိတ်မတွေ့မလိမ္မာ။ ။မေတ္တာရောက် တဟီဟီ၊ မေတ္တာမရောက် ညံ့ဒီဒီ။ ။မဆီဆိုင် ခေါင်းခဲရောက်သည်၊ ဆီဆိုင်လျှင် ခေါင်းခဲ ပျောက်သည်။ ။မျက်မှောက်မှာ ပျားလိုချို၊

---

ဝန်ထမ်း=ကူလီ၊ ပစ္စည်းထမ်းရွက်ရသူ
ပဲ့ပြင် (ပေါ်ရာဏာ)=ဆုံးမသည်
သွန်သင်=ညွှန်ကြားပြသသည်
အရာခံ=ရာထူးရမည့်သူ



မျက်ကွယ်မှာကနုဒို။ ။အချိန်နှင့်အပူ မတူကြသော၊ သစ္စရာသီးတခြမ်း၊ပျားတခြမ်းတချို့။ ။သို့သောကြောင့်၊အရေးရာမျိုးကိုပင်၊ သတိက ထားသင့်လှသည်၊ မလာကြာနိုးလျှင်၊ အမိက သားကိုတရသည်၊ မှာရသည့်အခင်း၊လိုရင်းစကားရေး၊**ပေးမညီဆိုဖေး၊ သွေးမညီကိုယ်မမာ**။ ။လောကတွင်မွေ့ကာ၊ ဥပမာကဲ့သို့မွေးမာတာမှာ သွေးမညီကိုယ်မမာ။ ။ဝေဒနာကလည်းတခြားသားမောင်ကိုလည်းမြင်ချင်၊ ဖာတာတွင်လည်း ဖေဒင်အရ၊ လောကဘွယ်ရာ၊ မလွန်သာ သေးသည့် တချက်၊ ဆရာက **ထွက်သောကြောင့်**၊ တသက်သက် တရေးရေး၊ မွေးမယ်တစေ့စေ့၊အောက်မေ့၍နေစဉ်၊သားကိုမြင်ချင်သည့်နှင့်၊သည့်စာရောက်လျှင်ရောက်ခြင်း၊ ဝန်မင်းဘုရားထံ၊ ခွင့်ပန်၍လာခဲ့မည့် သနစ်ကို၊ ချစ်လှ၍ကြားလိုက်သည့်-သားမောင်။

---

## ၄၀-အဘက သားမောင်ပျို့ပြန်လာစေလို၍ ပေးသော မေတ္တာစာ

သိဒ္ဓါနုဝဒတ်၊ ဒရိုင်ဖြတ် ရေတို့ထက်၊ ဆထက် ထောင်ရာ၊ မကသာ၍၊ မေတ္တာရေယဉ်ဖြင့်၊ **အလျှဉ်**မပြတ်၊ သွန်းလောင်းလေ့ရှိသော၊မွေးဖိဘခင်၊ကြည်လင်ချိုသာ၊ရပ်ရွှေညာက၊ မေတ္တာထပ်လောင်း၊အကြောင်းစကား၊မှာကြားအပ်သည်၊သားမောင်ပျို့။ ။စာစောင်ကျမ်းဂန်၌၊ "တရံတခါ၊ သားနှင့်ကွာသော်၊ သားမှာမျက်စိ၊နှလုံးရှိ၍၊ ဘဒ္ဒိတ္တိတမ်း၊ ပန်းညှိုးခွမ်းသို့" ဟူ၍ရင်း၊ "သား၏ရုပ်ရည်၊ သိဒ္ဓါမည်သည်၊ ရေကြည် ချမ်းမြ၊ တပေါက် ကျက၊

---

သွေးမညီ=ခန္ဓာကိုယ်တွင်း၌ သွေးအသွား မညီညွတ်လျှင်
ထွက်သောကြောင့်=ဖေဒင်ဟောသောကြောင့်
အလျှဉ်=အဆက်မပြတ်

ဒိဘတ္တိုဝမ်း၊ငြိမ်းစဘမ်း''ဟူ၍ရင်း၊ "ဖြတ်ခြင်းကိုက်နာ၊မြို့ရှိမှာမျှ၊ ရှိခါ တရစ်၊ မဖြစ်စေရက်'' ဟူ၍ရင်း၊ ဆရာကျော် သူမြတ်တို့၊ စပ်ဆိုမိန့်တော်မူသကဲ့သို့၊ တန္တစ်ကျော် နှစ်နှစ်ကြာ၊သားမလာပဲ၊ တာရှည်နေတီ၍၊ မွေးမိဘမှာ၊ ရောက်လာစေချင်၊ မြင်လိုသော ဆန္ဒနှင့်၊တောင့်တလျက်တစေ၊ နေရချေသည်၊**ထွေထွေလာလာ** ဂီတာဂီတ၊ ကာလအသွယ်သွယ်၊ သူငယ်တို့ဘာဝ၊ ဆိုကြသည့် အဆန်းဆန်း၊ **တမ်းချင်း လမ်းချင်း၊နတ်ချင်း** အထိုက်၊ အလိုက် သင့် မှတ်စဘွယ်မှာ၊ "အမယ်လေး စိတ်တူ။ ။မျှ **သည်း**ခု **ရွှေနှယ်ရိုး**၊ပိုးပိုင်သည့်လူ။ ။ချစ်ချင်းတူ၊ကူညီလို့ကြံပါလေး။ ။ နှင်းဝေလို့မှုံ၊ပိုးစောင်ခြုံဖြန့်ခက်သည့်၊ လွမ်းရက်နှင့်ဝေး''။ ။ သို့လည်းတလိုက်။ ။"အမယ်လေးမြင်ကရှိ၊ မင်းအသိပ-မယ့် ရွှေတောင်၊လက်မတို့နှင့်မောင်။ ။ပုဆိုး**အညိုပေါ်ဒီ**နှင့်၊ မင်းရွှေ တောင် သည့်တပွဲ၊ အားယူလို့နဲ့''။ ။သို့လည်း တလိုက်။ ။ "အမယ်လေး စိတ်မပြီး၊ သည့်လူကြီးလေး။ ။ရွှေလမ္ဘာခိုင်ပြု၊ လင်းလုပြီး''။ ။သို့လည်းတလိုက်။ ။"မလေးငွဲ့မောင်၊ခေါင် ကိုမကူးပါနှင့်၊ ရောင်ရှူးလေး၊ ဒိုတောင်ကကူးသောခါ၊ ရောင်မှူး တောင်ငှသမ်းက၊ ပန်းပမယ်လေး''။ ။သို့လည်းတလိုက်။ ။ "အနားနှစ်ဘက်မှာစိမ်းနုပေါင်၊ အလယ်ကောင်မှာ မှန်ကူကွက် နှင့်၊မခွေးပုံတော်-ဝင်လို့ ယက်သည့်၊လက်ခတ်ကယ်ကျွန်းဖိုသား သောင်းတိုင်ကကြွား''။ ။သို့လည်း တလိုက်။ ။"ဘုရား ငုတ်တို၊ ရောင်တော်သွတ်မှ၊ ပုံတော်ဝတ်မည့် မခွေးငယ်။ ။

---

ထွေထွေလာလာ=အမျိုးမျိုး
တမ်းချင်း=တမ်းတလွမ်းဆွတ်စွာ သီဆိုသောသီချင်း
လမ်းချင်း=လမ်းပေါ်၌ အပျော်အပါးသီဆိုအပ်သော သီချင်း
နတ်ချင်း=နတ်ပွဲများ၌ သီဆိုသော သီချင်း
သည်းအူ=အသည်းကဲ့သို့၊ အူကဲ့သို့ချစ်သူ
ရွှေနှယ်ရိုး=အနွယ်ကဲ့သို့၊ ပန်းရိုးကဲ့သို့ မပြတ်ပျောင်းသူ
အညိုပေါ်=အညိုရောင်ရေး ထားသော



အောက်ပြည်ကိုရှေ့ရှော်ဆိုး၊ ပိုးဝယ်ခဲ့မယ်''။ ။သို့လည်း တ လိုက်။ ။"မန်ကျည်းငုတ်တို ရွက်နုပေါက်မှ၊ ချည်ရည်သောက် ကို မခွေးငယ်။ ။အောက်ပြည်ကန္တာားပိန်သား၊ဆားနယ်ခဲ့မယ်။ ။ စဖိုအုပ်ကို သုံးလုံးတယ်၊ အလယ်ကောင်မှာ **ဖျဉ်းပက်လက်**နှင့်၊ မခွေးပုံတော်ဝင်လို့ ချက်သည့်၊ ပွက်သံကို ဘေဘုရား၊ ကောင်း ကင်က ကြွား။ ။သို့လည်း တလိုက်။ ။"လှေ ကာ လေး နှင့် အောက်ကိုရုန်၊ မမင်းပုံလင်နေ့ရစ်တော့၊ မှာပစ်လေခြင်း''။ ။ သို့လည်း တလိုက်။ ။"ခေါင်းပေါင်း**ပေလီပေလံ**၊ မြေနန်းက ပြန်။ ။**သူကြီးကာလန်**ခံနိုင်ရိုးလား၊ **လှည်းစပ် တိုင်**ကျိုး''။ ။ သို့လည်းတလိုက်။ ။"အစ်ထဲမှာ**စာခွန်**၊ ဘယ်ဝန်ကပေး။ ။ စာခွန်တော်ရွှေပိန်းနှင့်၊ပြည်လုံးငြိမ်းဇး။ ။သို့လည်းတလိုက်။ ။ "ခေါင်းပေါင်းနီသည့်လို့၊ စစ်ချီဖို့လေး။ ။ပြည်ထဲရှင် ပြည်ကို သိမ်းသည့်၊ကျိန်းတဲ့ချေလေး''။ ။သို့လည်းတလိုက်။ ။"မန် ကျည်းပင်ကိုညောင်ပင်ဖြစ်သည့်လို့၊ တွင်ရစ်ကရေ့၊မယ့်နတ်တူ ဒိမိဖြူဖြူဝယ်ကြောင့်၊ ချစ်သည့်သူ **ကလူ** ချော့လို့၊ ချစ်တယ်ဆို ချုပ်ပါရော့လား၊ မင်းပြော့ပြော့ငယ်။ ။စိန်ကျောက်နှယ်တို့ထိုး၊ ခိုင်ခိုင်သုံးသည့်၊မဘုန်းကြွယ်၊တယို့နှယ်မောင်ဖြေချော့လို့၊ပြော့ ပါ့ခယ်လေး''။ ။ဆိုရေးတဝ။ ။'မြစ်တဘက်မှာ၊ဝက်လက်ဖြ သည့်နှယ်၊မမကိုမောင်ကြံ၊လူ့ထံရပ်ဝေး။ ။ရွှေချော်တောဝန်းရှိ လို့၊ နိဗ္ဗာန်ကို ယူသောအခါ၊ ဖမ္ဗူရွှေနှစ်ကဲ့ ကြွင်းရစ်ချည့် လို့။ ။သို့လည်းတလိုက်။ ။"နှန်းလုံးကြိုင်၊**လင့်စင်** ထက် လေး''။ ။သို့လည်းတလိုက်။ ။

---

ဖျဉ်းပက်လက်=ဒိုးပက်လက်
ပေလီပေလံ=ခပ်ထောင်ထောင်၊ ခေါင်းပေါင်းစ တလူလူ
သူကြီးကာလန်=တရွာတည်းကို အုပ်စိုးသော သူကြီး
စပ်တိုင်=လှည်းဘီးတွင် ပျဉ်နှစ်ပြားစပ်ထားသည့် နေရာမှတိုင်
စာခွန်=ထိပ်နှစ်ဘက် ချွန်ထားသော ဘုရင်သုံးစာ
ကလူ=ကျီစယ်သည်၊ ကစားသည်
လင့်စင်=မုဆိုးများ သားကောင်စောင့်သော မြေတံရှည်နှင့် ယာယီတဲ

မှာ၊တူတူဘက်လို့လဲသောခါ၊ ဦးရှုတိုင်တန်း ပုဝါရှုတ်မှာ။ ဆေးထုပ်လျှို့ပါ၊လောက်လေးရွှေကန့်မဟုတ်ပါ၊မသာဖျင်စတမတ်ပေး ရွှေပါးဖိလို့မယူသာ၊ ရောင်နီလာလို့၊ မမှာဖြစ်သည်၊ သိမ်းရစ်ပါလေး"။ ။"ရွှေပါးဖိလို့ သရည်ယို၊ ဗိုတိုတိုမို့ မယူဖြစ်သည် လှမ်းရစ်ပါလေး"။ ။သို့လည်းတလိုက်။ ။"သည်ဆောင်းနှင့်သည့်နွေ၊ ကုန်ပလေစေဦးတော့၊ တပေါင်းကျူးလို့၊ တန်ခူးကုန်၊ ကဆုန်ဆန်းသောခါ၊ရွှေမန်းမြေတောင်ပေါ်ထိပ်က၊ဗျာဒိတ်ကယ်အောင်သံပေးလို့၊ငြိမ်းလီမို့မလေး"။ ။သို့လည်းတလိုက်။ ။"အဆိုက်အတိုက်၊ ကာလကြိုက် အသွယ်သွယ်၊ သူငယ်တို့နှုတ်ထွက်ဂိုဏ်၊မှတ်ချက်သိမ်းရုံး၍၊ရွှေဘုန်းတော်ရှင်၊ပညာရှင်တိုင်းလုံးသခင်၊အသျှင်ဧကရာဇ်မင်းတရားက။ ။"ဓားလွယ်ငွေကွပ်နှင့်၊မြေညွတ်အောင်နှိုး၊အောင်ပြီတန်ဆောင်မုန်း၊ရွှေနန်းရှင်ဘုန်း၊"ဟူသော တိတ်နိမိတ်စကားတို့၏ အထွတ်အခေါင်၊**တဘောင်**တကာတို့၏အမိပတ်မှူး၊**ရွှေလိုဦး**၍၊အထူးထူးသောယတြာယာယီ၊အသီသီသောခေါင်းဆေးတော်**သကြြန်**၊အတန်တန်မင်္ဂလာ၊ဗိမာန်တော်မှုဆဲ ဖြစ်ချေသည်။ဗေဒင်ကျမ်းအလာမှာလည်း၊"ရာဇယတြာ၊ဟိန္ဒူမေဝ၊"စသည်ဖြင့် သိမ်းရုံးလျက် ဘုန်းကြီးသော မင်းမြတ်တို့၏၊ယတြာဆန်းအကြွပ်ကို၊ထုန်းဝယ်သသူ၊ မင်းစသောသူတို့သည်၊မခံနိုင်ကြောင်းကိုလာသည်ဖြစ်၍ဘုန်းကြီးသောအသျှင်ဧကရာဇ်၏

---

ဦးရှုတိုင်=တိုင်မကြီး၊ အိမ်၏ အရေးအကြီးဆုံးတိုင်

တဘောင်=ရှေ့ဖြစ်မည့်အကြောင်းကို သိလိုလျှင် မြောက်အရပ်သို့သွား၍ ပထမဆုံး ကြားရသောအသံကို နားထောင်၍ နိမိတ်ကောက်ရသည်၊ ထိုအသံဖြစ်စေ၊ သီချင်းဖြစ်စေ၊ စကားဖြစ်စေ၊ ကြားရသမျှကို တဘောင်ဟုခေါ်သည်။

ရွှေလိုဦး၍=ဓမ္မကို အရောင်တင်ထားသကဲ့သို့

သကြြန်=ပြောင်းလွှဲခြင်း=ခေါင်းလျှော်ခြင်း မင်္ဂလာ (ရှေးကရှင်ဘုရင်များသည် တလမှ တလသို့ ကူးပြောင်းသောအခါ ခေါင်းဆေးမင်္ဂလာပြုကြသည်၊ ဤသို့ ခေါင်းဆေး ခြင်းကို သကြြန်တော်ခေါ်သည်ဟု ဆိုကြသည်။)



မင်းမြတ်၏အာဏာ၊ ယတြာ ယာယီတော်ကြောင့်၊ ပေါ်သရှုရန်အမျိုး၊ ယွန်းယိုးဒယား၊ ကုလား အင်္ဂလိပ်၊ အရပ်ရပ် ကသည်း၊မျက်နှာမည်းတရုပ်တလိုင်း၊ အရှိုင်းအပိုင်း၊ တိုင်းစွန်း နိုင်ငံစွန်း၌နေသောသူအများ၊ ရေနှင့်ဆားကဲ့သို့၊ပျက်ပြားကျေမွလက္ခံ့သောအကြောင်းဖြစ်ချေသည်။ ထိုသို့သောကြောင့်၊ မောင်နေသော ထားဝယ် ဒလ၊မုတ္တမစစ်တောင်း၊ ပေါင်းလင်းသာယုံ၊ ဖုံဝန်းသံလျှင်၊ တံသာဝတီ၊ကေတုမတီ၊ မော်ဘီယွန်းသလင်း၊ သင်းပင်းတိုင်းခရိုင်၊နိုင်ငံရစ်စွန်း၊ပင်လယ်ကျွန်းတခွင်၊အောင်မြင်ရာအရပ်သည်၊အရှင်အာဏာတော်ထားက၊ ကျေမွလက္ခံ့ ဖြစ်၍တကြောင်း၊ တနှစ်ကျော် နှစ်နှစ်ကြာ၊ တာရှည်လှပြီ ဖြစ်၍တကြောင်း၊ အကြောင်းကြောင်းပင်၊မြင်ချင်လှသောစိတ်ထားနှင့်၊မှာကြားလိုက်ပါသည်၊စာရောက်လျှင် ရောက်ခြင်း၊ လျှင်ပြင်းမကြာ၊ လာရောက်ပါ[illegible]၊ဗိဘနှစ်ဖြာ၊ချမ်းသာရဖို့မည်၊ စိတ်ရည်တဲသန်နှင့်၊ပြန်[illegible]ည်ခဲ့ပါသားမောင်။

---

## ၄၁-ဘခင်က အောက်မြို့နေ-သားကိုပေးသော မေတ္တာစာ

သိတာ ရစ်လည် ရစ်လည်၊ တောစဉ်ရစ်ဆီးရစ်ဆီး၊ မြစ်ကြီးရစ်သွယ် ရစ်သွယ်၊ မြစ်ငယ် ရစ်ပြိုင် ရစ်ပြိုင်၊ ရေအိုင် ရစ်ပိုက်ရစ်ပိုက်၊တောင်တိုက်ရင်လျှိုရင်လျှို၊ဖြင့်မိုရစ်ပတ်ရစ်ပတ်၊ အရပ်ရပ်ဝန်းကျင်က၊တသွင်သွင်**တခ်ီးခ်ီး**၊စီးကျ**တဖွေ့ဖွေ့**၊ဖွေးလှသောရေထက်၊ဆထက်ထောင်ရာ၊သချိုသချိ၊ ကုမုဒ္ဒမကာ၊ ဖွေးလှသောမေတ္တာရေချမ်း၊ဆွတ်ဖျန်းသွန်းလောင်းလေ့ရှိသော၊ မွေးမိဘခင်၊ကြည်လင်ချိုသာ၊ရပ်ရွှေညာက၊ကြားမှာအပ်သည်သားမောင်။ ။ဗိဘခ‌ေကွ၊ ဗိတ်ဆွေတို့မှာ၊ရကာနှာသုံးပါး၊ ဂုဏ်တော်အားတွင်၊

---

တခ်ီးခ်ီး=အသွယ်သွယ်၊+တဖွေ့ဖွေ့=အစဉ်မပြတ်

သားတို့မေတ္တာ၊ ပဏ္ဏာကြောင့်၊ မနှောင့်အေးဘျွန်း၊ ငြိမ်းချမ်းသာယာကြပေသည်။သားမောင်တို့၏ ရှိရေးမရှိရေးကို ဝေးရပ်ဖြစ်၍သနစ်သနာ၊ ထပ်ကာမကြားရသောကြောင့်၊ နှောင့်ယှက်သောနှလုံးဖြင့်၊ ယူကျုံးမရ၊တသ၍တစေ၊နေရချေသည်။ဘိုးအေဖြစ်သောသူမှာ၊ ခန္ဓာပြောင်းကြွ၊တာတပါးလားရချေပြီ။ဤနည်းတူပင်၊မိခင်ဘများ၊ သားမရောက်ခင်၊သေလွန်လျှင်မူ၊**ဖူးမြင်ချင်**သည့်စိတ်ထား၊ အယူမှား၍၊ လေးပါးသောပါယ်တွင်းကို၊ ဆင်းရမည်အနေသာများချေသည်။ **ချက်မြှုပ်မြေ** ဘွားရပ်ကို၊ မစွန့်အပ်သည်အကြောင်း၊ ဓာတ်ပေါင်းစကားမှာ။ ။ကျေးသား ဘုရားအလောင်းသည်၊ ညွန့်ညောင်းချက်ရှင်၊ မမြင်သော ရေသဖန်း...က်ဆွေးတွင်၊ရှေးကျေးဖုးကိုအောက်မေ့လျက် သက်စွန့်နေလေ...ြား...ဒိကြားမင်းရေစင်ဖျန်းလျှင်၊ ရေသဖန်းငုတ်၊ အညွှန့်ထုတ်လျက်၊ခက်...က်ဖူးဝံ့စည်ပြန်သည့်ထုံးကို၊ နှလုံးစွဲ၍တွတ်၊ မွေးရပ်ကိုမပယ်သင့်ဖြစ်...သည်။သဘောအနေအဓွန်ကို ရစ်ထံပိုစကားဖျှုံးလျှင်၊ **မုသိုးနီးဝေးမဆိုရာ၊ စေတနာသာပမာန်၊ အမျိုးနီးဝေး မဆိုရာ၊ မေတ္တာသာပမာန** ဆိုသကဲ့သို့၊ တချို့လည်းကော်ကြပေသည်ပင်။ပုံဖြင့်တရေးမှာ၊ အဝေးကိုအနီးလုပ်လျှင်၊ နှုတ်ထွက်ကအချိုအသာ၊ စိတ်စက်ကမလိုတမာ၊ နှုတ်ထွက်က အသေအချာ၊ ဝမ်းထဲက**ပလေပဓာ**၊ပမာနှင့်ညီတတ်သည်။ဓာတ်တည်ကြည်ကိုပျောက်၍၊ စိတ်နောက်သို့ လိုက်ပါချေလျှင်၊ ကျက်သရေလည်းယုတ်တတ်သည်၊ စည်းစိမ်လည်း ဆုတ်တတ်သည်၊ အပါယ်မှာလည်းမြုပ်တတ်သည်။အတင်းနှစ်ဆယ်တင်လျှင်ထဲဖြင်မှာကာလနွား၊ခြေကားရေး ပုဆစ် တုပ်တတ်သည်။ ကနဒိ နှစ်စေ့ **ဖမ်းလျှင်၊**

---

ဖူးမြင်ချင်=တွေ့မြင်ချင်
ချက်မြှုပ်မြေ=မွေးဖွားရာအရပ်
ပလေပဓာ (ပေါရာဏ)=ပေါ့ပေါ့ဆဆ
ဖမ်းလျှင်=ကနဒိ၏အစွမ်းက ဖမ်းယူလျှင်=ထိခိုက်ခြင်း



**တစ်စမ်းလုံးထုတ်** တတ်သည်၊ နွားနှစ်ကောင်ကို ဖြိုင်ဖမ်းရောင်းလျှင်၊ တကောင်ဇွေ့ တကောင်ကန်နှင့်၊ မြန်မြန် ပုဆစ်တုပ်တတ်သည်၊ အကြောအခြင်လည်း ပြုတ်တတ်သည်။ **စစ်လျှင်ထွက်တတ်သည်၊ ချစ်လျှင်မက်တတ်သည်၊ ဖြစ်လျှင်ပျက်တတ်သည်၊** ဟူ၍ဆိုထုံးရှိသည်။ သို့ရှိသည်ကိုပင်သိသော်လည်း၊ မိဘစကားမှာ-သကာ၊သားသွီးစကားမှာ-တမာ၊ မိဘစကားမှာ**ပဒေသာ**၊သားသွီးစကားမှာမရေမရာ၊ဆိုဘိသကဲ့သို့ရှိပြန်တတ်ကြသည်။ သို့မရှိအောင် သတိဆောင်၍၊ သားမောင်ကို လာစေချင်သော ဆန္ဒရှိပါသည်။မွေးမိဘမှာ၊အိမ်တွင်လူမြားမြောင်သော်လည်း၊သားမောင်ကိုသာ၊ ကြွင်နာနှစ်သက်၊ စုံမက်သည့်နှလုံးနှင့်ပင်၊ လက်ရုံးတဘက် ပဲ့ တော့ သည် အောက်မေ့၍၊ တသ လျက် ရှိပါ သည့် သားမောင်။

—

၄၂-ဦးသာသနဓောတက-ညီမောင်ရွှေပိုင်းထံ
ပေးသည့် မေတ္တာစာ

ယူဇနာတွက်ခန်း တသန်းနှစ်သိန်း၊ ကြိန်းထောင်သာ၊ လေးရာ့ငါးဆယ်၊ အပြောကျယ်စွာ၊ ထောင်ကြီးကာသော၊ စကြဝဠာအနန္တရေဝယ်၊ လေးတွေသော ဒီပါတို့တန်ဆောင်၊ ရွှေရောင်ငွေရောင်၊ ဖန်ရောင် ဖြသား၊လျှံကြွား **ရွှမ်း**အိလျက်၊ ကျောက်အတိဆိုင်၊ခံ့နိုင်မြဲမြံ၊ ဂုဏ္ဍလ်နာဂ၊ရက္ခရက္ခသာ၊သုရာသုရ၊ဂရုဠအများတို့၊ စံစားမွေ့လျော်၊ ရှင်ပျော်မှီးတည်ရာ၊ ယူဇနာ ရှစ်သောင်းလေးထောင်ရှိသော၊ ဂိရိဇပ်ဝိ၊ မြင့်မိုရ်တောင်မြတ်သည်၊ ဆယ်ရပ်

---

တဝမ်းလုံးထုတ်=တဝမ်းလုံးလျော့တတ်သည်
စစ်=စစ်ညှစ်ခြင်း
ပဒေသာ=မြောက်ကျွန်း၌ပေါက်သောသစ်ပင်=လိုတရသောသစ်ပင်
ရွှမ်း=စိုပြေသည်။
မှတ်ချက်များ (၁) တဝမ်းလုံးရှုးတတ်သည်။ ဦး

ရှိသာ၊ စကြဝဠာပတ်ဝန်းမှ၊ **သွန်းသွန်းသုန်သုန်၊** အဟုန်လျှင်ထန်၊ တိုက်လှန်ချိုးဖျက်တတ်သော၊ လေရဟတ်ချား၊ ယန္တရားမုန်တိုင်းတို့ ခတ်ယှိုင်းချိုးဖျက်ခြားသော်လည်း၊ ခွဲပါးယိမ်းယိုင်ခြင်းမရှိ၊ ပကတိကြံ့ခိုင်၊ တည်နိုင်သည့်ပမာ၊ ရှစ်ဖြာအုံ့ဘွယ်၊ လေးသွယ်ဂန္ထိ၊ ကိုးလီသောရုဏ၊ ဆဲ့တစ်သော အာနိသင်စက်ဖြင့်၊ နှစ်သက်မြွေလျော်ဘွယ်၊ ကျယ်ဝန်းစွာလှသော သာသနအင်္ဂတ်ဝယ်၊ ရစ်ခွေလည်ပတ်၊ ချိုးဖျက်တတ်သော ဆန္ဒတ္တယ၊ ကာမတဏှာ၊ အတ်ရှာနီဝရဏ၊ ဩဃယောဂ၊ အာသဝလေးပါး၊ ယန္တရားလေဟုန်သည်၊ သုန်သုန်ကြီး တိုက်ဖျက်သော်လည်း၊ မပျက်မပြိုနိုင်၊ ခံနိုင်သောသမာဓိ၊ အဓိသီလသိက္ခာ၊ ဉာဏ်ပညာဖြင့်၊ ပါရမီဖြည့်ဖျော်၊ ရာကျော်သက်ရှည်၊ တည်နိုင်သည်သာ ဖြစ်ပါစေသောဟု၊ သဘောကျစိတ်မှန်းလျက်၊ "ဆင်လမ်းမြင်းလမ်း၊ မိုလ်လမ်းရထားထိုက်၊ အလိုက်သင့်အနေ၊ ခရွေ-ခရပတ်၊ အနောတတ်ရေလည်ဟန်၊ သတ္တရဘန်တောင်ဆင့်၊ မြင့်မိုတက်-မြင့်မိုဆုတ်၊ ကုရုဒ္ဒရာ ကြာချပ် စက်သွား၊ အင်းနားကွက်နေ၊ ထောင့်မြေခိုနန်း၊ အခန်းခန်းအဆွဲဆွဲ၊ မည်ရည်များမွဲကြသည်၊ တဆဲ့နှစ်ရပ် အဋ္ဌခုတ်၊ ဘီလာခုတ် ကိုးသွယ်၊ အကျယ်မှာ အနန္တ၊ စမ္ပာနဝကွန်ချာ၊ ကတ္တရာဆက်၊ အကျိုးကူး၊ ဆီဘူးခက် ခြသေ့်ခုန်၊ ဇမ္ဗူထုန် ဇမ္ဗူကျော်၊ နေကျော်လကျော်၊ ကျောက်ပေါ် ရေသွား၊ တဆယ်ရှစ်ပါးခရပတ်၊ မဏိဇောတိရသ်နှစ်ဖြာ၊ ရတနာစာရေးချ၊ စတုရင်နိပါတ်ရှစ်ဖြာ၊ ပဥ္စသာခါမူလ၊ အဋ္ဌသာခါကိုးသွယ်၊ နေကွယ်လခံ၊ ဆိတ်တခံစာတချန်၊ ဂဠုန်တောင်ထောင့်ဖြတ်၊ နဂါးပတ် စက်သွား၊ သိကြားထံဆိပ်၊ သိကြားကျောက်စာတိုင်၊ ပြွတ်ပြိုင်-အင်း၊ ပြွတ်ဆိုင်အင်း၊ နဝင်းသက် တြင်းသက်၊ အာယုခက်မျိုးတဝ၊ အာဋ္ဌာဝကမျက်စောင်းထိုး၊ မိုးမခနေမခံ၊ ပါပန်-သောမန်၊ စာရံနှင့်ဂဏန်းသွင်း၊ မိတ်ကွင်းနှင့် ရန်ကွင်း၊ ပေတ

သွန်းသွန်းသုန်သုန်=သွန်သွန်သုန်သုန်=အသံမြည်စွာဖြင့် တသွင်သွင်တိုက်ခတ်ခြင်း



ကင်းသင်းတပုံ၊ မှော်ရုံကြီးကွန်ချာ၊ ကေသာနောက်လှန်*နံ့ပေါ်နှင့်ခေါက်ပေါ်၊ ဇော်ဂျီလာ၊ နဖူးစာမူလ၊ စာမနှင့်ဘူတ၊ ပေါ်ရိုသာဒ အထွက်အဝင်၊ ရှင်ထီလတ်စက်ပုံ၊ အင်းကွက်စုံ အသေအခွေတွင်၊ ဂဏန်းချေ ဂဏန်းထား၊ အကွာရာသွား-ဂါထာသွား၊" တိုင်းမသိအများကို၊ နှိုထားလေ့လာ၍၊ ဝိဇ္ဇာလေးမျိုးတွင်၊ တန်ခိုးကြီးလှသောဝိဇ္ဇာများတံခွန်၊ ပဒိမဝန်ကောလုံးတန်ဆောင်၊ သူယောင်ကြီးသားအဓိ၊ ဓိပတိပဝရ၊ အတုလဖြစ်သော အင်္ဂဝိဇ္ဇာ၊ ဆရာတပည်၊ ဇော်ဂျီများတို့ထက်၊ ဆထက်ထောင်ရာ၊ တန်ခိုးသာသဖြင့်၊ ကြီးရာခထာ၊ မုချလတ်လတ်၊ ပြီးစေတတ်သော၊ ရေမြတ်သီဘလ၊ ကာရုညတို့၊ ဩဓိသ အဆင့်ဆင့်ဖြင့်၊ အသင့်လောင်းသွန်း၊ ရှိညွှန်းနှင်းအပ်လေ့ ရှိပါသော နောင်ကြီးရာတည်၊ အကြည်တော်ဦးသာသနဇောတက၊ သိန္ဒေဟဝါစာ၊ မေတ္တာစကား၊ မှာကြားလိုက်ပါသည်၊ညီရင်းအသွင်၊မောင်ရင်ရွှေပိုင်း။ ။အလှိုင်းကြီးစွာ၊ ဉာဏ်သမ္ဘာဖြင့်၊ သံသရာဘဝ၊ မဇ္ဈေထုံထို၊ တိုယခင်က၊ သဒ္ဓါညာ၊ ပစ္စေက-သာဝက သူမွန်တို့ထံ၊ ဆုပန်ဆုယူ၊ ကြည်ဖြူခဲ့ဘူးသောကြောင့်၊ ငါးဦးသော ဗုဒ္ဓလတွင်၊ ဖုဒ္ဓါပ္ပါဒခဏ၊ မနုသသတဝ၊ သဒ္ဓမ္မသာဝနာ၊ သဒ္ဓါသဗ္ဗနူ၊ အင်လေးဝ စုံညီပေသည့် အမှုတွင်၊ "ဂရုဘာဝပီယယောဂမေခနီ"၊ အစရှိသော ဝိသုဒ္ဓိမဂ်ကျမ်းထွက်အင်္ဂါ၊ ညီညွတ်စွာသော၊ ဆရာမြတ်ကို၊ ဆည်းကပ်ကိုးကွယ်ရခြင်းတည်းဟူသော၊ ခဏသမယကို၊ ရဖြန်သည်အခါ၊ ကြိုးစား၍ သာသနာ တော်ဝယ်၊ ရွှင်ပျော် စုံမက်၊ အသက်နှင့်အမျှ၊ ကြိုးစား ရအောင်ကို၊ ကြံဆောင် သင့်ပါလှပြီ၊ သို့အရာ

မုချ=သေသေချာချာ

မဆွ (ပေါရာဏ)=ရှေးအခါ

(*) ကေသာနောက်လှန်ဟူသည်ကား၊ အင်းချနည်းအများတို့တွင် ဆံခံအင်းကိုဆိုသည်

မှတ်ချက်များ (၁) ဂရုဘာဝပီယယောဂမေခနီ၊ ဦး ဤ၌ ဂရုဘာဝနိယ-ဟုရှိလျှင် သာ၍ကောင်း၏။

တွင်၊ အခါကိုချင့်လျှင် မရင့်သေး၊ ပညာကိုချင့်လျှင် မပွင့်သေး၊ သညာကို ချင့်လျှင် မမြင့်သေး၊ အသွေး တတ်မှ ထူးမြတ်စွာ တောက်သည်၊ အပြေးတတ်မှ ကူးခပ်ရာ ရောက်သည်။ အတွေး တတ်မှ မှူးမတ်ရာ ရောက်သည်၊ ဟူသော လောကီထုံးကို ရှု လျှင်၊ညီပုတ္တိမှာ၊ငယ်နုသောအချိန်၊သေးသိမ်သောပညာ၊ တဏှာ ကိုလိုက်စားသောအရွယ်ဖြစ်၍၊ မနှစ်သက်အပ်၊ မမြတ်သော အာ ရုံ၊ ကာမဂုဏ်ကို၊ စုံမက်သောအာလယ၊ ဒုက္ခကို သုခ၊ အနိစ္စကို နိစ္စ၊ **ကဏ္ဍလောင်မီး**ကိုရေချမ်း၊ ဘေးတျမ်းကို ဆုလာဘ်၊ သူ သတ်ကို မိတ်ဆွေ၊ တဏှာကို **အဘော်နှီး**၊ အဆိပ်သီးကို **သုခ ဘုတ်၊ မစင်**ထုပ်ကိုနတ်ဩဇာ၊ ထင်တတ်စွာသော အရွယ်ဖြစ်၍၊ မနှစ်လိုအပ်၊မမြတ်သောအာရုံ၊ ကာမဂုဏ်ကို၊ ခင်မင်ငြားသဖြင့်၊ **မှောက်မှား**မည်ကိုစိုးလှပါသည်။ဤကာမလောကခံမှာ၊ ပုထုဇန် တို့လေ့၊ မပြတ်နွေသောအာရုံ၊ ကာမဂုဏ်ရမ္မက်ကို၊ နှစ်သက် ယောင်မှားကြ၍၊သားကလည်း တကွက်ကွက်၊ မယားကလည်း တကျက်ကျက်၊ စီးပွါးကလည်းမတိုးတက်၊ စည်းစိမ်ကို ထား၍၊ အစားမှာလည်း **ပုံမမြက်**၊ မင်းများကလည်း နှိပ်စက်၊ ဒုက္ခကြီး အချက်၊ဘုရားဟောကျမ်းထွက်၊ ဆယ့်တပါးမီးထွက်မှာ၊ အနုဿ ဆင့်ပွါး၍၊ မယားမီးသားမီး၊ စီးပွါးမီး၊ စော်ကားမီး၊ တညီးညီး တပြောင်ပြောင်၊ တောက်လောင်သည့် အရေးကြောင့်၊ မျက် တမှေး လျှပ်တခတ်၊ ရင်တသပ်လက်တခါမျှ၊ ချမ်းသာခွင့်မမြင်၊ ပူပင်ဗိတ် **သောင်းလင်**ဗိတ်၊ ဘဝင်များ ထိတ်အောင်ပဲ၊ မောဟ

**ကဏ္ဍလောင်မီး**=ကဏ္ဍပျက်ခါနီး၌လောင်သောမီး
အဘော်နှီး=ရင်းနှီးသောမိတ်ဆွေ
သုခဘုတ်=နတ်တို့၏အစာ
**မစင်**=ချေး
မှောက်မှား=မှားယွင်းခြင်း
ပုံမမြက်=အရသာမြိုးမြိုးမြက်မြက်မရှိ=မမြိန်ခြင်း
**သောင်းလင်**=ပူလောင်ခြင်း





ဟိတ်တပ်စွဲ၍၊ ဆင်းရဲကြီး တွေ့ကြငြားမချည်း၊ သူ့မယားမျက် လှည့်ကောင်က၊ ပြုံးယောင်နှင့်၊ ရယ်ယောင်ကာ၊ ဗျာပါဒ်ကို ခါတဲ့၍၊ ဆာသလား၊ ပန်းသလား၊ချော့စားမော့စား၍၊ အကြော့ များမြှူတဲ့လျှင်၊ အပူကြီးဘေးပျောက်လို့၊ နတ်ရွာသို့ရောက်သည့် နှယ်၊ **သပေါက်ကြီး**တတွေမှာ၊ သည်အနေနှင့်မြင့်ကြ၍၊ သံသရာ နယ်ကြောမှာ၊ **တပေါ်ပေါ်** ရှိကြသည်ကို၊ မျက်စိအမြင်ပင် ဖြစ် တော့သည်။ရှင်ချစ်မြတ်ဒေသနာ၊ မိန့်တော်မှာလည်း၊ မာယာစေ သာမရိဗိဝ၊ သောကော ရောဂါ ဥပဒ္ဒဝေါ၊ စသောပဒေသဖြင့်၊ သင်မှုတို့ကို မဆိုထားတိဦး၊ အထူးပါရမီ၊ စာဂီကြီးမားသော ဘုရား အလောင်းတော် မြတ်မှ ထုံသော်လည်း၊ တပသ ဇာတ် ဖြစ်စဉ်၊ ရေတွင်မျောလာသော စဏ္ဍကုမာရီ မိန်းမငယ်ကို၊ ကယ် ဆယ်တင်ယူမိသည့်အရာကြောင့်၊ ဈာန်တိညာဉ်ပျက်စီး၍၊ သီလ ကြီးပျက်ရှုံး၊ ပြုန်းရုံသာမက၊ ဒမြတ်ကိုလက်မှာ၊ အသက်သေလု ခါနီးသော၊ ဒုက္ခကြီး နီသန္ဓကို၊ တွေ့ရသည့် တအင်၊ မြင်ခွင် စုံချာ၊ **ကဏ္ဍခရ**လမ်းခေတ်မှာ၊ ညီချစ်ခုနစ်ယောက်တို့ သတ်စား ရာမှ၊ လွတ်ရှားအောင်ယူဝင်၍၊ တဲ့ယှာဉ် ပေါင်းဘော်သည့် အ တွက်ကြောင့်၊ ဒိုးသူပျက်နှင့်စပ်ဘက်၍၊ တောင်တက်မြင့်စွာက၊ အသူတရာနက်သော၊ ချောက်ဝန်းသို့၊ ချတွန်းခံရသော၊ ပဒုမ ဇာတ်တဏ်၊ ချေင်သာယာ၊ **မျူဠ္ဌါ**စကားကို၊ လိုက်စားမိသည့် အမှုကြောင့်၊ မုဒုလက္ခဏာဒေဝီသည်၊လူမပြိုပုံမပေါ်၊ ခေါ်ခေါ်ခိုင်း ခိုင်း၊စေချင်တိုင်း ဆဲချင်တိုင်း၊ လေးငါးလ ကျွန်ပိုင်းမှာ၊ အရိုင်း ရိုင်းပြုပြီးလျှင်၊ အရှက်ကြီး ခွဲလေသည်တသွယ်။ သက်နှစ်ရာရွယ် တိုင်မြောက်၍၊သင်းချိုင်းသို့ရောက်မည်ကို၊ နှစ်ရက်လောက်သာ လိုသော၊ တက္ကသိုလ်ဆရာကြီးအမိသည်၊ကိလေသာ ရမ္မက်ဖြင့်၊

**သပေါက်ကြီး**=ကျွန်တမွေးသောသား
**တပေါ်ပေါ်**=တပေါ်ပေါ်
**ကဏ္ဍခရ**=ခက်ခဲသောလမ်းခရီး
**မျူဠ္ဌါ**=လောကဝတ်=လောကွတ်=ဖေါ်ဖေါ်ရွှေရွှေ

အသက်နှင့်အတူ၊ မွေးမြူသော သားမြတ်ကို၊ သတ်တော့မည်သ တောထားနှင့်၊ သစ်သားရုပ်ကို ချတ်မှားရှာသော၊အသာတဓာတ် ပုံ၊ နှုတ်ခုံသခွေ၊နေကတည်းက စောင့်စည်းမွေးယူကာ၊ချမ်းသာ ကိုခံစေလျက်၊ တကြိမ်မျှ မြစ်တူးကြသော၊ သုရာရဏ္ဍ အလိုကို လိုက်၍၊ ပုဏ္ဏားမိုက်လင်ပေါင်းကို ထောင်းစေတိသော မာနုဗိ ငယ်တဦး၊ သို့ကြိုးတူးသည်ဟူ၊ အထူးထူး အထွေထွေ၊ သချေ အနန္တ၊ ကာမဂုဏ်အာဗိနဝကို၊ ဖြသ ထုတ်ဘော်၍၊ ကာမဘော် ဆန္ဒ၊ မိန်းမတို့ဟူသည်ကို၊ ရေတည်သောမြစ်၊ ကောက်ကျစ် သည်သာ၊ ဖြောင့်ရာ မရှိသကဲ့သို့ရင်း၊ **သစ်ယောင်း**ဆွေးယိကို၊ မီးထိတိုင်းလောင်သည်သာ၊ ရှောင်ရာမရှိသကဲ့သို့ရင်း၊ မာယာ ပေါင်း ၄ဝ၊ ပရိယာယ်တထောင်၊ ဝေရစ်ဆောင်တသောင်း၊ အ ပြောင်းမှာအနန္တ၊ အရွဲ့အရ အသင်္ချေကာမေသု ဝဋ္ဋံမှာ၊ ဘဝဂ္ဂ ဆယ်ဆင့်၊ မြင့်လှသည့်အမျိုး၊ အဝိုးလည်းမရ၊ **စောင်မ**၍လည်း မလုံ၊ မီးပုံကို**သက်ယောင်မှား**သကဲ့သို့၊မယားကိုတွေ့ရှာ၊ကြီးလှ သည့်အဝိဇ္ဇာ၊နွံပိုင်းကြီး**လတာ**မှာ၊မြူလာသည့်စကားနှင့်၊လိုက် မှား၍ သူ့ဘက်ပါလျှင်၊ နွေလာသည့် လေပွေမှာ၊ ရွက်ဝါတိုင်း ကြွေသည့်နှယ်၊ လေးထွေသော အပါယ်တိုသို့၊ စုံသူသာများချေ သည်။အထွေထွေအဝဝ ပုံပြ၍မှာသမျှကို၊ ကြံဆင်ခြင်သတိရ၍၊ သည်လောကပဋ္ဌိပွန်မှာ၊အကြံကြီးအတန်ကြီး ဉာဏ်စက်ကိုခိုမြိုး၊ သီလတည်းဟူသောယာဉ်ကိုစီး၍၊ မဂ်ခရီးသာခုံကာ၊ဖြူရှစ်စုံ ထိုး ကာလျက်၊သဒ္ဓိန္ဒြေစည်ရွမ်း၍၊ မြိုင်နန်းတိုင်ရအောင်၊ ကိုယ်ကြီး ညီ မောင်ရွှေဗိုင်းမှာ၊မဆိုင်းပဲလျင်လျင်၊ရဟန်းဘောင်သူတော်ခွင့်

---

နှုတ်ခုံ=ကိုယ်ဝန်၊ ပဋိသန္ဓေရှိခြင်း
သစ်ယောင်း=သစ်ခြောက်
စောင်မ=စောင့်ရှောက်ခြင်း
သက်ယောင်မှား=ယောင်မှား၍ဆင်းသက်ခြင်း
လတာ=နွံအတိမြင့်ပြီးသောကွင်းပြင်ကြီး



ဝင်စေချင်လှသောကြောင့်၊ အနုဿမဥ္ဇူ၊ဝေပုလ္လတတောင်တန့်၊ ဒေသနာပုံစံဖြင့်၊ ချေငံသာယာ၊ကြားလိုက်သည်၊ ညီမြတ်သင်းဝင်၊ မောင်ရင်ရွှေဗိုင်းဗျား။

---

## ၄၃-ကျည်းကန်ရှင်နဒ္ဓဓေကာ-ပုဂံပဋ္ဌင်းသစ် ဦးအာစရထံ ပေးသည့်မေတ္တာစာ

"အာရောဂျ-ပရမံ-လာဘံ၊သန္တုဋ္ဌိပရမံဓနံ၊ဝိဿာသသောပရ မံဉာတိ၊နိဗ္ဗာနံ ပရမံ သုခံ"။အရင်းခံ၍၊ မိန့်သံဒေသနာ၊ လာသည့် မေမွစက်၊ရွှေနှုတ်ထွက်ကို**ဇစက်**မရှိ၊သိသည့်နှလုံး၊စွဲသုံးထောက်ရှု၊ စတုပါရီ၊သုဋ္ဌိသီလတည်းဟူသော၊ **ကနက်ထီးဖြူ**ကို၊ ဗိုက်ထူကာ မိုး၍၊ ကိုးပါးသောဂုဏ်တော်ပန်းကို၊ လန်းလန်းထိပ်ပြင်၊အမြဲဆင် လျက်၊ သုံးအင်သော လက္ခဏာယာဉ်ကို၊ အစဉ်မယွင်း၊ စီးနှင်း **ထက်ကြပ်**၊မကွာကပ်လျက်၊လေးရပ်သော စတုရာရက္ခတရားကို၊ **စည်းသား** ကွယ်ကာလျက်၊ ထောင့်ငါးရာရန်သူ၊ မပြုမဝင်မည့် အတွက်၊ခြောက်ချက်သော လေသာတံခါးကို၊ ဆီးတားပိတ်ကာ ၍၊မဟာကုသိုလ် ရှစ်ပါးတည်းဟူသော၊ အမတ်ကြီး **တသင်း**ကို၊ အတွင်းမြဲစေ၍၊ ချမ်းမြေ့လှတံ၊အတုမရှိသော၊ ပရိယတ္တိ၊ပဋိပတ္တိ သာသနာတော်တည်းဟူသော၊ နတ်ပြဿ၊အာသာဝတီ၊ နှယ်ဆီ

---

ဇစက်=ဇဝေဇဝါ=ယုံမှားသံသယ
ကနက်ထီးဖြူ=ကနက္ကဒဏ်ထီးဖြူ
ထက်ကြပ် (ပေါရာဏ)=အမြဲမကွာ
စည်းသား=မျဉ်းကြောင်းရေးဆွဲလျက်ပိုင်းခြား၍
တသင်း=တစု

မူကွဲများ (၁) ဝေဘူဿလတောင်တန်း။ ဦး-(မှားသည်)။အမှန်ကား "ဝေပုလ္လတတောင်တန်"ဟူလို၊

ချိုမြက်ကို၊ တသက်ပန်လုံး၊ **ဘုဉ်းပေးတော်** မူနိုင်ပါစေသောဟု၊ အနုဝတတ်ဆဒ္ဒန်၊ မဏ္ဍာကိနို၊ ဘုန်းရှိသောရေအိုင်၊ ရေအပိုင်တို့၌၊ ပွင့်ရိုင်ငွါးငွါး၊ ဝတ်ဆံကားလျက်၊ ငါးမည်သော ပွင့်ချပ်ဝတ်မှုံ၊ ပဒုမ္မာဝတ် ညွှာကတ်တွင်၊ အောက်နှင့် အထက်၊ သက်ချည်ဆင်းချည်၊ ဗရပတ်လည်အကြိမ်ကြိမ်၊ စိန်ရဂိန် ဖွဲ့ရ ရွှဲ၊ ဝတ်ပန်းရည်ဗိုရွှဲအောင်၊ တွဲရ ရွှဲလျော့ကျသောဝတ်ရည်ပေါက်ဗျမကာ၊ ဖေးလှသော မေတ္တာရေချမ်း၊ ဆွတ်ဖျန်းသွန်းလောင်းလေ့ရှိပါသော၊ ရှင်နန္ဒမေ၊ ချမ်းမြသောမေတ္တာစကား၊ ကြားရောက်လိုက်ပါသည်၊ သောတဖနေ ပုဂ္ဂိုလ်ဦးအာစရ။ ။မေတ္တာထပ်သွင်း၊ သတင်းကြားရောက်ရန်မှာ၊ သုနာပရန်၊ တမ္ဗဒီပ၊ ကမ္ဗောဇနှင့်၊ တိုင်းမထိပ်ဖွေ၊ ကျက်သရေ ရွှန်းဝါ၊ မင်္ဂလာထွန်းဝင်း၊ ရွှေတွင်းငွေတွင်း၊ ပယင်းတွင်းမြတွင်း၊ ဖန်တွင်းမှန်တွင်း၊ ပုလဲတွင်းပတ္တမြားတွင်း၊ နီလာရတနာ၊ တွင်းတကာတို့၏သခင်၊ အသျှင် ဇကရာဇ်ရွှေဘုန်းတော်ကြောင့်၊ "ဝိနယေ ဌိတေ သာသနံ ထံ၊"ပါဠိ၊ လာရှိသည်နှင့် အညီ၊ ဝိနည်းဝိရုကတ်ကို **ကြွေ**စီမန္တိုးဆော်တော်မူ၍၊ သာသနာစည်ပင်ထွန်းဝင်း၊ ပွင့်လင်းပေသည်။ ဉာဏ်နေချင်းမမျှခဲ့၊ အားနွဲ့သောပုဂ္ဂိုလ်တို့မှာ၊ ဂုဏ်ရှိနှင့်ခြစ်၊ သကတ်နှင့် မချုံ၍၊ မိန်းမများလည်း၊ ယောကျ်ားပီစေဆိုသကဲ့သို့ရှင်း၊ လသာသာကိုအင်္ကျီဖြူကလေးနှင့်၊ မည်းမည်းဆိုသကဲ့သို့ရှင်းရှိကြ၍၊ ဆန္ဒရောက်သည့်စာ၊ စိတ်ညစ်အောင်စက်ရာတွင်၊ ကျက်ရန်တလိုက်၊ ဝိနည်းဆိုက်သောကြောင့်၊ **ကျိုက်သိုး** ထုရာတွင်၊ **တောင်ငှနာ** မှောင့်သည်၊ နူရာတွင်ဝဲကွဲသည်၊ လဲရာတွင် ခြစ်ခုံနှင့်ဆောင့်မိသည်၊ ဆိုသကဲ့သို့ရှိကြ၍၊ ဝိနည်းကိုလည်းမရ၊ သင်ကြသည့်စကား၏ အလိုကိုမပြီး၊ **ထီးတင်ပွဲကိုလည်း မမြိ**

ဘုဉ်းပေး=စားသောက်ခြင်း

ငွါးငွါး=ပွင့်ပွင့်လန်းလန်း

ကြိမ်=အထူးသဖြင့်ကြီးကြပ်စောင့်ရှောက်၍=အုပ်ချုပ်၍

ကျိုက်သိုး=ရောဂါနာမည်တမျိုး (အဖုအပိမ့်ထွက်သောရောဂါ)

တောင်ငှနာ=ရောဂါ၏ နာမည် (ဝဲတမျိုး)



**အဘွားကြီးကိုလည်းမတွေ့ရ**၊ ဆိုသကဲ့သို့ဖြစ်ကြချေသည်။ ဆရာတို့မှာ၊ သာသနာတော်ထွန်းဝင်း၊ ပွင့်လင်းလေအောင်သည့် ဉာဏ်အခံရှိသည်နှင့်အညီ၊ မဟာပထဝီထဲသဲတိုင်အောင်ဒုပ်ဆိုသကဲ့သို့ရှိစေချင်ပါသည်၊ အချို့သခင်၊ စာသင်များလည်း၊ ငါ့သားလှသည့်ရာ၊ **တုံးတင်မှာဆိုသကဲ့သို့ရှင်း၊ ဗိုးသာကုန်၍ မောင်ပုံစောင်းမတတ်** ဆိုသကဲ့သို့ရှင်း၊ ငွေသာကုန်၍ **မြုံ စီစီ** ဆိုသကဲ့သို့ရှင်း ဖြစ်၍၊ ဘုန်းကြီးမဏီလို*ဂုဏ်သာရှိသည်၊ ထိပ်ကွက်လောက်မျှမပြောင်ဆိုသကဲ့ရှင်း ရှိတတ်ချေသည်။ ဆရာတို့မှာ၊ ဆင့်စာ ကျက်စာ၊ နှစ်ဖြာကိုပင်၊ မြင်လင့်ကစား၊ လက်တက်တောင်ကိုတက်လျှောင်၊ ခွားအော်သည် ဆိုသကဲ့သို့ရှင်း၊ လင်လိုတုန်းကို နားပဲ့သည်ဆိုသကဲ့သို့ရှင်း ရှိတော့မည်မဟုတ်၊ သို့ဖြစ်၍၊ **မိုးကိုသင့်ချောင်မျိုးရင့်သည်** ဆိုသကဲ့သို့ရှင်း၊ **မက်ဒေါ့သုနှင့်လင်းသည်** ဆိုသကဲ့သို့ရှင်း၊ မီးမှာပျံပေ၏၊ ယမ်းမကုန်ဆိုသကဲ့သို့ရှင်းမရှိရအောင်လသာဒိုက်ကို ဗိုင်းဝင့်လိုက်သည် ဆိုသကဲ့သို့ရှင်း၊ သာသနာတော်နှင့်ဆရာတော်ထင်ရှားရှိခိုက်တွင်၊ နှစ်ခြိုက်လှစွာ၊ ဝါသနာနှင့်တကွ၊ လှူလိုတော်မူပါ၊ ပေါင်းရောကျွမ်းဝင် ဆွေခင်ပွန်း အချို့ **ဓလေ့** လည်း၊ တရှေ့လုံးနမ်းသို့မှ လူစော်မနံ၊ သည်လူနှင့်ဖြားလျှောင်၊ ဝပိဖုတ်ပျက်ချိုသွေး၊ ရွှေရေးပန်းကန်သို့ တက်သည်ဆိုသကဲ့သို့ ဖြစ်တတ်ချေသည်။ လောကဓမ္မ၊ နှစ်ဝနှစ်ဖြာ၊ အရာရာမျိုးကိုခွဲ၍၊ သဗ္ဗကာရ

တုံးတင်=ခြံပေါက်ဝတွင် တံခါးသဘွယ် တုတ်များဖြင့် လျှိုသွင်း ထားသော အတန်း

မြုံစီစီ=ပွင့်ပွင့်လင်းလင်းမရှိခြင်း၊ အရာမရောက်ခြင်း

မက်လုလု=အိပ်မက်ခါနီး၊ အိပ်မက်တော့မည်ဆဲဆဲ

ဓလေ့=အကျင့်

*ဘုန်းကြီးမဏီလို ဟူသည်ကား-ဘုန်းကြီး၏ ခေါင်းဟူလို- ခေါင်းကို မဏီခေါ်သည်။

တရားကိုညှိလျက်၊ သဝိကို မြှဲမြံစေချင်လှ၍၊ မေတ္တာရေမောင်း၊ သွန်းလောင်းဆက်ကပ်သည့် ဦးအာစရ။

---

## ၄၄-ပုဂံဦးပဉ္စင်းသစ်-ဦးအာစရက ကျည်းကန်ဆရာ ရှင်နန္ဒမေဓာအား ပြန်ပေးလိုက်သည့် မေတ္တာစာ

ပုဗ္ဗေဝသန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ၊ အစဖြာလျက်၊ ဂါထာဗိန္ဒုခွန်း၊ ဗျာဒိတ်တော်တမ်းနှင့် အညီ၊ အတ္တကျွာယီ၊ ပိယမိတ္တ၊ **သဟာယစစ်**၊ ဖြစ်ပေသော သာမဏေရ၊ ရှင်နန္ဒမေဓာ၏ ဇာတိရန္တုတ္တ ဋ္ဌယသညာနဝယ်၊ ငြိတွယ်ယှက်ပူး၊ တကူးကူးတသန်းသန်း၊ **တမြန်းမြန်း**တဖြောက်ဖြောက်၊ လှုပ်ချောက်ဆိုးတန့်၊ ကန့်ကွက်နှိပ်စက်တတ်သော ဥပဒ်ဘေးဒဏ်၊ အန္တရာယ် တည်းဟူသော၊ ဘီလူး**သဘက်၊ ရက္ခိုက်**တစ္ဆေ၊ **မြေဘုတ်တောသူ**အမျိုး၊ နှတ်ဆိုး နှတ်ပူက်၊ ရက်ရော ကြမ်းကြုတ် လှသော၊ ရန်ဆူးရန်ငြောင့် အပေါင်းအရုတ်ကို၊ တရ မကြွင်း-မကျန်၊ လျင်မြန်စွာ **တိုက်ကနိုက်**၊ တဂိုက်ခိုက် တဖျတ်ဖျတ်၊ ဆတ်ဆတ် တုန်လျက်၊ တသုန်သုန် လျှိုးပုန်း၊ **တရှုန်းရှုန်း**ပြေးဆင်းစေတတ်သော၊ မြသန့်စင်ကြွယ်၊ ကြီးကျယ်ဝှန်တက်၊ ထက်မြက်**ရှိန်စော်**၊ အာနုဘော်





နက်လေး၊ ငြိမ်းဇူး ချမ်းမြေ့ လှသော တန်ခိုးနှင့် ပြည့်စုံစွာ၊ ဥါ ဩြောင်း မပါစေရ ပွ-**သွားဟ**-သွားဟုန် မတာပ်၊ ချဉ်းကပ်-ခွါကွာ၊ ဆရာမလို၊ နဂိုမှန်-ဖြိုးဖိုးလှသောသတ္တိကြောင့်၊ သိဒ္ဓိတကာ ခေါင်ချုပ်ပြုသော၊ ဟောတုကြီးသာတွင်၊ ဝိကတိ သဘောအနေ၊ အဝေရော၊ အဗျာပဇ္ဇော၊ အနီဃောဟု၊ ကဏ္ဍားသုံးချက်၊ ဆက်ကာဆက်ကာရှိသည့်နှင့်၊ ပကတိကဏ္ဍားမှန်စွာ၊ သာမဏေရ ဟူသော၊ ဝိသေသျဝယ်၊ အဓ္ဓတ္တနာမ၊ စုချ လက္ခဏာ အမှန်၊ "နန္ဒမေဓနာမကော" ဟူသော သညာဝိသိသ် အထူးကို၊ ရှေးဦးစွာမူလ၊ ပဓာနပြု၍၊ "နန္ဒမေဓနာမကော၊ သာမဏေရော၊ အဝေရော အဗျာပဇ္ဇော အနီဃော ဟောတု"၊ ဟူသော မန္တန်များ ထိုးမန္တရားကြီးကို၊ **ရိုက်ကြည်းကြော်သောင်း၊ ပွဲတင်**ခြောင်းမျှ မညောင်းမညာ၊ ထပ်ကာထပ်ကာ၊ အကြိမ်ကြိမ်အခါခါ၊ **တဖွာ ဖွာရွတ်စုတ်၊** မန်းမှုတ်သရဇ္ဈာယ်ခြင်းနှင့် တကွ၊ ဇမ္ဗူပွါဒနဝမ ခေတ်တည်းဟူသော အတိဒုလ္လဘ၊ မဟာနဂရမြို့ကြီး၏ အလယ်၌၊ ဖြူးသွယ်မြင့်ခေါင်၊ အရောင်တထိန်ထိန်၊ တရှိန်ရှိန် တလက်လက်၊ ဖြိုးဖြိုးပြက် ဝင်းညီသော၊ အဓိသီလသိက္ခာသာဓိဝ တည်းဟူသော၊ ရတနာတံတိုင်းတွင်းသို့၊ သန့်ရှင်းရောင်ရွှင်၊ ဖြူစင်ညံ့နုံ စဝုပါရိသုဒ္ဓိ တည်းဟူသော၊ ဒုဋ္ဌမြူ ပုဆိုးသစ်ကို၊ **ကျစ်လျစ်** သေချာ၊ မြဲမြံစွာ ဝတ်**ဆင်ယင်**၍၊ လေးအင်သော မြဲပွဲဝိုရ၊ သဖွဲ့သာရက၊ **သျှို**မန္တန်ကို၊ အဘန်ဘန် မှုတ်မန်း၍၊ လက်ပန်း

ပေါက် ခတ်ကာခတ်ကာ ဝင်ပြီးလျှင်၊ ပင်ကြီး ပင်မြင့်တကာတို့ ထိပ်ဆင့်၊ အမြင့်တွင်အဆုံးမရှိ၊ ပရိယတ် ပဋိပတ် တည်းဟူသော၊ ပဒေသာ နှစ်ပင်တိုင် ရိပ်မြုံဝယ်၊ ခွစုံကြီးသုံးချက်၌၊ ခက်မငါးခု ဖြာရရာ၊ ရွက်ညွှာပွင့်ထုံ ကိုးသွယ်စီရရှိ၊ ဂုဏ်ဇဗလာ၊ ရသာအနှစ်၊ ရှစ်သောင်းလေးထောင်၊ သုဒ္ဓါမိသုဒ္ဓါ၊ ချိုမြိန်လှသောဩဇာသီးကို၊ အလို ရှိတိုင်း ကိုင်းလှအောင် ဝလှအောင်၊ **ထေးလှအောင်၊** ဘုဉ်းပေးပြီးလျှင်၊ ရင်သွေးရင်သား တည်းဟူသော ပညာရှင်နို့ကို၊ ဗိုဓိ့ချင်သူ သောက်ချင်သူ၊ မြီးချင်သူ၊ သောတုဇန အပေါင်းတို့အား၊ ဆန်းပြားလှစွာသော ပညာတရားထူး၊ ကွန့်မြူးတပြောင်ပြောင်၊ အရောင်တဖိတ်ဖိတ်တောက်လစ်သော ဇမ္ဗူရစ်ရွှေစင်ခွက်နှစ်လုံးကို၊ မဖုံးမဆင့်၊ အမြင့် အနိမ့် မြန့်ချီလျက်၊ သတိပိဋိယ တည်းဟူသော နို့သီးနှစ်မြွာကို၊ သဒ္ဓါတည်းသော လက်သွယ် မြူးနှစ်စုံနှင့်၊ ညွှစ်ကာညှစ်ကာချ၍၊ ဝလှအောင်၊ ထေးလှအောင်၊ တိုက်ကျွေးတသဲသဲ၊ ပွဲကြီးသဘင် ခံသည့်ကို သာလျှင်၊ မြန်စွာ မြင်ရပါလိုသောဟု၊ ဓိသောသပဏ္ဏာ အာသိသဆုမြတ်ကို၊ မပြတ် တောင်းယူလေ့ရှိပါသော ဦးအာစာရဏ္ဍ၊ မြွက်ဟချိုသာ၊ မေတ္တာစကား၊ မြန်ကြားလိုက်သည့် ရှင်နန္ဒမေဓ။ ။ချိုမြမျှံ့ရှား၊ ကြားရောက်ပေသည့်စကားရပ်များမှာ၊ တသိလ တဒ္ဓမ္မ တသာရကာရီ၊ အဏ္ဏကွာယ် ဘယဒသာဝီ၊ ဝီယပဝ်သိ၊ ပြီလှအောင် ပေးသည်မယွင်း၊ အကြောင်းရင်း အကျိုးဆက်တို့ကို၊ တက်သက်ဖြန်လှန်၍၊ ဉာဏ်စွမ်း ပညာဖြင့်၊ ကာလခေတ်ကို မြော်လျက်၊ တော်ရာလျော်ရာ၊ ပေါ်ကာထုတ်ကာ၊ ပမာပုံ ချင့်သား၊ ကာလသား၊ ကာလနား၊ ကာလမှုများနှင့်မှာ၊ **ပုတ်ကို လေးနှင့်ပစ်သည် ဆိုသကဲ့သို့ရင်း၊ ခွေးကျိုးကို ရည်၍ ရိုက်သည် ဆိုသကဲ့သို့ရင်း၊**

---

ထေးလှအောင်=ရေထေး=အများကြီး

မြန့်ချီ=ဝေလျက်

မြူရှား=မွှေးကြိုင်ခြင်း

မှုက်=စပါးထည့်သောတောင်းကြီးတမျိုး



တိုင်း၍ ယက်သည့်-**ပဏ္ဏလာ**၊ မိုးရွာသည့်နှင့် မှာ၍ ထားသည့် နှယ်၊ အလားသင့် ဆိုသကဲ့သို့ရင်း၊ မယွင်းမချွတ်၊ ညီညွတ်သင့် မြတ်လှပေသည်။ အပြည့်ပြည့်ထောင်နှင့် တကွ၊ အမရပူရ ရွှေမြို့ တော်ကြီး၊ ရွှေထီးရွှေနန်းကို အစိုးရတော်မူသော၊ သုခမ္မရာဇာ၊ တရားမင်းမြတ် ရွှေလက်ထက်တော်တွင်၊ ကောင်းကင်ဝယ် နေလ၊ ထွန်းပသကဲ့သို့၊ ဘုရားသာသနာတော်ကို၊ ထွန်းပေါ်ပြောင် ဝင်း၊ သန့်ရှင်း စင်ကြယ် စေချင်လှ၍၊ သမ္မာဝါယာမ မဂ္ဂင်ဖြင့်၊ စောင်မလုံးပမ်း၊ တိုက်တွန်း နှိုးဆော်တော်မူသည့်မှာ၊ နေ့စကြာ ဝယ်၊ ဒေါင်းကိုရအောင် ဘမ်းသည် ဆိုသကဲ့ရင်း၊ လဝယ်ယုန် ကို ပေးရမည် ဆိုသကဲ့သို့ရင်း၊ **သဲလွန်စ**ကို ဖြရမည်ဆိုသကဲ့သို့ ရင်း မဟုတ်ပေ။ ဂုဏ်မာန်ခြိမ်၊ သကတ်နှင့်မခြား၊ ပညာအား **ပါး လျှလျှ**၊ ပိန်းမများလည်း ယောကျ်ားမဖြီမသာ၊ လရောင်လင်းလျက်၊ အဝဲချိမဖြိုသော်လည်းစိတ် ရွှင်ရွှင်၊ ဝတ်ထည်ပင်ရတ်သော်လည်း သည့်တပွဲ နွှဲလိုက်မည် ဆိုသကဲ့သို့ရင်း၊ သတိ တည်းဟူသော ဆိုကြည့်ကို၊ ဝီရိယတည်းဟူသော မဏ္ဍန်ဖြင့်စုတ်နှိုး၍၊ ဂျိုက်သိုး နွားနှာ၊ ဝဲနာပေါင်းများကို၊ လားလားပင်မပျောက် သော်လည်း၊ တွေ့ခြောက်ခြောက် ခပ်ပြောင်ပြောင်၊ တောင်ဝှေ့နှာဝဲသစ်၊ ခြစ်ခုံ ဆောင့်နှောက်ထပ်၊ အနှာရပ် တို့ကိုသာ၊ ပူဆာ **လော်လီ** ကိုက်ခဲ ယားယံခြင်း မရှိရအောင်၊ နိဗ္ဗ တင္ဆေ့ဆေ့၊ **တစေ့စေ့** လိမ်းကျံ လျက်၊ အဘွားကြီး လက်ကို၊ နှစ်ဘက်စုံဆွဲ၍၊ ထီးတင်ပွဲကြီး အနီးသို့ မရောက်နိုင် သေးသော်လည်း၊ အဝေးက မျှော်လိုက်ရ အောင်၊ ကြိုးဆောင်သင့်သော ကိုယ်ရေးနှင့် ကြုံပါလျက်၊ သက်လုံ

---

ပဏ္ဏလာ=နိုးခရ မစွတ်အောင် ခေါင်းမှ ကျောအထိ လုံအောင်ဆောင်းသော ခမောက်တမျိုး

သဲလွန်စ=သဲဖြင့်ပြုလုပ်ထားသောကြိုး(မဟောသဓဇာတ်ကြည့်)

ပါးလျှလျှ=သေးသေးသွယ်သွယ်

လော်လီ=ပေါက်ပြန်ခြင်း

တစေ့စေ့=ဘာဘိဘိ=တဖြည်းဖြည်း

မကောင်းနိုင် ရှိကိုက်လည်း ရှိကြလိမ့်မည်ပင်၊ ကျွမ်းဝင်မေတ္တာ၊ ကလျာထောစစ်၊ ဖြစ်သည်နှင့်လျော်စွာ၊ မဟာပထဝီအထဲ၊ သဲတိုင်အောင် ငုပ်စေချင်ကြောင်း၊ ထပ်လောင်း၍၊ ကြားမှာလိုက် ပေသည်။ ကျားလာလျှင် ကိုက်ပြီဆိုသကဲ့သို့ရင်း၊ ချိုသာလျှင်ဖြိုက်သည် ဆိုသကဲ့သို့ရင်း၊ ပျိုလာလျှင်နိုက်ပြီ ဆိုသကဲ့သို့ရင်း၊ နဂိုမူလ၊ စွဲရင်းကပင်၊ ဘက်မိများရောက်မှ၊ ငါလျှော့တော့မည်။ ငုပ်မိသဲဆုပ်မိမှ လာတော့မည် ကြံဆောင်ပြီး ဖြစ်၍၊ **လက်တီးပြင်ဆောင်**ကကျူး၍၊ အိမ်မှူးလိုရာ၊ ခန်းတိုက်သို့ဝင်ပြီးလျှင်၊ မကိုနှင့် ထိပ်ကွက်၊ တလက်လက် ပြောင်ခြင်း ပြောင်သော်လည်း၊ အရောင်ချင်း– မနှုန်းရအောင် ထွန်းပစေတတ်သော ဂုဏ်ဖြင့်၊ပိုးကုန်နှင့်ခေါင်မတ်၊ ငွေကုန်နှင့်မမှုချပ်၊ ဆိုက်မှ ဖြတ်သည့်နှယ်၊ အတိုးပစပ်နှင့်၊မုတ်လက်ခတ် ဘန်တတ်သလို ရှိအောင်၊ သတိစွဲလျက်၊ အရဲကိုလို၍ ကြိုးစားသည်ပင်၊ သို့ရာတွင်မူ၊ သွားချေးထူရာတွင်၊ ပိန်းဥစားမြန်သည် ဆိုသကဲ့သို့ရင်း၊ စိတ္တေ သိကိုမှ မကြံနိုင်ခင်က၊ ပုဏ္ဏာကိုမေးမြန်သည် ဆိုသကဲ့သို့ရင်း၊ **မောက်လှု**နှစ်ရနှင့်၊ မင်းဆုကို တောင်းရမည် ဆိုသကဲ့သို့ရင်း၊ မင်းမှာလုပ်ချင်၏။ **တင်းကုပ်မှာ** အချုပ်မခံဝံ့ ခံဝံ့ ဆိုသကဲ့သို့ရင်း၊ ပဲဟင်းကိုရှုပ်ချင်၏။ နွတ်ခမ်းမွေးကို အနွတ်မခံဝံ့ ခံဝံ့ ဆိုသကဲ့သို့ရင်း၊ မှိုနှင့်မျှစ်ကို နုတ်ချင်၏၊ **ကျဉ်တုပ်**မခံဝံ့ ခံဝံ့* ဆိုသကဲ့သို့ရင်း၊

---

လက်တီးပြင်ဆောင်=အိမ်၏ အပြင်ဘက် အဆောင်ဖြစ်သော အဖီ အဆွယ်ဆောင်

မောက်လှု=မောက်ရှု=ရှေးမြန်မာစစ်သူကြီးများဆောင်းသောစစ်ဦးထုပ်

တင်းကုပ်=တဲ

ရှုပ်=အသံမြည်အောင် သောက်ခြင်း (ပါးစပ်ဖြင့်ရှင်း၊ နှာခေါင်းဖြင့်ရှင်း သောက်ခြင်း နမ်းခြင်းတို့မှ ထွက်ပေါ်သောအသံ)

ကျဉ်တုပ်=ခါကျဉ်တုပ်ခြင်း=ပရွက်ဆိပ်ကြီးတမျိုးကိုက်ခြင်း

မှတ်ချက်များ (*) ကျဉ်တုပ်မခံဝံ့ဟူသည်ကား၊ ကျဉ်ကောင်ခေါ်ပရွက်ဆိပ်မျိုးတည်း



သကတ်နှင့် ခြမ်ကို ဈောက်ပတ်တော် မျှသူဖြစ်၍၊ တတော့တော့ ဆောင်ရွက်လျှင်၊ မကြောင့်မကြ၊ အင်တန်အောင်ရဲ၏ဟု၊အာကာလူလုပ်သော်လည်း၊စာမြွှော်မြွှော် **နစ်နော**ကောင်းအောင်၊ဆောင်ရွက်ရမည့် အရေးကို၊ တွေးသည်နှင့်၊ တောသည်နှင့်၊ အခွင့်မတော်နိုင် ရှိသည့် ကာလလည်း ရှိချေသည်ပင်။ သို့ဖြစ်၍သာ–မောင်ကြီးငြိမ်းရမည့် အရေးကို၊ မောင်တွေးတောင့်တ၍ လာတိသည်ဆိုသကဲ့သို့ရင်း၊ ယုန်တို့ကို ချုံကြောင့်ကြ၍၊ ကာပေးသည် ဆိုသကဲ့သို့ရင်း၊ နှမတို့ကို–မောင်စောင်မ၍၊ မှာပေးသည်ဆိုသကဲ့သို့ရင်း၊ အချစ်တည်းဟူသော မေတ္တာတွင်၊ အကြွင်နာမိုး၍၊ အကျိုးလိုလှသည်နှင့် အရော်၊ မအော်တတ်သည့်နွား ၁၊ နားရွက်နားပေါက်၊ မပဲ့ မတို မိုးကို မငဲ့ကွက်၊ အိပ်မက် ဖြည့်ဖြည့်စုံ၊ ယမ်းကုန်အောင် တက်စေချင်လှ သော်လည်း၊ အကြောင်းချည်းကောင်းရမည် အခါများနှင့်၊ ထပ်ဝါး၍ ကြားမှာလိုက်သည် အချက်ကို၊ နားနစ်ဘက်ဝယ်၊ သွယ်ရရွယ် ယှက်သန်း၍၊ နတ်ပန်းကဏ္ဍရကဲ့သို့၊ ခုတင်ရ ပန်ဆင်ရပေသည် အချက်ကြောင့်၊ သည့်လက်ဘက်တောင်နှင့် သည်နွား၊ နားရွက်ပင် တိုတို၊ ချိုများပင်ပုပ်ပုပ်၊ ခွါများပင်ပြုတ်ပြုတ်၊ ကုတ်မိရာ ကုတ်ပြီးလျှင်၊ သုတ်သုတ်ပါအောင်၊ တက်သွားပြီး၍၊ သည်အနာနှင့် သည်ဆေး၊ သင့်ရေးနှင့်ကြုံကြိုက်က၊ ဖြည့်ကိုက်ပန်းနှာ၊ လိပ်ပြာပင် စဉ်စဉ်၊ ကျောင်ကျောင်ထုံထုံ၊ ထူထှအောင်ရုံပြီးမှ၊ တည့်လှအောင်၊ မတ်လှအောင် ယှက်တွဲ၍၊ မိုးကျကိုလဲ လင့်မနေ၊အကြေအညာလျှောဖင့်၊ ရသင့်သဲ့ရေကို သိမ်းလျက်၊ ခဲသိမ်းသော ကန်ကျယ် ချောင်းမ၍၊ ရှိသမျှ ရေအပေါင်းကို၊ မြောင်း**ကတွတ်** ဘောက်ထွဲပြီးမှ၊ **ခနွဲ့**ဆင့်ကာဆင့်ကာ၊ ထိုးကာပက်ကာနှင့် သွင်းပြီးလျှင်၊ မျိုးပင် မနု

---

နစ်နော (ပါဠိရာဇာ)=အစအဆုံး နှိုင်းရှဉ် စဉ်းစားကြည့်ခြင်း

ကတွတ်=လယ်ကန်သင်းမှ ရေထွက်သော အပေါက်

ခနွဲ့=ရေခပ်သော ရေမောင်းတမျိုး

မှတ်ချက်များ (၁) မအော်တတ်သည့်ကလေးပျောက်နွား။ ဦး

မရှင့်၊သင့်လှသည့်အချိန်ကိုနှုတ်၍၊ လက်ချပ်သံတဖြောက်ဖြောက်နှင့်၊ ကောက်ဗိုက်ချင်း ယှဉ်ယှဉ်ကို၊ ကြီးစဉ်ငယ်လိုက်၊ ဆိုကာဆိုကာ ဗိုက်ပြီးမှ၊ နံနက်ထ အရှက်မလင်းခင်၊ မင်္ဂလာ အိပ်မက်ကို၊ ဖြက်ဖြက်ကြီးသိသာအောင်၊ ကြာကြာကြီးမက်လိုက်၍၊ မျိတ်ဆက်သေချာစွာနှင့်၊ ငြိမ်းသာနိုင်စေ၊ ကြည့်သူမမြင်ပလေပလွေနှင့်ယမ်းသံ၊ ဝါကရသံ၊ တရပူဆန်ကြအောင်၊ မြန်မြန်ကြီးအဟုန်နှင့်၊ ယမ်းကုန် ပျံသည့်ထက်၊ ဘဝင်သို့ ပျံသည့်ပြင်၊ တိမ်ထဲသို့ဝင်ပြီးမှ၊ ငြိမ်းပေါ်မှာ တင်သည့်နှယ်၊ တည့်လှအောင်၊ မတ်လှအောင် ကျလိုက်၍၊ လသာသာ-လွင်တီးခေါင်မှာ၊ တပြောင်ပြောင်တခွဲ့ခွဲ့၊ အတုမဲ့ချည်း ကောင်းရအောင်၊ ပိုင်းဆ၍ အမြင့်အနိမ့်အနေ၊လေကြေလည္ာ၊ ဆယ်မျက်နှာလုံး၊မဖုံးနိုင် မဖိနိုင်၊ တကြိုင်ကြိုင် မွှေးပျံ့သော၊ ကျေးဇူးပညာ၊ ရတနာ ပန်းမြတ်ကိုပန်လျက်၊ ရွှေရေးပန်းကန်၊ နီဗင်္ဂံစစ်မှာ၊ မတင်ပဲတက်သလို အမှန်၊ အကြောင်းရင်း သန့်လျက်၊ အထင်ခံသိုက်သည့်။ အမြိုက်လည်း ရွှဲ၊ အဆိမ့်ကြီး ဖြစ်ရအောင်၊ ရည်ဆောင်မိသည့်နှင့်၊သတိမြို့ကြီးကို အပြီးမသတ်သော်လည်း၊ တည်ထောင်စပြုရပေသည်။ သို့ရာတွင်၊ ရွှေနန်းသခင်၊ ဘုရင်အထွတ်၊ လောကနတ်မှာ၊ ဒွါရဝတီမြို့လည်း၊ရွှေလက်တော်သို့ရောက်လုဆဲ၊ဂန္ဓာလရာဇ်တိုင်းကိုလည်း၊ ဗိုက်သိုင်း သိမ်းယူဆဲ၊ ပဒိုကြွယားမြို့နှင့်၊ အဏ္ဏပတ်အစွန်တော်ဝင် ကျေးလက် မြို့ရွာများလည်း၊ သာသနာ တော်ကိုကြည်ညို လှသောကြောင့်၊ တည်ထောင် ပြုစုလိုသော အာသာတော်စိတ်လည်း၊ ပြေးဆဲဖြစ်ဆဲ၊ အတတ်ကောင်းကို တတ်လျှင်၊ စည့်ကိုလွှယ်၍ တီးရသည် ဆိုသကဲ့သို့ရှင်း၊ ဒေါင်းခြေရာမှာ၊ စာသူငယ်လှမ်းလျှင်၊ ပင်ပန်းသည် ဆိုသကဲ့သို့ရှင်း၊ မြို့စရာမရှိခိုက်ကို၊ ချစ်တိတိုး၍ချမ်းသည် ဆိုသကဲ့သို့ရှင်း၊ရွှေစာရေး ဝဲကြီးလေသည့်အရာကို၊ ငါ့ကျောင်းမှာ ဘယ်အတွက်မရှိ ဆိုသကဲ့သို့ရှင်း၊ ဥဒေါင်းက နှစ်သက်ပါသည်ကို၊ ကြက်-ကတော်သည်ဆိုသကဲ့

---

နီဗလံ=ရွှေတချိုး (အညွှံ့ဆုံးရွှေ)



သို့ရှင်း၊ ကြောင့်ကြမဲ့အရာမှန်းသိလျက်၊ ဝိတက်သောက၊ ဒွိဟရှိခိုက်၊ ကြိုကြိုက်သည့်နှင့်အညီ၊ ပိုးရိမ်အခါ၊ ကြောင့်ကြအသွယ်သွယ်၊ ရယ်စရာ ရုံခါရုံခါ ဝင့်ဝါ စိတ်တူးများ၍၊ မှာထားရန်အကြောင်းမျိုးတို့ကို အရိုးအသားတခန်း၊ အဆန်းအပြားတသီ၊ စုစီကုမ၍ ပြန်ကြားသည်မှာ၊ ပညာရှင်ဉာဏ်ရှင်၊ စိတ်နေချင်းအဝူးမထင်၊ နှလုံးသိ အကျွမ်းဝင်၊ ချစ်ခင်စုံမက်၊ နှစ်သက် လှသောခင်ပွန်းဖြစ်၍၊ အသစ်အမြတ် ကုန်ကုန်ပုံကို ပုံချ၍ယှဉ်၍ထုံးကိုထုံးချင်းတပ် ပမာကို ပမာချင်းချပ်၍၊ လုံးတိုင်းပါဌ်တိုင်း၊ မြီးလိုက်စရာ၊စာသားနှင့်တကွ၊ကာယစိတ္တ၊သုခ ရွှင်လန်း၊ကျန်းမာပကတိ၊ရှိကြောင်းများကိုလည်း၊ ပြန်ကြားလိုက်ပါသည်၊ ရှင်နန္ဒမေ။

ကျည်းကန်ရှင်ကြီး မေတ္တာစာရပြီး၏။

M.P-14

| | | |
|---|---|---|
| Numbered: Process No. | Cut: | Stamped |
| Book-Plated | Catalogued Slip: Annotation. | Checked |
| Accessioned 162776 | Book-cared | Finally Checked and Issued |

Process Stamp.

Class No
Acc. No.